www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မုဆိုးပစ်တဲ့ကျား၊ နတ်ကျားမဟုတ်

မင်းရဲကျော်

စာမူခွင့်ပြုချက်အမှတ်

၅၀၀၀၆၆၅၀၅၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၂၂၂၀၅၀၃

အတွင်းပုံနှိပ်သူ

ဦးသာဂျူး

ငွေရောင်စုံပုံနှိပ်တိုက်

၂၇၊ ၅၂-လမ်း၊ ဗိုလ်တထောင်မြို့နယ်။

အဖုံးပုံနှိပ်သူ

ဒေါ်ခင်ကြွေ

ရတနာမဏ္ဍူပုံနှိပ်တိုက်

၂၀၇၊ ဝေဇယန္တာလမ်း၊

တောင်ဥက္ကလာ။

ထုတ်ဝေသူ

ဦးချစ်ညွန့်

ဖင်ရတနာစာပေ

၂၀၅ (က)၊ ၄-လမ်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အဖုံးအဆင်

ကိုဖေါက်

Image Art Work

အုပ်ရေ

၅၀၀

အကြိမ်

ပထမအကြိမ်၊ ၂၀၀၅၊ ဧပြီလ။

တန်ဖိုး

၇၀၀ ကျပ်

BURMESE CLASSIC

# မင်းရဲကျော်

## မုဆိုးပစ်တဲ့ကျား နတ်ကျားမဟုတ်

မုဆိုး နှင့် တော အုံ့မှိုင်း ဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ မှုဆိုးပစ်တဲ့ကျား နတ်ကျားမဟုတ် ၁
၂။ မော်ဝင်တောင်ကြီး ကျောက်မောင်းတီး ၄၁
၃။ မြားဒဏ်သင့် ၈၃
၄။ သင်ကာန်းမြောင် တောင်ခြေမှအပြန် ၁၁၅

## မုဆိုးပစ်တဲ့ကျား နတ်ကျားမဟုတ်

အရှေ့နှင့်အနောက်ယှွန်းယှွန်း ဖြတ်သန်း၍စီးဆင်းနေသော မံဟိန်းတောင်တန်းကြီးကား အမြင့်ပေလေးထောင်နီးပါးမြင့်ပါ၏။ ဤတောင်တန်းကြီး၏ အရှေ့မြောက်ဘက်မှာတော့ ကျောက်ထုံးတောင်ဆိုသည့် ကျောက်တောင်ကြီးနှင့်လည်း ဆက်နွယ်နေပြန်ပါသည်။ ထိုကျောက်ထုံးတောင်ကြီးသည် အမြင့်ပေငါးထောင်ကျော်ကြောင်း မြေပုံပေါ်တွင် ဖော်ပြထား၍သိရပါ၏။

မံဟိန်းတောင်တန်းကြီးနှင့် အနီးကပ်သောရွာမှာ မံရေးရွာပင်ဖြစ်သည်။ မံရေးရွာပြီးပါက မံဟဲရွာ၊ ထို့နောက် မံသြရွာ၊ ရွာသုံးရွာသည် တစ်ဆက်တည်းမဟုတ်သော်လည်း တစ်ရွာနှင့်တစ်ရွာ အခင်းတွေခြားပြီး ဆက်စပ်မှုတွေတော့ အမြဲရှိကြောင်း ဆက်သွယ်မှု အသွားအလာရှိကြသည်သာ။

မံရေးရွာကြီးသည် ရွာကြီးဟုဆိုကြသည်။ အကြောင်းမှာ အိမ်ခြေခုနစ်ဆယ်ကျော်ရှိသောကြောင့်ပင်၊ မံဟဲရွာနှင့် မံသြရွာမှာတော့ အိမ်ခြေငါးဆယ်ခန့်သာရှိသဖြင့် မံရေးရွာကြီးဟု သမုတ်ထားမည်ဆိုပါကလည်း သမုတ်သင့်ပါ၏။ ထိုရွာကြီးဝယ် ကုန်စုံဆိုင်ကြီးနှစ်ဆိုင်လည်း ရှိ၏။ သို့သော် ထိုရွာသားများသည် ခြံထွက်သီးနှံကိုသာ အားထားကြ၏။ ခြံထွက်သီးနှံဆိုသည်မှာ ပြောင်း၊ ဘူး၊ ဖရုံ၊ ကစွန်းဥအပြင် ခရမ်းသီး၊ ခရမ်းချဉ်သီးတွေ စုံစုံလင်လင် စိုက်ပျိုးထားကြ၏။ ကြက်ဝက်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



မွေးမြူကြသည်သာ။

မံဟိန်းတောင်ခြေနှင့် မံရေးရွာသည် လေးငါးမိုင်ခန့် ဝေး၏။ တောင်ခြေနှင့် ရွာအကြားဝယ် မြေပဲခင်းတွေ၊ မုံညင်းခင်းတွေ၊ နှမ်းခင်းတွေ အများအပြား စိုက်ပျိုးကြပြီးမှ ပြောင်းကိုစည်းရိုး၊ ဘူး၊ ဖရုံနှင့် ကစွန်းဥ၊ ပဲမျိုးစုံမှာတော့ ခြံထွက်သီးနှံဟင်းလျာအဖြစ် စိုက်ပျိုးကြသည်။ အခင်းသမားတွေ၏ရွာ၊ သူတို့ရွာတွင် စပါးမစိုက်၊ စပါးစိုက်သည့်ရွာမှာ မံသြရွာသာ အများဆုံးစိုက်၏။ မံသြရွာသည် မြေနိမ့်ပိုင်းရေဝပ်သဖြင့် စပါးစိုက်ပျိုးမှု အောင်မြင်၍ စပါးရောင်းချနိုင်၏။ မံရေးနှင့် မံဟဲရွာတို့မှ လိုအပ်သောစပါးကို ဝယ်ယူနေရသော မံသြရွာသည် အားထားရသော ရွာတစ်ရွာ ဖြစ်ရပြန်သည်။ ထိုရွာသုံးရွာမှာ တစ်ရွာနှင့်တစ်ရွာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အားထားရသော ရွာတွေပင်။

ကျွန်တော်တို့သုံးယောက် မံဟိန်းတောင်ကြီးဝယ် တောပစ်ရန် အတွက် ပထမဆုံး မံရေးရွာသို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ မံရေးရွာသို့ ရောက်တော့ ရွာသူကြီးအိမ်သို့ ပထမ အရောက်သွားခဲ့ပါသည်။ သူကြီးဆိုသူမှာ အသက်ငါးဆယ်ခန့်ရှိ နှုတ်ခမ်းမွေးကားကား အရပ်အမောင်းကောင်းကောင်း လူခန့်လူချောကြီး။

'ရော်… တပ်ကထင်တာပ'

'ဟုတ်ပါတယ် သူကြီး၊ ကျွန်တော်တို့ ဒီဘက်နယ်မြေလေ့လာရင်း လာခဲ့ကြတာပါ'

'ဟုတ်ဟုတ်၊ အိမ်ပေါ်တက်ကြတာပအေး'

လူခန့်သလောက် အိမ်ကလည်း အလွန်ကောင်း၏။ ကျွန်တော်တို့ အိမ်ပေါ်သို့ ရောက်သောအခါဝယ် ဥည့်ဝတ်ကျေပွန်သော သူကြီး၏ဇနီးနှင့် သားတစ်ယောက်မှ မြေပဲကြော်၊ လက်ဖက်သုပ်နှင့်အတူ ရေနွေးအိုးပါ လာချကြသည်။

'ကျွန်တော့်နာမည်က မင်းကျော်ပါ၊ သူက တင်မြတ်၊ သူက မိုးကျော်အောင်ပါ သူကြီး'

'ဟုတ်… ဟုတ်၊ ကျွန်တော်က အိုက်ပေါင်းပါ၊ ဇနီးက နန်းအေး၊





သူကသားလေ အစိုင်း၊ သမီးကတော့ နန်းနွယ်ဖြစ်ပါတယ်။ သမီးနန်းနွယ် ကမြို့မှာ ရှစ်တန်းကျောင်းသူလေ၊ သားက ဆယ်တန်းတက်နေတာပ'

'ဟုတ်ကဲ့… ဒီနယ်မြေဟာ အေးဆေးတယ်လို့ သိရပါတယ်'

'ရော်… အေးဆေးတာပအေး၊ ခိုးတာ ဝှက်တာလည်းမရှိပါ၊ နှံသူဆိုတာ ဝေလာဝေး၊ သူ့အခင်း ကိုယ့်အခင်းသာ လုပ်ကြကိုင်ကြ တာပ'

ထိုသို့ မိတ်ဆက်စကားနှ အတူ ပတ်ဝန်းကျင် အခြေအနေ မေးမြန်းစုံစမ်းရင်း အသိအမှတ်ပြုနေကြစဉ် သူကြီးဦးအိုက်ပေါင်း ခြံဝမှ ဝင်လာသော လူတစ်ယောက်ကို တွေ့လိုက်သည်။ ထိုသူမှာ ဦးအိုက်ပေါင်း ပြောသည့် သူ့ညီအိုက်စေဖြစ်မယ်ဟု မပြောဘဲ သိလိုက်ပါသည်။

အကြောင်းမှာ သူကြီးဦးအိုက်ပေါင်းကဲ့သို့ လူချောလူခန့် အသက် လေးဆယ်ကျော်ခန့်အရွယ်ဟု ခန့်မှန်းမိလိုက်သည်။ ထိုသူသည် အိမ်ပေါ် သို့တက်လာပြီး ကျွန်တော်တို့အား တွေ့သောအခါ အနည်းငယ်တော့ ရွံ့ သွားကာ ပြုံးလိုက်သည်မှာ သူ၏နှုတ်ခမ်းမွေးများ ကွေးသွားအောင်ပင် လှလှပပ တွေ့လိုက်ရသည်။ ထိုသူသည် ကျွန်တော်တို့ဝိုင်းသို့ ဆက် လျှောက်ဝင်လာပြီး ထိုင်လိုက်သည်။

'ရော်‥ ဆရာတို့ပ၊ ဒါကျွန်တော်ပြောတဲ့ ညီပအေး၊ အိုက်စေပ၊ ညီလေး ဒါက ဆရာကျော်မင်းနဲ့ ဆရာတင်မြတ်၊ ဆရာမိုးကျော်အောင် တို့ပအေး၊ တပ်စခန်းက ဖြစ်တာပ'

'ရော်… ဆရာတို့ ဘယ်များသွားစရာရှိတာပ၊ လိုတာပြော အေး၊ ကူညီဖို့ အသင့်ရှိတာပ'

'ဟုတ်ကဲ့ ကျွန်တော်တို့လာတာက ရွာတွေအခြေအနေ သိချင် တာရယ်၊ ကျွန်တော်တို့ တောလည်ချင်လို့ လာခဲ့တာပါ'

'ရော်‥ တောလည်တယ်ဆိုတာက တောထဲမှာ သားကောင် ရှာဖွေပစ်ခတ်ချင်လို့ပါ'

'ဟုတ်ပါတယ်၊ တောထဲက တောဝက်တို့၊ ချေတို့၊ ဒရယ်တို့ပစ် ချင်လို့ပါ၊ သားကောင်ရော ပေါသလား'



www.burmeseclassic.com

www.burmeseclassic.com



ကိုအိုက်စေသည် သူ၏အစ်ကို သူကြီးဦးအိုက်ပေါင်းအား လှမ်းကြည့်ပြီး ဘာပြောရမှန်း မသိတော့ပါ။ မပြောတတ် မဆုံးဖြတ်တတ်သည့်အတွက် ကျွန်တော်တို့ကိုလည်း အားနာနေသည်။

ကျွန်တော် သိထားပါသည်။ ဤရွာတွေမှာ တောမလည်ကြ၊ တောမပစ်ကြ၊ အခင်းထဲလာသော တောဝက်နှင့် မျောက်အုပ်၊ ချေ၊ ဒရယ်တွေအား ဘယ်သောအခါမှ သတ်ဖြတ်စားသောက်ခြင်း မရှိပါ။ ခြံစည်းရိုးတွေ အသေအချာကာကြ၍ ခြံစည်းရိုးမှာ တဲ့းတင်စည်းရိုးတွေ အနိုင်အခံ့ဖြစ်ပါသည်။ တဲ့းတင်ကာရံမှုသည် တိုင်အဖြစ် အကိုင်းအခက်များသော ပင်စည်ကြီးတွေကို စိပ်စိပ်စိုက်သကဲ့သို့ တင်ထားသော တဲ့းများမှာလည်း လူတစ်ဖက်စာမျှကြီးမားသော တဲ့းကြီးတွေ ဖြောင့်ဖြောင့်တန်းတန်း စီစီရီရီ တဲ့းတစ်တဲ့းနှင့် တစ်တဲ့းမှာ လူတစ်ယောက်ပင် တိုးဝင်မရအောင် ကာထားပါ၏။

'ဪ… ဆရာတို့၊ ဒီလိုလုပ်တာပ၊ ဒီရွာမှာ ဟိုတောကောင်လေးတွေ ရှာဖွေတတ်တဲ့ ပုတိုနဲ့ရှောက်အိုက်တို့ ခေါ်ပေးတာပအေး'

'ကျေးဇူးပါပဲ အစ်ကိုကြီး'

ကိုအိုက်စေသည် ရွာထဲသို့ထွက်သွားကာ သူပြောသည့် ပုတိုဆိုသူနှင့် ရှောက်အိုက်တို့နှစ်ယောက် ခေါ်လာပါသည်။ ရှောက်အိုက်ဆိုသူမှာ အရပ်ရှည်သလောက် သန်မာပြီး၊ ပုတိုမှာတော့ အရပ်မပုသော်လည်း လူက ခပ်ပိန်ပိန်ပါးပါး၊ လူကြောတော့ မာပုံရသည်။ ထိုလူငယ်နှစ်ယောက်သည် အသက်နှစ်ဆယ်ကျော်ကျော်မျှသာ ရှိသေးသည့်အတွက် ကျွန်တော်တို့ ဝမ်းသာသွားပါ၏။ တောပစ်သောအလုပ်သည် လူကြီးတွေနှင့် မသင့်လျော်။ လူငယ်တွေနှင့်သာ အဆင်ပြေမည်မို့ ကျွန်တော် ဝမ်းသာပါ၏။

ကိုပုတိုနှင့် ကိုရှောက်အိုက်တို့အား ကိုအိုက်စေမှ မိတ်ဆက်ပေးလိုက်သည်တွင် စကားသွက်သော ကိုရှောက်အိုက်သည် ကျွန်တော်တို့အား သဘောကျခင်မင်စွာဖြင့်

'ဪ… အတော်ပအေး၊ ဆရာတို့နဲ့တွေ့ရတာ အံကိုက်ပ'

'ဘာများလဲ ကိုရှောက်အိုက်'





'ဒီလိုပ၊ ခိုင်းတာမဟုတ်ပ၊ ကူညီဖို့ပအေး၊ ရွာသားတွေကြောက်နေရတဲ့ ကျားနှစ်ကောင်ပအေး၊ အခင်းထဲဝင်မွှေနေတာပအေး'

'ဪ… ဟုတ်တာပ၊ ရှောက်အိုက်ပြောမှ သတိရတာပ'

'လေးလေးတို့ အ,တာပ'

'ဪ… ဘာလဲပအေး၊ ဘာအ,ရမှာပ'

'ရော… အပု ဒီမှာကြည့် ဖတ်ခါ၊ (ရေနွေးကြမ်း)နဲ့ ဧည့်ခံတာပအေး၊ အရက်ကလေး ဘာလေးမှမပါတာပ'

'သြော်… ကိုရှောက်အိုက် မလိုပါဘူးဗျ၊ ကျွန်တော်တို့မှာ အာမီ ရမ်ပါတယ်၊ ကိစ္စမရှိပါဘူး'

'ဟဲ… ဟဲ… ဟဲ… အစ်ကိုက ကိုတင်မြတ်ပအေး'

'ဟုတ်ပါတယ်၊ ဝမ်းသာတာပ၊ ကျွန်တော် တစ်ခါအာမီရမ်မြို့မှာ သောက်ဖူးတာပအေး၊ သိပ်ကောင်းတာပ၊ ဟား… ဟား… ဟား… ဟား…'

'မိုးကျော်ရေ'

'ဟေ… ဘာလဲ'

'ငါနဲ့တော့ တွဲလို့ရပြီကွ၊ ဟား… ဟား… ဟား… ဟား'

ကိုပုတိုနှင့် ကိုရှောက်အိုက်တို့ ရောက်လာတော့မှ သူကြီးအိမ်ဝယ် စိုစိုပြည်ပြည် ရယ်ရယ်မောမော ဖြစ်လာကြပါပြီ။ ရှောက်အိုက်သည် လူငယ်တစ်ယောက် ဖြစ်သကဲ့သို့ သွက်လက်သည့်အပြင် မြို့ပေါ်လည်းနှံ့နှံ့စပ်စပ် ရောက်ခဲ့ဖူးသော လူငယ်၊ အပေါင်းအသင်းတတ်သော လူပါးတစ်ယောက်။

ထိုအချိန်တွင် ရွာလူကြီး ဦးကျောင်းဖနှင့် ဦးလောဟုန်တို့ ရောက်လာကြသည်။ အသက်အားဖြင့် ဦးကျောင်းဖမှာ အသက်ခြောက်ဆယ်ခန့်ဖြစ်သလို ဦးလောဟုန်မှာတော့ သူကြီးနှင့်ရွယ်တူ တန်းတူ ငါးဆယ်ခန့် လူကြီးနှစ်ယောက်ဖြစ်၍၊ ကျွန်တော်တို့ကတော့ ရိုရိုသေသေအလေးထားလိုက်ပါ၏။

'ဪ… နတ်ကတော်ကြီးတွေပ'



www.burmeseclassic.com

www.burmeseclassic.com

'ရော… ခွေးကောင်လေး၊ ဘာတွေပြောတာပ'

'ရော်… လျှောက်အိုက်ပြောတာပအေး'

'ဟုတ်… ဟုတ်… ဘခွေးပြောတာပ'

'မင်းစောစောက ပြောတာပအေး၊ အခန်းထဲဝင်တဲ့ ကျားနှစ်ကောင်အကြောင်းပြောတာ ကြားမိတာပ'

'ရော… ဟုတ်တာပ၊ ဘခွေးပြောတာပ'

'ရော်… ဒါဘာခက်တာပအေး၊ အဲဒီကျားတွေက နယ်နယ်ရရ ကျားမဟုတ်၊ နတ်ကျားတွေပအေး၊ သွားမလုပ်နဲ့၊ တစ်ရွာလုံးဒုက္ခရောက်တော့မှာပ'

'ရော… တစ်ခါလာ နတ်ကျား၊ တစ်ခါလာ နတ်ကျားပြောတာပ၊ လူတွေကိုက်သတ်မှ ဒုက္ခရောက်မှာပအေး'

'ဒါကြောင့် ရွာဦးနတ်နန်းမှာ တင်တာပ၊ နတ်ကြီးစင်မှာ တင်ထား မြှောက်ထားရတာပအေး'

'တင်တာ မတင်တာ ကျွန်တော် မပြောပအေး၊ မနေ့ညနေက လည်း အဲဒီနတ်ကျားတွေ လောက်လေးနဲ့ပစ်ခြောက်ရတာ'

ရှောက်အိုက်စကားကြောင့် ဦးကျောင်းဖနှင့် ဦးလောဟုန်တို့ နှစ်ယောက် မျက်နှာတွေပျက်ကုန်ပါသည်။ ရှောက်အိုက်မှ … ပြောလည်း ရဲ၏၊ သွက်လက်၏၊ သတ္တိလည်းရှိပုံရသည့်အပြင် သူသည် နတ်လည်းယုံပုံမရပါ။

သူကြီးဖြစ်သူ ဦးအိုက်ပေါင်းသည် လူကြီးတွေအတွက် မျက်နှာ တော့ မကောင်းပါ။ သို့သော်လည်း ရှောက်အိုက်ပြောသလိုပင် ရွာသားတွေ ထံမှ အခန်းထဲသို့ ဝင်ရောက်လာသည့် ကျားနှစ်ကောင်အကြောင်း မကြား မကြားသိရ၊ သတင်းရပြီးနောက် နတ်ကျားမဖြစ်နိုင်၊ အဘယ့်ကြောင့် သော် နွားတစ်ကောင်နှင့် ခွေးနှစ်ကောင် ကိုက်ခံရသည့်အပြင် ရွာသားတွေ ကြောက်ရွံ့ထွက်ပြေးရ၏။ လူစုပြီး မောင်းလွှတ်ရသည်။ လောက်လေးဖြင့် လည်း ပစ်ခတ်မောင်းလွှတ်ခဲ့ဖူးကြောင်း သတင်းတွေကြောင့် ခက်နေရ သည်။





'ကဲ… ဒီက အဘတို့ပြောတဲ့ နတ်ကျားဆိုရင် ကျွန်တော်တို့က ရှောင်ပါတယ်၊ နတ်ကျားမဟုတ်လို့ အနှောင့်အယှက်ပေးတဲ့ ကျားဆိုးဆို ရင်တော့ ကျွန်တော်တို့ ရှင်းလင်းပေးပါမယ်'

'ရော်… တော်တော်ကြာ ရွာနာမှာကြောက်တာပ'

'ဒီအတွက် စိတ်မပူပါနဲ့၊ အဘတို့နှစ်ယောက်ရဲ့ စေတနာနဲ့ ရွာ အတွက် ကျွန်တော် တာဝန်ယူပါတယ်'

'ရော်… ဘယ်လိုပ'

'ဟုတ်ကဲ့… အဘတို့ကို ကတိပေးပါတယ်၊ အဘတို့ရဲ့နတ်ကြီး စင်မှာ ကျွန်တော်တို့သုံးယောက်ရဲ့ အမတ်တွေနဲ့ အဘတို့ တောင်းပန်ပေး ပါ၊ နတ်ကြီးတွေရဲ့ကျားဆိုရင် ကျွန်တော်တို့မပစ်ပါ၊ ပစ်မိရင် ကျွန်တော်တို့ ပစ်တဲ့ ဟောဒီသုံးယောက်ကို နတ်ကြီးတွေ ကြိုက်သလို ဒုက္ခပေးပါ၊ အယ်… နတ်ကျားမဟုတ်ရင်တော့ ခွင့်လွှတ်ပါလို့ တောင်းပန်ပေးပါ'

'ရော်… ကိုကိုတို့၊ ဒုက္ခရောက်ကြမှာပအေး'

'ရော… ဘခွေးတို့ကလည်း တယူသန်ပအေး၊ နတ်ကျားက နွားဆွဲပါ့မလား၊ ခွေးသားစားပါ့မလားပ'

'ရော်… လေးလေးလောဟုန်ပ၊ နေရာတကာ ဟိုဟာအားကိုး ဒီဟာအားကိုး၊ ကိုယ့်ကိုကိုယ်တော့ အားမကိုးကြတာပအေး'

'ပြောလေ ကဲလေ'

လူငယ်နှစ်ယောက်နှင့် လူကြီးနှစ်ယောက် အငြင်းပွားချင်ကြပါ ပြီ။ သို့အတွက် ကျွန်တော် ကြားဝင်မှဖြစ်တော့မည်ဟု တွေးကာ သူတို့ စကားအရပ်စောင့်ပြီး

'ကဲ… အဘတို့နှင့် ငါ့ညီတို့ စကားပြောနေ၊ ငြင်းခုံနေလို့ပြီး မှာ မဟုတ်ဘူး၊ ဒီတော့ ညနေအဖြေရှာကြတာပေါ့'

'ကောင်းတာပ… ရှောက်အိုက်နဲ့ မုံတိုပြောတာ တွေ့ရမှာပအေး'

လူကြီးတွေလည်း လက်ခံကြပါသည်။ ကျွန်တော်သည်း စကား နည်းရန်စဲဆိုသော ပုံပမာစကားကိုဖြတ်လိုက်ရပါပြီ။ သို့အတွက် ကျွန်တော် သည် အကောင်အထည်ဖော်ရပေတော့သည်။ ကျားဆိုးလား၊ နတ်ကျား


www.burmeseclassic.com

www.burmeseclassic.com



လား၊ နတ်ကျွားဆိုတာ ရှိကောရှိမှာလား၊ နတ်ကျွားဆိုတာ ဘယ်လိုပါလိမ့် ဟု တွေးနေစဉ်...

'ဆရာတို့ပအေး'

'ပြော ကိုပု'

'ရော်... ကျွန်တော်တို့အိမ်သွားကြတာပ'

'ရော... ငါ့အိမ်သွားမှာပအေး၊ ငါ့အိမ်မှာ အရက်ရှိတာပ၊ သောက်ပြီး ထမင်းချက်စားမှာပ'

'ရော်.. ရှောက်အိုက်၊ ဒီမှာ ထမင်းစားကြတာပအေး၊ ဒီမှာ ကျွေးရမှာပ'

'သူကြီး'

'ဟုတ်ကဲ့'

'ကျွန်တော်တို့က လူငယ်တွေဆိုတော့ သူကြီးတို့အတွက် အနှောင့်အယှက် ဖြစ်တတ်ပါသည်။ ဒါကြောင့် ကျွန်တော်တို့ ဟောဒီညီလေးတို့ အိမ်မှာပဲ ခေတ္တနားမယ်၊ သူကြီးခွင့်ပြုပါ၊ အစစအရာရာ ကျွန်တော် တာဝန်ယူပါတယ်'

'ရော်... ဆရာတို့ကို တစ်ခုမှာချင်တာပအေး'

'ပြောပါ အဘပြောပါ'

'အင်း... ပစ်ခတ်မှုတော့ ထိန်းပေးတာပအေး၊ မတော်တဆ သေနတ်ကြီးတွေ မကြိုက်မှာစိုးတာပ'

'စိတ်ချပါအဘ၊ ကျွန်တော် တာဝန်ယူပါတယ်'

သူကြီး ဦးအိုက်ပေါင်းနှင့် ညီဖြစ်သူ ဦးအိုက်စေတို့မှာ အားနာနေသည်။ ရှောက်အိုက်တို့ပြောသည့် နတ်ဆရာဆိုသော ဦးကျောင်းဖနှင့် ဦးလောဟုန်တို့မှာတော့ အလျှော့မပေးကြ၊ တွေ့သမျှကျွားအား နတ်ကျွားဟု အစွဲပြုကာ၊ ခြိမ်းခြောက်သလိုလို၊ သူတို့ ကိုယ်သူတို့ ရှာသူရှာသားတွေ အားကိုးသော နတ်ကြီးစင်၏ အမိကလူကြီးတွေဖြစ်၍ အရာရာကို နတ်နှင့် ခြိမ်းခြောက်နေသည်ဟု ကျွန်တော်တို့ ထင်ကြပါသည်။ ရှိစေတော့၊ အင် အကျူ အစစ်အမှန်ဖော်ထုတ်ရပေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။





ကျွန်တော်တို့သုံးယောက်သား သူကြီးတို့အား နှုတ်ဆက်ပြီးနောက် ရှောက်အိုက်အိမ်သို့ ရောက်သွားကြသည်။ ရှောက်အိုက်၏အိမ်မှာလည်း တော်တော်ကြီးသော ရှမ်းအိမ်ကြီးတစ်အိမ် ဖြစ်ပါသည်။

'ရော်.. ဆရာကြီးပအေး'

'ပြော ကိုပု'

'ဟိုအိမ်က ကျွန်တော့်အိမ်ပ'

ထိုသို့ မျက်နှာချင်းဆိုင်အိမ်အား ကိုပုမှ လက်ညှိုးထိုးပြနေစဉ်မှာပင် ရှောက်အိုက်သည် အရက်နှစ်လုံးယူလာသည်။ သူနှင့်အတူ သူ့ညီမဟုထင်ရသော တော်တော်ချောသည့် ရှမ်းမကလေး၊ ပါးလေးနှစ်ဖက်မှာ နီရဲပြီး မို့မို့ဖောင်းဖောင်းလေးနှင့် အသားမှာဖြူဖွေးလွှန်းသဖြင့် အနီရောင်ပင် လွှမ်းနေပါသည်။

'ဆရာကြီးပ'

'ဟုတ်ကဲ့'

'ဒါ ကျွန်တော့်ညီမ အပျိုပ'

'ကိုရှောက်အိုက်ကတော့ သောက်နေပြီ'

'ရော်... တကယ်ပအေး၊ ဆရာကိုတင်မြတ်ပ၊ ကျွန်တော့်ညီမက အပျိုအစစ်ပ'

'ရှမ်းမလေးတွေ ချောတာပနော'

'ရော်... အလှ မသောက်နဲ့ပအေး'

'ရော... နန်းနုအေး ဘာရှက်တာပ'

နန်းနုအေးသည် သူ့အစ်ကိုစီမံသည့်အတိုင်း အိမ်တွင်ရှိသော ငါးခြောက်ဖုတ်အပြင် မြေပဲကြော်၊ မုံညင်းချဉ်တွေ ချပေးရင်း ကိုပုတိုအား ပြန်ပြောလိုက်သည်။

'ရော်... ကိုတင်မြတ်ပအေး'

'ဗျာ... ကိုရှောက်အိုက် ဘာပါလိမ့်'

'ကျွန်တော်က အမြည်းပေးတာပအေး၊ စားတာပ၊ ဘာတွေများ သွားကြည့်နေတာပအေး၊ ငေးတာ၊ ဟား... ဟား... ဟား... ဟား...'



www.burmeseclassic.com

www.burmeseclassic.com


'မိုးကျော်ရေ'

'အေး… ပြော'

'ကိုရှောက်အိုက်က တော်တော်နောက်တဲ့ လူပဲကွ၊ ဟား… ဟား… ဟား… ဟား…'

'ရော်… မနောက်ပ၊ ဆရာကိုတင်မြတ် ကျွန်တော့်ညီမကို ဟဲ… ဟဲ… ဟဲ… သဘောကျနေပြီထင်တာပ'

'ဟာ… ဒီလူတော်တော်ဆိုးတာပဲ၊ ဒုက္ခပါပဲ'

'ကိုရှောက်အိုက်ရေ… ကျွန်တော်တို့ အရက်ကိုအရင်သောက်ကြတာပေါ့ဗျာ'

'ရော်… အားနာတာပ၊ အေး… ဟော့ကောင် အပု၊ မင်းက အရမ်မကြိုက်ပါဘူး၊ ငါက ဟဲ… ဟဲ… ဟဲ… အရမ်မှ ကြိုက်တာကွ၊ ဟား… ဟား… ဟား… ဟား…'

ကျွန်တော်တို့ငါးယောက် ပွဲကျနေပါသည်။ ကိုရှောက်အိုက်၏ ညီမဖြစ်သူ နန်းနုအေးသည် ထမင်းချက်ရန် အိမ်အောက်မီးဖိုဆောင်သို့ ထွက်သွားလေပြီ။ ကျွန်တော်တို့အားလုံး အရက်ပွဲဖြင့် မိတ်ဆက်လိုက်၏။ ရေမြေဒေသ၏ မလေ့ထုံးစံအရ မိတ်ဆွေအဖြစ် အသိအမှတ်ပြုသည့်အခါ အရက်ဝိုင်းမှ စကြသည်သာ။

အရက်သောက်ရင်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြ ပြောဆိုကြနှင့် မိသားစုဖြစ်ရသည်။ ဤဒေသတွင် တစ်ခုကောင်းသည်မှာ ရန်ပွဲဟူ၍ မတွေ့ဖူး၊ မကြားဖူး၊ အရက်မူး၍လည်း ရန်မဖြစ်ပါ။ အရက်မူးပြီး အလုပ်မလုပ်ဟူ၍မရှိ။ ဘိန်းစားမှ မယားချစ်ဆိုသော စကားကို ကြားဖူးပါသည်။ ထိုဒေသတွင် ဘိန်းကိုဆေးဟုခေါ်ကြသည်။ ဆေးချမယ်ဟုဆိုကာ ကွမ်းပုံအဖြစ် ဘိန်းပြောင်းဖြင့် ပြောင်းတွင်ညှိတံခေါ် မီးညှိပြီး ဘိန်းမှိန်းမှိန်းနေသည်ကိုလည်း တွေ့ဖူးပါသည်။ ထိုဘိန်းရှူသူတွေလည်း သူ့အချိန်မှာတော့ သူ့အလုပ်မပျက်ကြပါ။

ကျွန်တော် တွေ့ဖူးသမျှ ကျေးရွာများဝယ် ရွာသားအားလုံး အရက်သောက်ကြ၏။ ဘိန်းရှူသူလည်း ရှိပါသည်။ ကျွန်တော်တို့ ထိုဒေသ





တွင်ရှိစဉ် ၁၉၆၃ ခုနှစ်ခန့်ဝယ် ရွှေတစ်ကျပ်သားမှာ နှစ်ရာခန့်ဖြစ်သလို ဘိန်းတစ်ပိဿာသည်လည်း နှစ်ရာထက်မကျော်ပါ။

ထိုကာလဝယ် ဘိန်းခင်းတွေရှိကြသလို ကျေးရွာတွေလည်း တော်တော်များများ ဘိန်းရှူကြသည်ကို တွေ့သည်။ သို့သော် လူငယ်တော်တော်များများမှာတော့ အရက်နှင့်အမောဖြေကြ၏။ ကျွန်တော်တို့လည်း ကိုပုတို့မှ မေးပါသည်။ ဆေးချမလားတဲ့၊ ကျွန်တော်တို့က လုံးဝမသုံးကြောင်း ငြင်းခဲ့ပါသည်။

'ရော်… ဆရာကြီးတို့ပြောရမှာပ'

'ဟုတ်ကဲ့'

'စောစောက ဘဒွေးဦးကျောင်းဖနဲ့ ဦးလောဟုန်ပအေး၊ သူတို့နှစ်ယောက်ဟာ ရွာဦးက နတ်စင်ကြီးရဲ့ တာဝန်ရှိလူကြီးတွေပအေး၊ ရွာသားတွေဖျားလည်း နတ်ကြီးတွေပ၊ မတော်တဆ ဓားထိတာတို့၊ ပေါက်ပြားထိတာတို့လည်း နတ်ကြီးတွေမကြိုက်ဆိုပြီး နတ်ကြီးတွေနဲ့ပဲ ပြောပြောနေကြတာပအေး'

'အင်း… ရှိတော့ရှိမှာပေါ့ဗျာ၊ ဒါပေမဲ့ ရွာသားတွေ အားငယ်အောင်တော့ မလုပ်သင့်ဘူးပေါ့'

'ရော်… အဲဒါ ပြောတာပအေး၊ ကျွန်တော်တို့ အပုတို့ဆိုတာ နတ်ကြီးတွေ ကန်တော့တာပ၊ မိဘတွေအားလုံးကန်တော့သလို မပျက်ပါအေး၊ ဒါပေမဲ့ သူတို့ဟာ လွန်လွန်းတာပ'

ကိုရှောက်အိုက်နှင့် ကိုပုတို့နှစ်ယောက်မှာ စိတ်တူသဘောတူ လူငယ်များ ဖြစ်ကြသည့်အပြင် မြို့ပေါ်သို့လည်း မကြာမကြာ ရောက်ကြသည့်အတွက် ဗဟုသုတလည်း ရှိသင့်သလောက် ရှိကြသည့်အပြင် လူငယ်ပီပီ လက်တွေ့သမားတွေ ဖြစ်ကြသည်မို့ ရွာ၏သူကြီးဖြစ်သူ ဦးအိုက်ပေါင်တို့ပင် အားထားရသော လူငယ်တွေဖြစ်လာကြပါ၏။

လူငယ်တွေသာဖြစ်ပါသော်လည်း သူတို့၏အခင်းနှင့် အိမ်အလုပ်စားဝတ်နေရေးကို ဦးဆောင်ပေးနိုင်စွမ်းရှိသည့်အပြင် ရပ်ရေးရွာရေးတွင်လည်း အမြဲဝိုင်းဝန်းလုပ်ကိုင်တတ်သော အတွဲညီသည့် လူငယ်ချင်းနှစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်။ ဘာပဲလုပ်လုပ် တိုင်ပင်ဖော် တိုင်ပင်ဖက်၊ လက်တွဲဖော်လက်တွဲဖက်၊ စိတ်တူသဘောတူကြသည့် လူငယ်နှစ်ယောက်ဖြစ်ပါသည်။

'ရော်… အပုနဲ့ ရောက်အိုက်ပ၊ အပု ရောက်အိုက်'

'ရော… ဘာဖြစ်တာပအေး၊ ဒီမှာ ဧည့်သည်တွေနဲ့ စကားပြောနေတာပ၊ လေးလေး ဘာဖြစ်တာပ'

'ရော… ဘာဖြစ်ရမလဲပ၊ ငါ့အခင်းထဲ ကျားဝင်တာပအေး၊ ရွာသားတွေ ပြေးခဲ့တာပ'

'ကောင်းတာပ၊ ဘအွေးကျောင်းတို့ သွားခေါ်ကြပ၊ ဟိုရွာဦးက နတ်နန်းမှာ သွားတောင်းပန်ကြလေ၊ သွားကြတာပ'

'ရော်… အရေးထဲ နောက်တာပအေး၊ ဘယ်အခင်းဘက် ရောက်ကြမှာပ၊ မြန်မြန်လိုက်မောင်းပေးတာပ'

'ဆရာကျော် ကျွန်တော်တို့ အခြေအနေ သွားကြည့်ရအောင်'

'အေး… သွားမယ်'

'ကိုရှောက်နဲ့ ကိုပု၊ အခုအောက်က လေးလေးပြောတဲ့ အခင်းက ဝေးသလား'

'မဝေးပအေး'

'ကဲ… ဒါဆို သွားကြတာပေါ့ဗျာ'

ကျွန်တော်တို့သုံးယောက် အောက်မှလာခေါ်သည့် လေးလေးဆိုသူနှင့်အတူ ကိုရှောက်အိုက်၊ ကိုပုတို့အပါအဝင် အမြန်ဆုံး ဆင်းလိုက်ခဲ့ပါသည်။ ရွာမှထွက်သည်နှင့် အခင်းတွေ။ အခင်းတွေမှာ ဆက်နေ၏။ အခင်းတွေဖြတ်ပြီး ခြေကုန်သုတ်ခဲ့ရာမှ သူတို့ခေါ်သော လေးလေးဆိုသူ၏အခင်းသို့ ရောက်ပါပြီ။

'လေးလေးပ'

'ရော… လန့်တာပ'

'တော်တော် သတ္တိကောင်းတာပ'

အပြေးအလွှားသွားရင်း တဲနားအရောက် ကိုပုတို့မှ လေးလေးဟု အော်ခေါ်လိုက်သည်တွင် လန့်သွားသောကြောင့် ကိုရှောက်အိုက်မှ နောက်





ိုက်၏။ လေးလေးဆိုသူ ဘာမျှမပြောတော့။

'ရော်… တဲမှာလူမရှိဘူးလား လေးလေး'

'ရှိတာပ၊ အစိုင်းပ အစိုင်း'

'ရော်… လေးလေးတို့ ခဏတံခါးဖွင့်ပေးမှာပအေး'

တဲထဲမှ အသံကြားရပြီး တဲတံခါးလာဖွင့်သည်။ ကျွန်တော်တို့းတွေ့၍ အံ့သြနေသည့်အပြင် တဲအပြင်အား လှမ်းမျှော်ကြည့်ရှာနေသည်ကြောင့် ကျွန်တော်တို့ ရိပ်မိပါသည်။

'အစိုင်းပ'

'ဟုတ်'

'မင်း ကျားတွေ့လား'

'ရော… တွေ့တာပ၊ နှစ်ကောင်တောင်တွေ့တာပ'

'ဘယ်ရောက်သွားလဲ'

'ကြောက်ကြောက်နဲ့ ပုံးတီးတာပ၊ ပြန်ထွက်ပြေးသွားတာပအေး'

'ပြေးတာ မြင်သလား'

'မြင်တာပ၊ ဟိုမှာအပေါက်က ကြည့်တာပ'

အစိုင်းဆိုသောလူငယ်မှာ ကိုပုတို့ မေးသမျှဖြေ၏။ ကိုပုတို့တို့င်ရွယ်တူပင်၊ သူပြသောအပေါက်မှ ကြည့်လိုက်သောအခါ တောစပ်အထိာင်းစွာ မြင်ရသည်။ ကျားနှစ်ကောင်သည် သံပုံးတီးသံကြားကာန့်ပြေးပုံရပါ၏။

တဲပိုင်ရှင် ကိုရှောက်အိုက်တို့ခေါ်သော လေးလေးဆိုသူမှာ အစိုင်းသံပုံးတီးကြောင်းပြော၍ တဲထောင့်ရှိ သူ၏သံပုံးကို သွားယူကြည့်လိုက်ပြီး

'ရော်… အစိုင်းပ၊ သံပုံးကို ဒီလောက်တီးရတာပအေး'

'ဟား… ဟား… ဟား… ဟား…၊ ဟား… ဟား…ား… ဟား…'

'ရော်… ကြောက်တာပ၊ တီးမိတာပအေး'

လေးလေးကိုင်ပြ၍ ကြည့်လိုက်သောအခါ လေးထောင့်သံပုံးမှာ ရှုံ့နေပါပြီ၊ သုံးမရတော့ပါ။ အစိုင်းပြောသည့်အတိုင်း တဲတံခါးပိတ်ပြီ



www.burmeseclassic.com

www.burmeseclassic.com

တအားတီးသည်မှာ လက်လွှန်ပြီး ရိုက်ချက်ပြင်းလိုက်သောကြောင့် သံပုံးနှင့်
မတူတော့။

'ရော်… ဟုတ်တာပ၊ ခုမှကြည့်မိတာပ၊ ဟဲ… ဟဲ… ဟဲ…
နည်းနည်းအားပါသွားတာပ လေးလေး'

'ရော်‥ တော်သေးတာပအေး၊ များများသာ အားပါရင် ငါ့တဲ
လည်း သံပုံးလိုရှုံ့တွသွားမှာပ'

'ဟား… ဟား… ဟား… ဟား…၊ ဝါး… ဟား… ဟား…
ဟား… ဟား…'

ငိုအားထက် ရယ်အားသန်နေသောအဖြစ်တွေ ကြည့်ပြီး သဘော
ကျနေသော ရွာသားတွေအား သနားလည်း သနားမိသည်။ စိတ်လည်
မကောင်းဖြစ်သွားပြီးနောက်

'တင်မြတ်နဲ့ မိုးကျော်ရေ၊ ကျားတွေထွက်ပြေးတဲ့ဘက် သွားကြည့်
ရအောင်ကွာ'

'သွားမယ်လေ'

'ရော်…ဆရာကြီးတို့ပ၊ ကျားကြီးတွေက အကြီးကြီးတွေပ၊ တ
ကောင်လည်းမဟုတ်ပ၊ နှစ်ကောင်ပအေး၊ ခြံစည်းရိုးကို ခုန်ကျော်တာ
ကြည့်လို့ကောင်းတာပ၊ ကြောက်လည်းကြောက်တာပ ဆရာကြီး'

'ကိုပုတို့တို့ နေခဲ့ကြ၊ ကျွန်တော်တို့သုံးယောက် အခြေအ
သွားကြည့်လိုက်မယ်'

'ရော်… လိုက်မှာပအေး'

'ကဲ… လိုက်ချင်သပဆို လိုက်ခဲ့ပါ၊ ကဲ‥ လေးလေးတို့
ဟောဒီမှာပဲနေခဲ့ကြ'

'ဟုတ်… ဟုတ်… ရော်… သတိနဲ့သွားတာပအေး'

'ဟုတ်ကဲ့ပါ လေးလေး'

ကျွန်တော်တို့ငါးယောက် တောမှဆိုးကျားကြီးတွေ ထွက်
သည့်ဘက်သို့ လိုက်သွားရာ၊ မှန်ပါသည်။ အခင်းအစပ်ရောက်လေ ခြေ
တွေ ကောင်းကောင်းတွေ့ရလေ ဖြစ်ပါသည်။ ကျွန်တော် တောစပ်





ကြည့်လိုက်သောအခါ သဘောကျသွားပါသည်။ အကြောင်းမှာ ရွာသား
တွေ၏ ကြိုတင်ပြင်ဆင်ထားမှုကို သတိပြုမိသည်။

အခင်းခြံစည်းရိုးနှင့် ကိုက်ငါးဆယ်ခန့်အထိ ချုံငယ်များမရှိအောင်
ရှင်းလင်းထား၏။ အပင်ကြီးတွေတော့ တွေ့ရ၏။ သို့သော် ထိုအပင်ကြီး
တွေမှာ ကျွန်းပင်တွေနှင့် အင်ပင်တွေ ရောနှောနေသည့်အတွက် တောမှဆိုး
ကျားကြီးတွေ အပင်ပေါ်မတက်နိုင်ကြပါ။ အပေါ်မှာ မခိုအောင်းနိုင်တော့
မှန်း ကျွန်တော် ကောင်းကောင်းသိ၍ ခြံအပြင်ထွက်ရန် ပြင်ရ၏။

'တင်မြတ် ခြံကျော်'

'ဟုတ်ကဲ့'

တင်မြတ် ခြံအားခွကျော်ပြီး မိုးကျော်အောင်နှင့် ကျွန်တော်ပါ
ခြံအပြင်ရောက်တော့ ကိုပုတိုနှင့် ကိုရှောက်အိုက်သည်လည်း ရဲရဲတင်းတင်း
လိုက်ပါလာကြသည်။ ခြံအပြင်ရောက်ပြီး ကျားခြေရာရှာကြည့်တော့ ကျား
နှစ်ကောင်သည် တောထဲဘက်သို့ မပြေးဘဲ ခြံဘေးမှတစ်ဆင့်ယာဘက်
စည်းရိုးအတိုင်း သွားသည့်ခြေရာတွေကို တွေ့ရပါ၏။

'ဆရာကျော် ဒီကောင်တွေ တောထဲမဝင်သေးဘူး'

'အေး… ဆက်လိုက်ကွ'

'ဟုတ်ကဲ့'

တင်မြတ်သည် ကျားနှစ်ကောင်၏ခြေရာကြောင့် တောထဲမဝင်
သေးသော ကျားနှစ်ကောင် တွေ့အောင်ရှာမည်ဆိုသော သန္နိဋ္ဌာန်စိတ်ဖြင့်
အပင်ကြီးတွေ အကာအကွယ်နှင့် ရှာ၏။ ကျွန်တော့်ဘေးမှာတော့ ရွာသား
ရှောက်အိုက်နှင့် ပုတိုတို့နှစ်ယောက်ပါလာပြီး မိုးကျော်အောင်မှာ နောက်ဆုံး
မှတာဝန်ယူရင်း ရှင်းရှင်းလင်းလင်းရှာရင်း ခြေရာပျောက်သကဲ့သို့ အသံ
လည်းမကြား၊ အကောင်လည်းပျောက်သွားပါသည်။

ခြေရာခံလိုက်ပါလျက် ခြေရာ ဘာကြောင့်ပျောက်သွားသနည်း။
သူတို့ထွက်ခွာသည့်အတိုင်း ရှင်းရှင်းလင်းလင်း အောက်ခြေလည်း မရှုပ်ပါ။
တစ်ခုပဲရှိသည်။ ကျွန်တော်တို့က ခြေရာသာတွေ့ရပြီး အကောင်မတွေ့ရ
တော့၊ ကျွန်တော်တို့သုံးယောက်သည် ဘဝတူသောမှဆိုးဆိုပါက ယုံခတ်



www.burmeseclassic.com

www.burmeseclassic.com



ရန်မဟုတ်၊ ခုတော့ ရွာထဲမှနွားနှင့် ခွေးနှစ်ကောင်ဝင်ဆွဲသည့်အပြင် လူတွေ
ပါ ဒုက္ခပေးနေသော ကျားဆိုးနှစ်ကောင်အား ခြောက်လှန့်ရန်၊ သို့မဟုတ်
ရင်တော့ အန္တရာယ်ဆိုပါက ရှင်းရန်သာရှိတော့ပါသည်။

ကျွန်တော်တို့အားလုံး ရှေ့ဆက်မလိုက်တော့ဘဲ အခြေအနေနှင့်
ခြေရာ ထပ်မံကြည့်ပါသော်လည်း ဒီနေရာတစ်ဝိုက် လုံးဝခြေရာမတွေ့
တော့ပါ။ သဲမြေဖြစ်၍ မြေကပွနေပါ၏။ ခြေရာကောင်းကောင်း ထင်နိုင်
ပါသော်လည်း လုံးဝရှာမရတော့။ တောထဲဝင်သွားပုံ လုံးဝမရပါ။

'ဆရာကျော် ခြေရာပျောက်နေပြီ'

'အေး.... တော်တော်ပါးတယ်ကွ'

'ဒီလိုလုပ်မယ်၊ ကျွန်တော်တို့ အခင်းထဲဝင်မယ်'

မိုးကျော်အောင်သည် ပြောပြောဆိုဆို ခြံစည်းရိုးကျော်ပြီး အခင်း
တွေဘက် ဝင်လိုက်သည်။ အခင်းအစပ်တွေမှာတော့ ပြောင်းတွေစိုက်ထား
၍ မသက်ာစရာရှိသဖြင့် ကျွန်တော်ပါ အခင်းထဲဝင်ကာ တင်မြတ်
အပြင်မှာထားရင်း ရွာသားနှစ်ယောက်ပါ ထပ်မံခေါ်ယူလိုက်သည်။

'ကဲ... ကိုပုတို့လည်းခြေရာရှာကြဗျာ'

'ဟုတ် ဟုတ်'

'ဒီအကောင်တွေ ဟောဒီပြောင်းခင်းထဲ ပြန်ရောက်နေသလား
မသိဘူး၊ မိုးကျော်ရေ သတိထား၊ ရင်ဘောင်တန်းသွားမယ်၊ တင်မြတ်
စည်းရိုးဘေးကပ်ခဲ့'

'ဟုတ်ကဲ့ ဆရာကျော်'

ရွာသားနှစ်ယောက်ကိုတော့ စည်းရိုးဘေးတစ်ယောက်နှင့် ကျွန်
တော်နှင့် မိုးကျော်အကြား သတိထား၍ လိုက်ကြရန်အပြင် ခြေရာ
အကောင်ပါ ရှာကြရန် မှာကြားကာ ကျွန်တော်တို့ရှာပါသော်လည်း မတွေ့
တော့ လုံးဝပျောက်သွားသည်။

နောက်ဆုံး လေးလေးအောင်တို့တဲသို့ ပြန်ခဲ့ရသည်။ တဲရောက်
တော့ ထိုကျားနှစ်ကောင် ခြေရာသာတွေ့ပြီး အကောင်တွေ ပျောက်သွား
ကြောင်း ရိုးသားစွာပြောပြလိုက်သည်။ ပြဿနာက ရှုပ်ကုန်ပါပြီ

ကျွန်တော်တို့မှာ ခြေရာတွေ့ရသူ၊ အစိုင်းနှင့်လေးလေးအောင်တို့က ကျား
နှစ်ကောင် တွေ့ကြသူများ၊ ခုတော့ လေးလေးအောင်ဆိုသူ၏စကားကြောင့်
ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးခံစားရသည်သာ။ ကျွန်တော်ကဲ့သို့ မိုးကျော်
အောင်နှင့် တင်မြတ်ပါ ဒေါသတွေထွက်နေကြသည်ကို မျက်နှာကြည့်သည်
နှင့် သိလိုက်ရပါပြီ။

'ရောက်အိုက်နဲ့ ပုတိုတို့ကိုပါ ပြောတာပ၊ ဘဒ္ဒေးကျောင်းပတို့
လည်း ပြောတာ မယုံကြတာပအေး၊ ဟိုနေ့ကတည်းက ပြောထားတာပ၊
နတ်ကျားတွေပါလို့ ပြောတာ မရတာပ၊ ခု လက်တွေ့ဖြစ်နေတာ သိဖို့
ကောင်းတာပအေး၊ သိဖို့ကောင်းကြတာပ'

'ရော်... လေးလေး စကားများတာပအေး'

'ရော်... မင်းက ငါ့ကို စကားများတာဆိုတာပ'

'များလို့များတာပ၊ နတ်ကျားဆို ခြေရာတွေ့မလားပ'

'ရော... ဘာမှမသိတာပ၊ ခြေရာတွေ့တာပ၊ အကောင်မတွေ့
ရင်းစားတာပအေး'

'ကဲ... လေးလေးအောင် ဟုတ်လား'

'ဟုတ်... ဟုတ်တာပ'

'ကောင်းပြီ လေးလေးအောင်တို့ ဘာလုပ်ချင်လဲ၊ ပွင့်ပွင့်လင်း
လင်းပြောပါ၊ စိတ်မဆိုးပါဘူး ပြောသာပြောပါ လေးလေးအောင်'

'ရော်... ဆရာကြီးတို့ မသိတာပ၊ နတ်ကျားဆိုတာ ရွာသားတွေ
ရဲ့ဆရာ၊ ဘဒ္ဒေးကျောင်းဖနဲ့ ဘဒ္ဒေးလောဟုန်တို့ ပြောပြီးတာပအေး၊ ရွာက
ရပြီး နတ်ကြီးစင်မှာ တင်ရမှာပ၊ တင်လိုက်မြောက်လိုက်ရင် မလာတာပ၊
နတ်ကြီးတွေ မတင်လို့ မေးရတာပအေး'

'ကဲ... ကိုရောက်အိုက်နဲ့ ကိုပုတို့ကကော ဘယ်လိုမြင်ကြသလဲ၊
ကျွန်တော်တို့ကို အားမနာနဲ့နော်'

'တော်တော်ခက်တာပ၊ ကျွန်တော်တော့ လုံးဝမယုံပအေး၊ တော
ထဲကကျားကို နတ်ကျားလို့ပြောကြတာ မယုံတာ အမှန်ပ'

'လေးလေးအောင် အခုအချိန်မီတယ်၊ ရွာပြန်ပြီးတင်ကြပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကတော့ တောပစ်ဖို့ပဲ သိတယ်လေ၊ တင်တာ မတင်တာ ကျွန်တော်တို့အလုပ်မဟုတ်ဘူး'

'ကောင်းတာပ၊ ဆရာကြီးတို့ ရွာပြန်ကြတော့မ'

'ကဲ… ပြန်ကြမယ်'

'ရော်… လေးလေးပအေး၊ ကျွန်တော်လည်း မနေရဲတာပ၊ ပြန် လိုက်မှာပအေး'

'ဟုတ်တာပ လိုက်ခဲ့၊ အစိုင်း တဲတံခါးတွေပိတ်ထားခဲ့'

ကျွန်တော်တို့အားလုံး ရွာပြန်ရောက်တော့ ငါးနာရီထိုးပါပြီ။ ရွာ ထဲတွင် ပွစိပွစိဖြစ်နေကြသည်။ ကျွန်တော်တို့ကိုပင် မလိုလားသည့်သဘော တွေ အကြည့်တွေကြောင့် ကျွန်တော်တို့သုံးယောက် ကိုရှောက်အိုက်အိမ် ရောက်တော့ သူတို့ကျွေးသည့်ထမင်း စားကြပါ၏။

'ကိုရှောက်အိုက်ရေ… နတ်ကြီးစင်သွားတင်ကြပြီ ထင်တယ်'

'ဟုတ်မှာပအေး၊ သွားကြပါစေ'

'တောက်… တော်တော်နတ်ပဲ ယုံနေကြတာပအေး'

ထမင်းစားပြီးသည်နှင့် ကျွန်တော်တို့သုံးယောက် တောပစ်ခြေ စီစဉ်ပါ၏။ ကိုရှောက်အိုက်နှင့် ကိုပုတို့နှစ်ယောက်မှာတော့ ကျွန်တော် နှင့် တောပစ်လိုက်မယ်ဟုပြောပြီး ရွာသားတွေ တင်မြှောက်နေသော နတ်ကြီးစင်သို့ မသွားကြပါ။

ကျွန်တော် ကြားဖူးနားဝအပြင် တွေ့ကြုံခဲ့ဖူးပါသည်။ ဒီဘာ ဒေသဝယ် ရွာဦးတောင်ကုန်း၊ တောင်စောင်းတွေများဝယ် နတ်နန်းဆိုသ နတ်ကြီးစင်အား ခြံကာပြီး တရိုတသေ ကိုးကွယ်ကြပါ၏။ ဘုန်းတော်ကြီး ကျောင်းလည်း ရှိသေကြသကဲ့သို့ နတ်ကြီးနန်းတွေကိုလည်း အထူးရိုသေ ကြသည်။

ရွာနှင့်အနီးစပ်ဆုံးသို့ တောချေးလာအူခြင်း၊ ချေဟောက်ခြ များနှင့် ကျားဟိန်းသံများ ကြားပါက ရွာထဲမှနတ်ဆရာကြီးသွေသ အနီးပွဲနှင့် နတ်ကြီးစင်နန်းဝယ် တောင်းပန်ကြပါသည်။ ဤသည်မှာ အစ အလာတစ်ခုပင်။





သူတို့အယူအဆမို့ မတားမြစ်၊ မကန့်ကွက်ပါ၊ အနှောင့်အယှက် ပေးစရာလည်း မလို၍ ဖာသိဖာသာနေခဲ့သည်။ ယခုရွာလူကြီးတွေ နတ် ကြီးစင်တွင် သွားရောက်တင်မြှောက်နေကြပါသော်လည်း ကျွန်တော်တို့နှင့် မဆိုင်ပါ။

'ဆရာကျော်…၊ ကျွန်တော်တို့ စောစောထွက်ရင် ကောင်းမလား ဘဲ၊ နယ်မြေလည်း မကျွမ်းတော့ ကြိုတင်ထွက်ကြရအောင် ဆရာကျော်'

'အေး… ထွက်မယ်လေ'

'ရော်… ဆရာကြီးတို့ မံပဟိန်းတောင်ခြေကို ထွက်ကြတာပ၊ ချေတို့၊ ဒရယ်တို့ပေါတာပ၊ အနောက်လျှိုမှာ တောဝက်တွေရှိတာပ'

'ကောင်းတယ်ဗျာ ထွက်ကြစို့'

ကျွန်တော်တို့ငါးယောက် တောပစ်ထွက်ရန် အဆင်သင့်ဖြစ်၍ အိမ်ပေါ်မှ လိုအပ်သောပစ္စည်းလောက်သာယူကာ ကျွန်တော်တို့တွင် ပါလာ သည့် အသားဘူး၊ အာမီရမ်ပုလင်းတွေ ထားခဲ့ရန် စီစဉ်နေစဉ်…

'ရော်… လာကြပါအေး လာကြပါ'

'ရော်… ကယ်ကြပါ၊ ကယ်ကြပါ၊ ကျားကြီးနှစ်ကောင်ပ'

'ဘယ်မှာလဲပ'

'နတ်ကြီးစင်အထက်ကုန်းပေါ်မှာပ၊ နှစ်ကောင်ပ နှစ်ကောင်'

'ရော်… ရှောက်အိုက်၊ အပုရေ ကျားကြီးနှစ်ကောင် လူတွေကို ကိုက်မှာပအေး၊ အထက်ကုန်းမှာပ'

နတ်ကြီးစင်သွားတင်ကြသော ရွာလူကြီးတွေ ပြေးလွှားပြီး ရွာထဲ ဝင်ကြပါ၏။ အော်ကြဟစ်ကြနှင့်ဆူညံနေသည့်အပြင် တချို့မှသတ္တိကောင်း သော ရှောက်အိုက်နှင့် အပုရေဟု အော်ကြခေါ်ကြ ဆူညံကြနှင့်…

'ရော်… ကလေးတွေပအေး၊ ကလေးတွေ အောက်မဆင်းကြနဲ့ အေး၊ ရွာထဲဝင်လာရင် ဒုက္ခပ'

'ရော်… အထက်ကုန်းက ဆင်းလာနေတာ တွေ့တာပ'

ရွာတစ်ရွာလုံး ဆူညံသွားပါပြီ။ ရှောက်အိုက်နှင့် ပုတို့နှစ် ယောက်အား ကြည့်လိုက်သောအခါ မကျေနပ်သောမျက်နှာထား တင်း



www.burmeseclassic.com

www.burmeseclassic.com

တင်းဖြင့် ဓားတွေဆွဲရင်းကိုင်ကာ အိမ်အောက်သို့ဆင်းပြီးနောက် ခါး ထောက်ရပ်ကြည့်နေသည်။ လမ်းပေါ်မှာတော့ ရွာသားတွေ သူ့အိမ်ကိုယ့် အိမ်ပြေးနေကြပါပြီ။ တော်တော်သတ္တိကောင်းသော ရွာသားတွေပင်။ လူ ဆယ်ယောက်ခန့် ဓားတွေပါပြီး နတ်ကြီးစင်အထက်ကုန်းမှ ကျားမြင်၍ ပြေးလာကြသည်ကိုကြည့်ပြီး တင်မြတ် ပြုံးနေသည်။

‘ရော်… ဘခွေးကျောင်းဖ၊ ဘခွေး နတ်ကျားကြီးတွေ တွေ့ခဲ့ တာပ’

‘ရော်… တွေ့တာပ၊ မင်းတို့ကြောင့်ပအေး၊ နတ်ကြီးတွေ မကျေ နပ်ဖြစ်နေတာပ’

‘ရော… ဒုက္ခပ၊ ကျေနပ်အောင် တောင်းပန်လေ ဘခွေးရဲ့ ဘာလို့ ပြန်ပြေးခဲ့တာပအေး’

‘ရော်… မင်းတို့သွားနှောင့်ယှက်တာပ၊ ခုတော့ တောင်းပန်လို့ မရဖြစ်တာပ၊ တော်တော် ခက်တာပအေး၊ ဒါကြောင့် နတ်ကိုမနှောင့်ယှက် ပါနဲ့လို့ ပြောတာမရ’

ဘခွေးဦးကျောင်းဖ၊ ဘခွေးဦးလောဟုန်အပြင် စောစော အခင်းပိုင်ရှင် လေးလေးအောင်တို့သုံးယောက် ဓားကြီးတွေကိုင်ရင်း ရှောက် အိုက်အား ဒေါသထွက်နေပုံရပါသည်။ ကျွန်တော်တို့အားလည်း ထိုလူကြီး တွေ မလိုလားကြသည့်အတွက် လမ်းမပေါ်ရပ်ပြီး ပြောနေကြစဉ် စိတ်တို သော ကိုပုတိုသည် ဘာမပြော ညာမပြောနှင့်…

‘ရော်… ဘခွေးတို့ကျား၊ ကျား၊ ကျားကြီးတွေပအေး၊ ကျားကြီး တွေလာပြီပ’

‘ဘယ်မှာလဲပ’

‘ရော်… ပြေးတာပအေး’

ရွာသားတွေ အားကိုးအားထားဖြစ်ရသော ထိုလူကြီးသုံးယောက် မှာ ပုတို၏စကားကြားလိုက်သည်နှင့် ကျွန်တော်တို့ရှိနေသည့် ကိုရှောက် အိုက်ခြံထဲသို့ ပြေးအဝင်၊ အပေါက်ဝတွင် တစ်ယောက်နှင့်တစ်ယောက် တိုက်မိပြီး အကြောက်ကြီးသော လေးလေးဆိုသူ၏ နောက်မှတွန်းလိုက်






သလို ရှေ့ဆုံးမှ ဘခွေးကျောင်းဖ မှောက်ရက်လဲအကျ၊ နောက်ဆုံးမှ တွန်းလိုက်သော လေးလေးအောင်သည် သတိရှိလှသဖြင့် လဲနေသော လူနှစ်ယောက်အား ခုန်ကျော်ပါသော်လည်း မလွတ်ဘဲ လဲကျသွားပြန် ါ ပြီ။ သုံးယောက်စလုံး မထနိုင်အောင် ဖြစ်နေစဉ်…

‘ဟား… ဟား… ဟား… ဟား…၊ ဝါး… ဟား… ဟား… ဟား… ဟား…’

‘ခွီ… ခွီ… ခွီ… ခွီ’

‘ဟဲ… ဟဲ… ဟဲ… ဟဲ’

‘ဟား… ဟား… ဟား… ဟား…’

‘ရော်… ပုတို နောက်တာလားပ’

‘ကျားကြီးတွေလာပြီပဆို’

‘ရော်… ဘခွေးတို့ စကားဆုံးအောင် နားမထောင်ပအေး၊ ကျွန်တော် အော်မေးတာပ၊ ကျားကြီးတွေလာပြီပ၊ ဘယ်မှာလဲလို့ မေးတာ ပ၊ အေး… ဘခွေးတို့ကြောက်တာ လွန်တာပ၊ ဟား… ဟား… ဟား… ဟား…’

‘ရော်… အပ၊ ထူတာပအေး၊ ဘခွေးတို့ ဘယ်နားနာသွားသ ပဲ ပ၊ အကြောက်ကြီးတာပ’

ရှောက်အိုက်သည် ပုတိုအားခေါ်ပြီး လဲနေသော လူကြီးတွေကဲ သွားရောက်ထူပေးရင်း ပြုံးလျက် ရယ်မောလျက်မေးနေပါသော်လည်း လူကြီးတွေ တော်တော်လည်း နာကြ၏၊ ရှက်လည်းရှက်သွားကြ ဒေါသကို မနည်းထိန်းနေပုံရသည်။ လူကြီးရှက်တော့ ရယ်ဆိုသကဲ့သို့ လေးလေးအောင်မှာ ရှုံ့မဲ့ရင်းမှ ရယ်နေပါသည်။

ကျွန်တော်တို့သုံးယောက်ပင်လျှင် တခိခိ တဟဲဟဲဟဲ ရယ်လိုက် မိသည်။ စိတ်ထဲမှ ကျိတ်၍ထားမရ၊ အရေးထဲ အရာပေါ်ဆိုသကဲ့သို့ ရယ်မောနေရင်း တင်မြတ်ပါးစပ်မှ

‘တော်တော်နောက်တဲ့ ကိုပုတိုကွ၊ ဟား… ဟား… ဟား… ဟား…’


www.burmeseclassic.com

www.burmeseclassic.com



‘ဟော့ကောင် တင်မြတ် တိုးတိုးကွ’

‘ခွိ… ခွိ… ဖူး… ခွိ… ခွိ’

‘တင်မြတ်’

‘ဟင်… ရယ်ချင်တယ်ကွာ၊ ခွိ… ခွိ… ခွိ’

‘ဟုတ်ပါ့ကွာ၊ ကိုပုတိုကတော့ ကြံဖန်နောက်တဲ့လူပဲကွ၊ ကြည့် မိုးကျော် လူကြီးတွေ အောင့်သက်သက်နဲ့ နာပြီးလမ်းမလျှောက်နိုင်ဘူး ထင်တယ်’

‘မိုးကျော်နဲ့ တင်မြတ်’

‘ဟုတ်ကဲ့၊ အောက်ဆင်းကြစို့’

‘ဟုတ်… ဟုတ်’

ကျွန်တော်တို့သုံးယောက် အိမ်ပေါ်မှဆင်းလိုက်၏။ အောက်ရောက်တော့ ကျွန်တော်သည် ခြံဝတွင်ရှိနေသော ရွာလူကြီး နတ်ဆရာ သုံးဦးနှင့် ကိုရှောက်အိုက်၊ ကိုပုတိုတို့ထံ လျှောက်သွားပြီးရပ်လိုက်၏။

‘ကဲ… ဘဒ္ဒေးတို့ပြောတဲ့ နတ်ကျားကြီးတွေကို ကြောက်ကြလား’

‘ရော်… ကြောက်တာပ၊ နတ်နဲ့နဂါး မလှည့်စားရတာပ’

‘ကောင်းပါပြီ၊ ဘဒ္ဒေးတို့ စောစောက ဘာသွားလုပ်ကြတာလဲ၊ ဟိုနတ်စင်ကြီးဘက်ကို ပြောတာလေ’

‘ရော်… ဆရာကြီးတို့မသိပ၊ သွားတောင်းပန်တာပအေး’

‘တောင်းပန်တော့ နတ်ကြီးတွေက ကူညီကြသလား’

‘ဆရာကြီးပ’

‘ဟုတ်ကဲ့ ကိုပုပြောပါ’

‘ရော်… ကူညီတာ မကူညီတာ မသိပ၊ အေး… လောလော ဆယ်တော့ ဒူးပြဲ သူပြဲပအေး၊ ဟား… ဟား… ဟား… ဟား…’

‘ခွိ… ခွိ… ခွိ… ခွိ’

‘ဟား… ဟား… ဟား… ဟား…’

‘ဝါး… ဟား… ဟား… ဟား… ဟား…’

တင်မြတ်မှာ တခွိခွိရယ်သလို ကိုပုတိုနှင့် ကိုရှောက်အိုက်တို့မှာ





တော့ အားရပါးရ ရယ်နေကြ၏။ လူကြီးတွေ ဘာပြောရမှန်းမသိ၊ ရှက် ရှက်နှင့် ပြုံးနေကြသည်ကိုတော့ ကျွန်တော် ကောင်းကောင်းသိလိုက်ပါ၏။

‘ကျွန်တော် တစ်ခုပြောပါရစေ’

‘ရော်… ပြောတာပအေး’

‘အဲဒီ နတ်ကြီးစင်အထက်ကုန်းဆိုတာ ဝေးသလား’

‘ရော… ဘယ်ဝေးပအေး၊ အဲဒီအထက်ကုန်းက ကျားကြီးနှင့် ကောင် ဆင်းလာနေတာပ’

‘နတ်ကျားတွေလား ဘဒ္ဒေး’

‘ရော်… ဘယ်ပြောတတ်ပ၊ မသိပ၊ နှစ်ကောင်တော့ တွေ့ရတာ ပ၊ ဓမ္မစစ်ပအေး’

‘ကောင်းပြီ၊ ကျွန်တော်တို့ကိုခွင့်ပြုပါ၊ နတ်ကျားဆိုရင် ဂ တို့မပစ်ပါဘူး၊ နောက်ပြီး ရွာအတွက်ပါ ကူညီပြီး အန္တရာယ်ဂ စောင့်ရှောက်ပါလို့ ကျွန်တော် တောင်းပန်ပေးမယ်လေ’

‘ရော်… ကောင်းတာပ၊ အေး… ကောင်းတာပ’ တာ

‘အဲ… နတ်ကျားမဟုတ်ဘဲ ရွာသူရွာသားတွေ နောက် နွားကအစ အိမ်မွေးခွေးတွေပါ ခြောက်လှန့်အန္တရာယ်ပြုတဲ့ ဖောင် ကျားဆိုရင်တော့ပစ်မယ်၊ ဘဒ္ဒေးတို့၊ ကဲ… သွားကြမယ်’ ါး

‘ကိုရှောက်အိုက်ရေ လမ်းပြ၊ တင်မြတ်ထွက်’

‘ဟုတ်’

‘ရော်… ဘဒ္ဒေးကျောင်းဖနဲ့ ဘဒ္ဒေးလောဟုန်ပ၊ လမ်းမလျှောက် နိုင်ရင် ရှောက်အိုက်အိမ်ပေါ်တက်နေကြတာပ၊ အေး… တော်တော်ကြ ကျားကြီးတွေလာတာပဆိုတာနဲ့ ခြံပေါက်ကျဉ်းကျဉ်းလေး လုတိုးမနေကြ ပအေး၊ ဟား… ဟား… ဟား… ဟား…’

‘ရော်… ခွေးကောင်လေးပ၊ ဒင့်ကြောင့် ဒူးပြဲတာပ’

‘ဟား… ဟား… ဟား… ဟား…၊ ဘဒ္ဒေးလောဟုန်တ ယောက် အသက်ကြီးကာမှ ဒူးပြဲတာမကောင်းပ၊ ဟား… ဟား… ဟား… ဟား…’



www.burmeseclassic.com

www.burmeseclassic.com

'ရော်… တော်တော်နောက်တာပ'

ရွာလူကြီးသုံးယောက်မှာ ရှက်ကိုးရှက်ကန်းဖြင့် ရောက်အိုက်တို့ အိမ်ခြံဝင်းဝယ် ကျန်ခဲ့ပါပြီ၊ တင်မြတ်သည်လည်း တဟားဟားဟားဟား ရယ်ရင်း ခြေသွက်နေသဖြင့် ကိုရောက်အိုက်ပင် အပြေးလိုက်နေရတော့သည်။

ကျွန်တော်တို့ရွာမှထွက်ပြီး ပေခြောက်ရာခန့်ကွာသော နတ်ကြီးစင်အနားရောက်သည်တွင် အခြေအနေကြည့်ကာ ရှေ့ဆက်လိုက်သည်။ နတ်ကြီးစင်နားရောက်တော့ မိုးကလည်းချုပ်တော့မည်။ သို့အတွက် နတ်ကြီးစင်ကား စည်းရိုးထဲမဝင်ဘဲ ကိုရောက်အိုက် ညွှန်ပြရာသို့ ကြည့်လိုက်ပါသည်။

'ဆရာကြီးပ၊ အထက်ကုန်းဆိုတာ ဟောဟို ကုန်းတန်းလေး

'တင်မြတ် ကိုက်သုံးရာလောက်ကွာတယ်ကွ'

ရောက်'ဆရာကျော် ချုံတွေရှင်းတယ်၊ ကုန်းတန်းမှာတော့ချုံရှိတယ်'

သုံးဦး'အေး… ဒီလိုလုပ်ကြတာပေါ့၊ လူယောင်ပြမယ်လေ'

'ကောင်းတယ် ဆရာကျော်'

'ကဲ.. တင်မြတ်နဲ့ မိုးကျော် အသင့်ပြင်နေရာယူထား'

'ဟုတ်ကဲ့'

'ကဲ… ငါနဲ့သူတို့နှစ်ယောက် လူယောင်ပြမယ်'

ကျွန်တော်သည် တင်မြတ်နှင့် မိုးကျော်အောင်အား နတ်ကြီးစင်ခြံစည်းရိုးဘေးဝယ် နေရာယူစေပြီးနောက် ကျွန်တော် ဦးဆောင်ကာ ကိုရောက်အိုက်၊ ကိုပုတိုတို့နှင့်အတူ ထိုကုန်းတန်းဘက်သို့ မျက်နှာမူပြီး စတင်ထွက်ပါပြီ။

ထိုကုန်းတန်းမှာတော့ တောမဆိုးမဟုတ်တော့သည့် ကျားဆိုးကြီးနှစ်ကောင် ရှိနေမည်သာ။ သို့အတွက် ငါးမျှားသကဲ့သို့ ငါးစာပြရပါ၏။ ကုန်းတန်းနှင့် ကိုက်သုံးရာဆိုသည်မှာ မဝေးလှပါ။ ကျားသည် တစ်ခါတစ်ခါခုန်ပါက ပေနှစ်ဆယ်ခန့်အထိ ခုန်လွှားနိုင်သည့်အတွက် ဆယ့်လေးငါးခါလောက်ခုန်လျှင်ပင် ကျွန်တော်တို့ထံ ကောင်းစွာရောက်လာနိုင်သည်





ခို သာတိထားရင်း လူရိပ်လူရောင်ကောင်းပြလိုက်သည့်တွင်…

'ဝေါင်း… ဝေါင်း… ဝေါင်း'

'ဝေါင်း… ဝေါင်း'

'တင်မြတ်နဲ့ မိုးကျော် ပိုင်မှပစ်ကြ'

'ရော်… ဆရာကြီးပ၊ ကျားတွေရှိနေတာပအေး'

'မကြောက်နဲ့၊ ကျွန်တော်တို့နိုင်ပြီဗျ'

'ဗျာ'

'သူတို့ရှိနေဖို့ အရေးကြီးတာ၊ ခုတော့ သူတို့အသံပေးတာတော့ နိုင်ပြီပေါ့'

'ရော်… ဆရာကြီးပ၊ ဟိုမှာပ… ဟိုမှာ… ပစ်… ပစ်တာပအေး'

'ရော်… နှစ်ကောင်ပအေး'

'ကိစ္စမရှိဘူး၊ မျှားပြီးခေါ်ရမယ်၊ ဝေးသေးတယ်လေ'

'ရော်… ကြောက်တော့ ကြောက်စရာပ၊ တော်တော်ကြီးတာပအေး'

မှန်ပါသည်။ ကုန်းတန်းလေးတွင်ရှိနေသော ချုံတွေထဲမှ ပြောင်ပြောင်တင်းတင်းပင်ထွက်ပြီး ကျွန်တော်တို့သုံးယောက်အား မာန်ဖီခြိမ်းခြောက်နေသော ကျားဆိုးကြီးနှစ်ကောင်သည် ရဲရဲတင်းတင်း အပြင်ထွက်၍ လမ်းလျှောက်နေပုံမှာ မခန့်လေးစားပင်၊ လူကိုစားတော့ ဝါးတော့မည့်အသွင် ပြုလုပ်နေပါပြီ။

ကျွန်တော့်အထင် ဤကျားများသည် လူသားစားဖူးသော ကျားဆိုးကြီးတွေဖြစ်မည်ဟု ထင်ပါသည်။ လူမြင်သည်နှင့် ကိုက်ရန်၊ စားရန် ဟန်ရေးပြနေသည့်အတွက် လူမကြောက် လူသားကောင်းမှန်းသိနေသည့်အပြင် သူတို့မြင်ပါက ပြေးကြရသော လူသားတွေအပေါ် အနိုင်ယူရန် စိတ်စောနေသည့် ကျားကြီးနှစ်ကောင်။

နေလယ်နောက်ပိုင်း အခင်းဘေးကပ်ပြီးနောက် လေးလေးအောင်တို့အား ကိုက်ရန်ကြိုးစားစဉ် လူကထွက်ပြေးပြီး သံပုံးတီး၍သာ ထွက်ပြေး



www.burmeseclassic.com

www.burmeseclassic.com

ထားရသော ကျားဆိုးကြီးနှစ်ကောင် အခဲမကျေ။ တစ်ဖန် ကျွန်တော်တို့ ရောက်နေသော နတ်ကြီးစင်ဝယ် ညနေက ပူဇော်ပသသူများအား လူများ၍ ဝင်မကိုက်သော်လည်း ခြောက်လှန့်ခဲ့ကြသည်။ လူအုပ်ထွက်ပြေးရာတွင် အုပ်စုလိုက် ရွာထဲဝင်ပြေး၍သာ၊ လူသာကွဲရင် ကျားဆွဲသွားမည်မှာမလွဲ ခတော့ ကျွန်တော်တို့သုံးယောက်သာ မြင်နေသောကျားဆိုးကြီးနှစ်ကောင်သည် လူသုံးယောက်လောက်တော့ လုံးဝပင်ဂရုမစိုက်ပါ။ သူတို့အတွက် အစာ၊ အစာမှာ သူတို့ခံတွင်းတွေ့နေသော လူသားသုံးယောက်။

ကျားကြီးနှစ်ကောင်သည် ရင်ဘောင်တန်းရပ်ပြီး အရှိန်ယူနေပါပြီ။ ကိုက်ဖို့ရန်အသင့်လိုက်ရန် အသင့်ဖြစ်နေသည်ကို ကျွန်တော် သိလိုက်ပါပြီ။ စက္ကန့်ပိုင်း မိနစ်ပိုင်းအတွင်း ပြေးလာတော့မည်သာ။ ရွာသား ကိုရောက်အိုက်နှင့် ကိုပုတိုတို့ကတော့မသိ၊ ကြောက်တော့ အနည်းငယ် ကြောက်ကြသည်။ ကျွန်တော်တို့ကဲ့သို့ အတွေ့အကြုံမရှိကြသော ရိုးသားသည့် ရွာသားများတော့ မပစ်ဖူး၊ တောမလည် တောမမောင်းဖူးတော့ ကြောက်နေကြမည်မှာ အမှန်ပင်။

'ကိုရောက်အိုက်နဲ့ ကိုပုတို'

'ရော်… ရှိတာပအေး'

'ဒီနှစ်ကောင် အခြေအနေမကောင်းဘူးဗျ'

'ရော်… ဘာပြောတာပ'

'ရော… ပြေးရမှာလား၊ ဆရာကြီး စောစောက ပြောတာပအေး'

'ရော်.. အပု ငါထက်ပိုကြောက်နေတာပ'

'အဟင်း … အကောင်ကြီးတွေ တွေ့တော့ကြောက်တာပ'

'ရော်.. ဘာခွေးတို့သုံးယောက်ကျတော့ အပုနောက်တာပ၊ တကယ် တွေ့တာပ'

'ဟား… ဟား… ဟား… ဟား…'

ကိုပုတို သဘောကျသွားပါသည်။ ကျွန်တော် သိလိုက်ပါပြီ။ ကျားဆိုးကြီးနှစ်ကောင် ကျွန်တော်တို့ထံသို့ ပြေးဝင်လာတော့မည်ကို ချာစွာ သတိထားရင်း…





'မိုးကျော်နဲ့ တင်မြတ်၊ အနီးရောက်မှပစ်နော်'

'စိတ်ချ ဆရာကျော်'

'ပိုင်မှပစ်မယ်၊ ဟော… ဆရာကျော်'

'အေး… ဟုတ်တယ်'

ကျားဆိုးကြီးနှစ်ကောင်သည် ကုန်းတန်းမှအသာလှမ်းဆင်းလာပါပြီ။ လာနေပုံမှာ ဂရုမစိုက်သောပုံစံမျိုး အေးအေးဆေးဆေး ဆင်းလာနေရာမှ အနည်းငယ်ပြေးစပြုပါပြီ။ ကျွန်တော်တို့သုံးယောက်အား တိုက်ခိုက်တော့မည်ဖြစ်၍

'ကိုရောက်အိုက်နဲ့ ကိုပု'

'ဟုတ်… ဟုတ်'

'ကျားကြီးတွေ လာနေပြီနော်၊ သတိထား'

'ရော်… ဆရာကြီးပ'

'ဟုတ်ကဲ့ ပြောလေ'

'ကျွန်တော်တို့ ဘာလုပ်ရမှာပ'

'ရော… အပု ပြေးရမှာပအေး၊ ဟုတ်တာပ ဆရာကြီး'

'ဘယ်ပြေးလို့ဖြစ်မလဲ၊ ခင်ဗျားတို့နှစ်ယောက် အဲဒီ ဟော… ဟော… ပြေးလာကြပြီ။ အဲဒီကျားနှစ်ကောင်ကို လည်ပင်းဝင်ဖက်ရမယ်၊ ထွက်မပြေးနဲ့ကြားလား'

'ရော်… ဆရာကြီးပအေး၊ ဒီလိုမနောက်ပါနဲ့'

'ကဲ… ပြေးလာပြီ၊ ခင်ဗျားတို့နှစ်ယောက် နတ်ကြီးစင်ဝင်းထဲ ဝင်ပြေး၊ လူမခွဲနဲ့ ကြားလား'

'ရော်… ဆရာကြီးကောပ'

'ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့နှစ်ယောက် ပြေးတော့'

'ရော်… ဆရာကြီး… ပြေးတာပအေး'

'လာတာပ'

ကျွန်တော် မပြေးပါ။ ကိုပုတိုဆိုသည့် ပိန်ပိန်ရှည်ရှည်မှာ ကိုရောက်အိုက်ထက် အပြေးလျင်သည်ကို ကျွန်တော် တစ်ချက်သတိပြု



www.burmeseclassic.com

www.burmeseclassic.com



မိပါသည်။ ကျွန်တော်သည် တင်မြတ်နှင့် ကိုမိုးကျော်အောင်တို့ နေရာယ
ထားသည့် အလယ်တွင်ရှိနေသော ပင်စည့်တွားကျိုးသည့် ကျွန်းပင်ကြီးဝ
သတိထားပြေးကပ်ရန် ကြိုတင်ပြင်ဆင်ထားသည်မို့ ဘာမှမစိုးရိမ်။

'မိုးကျော်'

'အေး'

'ကိုပုတို့ ကြည့်စမ်း၊ ပိန်ပြီးရှည်သလောက် အမြေးလျှင်လိုက်တ
ဟား... ဟား... ဟား... ဟား...'

'ဟော့ကောင် တိုးတိုးကွ၊ တိုးတိုး'

'တော်တော်နောက်တဲ့ ကိုပုပဲ၊ လူကြီးတွေ နောက်ပြောင်
ဝင့်လည်ပြီကွ၊ ဟား... ဟား... ဟား...'

ကျားကြီးနှစ်ကောင်၏ ပြေးလွှားလာပုံမှာ လေအဟုန်ထက်
နေပါသည်။ ကြည့်လို့လည်း အလွန်ကောင်းနေ၍ ဖိုးသုံးရာခန့်မှ
လမ်းလျှောက်သလိုလို အနေအထားမှတစ်ဆင့် အနည်းငယ် ဆက်ပြေ
မှာ အင်မတန်ညက်များသော ပါးနပ်သော ကျားသတ္တဝါကြီးနှစ်ကော
တိုက်ကွက်ပင် ဖြစ်ပါသည်။

မသိသူတွေ သို့မဟုတ် ကြောက်ပြီး မင်းသက်မိကာ မပြေး
ပင် ကြောက်ပြီးရပ်နေသူတို့အား အရှိန်နှင့်ပြေးဝင်၍ အပိုင်တစ်ချက်
ခုန်အုပ်ရန်အတွက် ယခုတော့ အပြေးအလွှား ပေနှစ်လောက်အလိုမှ
ပြေးအလာ ကျွန်တော်သည်လည်း ထိုကျွန်းပင်ကြီးနားအရောက်၊ ကျား
နှစ်ကောင်သည်လည်း မြန်သည်ထက်မြန်သော အရှိန်အဟုန်ဖြင့် ခုန်
မြေပေါ်ကျလိုက်၊ ခုန်လိုက်ကျလိုက် လွှားခနဲ လွှားခနဲ ပြေးအလ

'မိုးကျော်နဲ့ တင်မြတ် အသင့်ပြင်ထား'

'ကျွန်တော်တို့ ပစ်တော့မယ်၊ တင်မြတ် အသင့်'

'မိုးကျော်၊ ဟော... မြေပေါ်ကျသွားတော့မယ်၊ ပြန်အ
ပစ်မယ်'

ကျားကြီးနှစ်ကောင်သည် ခုန်ပျံလာမှ မြေပေါ်ပြန်ကျမှ
တန်ချက် အလွန်ညီ၍ ကြည့်လို့လည်း အလွန်ကောင်းနေသည်။ တစ်





နှင့်တစ်ကောင် ခုန်လိုက်ပုံ၊ မြေပေါ်ကျပုံမှ တစ်ဖန် ပြန်ပြီးခုန်ပုံတွေမှာ
တိုင်ပင်ပြီး ခုန်ပေါက်လာနေသည်လားဟု ထင်ရပါသည်။

ရွာဦးစည်းရိုးဘေးတွင်လည်း ရွာသားတွေ တော်တော်များများ
ရှုစိရှုစိဖြင့် ကြည့်နေကြသည်။ သူတို့တွေ ကြည့်သာကြည့်နေရသည်။
အလွန်ကြောက်ရွံ့နေကြသည့်အပြင် ရွာထဲသို့ တချို့ဝင်ပြေးလိုက် ပြန်ထွက်
ကြည့်လိုက်နှင့် လက်ထဲဝယ် ဓားတွေ၊ ချွန်တွေ၊ မှိန်းတွေကိုင်ပြီး ကြောက်
ရွံ့နေကြသော ရွာသားတွေမှာ

'ရော်.. သေနတ်သမားတွေတော့ ဒုက္ခပ၊ ကြည့်... ကျားကြီး
တွေ သူတို့နားရောက်တော့မယ်၊ မပစ်ကြ ကြောက်နေကြပြီထင်တာပ'

'ရော်.. ပြောထားတာပ၊ နတ်ကျားဆိုတာ သိလျက်နဲ့ သွားစတာ
ပအေး'

'ဟုတ်တာပ၊ ရော်... အပုတို့တော့ ဒုက္ခပအေး'

'ရော်.. လာပြီဟ'

'ရော်... ပြေးကြ၊ ပြေးကြ'

ရွာသားတစ်ယောက်သည် ကျွန်တော်တို့ထံ ပြေးလာနေသော
ကျားကြီးတွေကြည့်ပြီး လာပြီဆိုတာပနှင့် ရွာသားတွေ ဘာပြောကောင်း
မည်မသိ။ ရွာထဲအလုအယက်ပြေးကြရာ တစ်ယောက်နှင့်တစ်ယောက်
တိုက်မိနင်းမိ၊ လဲကြပြိုကြ အော်ကြဟစ်ကြနှင့် ဆူညံသွားပါပြီ။ ရွာသား
တွေမှာ အကြောက်ကြီးကြောက်ကြသကဲ့သို့ ငိုအားထက် ရယ်အားသန်နေ
ကြပါ၏။ နာသူမှာရှုံ့မဲ့ပြီး ခံစားရသလို တချို့ကတော့ တဟားဟားဟား
ရယ်နေစဉ် ဘဒွေးဦးကျောင်းဖနှင့် ဦးလောဟုန်၊ ဦးအောင်တို့လည်း သူတို့
အဖြစ်ကို ပြန်သတိရပြီး ပြုံးလိုက်ကြသည်။

'အပု'

'အေး'

'ဒုက္ခ၊ ဆရာကြီးတို့မပစ်'

'ရော်... ဆရာကြီးတို့ ပစ်လေ၊ ပစ်တာပအေး'

'ရော်... ဆရာကြီးနားရောက်တော့မှာပအေး၊ ဆရာကြီးပြေးလေ



www.burmeseclassic.com

www.burmeseclassic.com

ပြေးတာပ’

တင်မြတ် ပြုံးလိုက်သည်။ မိုးကျော်အောင်သည်လည်း ကိုပု တို့၏ စကားသံတွေကြား၏။ ကျွန်တော်လည်း ကြားမိပါသည်။ ကျွန်တော် အတွက် သူတို့စိုးရိမ်နေစဉ် တင်မြတ်၏စကားသံလည်း ကြားမိသည်။

‘ကိုပုနဲ့ ကိုရောက်အိုက်၊ ကျားကြီးတွေ ထွက်ဖမ်းကြလေ’

‘ရော်.. ဆရာကိုတင်မြတ်၊ ကြောက်တာပအေး’

‘မိုးကျော် ကြားလား၊ ဟား... ဟား... ဟား... ဟား...’

‘တင်မြတ်’

‘ပစ်မယ်၊ ကျပြီ၊ ဟော... ခုန်ပြီ ပစ်’

‘ဒိုင်း’

‘ဒိုင်း’

ကျားကြီးနှစ်ကောင် မြေပေါ်ပထမကျပြီး ပြန်ခုန်မည်အပြု ကျော်အောင်၏ ပစ်မိန့်သံနှင့်အတူ သူအရင်ပစ်လိုက်သည်။ သူအရင်ပ ရသည်မှာ သူ့ဘက်မှကျားကြီးသည် တင်မြတ်ဘက်မှ ကျားကြီးထ မြေပေါ်သို့အရင်ကျပြီး အရင်ပြန်အခုန်မို့ အရင်ပစ်လိုက်ရသည်။ တစ်ဆ တည်း တင်မြတ်ဘက်မှကျားကြီးသည်လည်း ရှေ့ဆင့်နောက်ဆင့်ပင် ပေါ်ကျပြီး ပြန်အခုန်ဝယ် တင်မြတ်၏ လျှပ်တစ်ပြက်ကျည်တစ်တော သည် မိုးကျော်အောင်၏ ကျည်တစ်တောင့်ပမာ သွက်သွက်လ ချိန်သားကိုက်ထိ မှန်သွားပါပြီ။ သူတို့နှစ်ယောက်အနက် တင်မြတ် ပြေးလွှားနေသော သားကောင်ကိုရွှေ့ပြီး လျှပ်တစ်ပြက်ပစ်သတ်ရသည် အလွန်နှစ်သက်ပြီး ထိထိမိမိပစ်သတ်နိုင်ရန် တင်မြတ်အား လျှပ်တစ်ပြ တင်မြတ်ဟုခေါ်တွင်သကဲ့သို့ မိုးကျော်အောင်မှာလည်း တစ်ချက်ဆို ချက်ပင် ပစ်ကိုင်းမလွဲအောင် ပစ်ခတ်နိုင်သည့်အပြင် သူ၏တစ်ချက်သေ ကျည်ဆန်ထိပ်ဖူးသည် သားကောင်၏ နှလုံးသားကိုထိုးဖောက်နိုင်စွမ်း မို့ ပစ်မလွဲ မိုးကျော်အောင်ဟု အမည်တွင်စေသည်သာ။

သေနတ်သံနှစ်ချက်ကြောင့် သေနတ်သံကို သော ရွာသားများမှာ ကျားကိုကြောက်ရွံ့နေရာမှ ခုန်ပျံပြေးလာ





ကြောက်ရသည့်အထဲ သေနတ်သံနှစ်ချက်ကြောင့် အားလုံးအော်ဟစ်ပြေး ွားဆူညံသွားပြန်ပါပြီ။

‘ရော်... ကျားကြီးတွေ မှန်တာပအေး’

‘ရော်... ဟုတ်တာပ’

ကျားကြီးနှစ်ကောင် ထအခုန်ဝယ်၊ ပစ်ခတ်သူတို့၏ လက်ချက် ကြောင့် ကျားကြီးတွေသည် လေထဲတွင် တုံ့ခနဲဖြစ်ကာ နောက်သို့ပင် နည်းငယ်မျှ လန်ကျသွားရာမှ ဒေါသဖြင့်ပြန်ပြီးကိုယ်ကိုထိန်းပါသော် သည်း မဟန်တော့ပါ။ လေထဲမှပင် ပြန်၍မြေပေါ်သို့ ပြုတ်ကျသွားသည်မှာ ကျားကျ ကြောင်ကျမဟုတ်ပါ။ အရုပ်ကြိုးပြတ် ပြုတ်ကျသွားခြင်းသာ ဖြစ်ပါတော့သည်။

ကျားတွေကျသွားရာမှ လူးလဲထပြန်ပါသည်။ သို့သော် ထ၍ရပါ သော်လည်း ပြန်မလဲရန်ဟန်ပြင်ပြီး တင်မြတ်နှင့် မိုးကျော်အောင်အား တွေ့ဘဲ ကျွန်တော့်ကိုသာမြင်ပြီး တိုက်ခိုက်ရန် ကျားနာခဲခဲမည်ဟူသော ဒေါသဖြင့် ထခုန်မည်အပြုတွင်မှာပင် တစ်ကောင်မှာ လဲကျသွားသော် လည်း တစ်ကောင်သည် မတုန်လှုပ်နိုင်တော့ပါ။ ကျွန်တော် ကြည့်နေစဉ် ပင် ကျားကြီးသည်အေးသို့ ဘုန်းခနဲနေအောင် လဲကျသွားပါပြီ။

‘ရော်... ဆရာကိုတင်မြတ်ပ’

‘ဗျာ... ဘာလဲ ကိုရောက်အိုက်’

‘တော်တာပ၊ လက်ဖြောင့်တာပ’

‘ဆရာ ကိုမိုးကျော်လည်း တော်လိုက်တာပ’

‘ရော်... ရောက်အိုက်ပ’

‘အေး... ပြောတာပ’

‘ဆရာကိုတင်မြတ်နဲ့ ဆရာကိုမိုးကျော် နှစ်ယောက်ပဖြစ်နေတာ အေး’

‘ရော်... နှစ်ယောက်ဖြစ်တာပ၊ နှစ်ယောက်ဖြစ်တော့ ဘာဖြစ် တာပအေး’

‘ရော... ခက်တာပ’



www.burmeseclassic.com

www.burmeseclassic.com

'ဘာလဲ သူတို့နှစ်ယောက်နဲ့ နန်းနေအေးကို ပေးစားရင်မလွယ်ဘ

'ရော်… တော်တော်နောက်တာပ'

'ဟား… ဟား… ဟား… ဟား… ဝါး… ဟား… ဟား… ဟား… ဟား…'

ကျွန်တော် ရွာဘက်လှမ်းကြည့်တော့ ရွာသားတွေ တစ်ယောက် မျှမတွေ့ပါ။ အားလုံး ကျားသံ၊ သေနတ်သံတွေကြောင့် ကြက်ပျောက် ငှက်ပျောက် ရွာထဲပြန်ရောက်ကုန်ကြပြီသာ၊ လူရိပ်ပင်မတွေ့ရ။

မိုးကလည်း ချုပ်ပါပြီ။ ကျားနှစ်ကောင်လည်း သေပါပြီ။ သို့ သော် ကျွန်တော်တို့ရည်ရွယ်ချက်မှာ ကျားပစ်ရန်မဟုတ်ပါ။ တောကောင် ချေ၊ ဒရယ်နှင့် တောဝက်ပစ်ရန်သာဖြစ်၍ ကျားနှစ်ကောင်အား အသာချည် နှောင်ထားပြီး တောပစ်ရန် စီစဉ်ရပါပြီ။

'မိုးကျော်နဲ့ တင်မြတ်ရေ၊ တောပစ်မယ်ကွာ'

'ကောင်းတယ် ဆရာကျော်'

'ဆရာကြီးပအေး'

'ပြောပါ ကိုပု'

'ဘခွေးတို့ပြောတဲ့ နတ်ကျားက တောထဲကကျားအတိုင်း ဟား… ဟား… ဟား… ဟား…'

'လူကြီးတွေဆိုတာ တစ်ခါတစ်ခါ အစွဲအလမ်းတွေနဲ့ အကြော အလန့်တွေ ကြီးမားရာက သူတို့စိတ်ထဲ ဆေးဝါးမလို နတ်ကြီးတွေ ပြီးရောဆိုတဲ့ အားကိုးမှုဟာလည်း အားနည်းချက်ဗျ'

'ဟုတ်တယ် ကိုရောက်အိုက်နဲ့ ကိုပု၊ ဆရာကျော်ပြောသလို ယောဒီကျားနှစ်ကောင်ကို နတ်ကျားဆိုပြီး ကိုးကွယ်ထားကြည့်၊ ခင်ဗျား ရွာသားတွေ မတွေးရဲဖြစ်ရမှာပဲဗျ'

'ဟုတ်တာပအေး၊ ကျားကိုက်လို့ကတော့ ပြောကြဦးမှာပ၊ န ကြီးတွေ မလေးစားလို့ နတ်ကိုက်တာလို့ ပြောကြမှာပ'

'ရော်… ဒီရွာမှာအဆိုးဆုံးက ဘခွေးဦးကျောင်းဖရယ်၊ ဘ ဦးလောဟုန်နဲ့ လေးလေးအောင်တို့ပအေး'





'ဟုတ်ပ… သူတို့ပဲ နတ်ကြီးတွေ နတ်ကြီးတွေနဲ့ လှည့်ဖြား နေကြတာပါ၊ နတ်ကြီးတွေကို ကျွန်တော်တို့လေးစားတာပအေး၊ ကျွန်တော် တို့ ကန့်ကွက်တာပါ၊ သူတို့ကြောင့် နတ်ကြီးတွေပါ နာမည်ပျက်တာ'

'ကဲ… ထားလိုက်ပါတော့၊ မိုးလင်းမှ တောထဲကကျားဆိုးလား၊ နတ်ကျားလားဆိုတာ ပြကြသေးတာပေါ့၊ ခုတော့ တောပစ်ထွက်ကြ'

'ရော်… ဒါဆို အောက်ဆင်းကြတာပအေး'

'ဟုတ်တာပ၊ ကုန်းတန်းမြောက်ဘက်မှာ မဲပဲရွာစပါးခင်းတွေနဲ့ ဆက်တာပ၊ တောဝက်ပစ်တာပအေး'

'ကဲ… ကိုပု လှမ်းပြဗျာ'

တင်မြတ်နှင့် ကိုပုတို့နှစ်ယောက် ရှေ့မှဆက်ထွက်ပါပြီ။ ဒီအနီး တောပစ်လို့ အကောင်းဆုံးအချိန်ပင်။ လရောင်မှာလည်း မလင်းတလင်း သွားရေး လာရေးမခက်လှပါ။ နောက်တစ်ခု အခင်းတွေအားမှ သွား သည့်လမ်းအတွက်လည်း ပိုမိုအဆင်ပြေပါသည်။

ကျွန်တော်တို့ တစ်နာရီနီးပါးလျှောက်ပြီးနောက် တောစပ် သိပ်မကွာသော လယ်တွင် တွေ့လိုက်ရပါပြီ။ စပါးတွေမှည့်တော့မ သိ တောဝက်တွေ ထွက်မည်မှာ သေချာ၏။ တောဝက်တစ်ကောင် နှစ်ကော ပစ်ရမည်ဟု ပျော်မိသည်။ အကြောင်းမှာ ရွာသားတွေအတွက် တော သားပေးကျွေးလိုပါ၍ ပစ်ခတ်ချင်စိတ် ပိုမိုဖြစ်ပေါ်နေခြင်းသာ။

'ရော်… ဆရာကြီးပ၊ ဒီနေရာဆို ကောင်းမှာပ'

'ဟုတ်တယ်… ဆရာကျော်၊ ကွင်းလည်းရှင်းတယ်၊ လရောင် တောင် မြင်ရတယ် ဆရာကျော်'

'အေး… နားနားနေနေ စောင့်ကြတာပေါ့'

'မိုးကျော်ရေ'

'အေး'

'ဆရာကျော်ကော ကြားတယ်မဟုတ်လား'

'ဘာလဲကွ တင်မြတ်'

'အ…လိုက်တဲ့အကောင်'



www.burmeseclassic.com

www.burmeseclassic.com



တင်မြတ်သည် ပြောပြောဆိုဆို သူ၏ခါးတွင် ချိတ်ဆွဲထားသော ရေဘူးကို ဖြုတ်ယူရင်း မိုးကျော်အား မြှောက်ပြလိုက်သည်။

'ခွေးကောင် ဒါပဲ၊ ချောင်းနေတာမဟုတ်လား'

'ဟား... ဟား... ဟား... ဟား...'

တင်မြတ်သည် သူ၏ရေဘူးထဲမှ အာမီရမ်နစ်ငုံငုံပြီး သူ့ဘေးမှာ ရှိနေသော ကိုပုတိုသို့ ကမ်းပေး၏။ ကိုပုတိုလည်း ငုံလိုက်သည်။ မိုးကျော်အောင်နှင့် ကိုရှောက်အိုက်တို့လည်း သောက်နေကြပါသည်။ ကျွန်တော်ပင် အာမီရမ်တစ်ငုံကို ပြည့်ပြည့်ဝဝငုံရင်း အခြေအနေကြည့်နေမိသည်။

ကျွန်တော်တို့ ထွက်နာရီနီးပါး ထိုင်စောင့်ရင်း သားကောင်စောစော ထွက်ပါစေဟုတွေးရင်း ဆုတောင်းနေပါသော်လည်း တစ်ကောင်တစ်မြီးမှ မထွက်၊ အသံလည်းမကြားရသေးပါ။ စောစောက သေနတ်သံကြောင့် များ မထွက်သည်လားမသိ စောင့်ရင်း ရင်မောလာသည်။ လယ်ကွက်တွေဘေးသို့ ကြည့်ချင်သည်။ သို့သော် ခေတ္တမျှတော့ ဆက်စောင့်မည်ဟု တွေးနေခိုက်...

'ဖြောက်'

'ဖြောက်'

'ဖြောက်'

'ရှူး'

'အေး'

'ဖြောက်... ဖြောက်'

တောစပ်ဘက်မှ ချုံငယ်များကိုအကာအကွယ်ယူ၍ ခြေသံတစ်သံ ကြားရပါပြီ။ ခြေသံမှာ တောဝက်အကောင်ကြီးကြီး တစ်ကောင်ပင်ဖြစ်မည်ဟု ထင်ရသည်။ တောဝက်ဆိုပါက တစ်ကောင်တည်းမနေပါ။ အုပ်စုဖွဲ့နေတတ်သောကြောင့် ကျွန်တော်တို့အကြိုက် တစ်ယောက်တစ်ကောင် မဟုတ်သော်လည်း နှစ်ကောင်တော့ ရအောင်ပစ်ရပေမည်ဟု တွေးရင်း စိတ်ကူးယဉ်နေမိ၏။

'ဖူး...'



'ဖူး...'

'ဖူး...'

'ဟာ... ဆရာကျော်၊ ပွတာပဲ'

'အေး... တင်မြတ်၊ သတိထားဟေ့'

'ရော်... ဆရာကြီး၊ ဘာသံပအေး'

'ဆတ်ဗျ၊ ဆတ်'

'ရော်... ဆတ်သံလားပ၊ ဒီဘက်မှာ ဆတ်ထွက်တာ ကြားတာပ၊ အေး... လယ်ထဲဆင်းပြီး စပါးစားတာပ'

'တင်မြတ် ထွက်တော့မယ်'

'ဆရာကျော် ပြေးဆင်းမယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ လကလည်းသာတယ်၊ ကွင်းကလည်း ပြောင်နေလို့ အဲဒီကွင်းကိုအပြေး ဖြတ်မယ် ထင်တယ်'

'အေး... ဖြစ်နိုင်တယ်၊ ဒီတော့ မင်းတို့နှစ်ယောက်ပစ်၊ မိုးကျော်က တိုင်ပင်ဆို'

'စိတ်ချ'

ဦးချိုကားကားဖြင့် ချုံတန်းဘေးမှ ထွက်လာသော ဆတ်ကုလားအထီးကြီးသည် တစ်ကောင်တည်း ထွက်လာ၏။ တင်မြတ်သုံးသပ်သည့်အတိုင်းပင် ချုံတန်းဘေးမှနေ၍ ဦးခေါင်းကြီးမော့ထောင်ကာ ပတ်ဝန်းကျင်အား မျက်စိလျှင်လျှင်ဖြင့် ကြည့်ပြီးသည်နှင့် ဆတ်ကြီး ပြေးဆင်းလာပါပြီ။

'တင်မြတ်... တစ်၊ နှစ်၊ သုံး'

'ဒိုင်း'

'ဒိုင်း'

'ဘုန်း၊ ဝုံး၊ ဝုန်း'

'ဒိုင်း... ဒိုင်း'

'ဝူး... ဖောက်... ဖောက်... ဖောက်'

'ဝူး... ဝူး'

မိုးကျော်အောင်၏ တိုင်ပင်နှင့်ထပ်တူထပ်၍ သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ပစ်ခတ်မှုကြောင့် ဆတ်ကြီးလဲသွားပါပြီ။ သို့သော်လည်း အားယူပြီးပြန်ထရာမှ တစ်ဖန်လဲအကျ၊ လယ်ထဲတွင်ရောက်နေနှင့်သော တောဝက်ကြီးသည် သေနတ်သံနှင့်အတူ ဆတ်ကြီးအား မြင်တွေ့ပြီး ဒေါသဖြစ်ကာ ဆတ်ကြီးထံပြေးအပက်၊ ကျွန်တော် ထင်ထားသော တွေးထားသော လယ်ထဲမှာ တောဝက်တွေရှိနေမလားဆိုသည့် အတွေးနှင့်ထပ်တူထပ်မျှ မှန်ကန်လာသည့် တောဝက်ထီးကြီးအား ကျွန်တော်၏မီးရှူးသွားသော ကျည်တစ်တောင့်မှာ တောဝက်ကြီး၏ လက်ပြင်နှင့် နောက်တစ်တောင့်သည် ကျော်ရိုးတို့အားထိမှန်ပြီး လေးငါးခါလိမ့်ကျသွားရင်း ဒေါသထွက်သော အောက်မေးရိုက်သံတွေအဆုံး လုံးဝငြိမ်သက်သွားပါပြီ။

'ရော်… ဆရာကြီးတို့ပစ်တာ တော်တာပအေး၊ တောက်… ဆရာကြီးတို့လက်တွေ ဖြုတ်ယူထားချင်တာပ'

'ရော်… ရှောက်အိုက်ပ၊ ဆရာကြီးလက်ကိုဖြုတ်ယူမယ့်အစား နန်းနုအေးနဲ့သာ ပေးစားလိုက်တာပအေး'

'ရော်… အမှ၊ နှင် တော်တော်ဆိုးတာပ၊ ငါ့ညီမတစ်ယောက်တည်းပ၊ ဆရာသုံးယောက်နဲ့ဆို၊ ရော်… မတွေးရဲ၊ ဟား… ဟား… ဟား… ဟား…'

'ဆရာကျော် ခွဲကြမယ်'

'လုပ်လေ'

မိုးကျော်အောင်နှင့် တင်မြတ်တို့နှစ်ယောက် သေနေပြီးသော ဆတ်ကြီးနှင့် ဝက်ကြီးတို့ထံ ရောက်သွားကြပါ၏။ ရွာသားနှစ်ယောက်လည်း လိုက်ပါပြီး မိုးကျော်အောင်တို့လုပ်သမျှ ဘာမျှမပြော ကြည့်နေကြသည်။ ကျွန်တော်တို့ နာရီကြည့်တော့ ဆယ့်တစ်နာရီပဲ ရှိသေးသည့်အတွက် ကျွန်တော်တို့ငါးယောက် ဤနေရာတွင်ပင် မိုးလင်းသည့်အထိ နေခဲ့ပါသည်။

မိုးလင်းမှရွာထဲသို့ ပြန်ခဲ့သည်။ ရွာထဲရောက်တော့ ဘဒွေးဦးကျော်ဖနှင့် ဦးလောဟုန်တို့မတွေ့၊ လေးလေးအောင်သာ တွေ့ရသဖြင့် ကျွန်တော်တို့အား စောင့်နေကြောင်းနှင့် သူကြီးအိမ်သို့ ဖိတ်ခေါ်ပါသည်။





ကိုပုတိုနှင့် ကိုရှောက်အိုက်တို့သည်လည်း ရွာမှကျွဲလှည်းကြီးနှစ်စီး၊ ရွာသားတွေနှင့် တောဝက်၊ ကျားကြီးနှစ်ကောင်အား သယ်ယူရန် စီစဉ်၍ ထွက်သွားကြပါပြီ။

'ရော်… ဆရာကြီးတို့၊ စောင့်မျှော်နေတာပအေး'

'ဟုတ်ကဲ့ပါ သူကြီး'

'ရော်… နွားနို့စစ်စစ်ပ သောက်ကြတာပ၊ ဒါကပေါင်းသင်း(ကောက်ညှင်းကျည်တောက်)ဖုတ်ထားတာပ၊ ဒါက ခေါ်ပုတ်ကြော်ပအေး၊ ဒီမှာ ကြက်သားကြော်နဲ့ အားရပါးရစားကြတာပ၊ အားမနာပါနဲ့ စားတာပ'

'ဟုတ်ကဲ့ပါ သူကြီး၊ ဟို ဘဒွေးဦးကျော်ဖတို့ မတွေ့ပါလား'

'လာကြမှာပအေး၊ အရင်စားကြတာပ'

'ဟုတ်ကဲ့ပါ'

ကျွန်တော်တို့သုံးယောက် ညဥ့်က ပစ်ခတ်မှုမှအစ ကျားပစ်သည်အထိ ဘာမျှမပြောခဲ့၊ သို့သော် ရွာသူကြီးတို့ ကျားနှစ်ကောင်ပစ်ခတ်ခဲ့သည်ကို သိကြပါသော် ကျားတွေသေသည် မသေသည်တော့ သိပုံမရသေး၊ ကိုပုနှင့် ကိုရှောက်အိုက်တို့ ရွာမှလူငယ်များခေါ်ပြီး ကျွဲလှည်းတစ်စီး ထွက်သွားသည်ကိုတော့ဖြင့် ရွာသားတွေအားလုံး သိနေကြသည်။ ကိုပုတိုနှင့် ကိုရှောက်အိုက်သည် မေးသမျှဘာမျှမပြောဘဲ ထွက်သွားကြသည်သာ။

ကျွန်တော်တို့ စားသောက်ပြီးချိန်မှာပင် ဘဒွေးဦးကျော်ဖနှင့် ဘဒွေးဦးလောဟုန်တို့နှစ်ယောက် ထော့နင်းထော့နင်းဖြင့် လာကြပါပြီ။ ကျွန်တော် မြင်လိုက်သော်လည်း ဘာမျှမပြောမိပါ။ သို့သော် တင်မြတ်သည် ခြံထဲဝင်နေသော ဘဒွေးနှစ်ယောက်မြင်သည်နှင့် မိုးကျော်အောင်သို့လက်ညှိုးထိုးပြရင်း…

'မိုးကျော်… ဟိုမှာ… ဟိုမှာ အဘနှစ်ယောက်၊ ဟား… ဟား… ဟား… ဟား…'

မိုးကျော်အောင်မှ တိုးတိုးရယ်ပါဟုသာ ပြောရပါသော်လည်း သူကိုယ်တိုင် ရယ်လိုက်၏။ ကျွန်တော်လည်း ပြုံးနေမိသည်။ အဘနှစ်ယောက်သည် တော်တော်လေး နာသွားကြမည်ဟု တွေးပြီး စိတ်ထဲတွ

မကောင်း၊ တော်တော်နောက်တတ်တဲ့ ကိုပုတိုဟု တွေးမိသွားသည်။

ထိုအချိန်မှာပင် ကိုပုတိုတို့ ကျွဲလှည်းတွေ ပြန်လာကြပါပြီ လှည်းကိုအပြေးမောင်းသွားကြသည် ထင်ပါ၏။ ကျားပစ်သည့်နေရာမှ မဝေးသော်လည်း ဆတ်နဲ့ဝက်ပစ်သည့်နေရာမှာ ဝေးမည်ထင်ရ၏။ သို့သေ သူတို့တစ်တွေ ဖြတ်လမ်းရှိချင်ရှိမယ်။

ရွာထဲမှာ ဆူဆူညံညံ အော်ဟစ်ပြောဆိုနေကြသည့်အသံတွေ ဝမ်းသာကြည်နူးသံတွေနှင့်အတူ တစ်ရွာလုံးလိုလို လှည်းနှစ်စီးကိုဝိုင်းပြီ လိုက်ပါလာကြရာမှ ကိုရောက်အိုက်၏ ကျွဲလှည်းပေါ်ဝယ် ဆတ်ကြီးတစ ထားသကဲ့သို့ ကိုပုတို၏ကျွဲလှည်းပေါ်မှာတော့ တောဝက်ကြီးတစ်ကောင် နှင့် ကျားဆိုးကြီးနှစ်ကောင်ကို တွေ့ရပါသည်။ သူတို့၏ကျွဲလှည်းအ သူကြီးအိမ်ခြံဝင်းသို့ မောင်းဝင်လာသည်တွင် စောစောက နာနေကြသေ ဘခွေးဦးကျောင်းဖ၊ ဘခွေးဦးလောဟုန်နှင့်လေးလေးအောင်တို့သည် နာမှ မသိကြတော့ပါ။ အလုအယက် အိမ်ပေါ်မှအောက်သို့အဆင်း…

‘ရော်… အဘ၊ ဘခွေးတို့ ဖြည်းဖြည်းဆင်းကြတာပ၊ တော်တော ကြာ ဒိုင်ဗင်ထိုးကျနေမှာပအေး’

ကျွန်တော်တို့ပါ ဆင်းလိုက်ပါသည်။ သူကြီးဦးအိုက်ပေါင်းနှ အတူ မိသားစုအားလုံးပါ အောက်ရောက်သည်တွင် ကျားဆိုးကြီးနှစ်ကော အနား ဝိုင်းနေကြသော ရွာသားတွေမှာ ကျားကြီးတွေ သေနေပါသော်လည ကြောက်ရွံ့နေကြပါသည်။

‘သူကြီးနဲ့ အဘတို့ကို ကျွန်တော် တစ်ခုလောက်ပြောပါရစေ

‘ရော်… ပြောတာပအေး’

‘ဟောဒီ ကျားကြီးနှစ်ကောင်ဟာ နတ်ကျားမဟုတ်ပါဘူး၊ ကျ ဆိုးကြီးတွေပါ၊ ကျွန်တော့်အထင် လူသားစားဖူးတဲ့ ကျားတွေဖြစ်မယ် ထင်တယ်’

‘ရော်… စားဖူးတာပ၊ ဒီနှစ်ကောင်ပဲဖြစ်မှာပ၊ မ်ဟဲရွာသားတ ယောက် ကျားစားတာ အရိုးပဲရတာပ၊ မကြာသေးပါဘူး၊ တစ်လလော ပဲရှိ သေးတာပ’





‘သူကြီး သိနေတာကိုး၊ ဒါကြောင့် ဒီကျားကြီးတွေ အတင့်ရဲနေ တာ သူကြီး၊ ကျွန်တော်တို့သုံးယောက်ဟာ ကျားမပစ်ပါဘူး၊ ကျားဆိုတာ တောမှဆိုးလေ၊ တောမှဆိုးကို လူမှဆိုးက ပစ်ရပါဘူး၊ ဘဝတူတွေမို့ပါ၊ ဒါပေမဲ့ ခုလိုတောထဲမှာ သားကောင်ရှာမစားဘဲ လူကိုစားဖို့၊ ကျွဲနွားနဲ့ အိမ်မွေးခွေးဝက်တွေ ဆွဲဝင့်ကိုက်တဲ့ ကျားဆိုးဆိုရင်တော့ ရှင်းပေးတတ်ပါ တယ်’

‘နောက်တစ်ခုက နတ်ကြီးတွေမှာ ကျားမမွေးပါဘူး၊ မိရိုးဖလာ ကိုးကွယ်ပူဇော်တာ ကောင်းပါတယ်၊ လုပ်ကြပါ၊ ကျွန်တော်တို့ မကန့် ကွက်ပါဘူး၊ ဒါပေမဲ့ ကြောက်လန့်ထိတ်လန့်အောင်တော့ အယူမသီးကြပါ နဲ့၊ ခုတွေ့ကြပါပြီ၊ ဒါ နတ်ကျားမဟုတ်ပါဘူး၊ တောထဲက ကျားဆိုးကြီး နှစ်ကောင်ပါ၊ နောက် ဒီလိုကျားဆိုးကြီးတွေ တွေ့ခဲ့ကြုံ့ရင် ရွာသားတွေ စုပေါင်းပြီး ဟိုမနေက ကြောက်ကြောက်လန့်လန့်နဲ့ သံပုံးတီးတဲ့ အစိုင်းလို သံပုံးတွေတီးပြီး မောင်းထုတ်ကြပါ၊ လောက်လေးခွတွေနဲ့ အဝေးကနေ ဝိုင်းပစ်ကြပါလို့ ပြောပါရစေ’

ကျွန်တော်ပြောသမျှ အားလုံး နားထောင်နေကြပါ၏။ ကျွန်တော် ၏လက်တွေ့အကောင်အထည်ဖြင့် ပြသရင်း ရှင်းလင်းသည်ကို သဘော ပေါက်ကြပါသည်။ ကြောက်တတ်သော ရွာသားတွေ၏ရိုးစင်းမှု၊ အားနည်း မှုအတွက် စုပေါင်းကာကွယ်ရန် လုပ်ဆောင်ရမည့်နည်းလမ်းတွေကိုပါ ရှင်းပြလိုက်ပါ၏။

‘ရော်… ဆရာကြီး ပြောတာမှန်တာပအေး၊ စကားပြောတာ မှန်တာမက လက်တွေ့ပစ်တာလည်း မှန်တာပ၊ ဒီဆရာသုံးယောက် လက် တွေသိပ်ဖြောင့် သိပ်မှန်တာပ၊ အံ့တာပ၊ အေး… အံ့တာပ’

‘ရော်… ရောက်အိုက်ရှိသေးတာပအေး၊ ဆရာတို့လက်တွေက မှန်အောင်ပစ်တာပ၊ တိတိကျကျမှန်တာပ၊ ဘခွေးတို့လည်း သိသွားတာပ၊ နတ်ကျားမဟုတ်တာ သိသွားလို့ ကျားဆိုတာနဲ့ ကြောက်ပြီးလန့်ပြီး မညာ မတာ တစ်ယောက်ပေါ်တစ်ယောက် နင်းမပြေးဖို့မှာချင်တာပ၊ တော်တော် ကြာအသက်ကြီးမှ ဒူးပြဲတာမကောင်းပ၊ ဟား… ဟား… ဟား…ဟား’



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတွေအားလုံး သဘောကျသွားကြပါပြီ။ မနေ့ကအဖြ
အပျက်တွေ တစ်ရွာလုံးသိထားကြသည့်အပြင် ဘခွေးသုံးယောက်ဒူး
သူပြဲ၊ ခါးနာသူနာ၊ ခြေထောက်နာသူနာ ဖြစ်ရသည့် ကိုပုတို့၏လက်ချ
ကြောင့် ပွဲကျသွားပါ၏။

'ရော်… အပု၊ ဆရာကြီးတို့က မှဆိုးပအေး'

'ဟုတ်တာပ'

'မုဆိုးပစ်တာ ကျားလား၊ နတ်ကျားလားပ'

'ရော်… လွယ်တာပအေး၊ လွယ်လွယ်လေးပ'

'ရော်… နားထောင်နေတာပ၊ ပြောတာပအေး'

'ရော်… မုဆိုးပစ်တဲ့ကျား နတ်ကျားမဟုတ်ပ'

ရွာသားတွေ အော်ပြောလာသည်မှာ ကိုရှောက်အိုက်ပြောသ
ပင် မုဆိုးပစ်တဲ့ကျား နတ်ကျားမဟုတ်၊ နတ်ကျားမဟုတ်ဆိုသည်
အော်ပြောနေကြသည့်အတွက် ကျွန်တော် ကျေနပ်ရပါသည်။ ရွာသားတွေ
နေရာတကာ နတ်၊ နတ်ကိုင်မယ်၊ နတ်ကျားကိုက်မယ်ဆိုသည့် အစွေ
အခေါ်တွေကို ကျွန်တော် လက်တွေ့ပြရင်း မှားယွင်းကြောင်း သက်သေ
နိုင်သည့်အတွက် ကျွန်တော် ဝမ်းသာကြည်နူးနေမိပါတော့သည်။

❖ ❖ ❖



## မှော်ဝင်တောင်ကြီး ကျောက်မျောင်းတီး

စီသောင်ကျေးရွာရောက်သွားတော့ ကျွန်တော်တို့၏ချစ်မိတ်ဆွေ
ကြီး ကိုတင်မြတ်တို့မရှိကြဟူသော သတင်းကြားရသည့်အတွက် အမောဆို့
သွားချင်သည်။ ကိုတင်မြင့်မရှိ၍ ကိုအောင်လှရှိပါကလည်း အဆင်ပြေပါ
သည်။ သို့သော် သူတို့နှစ်ယောက် ဦးစီးပြီးရွာသား လူငယ်လူရွယ်အများ
စုပါဝင်သည့် အင်အားတစ်ဆယ့်ငါးယောက်သည် သူတို့၏ ရာသီဝါးခုတ်
ချိန်ဖြစ်၍ တောဝင်သွားကြကြောင်း အနည်းဆုံး တစ်လနီးပါးကြာမည်
ဖြစ်ကြောင်း ရွာလူကြီး သူကြီးမင်း အဘထွန်းပြော၍ သိရပါသည်။

'ရော်… ကိုကိုတို့ လိုက်သွားရင် ရတာပ သိပ်မဝေးပ'

'ဟုတ်တယ် အဘထွန်း၊ လိုက်တော့လိုက်ရမှာပဲ၊ တောပစ်ချင်
တာကြောင့် လိုက်ရတော့မှာပဲ'

'ကောင်းတာပ၊ သူတို့ဘက်မှာ ဝါးတောတွေနဲ့အတူ ချေတို့ဒရယ်
တို့ပေါတာပ၊ ရော်… ဆတ်နဲ့တောဝက်လည်း ပေါမှပေါ၊ ချောင်းဘေးမှာ
လျှိုတွေမြိုင်တွေရှိတာပ'

'အင်း… တောင်စောင်းမှာဝါးရုံကြီးတွေက ကြီးမှကြီးတာပ၊
ဝါးမျှစ်တွေပေါတော့ ဆတ်လည်းကြိုက်၊ ဝက်လည်းကြိုက်ကြတာပအေး
သူတို့စားကျက်တွေပ'

'အင်း… အဲဒီတောင်စောင်းတွေမှာ ဆားကျင်းတွေလည်းရှိကြ
တာဆိုတော့ သားကောင်ပေါတာပ'



www.burmeseclassic.com

www.burmeseclassic.com



'အဘထွန်းလည်း အဲဒီဘက် တော်တော်နဲ့မှာပအေး'

'ရော… နှမ်နဲ့၊ အဘတို့ငယ်ငယ်တုန်းက ဝါးခုတ်ရင်းတောလည်တာပ၊ ချောင်းကြိုမြောင်းကြား ရောက်လာတာပအေး'

'နယ်မြေကော ကြမ်းလားအဘ'

'ဟုတ်ပ မေ့နေတာပဲ၊ ဒီနယ်တစ်ဝိုက်မှာ နေထိုင်ကြတာ ဗမာတွေ၊ ရှမ်းဗမာတွေနေတဲ့အပြင် ဘာသာရေးထွန်းကားခဲ့တဲ့ နယ်မြေတွေဆိုတော့ ကြမ်းတယ်လို့ပြောမရဘ၊ အမှားအယွင်းရှိရင်တော့ တောမှောက်တာတို့၊ တောခြောက်တာတို့တော့ ရှိတာပ၊ ဒီလိုပအေး… ရော်… ဘယ်လို့ပြောရပ၊ ကျားဟိန်းသံတွေ၊ တောဆင်သံတွေဆူလာရင် အဲဒါအမှားအယွင်းပ၊ ကိုကိုတို့ကြုံလို့များရှိရင် ဘာမှမကြောက်ကြနဲ့ တောင်းပန်လိုက်ရင်ပြီးတာပအေး၊ မခက်ပ'

'အဘထွန်း ဘယ်လိုတောင်းပန်ရင်ရသလဲ မသိလို့ပါအဘ၊ ကြိုတင်သိထားပါရစေ'

'ရော်… မသိရင် မေးကြရတာပ၊ ကောင်းတာပ၊ တောင်းပန်တဲ့အခါ ကိုကိုတို့သွားမယ့် အခုတောင်ရဲ့ အမည်ကို အဘထွန်းတို့ခေါ်တာက မှော်ဝင်တောင်ကြီးပ၊ ဒီတော့ မှော်ဝင်တောင်ပိုင်ကြီးနှင့် အထက်ပုဂ္ဂိုလ်များပအေး၊ အမှားအယွင်း ခွင့်လွှတ်ပေးပါ၊ မသိသည့်အတွက် အပြစ်မမြင်ဘဲခွင့်လွှတ်ပေးပါလို့ တောင်းပန်ရတာပ'

ကျွန်တော်တို့မကြားဖူးသော မှော်ဝင်တောင်ကြီးတဲ့၊ တို့မှော်ဝင်တောင်ကြီးပေါ်သို့ တစ်ခေါက်မျှမရောက်ဖူး၊ ထိုတောင်ကြီးအား ကျွန်တော်တို့သိထားသည်မှာ မှော်ဝင်တောင်ကြီးတော့မဟုတ်ပါ။ ကျောက်ဆူးတောင်ဟူသော နာမည်ကိုသာ ကြားဖူးထားပါ၏။

ထိုကျောက်ဆူးတောင်အား ကြားသိရသော်လည်း အဓိပ္ပာယ်မသိ၊ အဓိပ္ပာယ်သိရန်လည်း ကျွန်တော်တို့အတွက် မလိုအပ်ပါ။ သို့ပါသော်လည်း ယခု ထိုတောင်ကြီးအား အဘထွန်းပြောမှ သိရသည်မှာ မှော်ဝင်တောင်ကြီး ဖြစ်နေသည်။ ကျွန်တော် အဓိပ္ပာယ်မကောက်တတ်၊ ကျောက်ဆူးတောင်တန်းကြီး သို့မဟုတ် စီသောင်တောင်တန်းဆိုပါက မမှားပါ။ ယခု





တော့ နောက်တစ်မျိုး တိုးလာပြန်ပါပြီ၊ မှော်ဝင်တောင်ကြီးတဲ့'

'ရော်… ကိုကိုတို့ပအေး၊ လိုက်သွားကြမှာပအေး'

'ဟုတ်… ဟုတ်ကဲ့၊ အဘ လိုက်သွားချင်ပါတယ်'

'ရော်… ဒါဆို တင်မြင့် ဘဒွေးအောင်နဲ့ သွားကြတာပ၊ အောင်လည်း ငါးခြောက်သွားပို့မယ်လို့ပြောတာပ'

'ဒါဆို အဖော်ရတာပေါ့ အဘထွန်း၊ ကျွန်တော်တို့အတွက်လည်း လမ်းပြဖြစ်သွားတာပေါ့'

'ရော်… အဲအဲပ… အဲအဲ… အောင်ကိုသွား ခေါ်တာပ'

'ဟုတ်… အမေကြီးကြီး'

အဲအဲဆိုသော ရှစ်နှစ်အရွယ် လူငယ်ကလေးသည် သူ၏အဘိုးအား အမေကြီးကြီးဟုခေါ်ပြီး အိမ်အောက်သို့ ပြေးဆင်းသွားပါသည်။ ထိုနယ်မြေဒေသဝယ် အဘိုးအဘွားတွေအား အဖေကြီးကြီး အမေကြီးကြီးဟုလည်း ခေါ်တတ်ကြသည်။ သူတို့ခေါ်ပုံလေးတွေအား ကြားရသောအခါ နားဝင်ချိုလှပါ၏။ ကျွန်တော် အဲအဲလေး…

ကျွန်တော် စဉ်းစားမိလိုက်ပါသည်။ သူကြီးအဘထွန်းပြောသည့် မှော်ဝင်တောင်ကြီးအကြောင်း မေးချင်သည်။ အဘယ်သို့သော ထူးခြားချက်တွေရှိမည်နည်းဟု ကြိုတင်သိချင်ပါသော်လည်း မေးမည်အလုပ်တွင်…

'ဟဲ့… ဆရာကျော်တို့ ရောက်နေကြတာပအေး'

'ဟုတ်တယ် ဘဒွေး၊ ကျွန်တော်တို့က ကိုတင်မြင့်တို့၊ ကိုအောင်ပုတို့ရှိမယ်ထင်လို့ တောပစ်ထွက်ခဲ့တာ ဘဒွေးရဲ့၊ ခုတော့ တစ်ယောက်မှရှိဘူးဆိုတော့ မောသွားတာပဲ'

'ရော်… မောစရာမလိုပါဘူး ဆရာကျော်၊ ကျွန်တော်နဲ့လိုက်ခဲ့တာပ၊ ကျွန်တော်နဲ့အပု ခရီးထွက်တော့မလို့၊ အဲအဲလာခေါ်လို့ လိုက်ခဲ့တာပ'

'အော်'

'ဟုတ်'

'ကိုကိုတို့ခေါ်သွားတာပ၊ အဖော်လည်းရတာပ၊ ဝါးအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com

လည်း ပြန်ပြောလာနော်'

'ရော်... ပြန်ပြေမှာပ'

'ကဲ... ဆရာကျော်တို့ အသင့်ဆို သွားကြတာပ'

'ဟုတ်ကဲ့.. အဘထွန်း၊ ကျွန်တော်တို့ တောထဲလိုက်သွားတော့မယ်'

'ကိုကိုတို့ ဖြည်းဖြည်းသွားကြတာပအေး'

'ဟုတ်ကဲ့ပါ အဘ'

ကျွန်တော်တို့ရွာမှထွက်တော့ သုံးနာရီခန့်ဖြစ်ပါသည်။ ဘဒွေး အောင်ဟုခေါ်ကြသော ဦးအောင်သိန်းမှ အသက်လေးဆယ်ခန့်၊ လူက ခပ်တောင့်တောင့် စီးပွားရေးကောင်းမွန်ပြီး ဝါးလုပ်ငန်း၊ ချိန်ဝါးခင်း ချိန့်အခင်းလုပ်တတ်သူ၊ ရွာသူကြီး ဦးထွန်း၏တူလည်းတော်စပ်သည့်အပြ အဘထွန်းမှာ သမီးတစ်ယောက်နှင့် မြေးသုံးယောက်၊ သားမက်ဖြစ်သူသည် ငှက်ဖျားဖြင့် ကွယ်လွန်သွားသည်မှာ လေးနှစ်ကျော်ခဲ့ပြီ။ သမီးဖြင်း မနန်းမူမှ ဦးစီးဦးဆောင်လုပ်ကိုင်နေရသည်။

တောလမ်းအတိုင်း ထွက်ခဲ့ကြရင်းမှ မသိမသာ တောင်တန်းပေ သို့ တက်ခဲ့ပါ၏။ တောင်တန်းကြီးသည် တက်ကာစဖြစ်၍လား သို့မဟု တောင်ခြေမြေပြန့်၍လား မပြောတတ်၊ ယခုအချိန်ထိပင် ကောင်းကော မတက်ရသေးပါ။ တောအစပ်မှစ၍ ဝါးရုံတွေပေါ်သည်ကိုတော့ လက်ျ မြင်ရပါသည်။

ရောဝတီမြစ်၏ ဒုတိယ မြစ်ကျဉ်းအရှေ့ဘက်ခြမ်းကို မြစ်ထ ကြည့်ပါက ဝါးတောကြီးတွေမှာ အုံလိုက်ရုံလိုက် မိုးကာလနှင့် ဆော ကာလများဝယ် စိမ်းစိမ်းစိုစို အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့နှင့် နွေကာ ရောက်ပြန်တော့ ဂါဖန့်ဖန့်နှင့် တချို့ဝါးအုံကို မြင်ရအောင်ပင် ဝါးလုံး အဝင်းသား။

'ဘဒွေးအောင်'

'ပြော ကိုတင်မြတ်'

'တော်တော်ဝေးသလား'





'မဝေးတော့ပါအေး၊ တစ်ပြ နှစ်ပြ ဟား... ဟား... ဟား'

'ဘဒွေးအောင်တို့ကတော့ နောက်ပြီး မန္တလေးသားပီသပါပေ့ဗျာ'

'ရော်... မန္တလေးသူနဲ့ မယူရသေးပါဘူး၊ ဟား... ဟား... ဟား... ဟား'

ဘဒွေးအောင်မှာ ဝါးဖောင်၊ ကြိမ်ဖောင်များချသည့်အခါ မန္တလေး သို့အရင်ဝင်သွားနှင့်သူမို့ မန္တလေးတွင် မိန်းမယူထားသူဟု နောက်ပြောင် သည်ကို တင်မြတ်ကောင်းကောင်းသိထား၏။ ဘဒွေးအောင်မှာ လူလည် လူပါး၊ ပေါင်းတတ်သင်းတတ်သူမို့ လူကြီးလူငယ်အရွယ်မရွေး ခင်၏၊ ကြောက်လည်းကြောက်ကြသည်။ ကြောက်ချစ်ရှိသေဟုဆိုပါကလည်း မမှားပါ။

'ကိုတင်မြတ်ပ'

'ဟုတ်ကဲ့ ဘဒွေး'

'ကြားလားပ'

'ဗျာ... အယ်... ဟုတ်ပဗျာ'

'ဝါးခုတ်သံတွေပအေး'

'ရောက်ပြီပေါ့ ဘဒွေး'

'ဟုတ်တာပ'

ကျွန်တော်တို့ကြားနေရပါ၏။ ဝါးခုတ်သံတွေကြောင့် သူတို့စခန်း ချရာ ဖြစ်မယ်ဟုတွေးရင်း နာရီကိုကြည့်လိုက်သောအခါ ငါးနာရီပင် ထိုးတော့မည်။ အချိန်နှင်နာရီခန့်ဖြစ်၍ အနည်းဆုံးငါးမိုင်ခန့်တော့ဝေးသည်။ တစ်နာရီလူတစ်ယောက် ခပ်သွက်သွက်လျှောက်ပါက သုံးမိုင်အထိရှိ၏။ ယခုလည်း သိပ်ပြီးတောင်ပေါ်တက်ရသည်လည်းမဟုတ်၊ ခြေလည်း ခပ် သွက်သွက် ပေါ့ပေါ့ပါးပါးခရီးမို့ နှစ်မိုင်ခွဲလောက် ကောင်းကောင်းရှိပေ မည်။ သို့အတွက်ကြောင့် ငါးမိုင်ခန့် မှန်းပါက ဖြစ်နိုင်ပါသည်။

'ဒေါက်... ဒေါက်... ဒေါက်'

'ဝုန်း... ဝုန်း'

'ဒေါက်... ဒေါက်'


www.burmeseclassic.com

www.burmeseclassic.com

'ဝေါ... ဝေါ... ဝေါ'

ဝါးခုတ်သံတွေ ညံနေ၏။ တေးချင်းသံတွေလည်း ကြားနေရသည့်အပြင် ဝါးပင်တွေလဲပြိုသံ၊ ဝါးရုံလိုက်ကြီး လဲကျသံတွေ ကြားရရုံသာမကတော့ မြင်တွေ့နေရပါပြီ။ လူအုပ်လိုက် ငါးယောက် ခြောက်ယောက်ခန့် နှစ်ဖွဲ့ခွဲ၍ ဝါးရုံလိုက်ခုတ်နေကြသည်ကို ကောင်းစွာတွေ့နေရသော်လည်း သူတို့မှာ အလုပ်ထဲ စိတ်ဝင်စားနေကြသဖြင့် ကျွန်တော်တို့အား မမြင်။ ကျွန်တော်တို့က မြင်နေရသဖြင့် ကိုတင်မြင့်နှင့် ကိုအောင်လှတို့ ရှာကြည့်မိသေးသည်။ အနည်းငယ်လှမ်း၍ မသိမသာဖြင့် သူတို့တဲသုံးလုံးဘက်သို့ ကျွန်တော်တို့ ဆက်လျှောက်ခဲ့ပါပြီ။

'ရော်... ဘဒွေးတို့ပ၊ အပု ဘာတွေပ၊ ရော်... ဧည့်သည်တွေပါတာပ'

'ညီပြ၊ တဲစောင့်လားပအေး'

'ဟုတ်တာပ၊ ကျွန်တော်နဲ့ သာမောင် ထမင်းချက်တဲစောင့်ပအေး'

'သာမောင်ကော'

'ရော... ရေသွားခပ်တာပ'

'ဟင်... ဘာသားတွေပ'

'ရော.. မနေ့ညကရတဲ့ တောဝက်ပအေး'

'ဘယ်လိုရတာပ'

'မြေကျုံးထောင်တာပ၊ တစ်ကောင်က တစ်ဆယ်လောက်ရှိတာပအေး၊ နောက်တစ်ကောင်ကတော့ ဆယ့်ငါးလောက်ရှိမှာပ'

'နှစ်ကောင်တောင်ရတာပ'

'ဟုတ်'

တဲထဲတွင် ကျပ်တင်စင်လုပ်၍ မီးခဲများဖြင့် ဝက်သားကွေအမြှောင်းလိုက်၊ အတုံးလိုက် ဆားလူးကင်ထားသည်ကို တွေ့ရပါ၏။ တောဝက်သည် အဆီအလွှနည်းသည့်အတွက် အသားတွေမှာ ကျပ်တင်၍ကောင်းသည်သာ။

'ရော်... မင်းတို့ ဝက်ဝမ်းတွင်းသားတွေကုန်ပြီလား'





'မကုန်ပ၊ ဒီမှာ ချက်ထားတာ ရှိသေးတာပအေး'

'အေး.. ခပ်ခဲ့ကာပ၊ အမြီးရတာပအေး'

'ဟုတ်... ဟုတ်... ဘဒွေး'

'မိုးကျော်ရေ... စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲပြီကွ'

'အေးလေ... မုဆိုးကို သားကောင်သားနဲ့၊ အယ်... တောဝက်သားနဲ့ကြုံနေတာပေါ့ကွ'

တင်မြတ်နှင့်မိုးကျော် အတိုင်အဖောက်ညီနေကြ၏။ တင်မြင့်သည် သူ၏ကျောပိုးအိတ်ထဲမှ အာမီရမ်တစ်လုံး ထုတ်လိုက်၏၊ လောလေဆယ် အမောဖြေရန် ဖြစ်ပါသည်။ ဘဒွေးအောင်သည် တောဝက်ဝမ်းတွင်းသားတစ်တုံး ကောက်စားရင်းမှ ကျွန်တော့်ဘက်သို့ ပန်းကန်ထိုးပေးသည်။

'ဘဒွေးအောင်ပ'

'အေး... ပြော'

'ရော်... ဒါက အသားကြော်ပ၊ ဒီမှာ မုန့်ညှင်းချဉ်ရှိသေးတာပအေး... ရော်... သောက်ရေ'

မောင်ညီသည် တရုတ်အင်္ကျီကြီးဖြင့် ရေခပ်ပေးနေစဉ်မှာပင် သာမောင် ပြန်ရောက်လာသည်တွင် ဘဒွေးအောင် တဲပြင်ထွက်ကြည့်ရင်း သောမောင်အားခေါ်ကာ ကိုတင်မြင့်တို့ သွားခေါ်နိုင်းပါသည်။

ကိုတင်မြင့်တို့အဖွဲ့သည် မိုးချုပ်သည့်အထိ ဝါးခုတ်တတ်ကြသည်ကို သိထားသောကြောင့် ခေါ်နိုင်းလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ အရက်တစ်လုံး မကုန်သေးပါ။ အသံတွေဆူညံသည် ကြားနေရပါပြီ။ အားလုံး ပြန်လာကြသည်မို့ အာမီရမ်နောက်ထပ်နှစ်လုံး ထုတ်ယူကာ တစ်ယောက်တစ်ခွက်လောက်တော့ တိုက်ရန် ကျွန်တော် စီစဉ်လိုက်ရပါသည်။

'ရော်... ဆရာကျော်တို့ပအေး'

'ဟုတ်တယ် ကိုတင်မြင့်ရေ'

'သာမောင်ပြောတော့ ဆရာကျော်တို့ပဲ ဖြစ်မှာပလို့ တွေးမိ...'



www.burmeseclassic.com

www.burmeseclassic.com



ပအေး၊ ဝမ်းသာတာပ'

'ကိုအောင်လှကော'

'ရော်… သူတို့လည်း လာကြပြီပ၊ သူတို့က အောက်နားကျ တာပ'

ကိုတင်မြင့်မှ ရှင်းပြနေရင်း ကျွန်တော့်ဘေး ဝင်ထိုင်လိုက်၏။ ကျွန်တော်မှ အာမီရမ်တစ်ခွက်ပေးလိုက်သည်တွင် ကိုတင်မြင့် ပြုံးလျက် တစ်ကျိုက်ကျိုက်နှင့် မနားတမ်း မော့ချလိုက်သည်။ ပြီးမှ ရေလေးတစ်ငုံ ငုံရင်းဝက်သားကြော်တစ်တုံးကို ဝါးရင်း တင်မြတ်ဘက်လှည့်ကာ…

'ကိုတင်မြတ်ပ'

'ဟုတ်ကဲ့'

'အာမီနဲ့တွေ့ရတာ အမောကို ပြေသွားတာပအေး'

'ဆရာကျော်ကြီး ကြိုတင်သိထားလို့ တမင်စီစဉ်ထားတာဗျ'

'မသိပါဘူးဗျာ၊ ယောက်ဖကြီးကများ စီစဉ်သလားလို့ ထင်နေတာပအေး၊ မှားသွားပြီ၊ ဟား… ဟား… ဟား… ဟား'

'ဟော… ကိုအောင်လှ လာဗျို့'

'ရော… ကိုမိုးကျော်ဖို့ပ၊ ဘယ်တုန်းက ရောက်တာပအေး'

'မကြာသေးပါဘူး၊ ကိုအောင်လှ… လာဗျို့၊ ဒီမှာ အာမီရမ်နဲ့ အမောဖြေဗျာ'

'စိတ်ချပါ၊ ဆရာကျော် နေကောင်း'

'ဟုတ်ကဲ့ ကောင်းပါတယ်'

'ဝမ်းသာတာပအေး၊ ဒီအထိ လိုက်လာတာ ကျေးဇူးလည်းတင် တာပ'

'ရော်… အောင်လှပ၊ တောဝက်ရတာနဲ့ မုဆိုးတွေကို ဝါးခုတ်သမားတွေက ညှော်ခံရတာပ၊ ဟား… ဟား… ဟား… ဟား'

အားလုံးအရက်တစ်ခွက်စီ မျှတာပြီး မိုးကျော်အောင် ငှဲ့ပေး၏။ တင်မြတ်မှ လက်ဆင့်ကမ်းရင်း အားလုံးအရက်နှစ်လုံး ကုန်သည်အထိ လူစေ့တိုက်လိုက်သည်။ သို့သော် သူတို့အကြောင်းသိပါသည်။ ဤမျှနှင့်





တော့ မဝနိုင်ပါ။ သူတို့တွင် အရက်ကို ဗုံးဖြင့်ဆောင်ထားမည်ကိုလည်း ကြိုတင်တွက်ထားသလို ဘဒွေးအောင်၏ အလုပ်သမား အပုထမ်းကလည်း ဝိနှံအိတ်ထဲဝယ် အရက်ပုံးပါလာသည်ကိုလည်း သိထားပြီးသားပင်။

'တင်မြင့်ပ'

'ဟုတ်ဘဒွေး'

'ဝါးအခြေအနေ ဘယ်လိုပ'

'ဘဒွေး ဘယ်နှစ်ယောက်လိုတာပ'

'ရော… ရသမျှယူမှာပအေး'

'တော်တော့ ရသမျှသာယူ ဘဒွေး အနည်းဆုံးဆယ်ဆက်ရမှာ ပအေး'

'ခုကော'

'ရှစ်ရုံလောက်ပြီးတာပ'

'ကောင်းတာပအေး'

ရွာသားတွေမှာ ရေချိုးဆင်းကြ၏။ ကိုတင်မြင့်နှင့် ကိုအောင်လှပါ ရေချိုးသွားကြပါ၏။ ဝါးခုတ်ပြီး ရေမချိုးပါကမဖြစ်၊ အလွန်ယားသည့်အတွက် ရေချိုးဆင်းကြရမည်သာ။ ရေနှင့်မဝေးသော ချောင်းထဲတွင် အားလုံး ရေချိုးဆင်းကြသည်။ သူတို့အဖွဲ့တွေ ရေသွားချိုးတော့လည်း တဲထဲတွင် တိတ်ဆိတ်သွားပါသည်။

တဲသုံးလုံးအနက် ဤတဲသည် အကြီးဆုံး၊ ကျန်တဲနှစ်လုံးမှာ ညပိုင်းလူခွဲအိပ်သောတဲဖြစ်၏။ ဤတဲကြီးတွင် ထမင်းချက်၏။ စုပေါင်းစားကြ၊ စကားပြောကြ၊ နားကြသောတဲကြီး၊ ထိုတဲသည် နှစ်စဉ်ဝါးခုတ်ရာတွင် စခန်းချသည့် တဲကြီးလည်းဖြစ်ကြောင်း နောက်ပိုင်းမှ သိရပါသည်။

ထမင်းဝိုင်းအစခင် ထပ်မံ၍ ကချင်အရက်ဖြင့် ညှော်ခံကြပါ၏။ ကျွန်တော်တို့ အာမီရမ်အား နောက်မှသောက်ရန် ကိုတင်မြင့်မှ စီစဉ်သည်။ ဤစခန်းတွင် ကိုတင်မြင့်မှ ဦးဆောင်သူဖြစ်၏။ ကိုအောင်လှသည်လည်း ကိုတင်မြင့်အားကိုးရသော ဒုတိယခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တောလည်လာစဉ် ကိုတင်မြင့်နှင့် ကိုလှအောင်တို့ နှစ်ယောက် အမြဲလိုက်ပါတတ်သည့်အတွက် အလွန်စိတ်ချရသော အားကိုးရသော ရွာသားခေါင်းဆောင်နှစ်ဦးပင်။ အရက်သော်ရာသို့ ဘဒ္ဒေအောင် ပါလာသော ငါးရံ့ခြောက်ဖုတ်လည်း ခံတွင်းတွေ့နေသည်။

ထမင်းစားတော့ တောဝက်သားဟင်းတွေ၊ အကြော်တွေအပြင် ကင်မလင်းချဉ်ရည်မှာ သောက်၍ကောင်းနေသည်။ ငါးရံ့ခြောက်၏ အာသယ်ရီးဖြင့် ချဉ်ရည်ဟင်းဖြစ်သည့်အတွက် အရသာပြည့်ဝလှပါ၏။ ကျွန်တော်တို့ ထမင်းစားပြီးသောအခါ စကားဝိုင်းစကြပါပြီ။ ခုမှပင် တောလည်ရန် စီစဉ်ကြပါ၏။ စောစောကတည်းက ဒီညတောမလည်ရန် ကို ကိုတင်မြင့် ပြောခဲ့ပါသည်။

'ဆရာကျော်ပ'

'ဟုတ်ကဲ့'

'ဒီည တောမပစ်ပါနဲ့၊ မနက်ဖြန်လည်းမပစ်နဲ့၊ ညပိုင်းမှပစ်ကြ တာပ'

'ဗျာ'

'ရော်... ဒီလိုပ၊ ဒီတောင်က မော်ဝင်တောင်ကြီးပ၊ နောင် ဒီနေ့လပြည့်နေ့ဖြစ်တာပအေး၊ ဒါကြောင့် တောမပစ်ဖို့ တားတာပ၊ စိတ် မရှိတာပအေး'

'ဟာဗျာ... ကိုတင်မြင့်ကြီးကလည်း ကျွန်တော်တို့က ဒီတော ဒီတောင်အကြောင်း ဘယ်သိမလဲဗျ၊ ကောင်းတာပေါ့၊ စိတ်မဆိုးပါဘူးဗျ နောက်နေ့မှပစ်လည်း ရတာပေါ့၊ ခင်ဗျားတို့ရဲ့ တောဝက်သားတွေ အသ ပဲလေ'

'ရော်... ဟုတ်တာပ၊ တင်မြင့်ပ... ကိုတင်မြင့်တို့ကတော စိတ်ကြိုက်ဖြစ်နေပြီထင်တာပ'

'ဟား... ဟား... ဟား... ဟား... စိတ်ကြိုက်သွောက်ပြ အိပ်တာပ၊ အားနာစရာမရှိတာပအေး၊ ဟား... ဟား... ဟား... ဟာ

တင်မြတ်သည် နေရာ သမရွေး၊ လူချစ်လူခင်ပေါသည့်အပြ



ese classic.com 

နောက်တတ်ရွှတ်တတ်သည့်အပြင် သီးခံစိတ်လည်းရှိ၏။ သို့အတွက် အစ သန်သူမှန်သမျှ တင်မြတ်နှင့် ပွဲကျနေကြသည်သာ။ တစ်ခုကောင်းသည်မှာ ထမင်းစားပြီးရင်တော့ အရက်မသောက်တော့ပါ။ စားပြီးမှသောက်လျှင် မမူးကြောင်း၊ များများသောက်ရင်ဖြင့် အန်ထွက်တတ်၍ မသောက်တော့။ စကားပြောသူရှိပါက မိုးအလင်းလည်း ပြောနိုင်သည်။

'ကိုတင်မြင့်၊ လပြည့်ညဆိုတော့ ဟုတ်တာပေါ့နော်၊ မပစ်ဘဲ နားကြတာပေါ့'

'ဟုတ်တာပ၊ နောက်နေ့မှ လုပ်ငန်းစကြတာပ'

'ရော်... ဘဒ္ဒေးပ'

'အင်း...'

'မနက်က ကျောက်မောင်းတွေတီးတာပ'

'ရော်... ဟုတ်တာပ၊ ဘယ်အချိန်လဲ'

'လေးနာရီ၊ ငါးနာရီပ'

'အရဏ်ဆွမ်းတင်တာပအေး၊ နောက်ကျသွားတာပ

ကိုတင်မြင့်နှင့် ဘဒ္ဒေးအောင်တို့ ဘာတွေရပြောနေကြသည်မသိ။ ကျွန်တော့်အထင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှ အရုဏ်ဆွမ်းတက်၍ ကျောက်မောင်းတီးသည်ဟု တွေးရင်း ကျောက်မောင်းဆိုတာ ဘာပါလိမ့်၊ ဘယ်လိုလဲ၊ ဘယ်မှာကျောင်းရှိသနည်းဟု တွေးနေစဉ်မှာပင်...

'ဘဒ္ဒေးအောင်'

'ဟုတ်'

'အဲဒီ အရုဏ်ဆွမ်းတင်ပြီး ကျောက်မောင်းတီးတယ်ဆိုတာ ဘာဘဲဟင်၊ ဘယ်မှာလဲ'

'ဟုတ်တယ် ဘဒ္ဒေးအောင်နဲ့ ကိုတင်မြင့်ရေ၊ ကျောက်မောင်းတီး တယ်ဆိုတာ ဘယ်လိုလဲ၊ ဒီနားမှာ ကျောင်းရှိသလား'

'ရော်... ဒီနားမှာ ဘုန်းကြီးကျောင်းလည်း မရှိပ၊ ကျောက်မောင်း ဆိုတာ ဒီလို လပြည့်ညတွေမှာတို့၊ မနက်စောစောတို့ တီးသံကြားကြရ တာပအေး'



www.burmeseclassic.com

www.burmeseclassic.com

'ဗျာ… ဘယ်ဘက်ကလဲ'

'ရော်… ဟုတ်တာပ၊ မနက်စောစော မော်ဝင်တောင်ကလင်ဘက် သွားကြတာပ၊ အဲဒီရောက်မှ ကျောက်မောင်းတွေ တီးကြည့်ကြတာပ'

'တော်တော်ဝေးလား'

'မဝေးပ၊ တောင်ပေါ်တော့တက်ရမှာပအေး'

ကျွန်တော် သိချင်သော ဗဟုသုတရဖွယ်သော သို့မဟုတ် ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး အလွန်ဆန်းကြယ်သည့် ဗုဒ္ဓ၏အမွေအနှစ် စေတီပုထိုးရုပ်ပွားတော်တွေ၊ တန်ခိုးအရာ မယုဉ်သာသော ထူးထူးဆန်းဆန်း ဖူးမျှော်မဝ၊ စီးတော်အခါခါ ချခဲ့ရသော်လည်း ထပ်ခါတလဲလဲ ဖူးမျှော်လိုမှုတွေဖြစ်စေနိုင်သည်သာမက၊ အပူသောက ဝေဒနာတွေကို ဆေးကြောသုတ်သင်ပေးစွမ်းနိုင်သော ဗုဒ္ဓ၏တရားတော် ဓမ္မဒေသနာဖြင့်အတူ၊ သံသာချိုအေးစေနိုင်သည့် ဘုရားရိပ် တရားရိပ်မှ ကြေးစည်သံ၊ ဆည်းလည်းသံခေါင်းလောင်းသံမှအစ အုန်းမောင်းထုသံ၊ စည်တော်တီး၍ အမျှဝေသံများရဟန်းနှင့်လူ လှူဒါန်းသည့်တရားသံများ မကြားရပါသော်လည်း ထိုလှူဒါန်းမှု၏ ဘယ်၍ဘယ်မျှဝေးဝေး ဖော်ပြပါကြေးစည်သံတွေ၊ ဆည်းလည်းသံတွေမှာ နားဝင်ချိုပြီး စိတ်ကို ကြည်လင်အေးမြနိုင်စွမ်းသော ဘာဝနာပွားများမှုတွေ ခံစားရခြင်း သိရှိနားလည်ခံစားတတ်အောင် မိဘ၏အမွေသာသနာ့နယ်မြေမှာ မွေးဖွားရသည့်ကျွန်တော် ဝမ်းသာမဆုံးဖြစ်ရင်း ရင်ထဲမှ အတွေးနှင့်ထပ်တူထပ်မျှ လိုလားတောင့်တနေသည့် မော်ဝင်တောင်ကြီး၏ တောင်ကလပ်နှင့်အတူ ကျောက်မောင်းတီးခတ်သံတွေ ကြားချင်၏။ သူတော်စင်၊ သူတော်ကောင်းကြီးတွေ သို့မဟုတ် ဗုဒ္ဓ၏အမွေဖြစ်သော စေတီပုထိုး၊ ရုပ်ပွားတော်များရှိပါကလည်း ဖူးမျှော်ရပါလို၏ဟု ဆုတောင်းရင်း ကြိတ်ဝမ်းသာနေမိသည်။

အိပ်၍ပင်မပျော်ပါ။ ကိုတင်မြင့်တို့ အလုပ်သမားတွေအားလုံး အိပ်ကြပါပြီ။ သူတို့ထဲမှ ထမင်းချက်သည့် အလုပ်သမားနှစ်ယောက်သာ ကင်းစောင့်သည်ကို တွေ့ရသည်။ ကျွန်တော်တို့အဖွဲ့မှ တစ်လှည့်စီအိ





သည့် စနစ်အတိုင်း ကင်းစောင့်ကြသော်လည်း ကျွန်တော်အိပ်မပျော်၊ အိပ်ပျော်ပြန်တော့လည်း ခေတ္တခဏသာ၊ သို့အတွက် မီးပုံဘေးသွားထိုင်ရင်း ကိုယ့်ကိုကိုယ်ပြန်သုံးသပ်မိသည်။

'အင်း… ငါတွေးနေတာတွေက ဘုရား တရား သံဃာ၊ တရားဘာဝနာ၊ ငါ့အလုပ်က မုဆိုး ရယ်စရာတော့ ကောင်းနေပြီဟုတွေးရင်း'

'အို… ငါလုပ်နေတဲ့ ကိစ္စသည် တွေ့သမျှသားကောင် မြင်သမျှ အသက်သတ်နေခြင်းမဟုတ်ပါ။ နောက်တစ်ခုမှာလည်း သူများအသက်သတ်ပြီးမှ စီးပွားရှာနေခြင်း အလုပ်မျိုးလည်း မဟုတ်တဲ့အတွက် ငရဲအကြီးအကျယ် မကြီးနိုင်ဟု ပြန်လည်ဖြေသိမ့်လိုက်မိသည်။

'ကိုကြီးတင်မြင့်၊ ကိုကြီးပ၊ ထတော့လေ၊ လေးနာရီပအေး ထ… ထ'

'ရော်… ဟုတ်တာပ၊ ဆရာကျော်တို့ နိုးနေတာပအေး၊ ဟိုမှာ မီးလုံ့နေတာပ'

'ရော်… ဟုတ်တာ၊ မင်းတို့ စားစရာဘာလုပ်ထားတာပ'

'ကောက်ညှင်းချက်ထားတာပ'

'ကောင်းတာပ'

ကိုတင်မြင့်နှင့် အဖွဲ့သားတွေ နိုးပါပြီ၊ အားလုံးကောက်ညှင်းချက်စားကြသည်။ ကျွန်တော်တို့ သုံးယောက်နှင့် ကိုတင်မြင့်၊ ကိုအောင်လှအပြင် ဦးအောင်သိန်းဆိုသည့် ဘဒွေးအောင်၊ အပု လူခုနစ်ယောက်သည် မော်ဝင်တောင်စောင်း ဝါးတောမှ စတင်ထွက်တော့ လေးနာရီခွဲဖြစ်သော်လည်း အရုဏ်အလင်းက ကင်းကင်းရှင်းရှင်းမသိသေး၍ အလင်းရချိန်ဝယ် ကိုတင်မြင့်၏ မီးတုတ်ကြီးမှာ လင်းနေသကဲ့သို့ အပုတွင်လည်း မီးတုတ်လည်းပါနေပါသည်။

'သြော်… တင်မြင့်နဲ့ မိုးကျော်ရေ'

'ဟုတ်ကဲ့ ဆရာကျော်'

'လမ်း ဘာကောင်ပဲတွေ့တွေ့၊ မပစ်နဲ့နော်၊ အားလုံးလွှတ်ပေးလိုက်ကွာ၊ စိတ်ထဲမှာ ဘေးမဲ့လွှတ်တယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ'

ကျွန်တော်တို့ လှူလမ်းသေးသေး တောင်စောင်းဘေးအတိုင်း ဆက်တက်ခဲ့ပါသည်။ ဒီတစ်ခါ တက်ရသည်မှာ သိပ်တော့မပြေပစ် တော အနည်းငယ် မတ်စောက်နေ၏။ တချို့ ကျောက်အချွန်၊ ကျောက်တုံး ကျောက်ခဲတွေဖြစ်၍ အမြင့်ပိုင်းရောက်လေ ကျောက်တောင်ကြီးဖြစ်လေ အတက်ရခက်လာလေ ဖြစ်နေသည်။

တစ်ခုတော့ရှိပါ၏။ ကျောက်တောင်ကြီးအား ပင်ပင်တက်ရပါသော် လည်း တောင်ကြီး၏မတ်စောက်မှုဘေးမှ ကပ်တက်ရ၍ ခက်ခဲပါသော် လည်း ထိုတောင်ကြီး၏ မတ်စောက်မှုနှင့် ဆန့်ကျင်ဘက်လျှိုကြီးမှာ တဖြည်းဖြည်း နက်နက်ရှိုင်းရှိုင်း ချောက်ကမ်းပါးကြီး ဖြစ်လာလေပြီ။

ထိုချောက်ကမ်းပါးကြီးသည် အရှေ့ဘက်ဖြစ်၍ အာရုံအကျင်း အလင်းတန်းကစလာပြီမို့ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သောအခါ ဝယ် တိမ်ပြာပြာ မှိုင်းပျပျဝယ် နီနီရဲရဲ တောက်ပမှု အလင်းရောင်ပတ္တမြား ခဲကြီး၏ အရိပ်တွေ ရောထွေးလာသည်တွင် အပြာရင့်သည့် အရောင်နှင့် အနီရင့်ရောင် ရောထွေးမှုနှစ်ခုအကြားမှ လှပလွန်းသော အနီတန်းကြီးတွေ ၏ ဖြာထွက်နေသော အလင်းရောင်တစ်ဝက်က ထက်ထက်မြက်မြက် တွေ့ရပါပြီ။

'ဆရာကျော်ပအေး'

'ကိုတင်မြင့် ပြောဗျို့'

'ရောက်တော့မှပအေး'

'အရုဏ်လည်းလာပြီဗျ'

'ရော်··· ဟုတ်တာပအေး၊ မြန်မြန်လေးတက်ကြတာပ'

'ဟုတ်ကဲ့··· ဟုတ်ကဲ့'

ကျွန်တော်တို့ ပိုမိုအားပြုရင်း ကိုတင်မြင့်အမီလိုက်ခဲ့စဉ်မှာယင် အရုဏ်အလင်းကလင်း စောစောကကဲ့သို့ နီကြင်ရင့်ရင့်မဟုတ်တော့ဘဲ နီဝါဝါ အပြာနုနုနှင့်အတူ အလင်းကို ဖွင့်ပေးလိုက်သောအခါ အပြာတို့ ရောနှောလာသည်နှင့်အမျှ အလင်းအားကောင်းနေပါပြီ။





ကိုတင်မြင့်နှင့် ကပ်ပါလာသော တင်မြတ်သည်လည်း သေနတ် အား ပြောင်းအောက်စိုက်ပြီးလွယ်ရင်း သားကောင်ပစ်ရန် လုံးဝစိတ်မကူး တော့ပါ၊ ကျွန်တော်တို့လည်း သေနတ်တွေလွယ်ရင်း တောင်ကလပ်သို့ အဆက်မပြတ် တက်နေပါ၏။ တောင်ကလပ်ဆို၍သာ နားထဲကြားရသည်။ ဘယ်ပုံဘယ်နည်း မသိပါ၊ ဆက်တက်ရင်းမှ လေအေးအေးဒဏ်သည် ခံသာဟုထင်ရပါ၏။ ထိုလေအေးအေးတို့အကြား တိုးနေရာမှ လေနုအေး ဟုတ်သော နွေးထွေးသည့်လေ၊ နေပူရောင်အောက်တွင် တိုက်ခတ်သော လေပူကဲ့သို့ နွေးနွေးထွေးထွေးလေကလေးကြောင့် အအေးဓာတ် အဘယ် သို့ပျောက်သွားသည်ကို မသိရတော့ပါ။

'ကိုတင်မြင့်'

'ဟုတ်'

'နွေးလာတယ်နော်'

'ရော်··· နွေးတာပအေး၊ မှော်ဝင်တောင်ကလပ်ပေါ် ရောက်နေ တာပအေး၊ ဂူထဲရောက်တော့မှာပအေး၊ ဒီတစ်ကွေ့ဆိုမှော်ဝင်တောင်လှိုဏ် ထဲရောက်တာပ'

ကျွန်တော်သည် ဘေးတွင်ရှိနေသော ကျောက်တောင်အား စမ်း ကြည့်လိုက်သည်။ ကျောက်သားတွေက အေးစက်နေ၏။ လက်နှင့်ခွာလိုက် သောအခါ လက်မှာနွေးသလိုလို ခံစားရသည်။ ထိတော့ အေးမလာတော့။ ထူးတော့ထူး၏။ တောင်အောက်ရောက်မှ အရုဏ်အလင်းက အပေါ်သို့ နှင့်ထိုးပြသကဲ့သို့ အောက်ခြေအလင်းတန်းအလှနှင့် ပဏာရနေ၏။

'ဆရာကျော်ပ'

'ဟုတ်ကဲ့'

'ရောက်ပြီပ'

'ဒါ မှော်ဝင်တောင်လှိုဏ်ဂူဆိုတာလား'

'ဟုတ်တာပအေး'

ကျွန်တော် မြင်တွေ့နေရသည်မှာ ကျောက်တောင်ကြီး ထိုကျောက် တောင်၏အဝဝယ် အလင်းရောင်မှိန်မှိန်ပျပျ၊ ဘယ်မျှတော့ မထူးခြားပါ



www.burmeseclassic.com

www.burmeseclassic.com

ထိုကျောက်တောင်၏အဝသည် လှည်းတစ်စီးမျှ ဝင်နိုင်သောအပေါက်ကြီး ဖြစ်သည်ကိုတော့ မြင်ရပါ၏။ ထိုအပေါက်ရောက်သည်တွင် ကိုတင်မြင့်သည် သူ၏မီးတုတ်ကြီးအား မီးငြိမ်းလိုက်ပါ၏။

'ကိုတင်မြင့်၊ အထဲမဝင်ဘူးလား'

'ရော... ဝင်မှာပအေး'

'မီးဘာဖြစ်လို့ ငြိမ်းတာလဲ'

'အထဲမှာ အလင်းရှိတာပအေး'

ကျွန်တော် သဘောပေါက်လိုက်ပါ၏။ အထဲတွင် အလင်းရောင်တန်ပြန် သို့မဟုတ် ကျောက်ဂူကြီးထဲတွင် တခြားအလင်းရောင်တွေ ရှိနေမယ်ဟု ကျွန်တော်တွေးပြီး ထိုကျောက်ဂူပေါက်ဝသို့ သွားလိုက်သည်တွင် အလင်းရောင်တစ်ဝက် မြင်တွေ့ရသည်။ ထိုအလင်းရောင်မှာ ကျွန်တော်တို့ အပြင်တွင် မြင်တွေ့ရသော ရောင်နီဦးဆည်းဆာကဲ့သို့သော နီကျင်ကျင်မဟုတ်ပါ။ ငွေလသော်တာပမာ အေးမြသောအလင်းရောင်မှာတော့ ဝါတာတာနှင့် လင်းလက်ဖြူဖွေးနေသည့်အသွင် ဖြစ်ပါ၏။

ကျွန်တော်တို့ အထဲသို့ဝင်ရန် ဟန်ပြင်နေစဉ်မှာပင် အံ့ဩဖွယ်အသံတွေ ထွက်လာပါပြီ။ ကျွန်တော်တို့အားလုံး အံ့ဩသွားရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထိုအသံမျိုး တစ်ခါမျှ မကြားခဲ့ဘူးပါ။

'ဒုံ... ဂူ... ဂူ... ဂူ... ဂူ'

'ဒေါင်... ဂူ... ဂူ... ဂူ... ဂူ'

'ဒိန်... ဂူ... ဂူ... ဂူ... ဂူ'

'ဒုံ... ဒေါင်... ဂူ... ဂူ... ဂူ... ဂူ'

'ရော်... အရဏ်ဆွမ်းတင်ပြီပအေး'

'ဗျာ... ဆွမ်းတော်တင်ပြီ ဟုတ်လား'

'ဆရာကျော်... အထဲဝင်ကြတာပအေး'

'ဆရာကျော် ဒါမှော်ဝင်တောင်ကလပ်၊ ဒီလှိုဏ်ဂူက မှော်ဝင်တောင်လှိုဏ်ဂူဖြစ်တာပ'

အထဲဝင်ရန် ကိုတင်မြင့်က ပြောနေစဉ် အသံများထောင်ရှင်





ဘာဒွေးအောင်မှ ရှင်းပြလိုက်သည်။ သို့အတွက်ကြောင့် 'ဒုံ'ဟူသောအသံ၏နောက်ဝယ် လှိုဏ်သံတဂူဂူ ထွက်ပေါ်လာ၏။ တစ်ဖန် ဒေါင်-ဒိန်စသည့်ထူးဆန်းသော အသံတွေနှင့်အတူ လှိုဏ်သံတွေ အဆက်မပြတ်ပါ၊ တစ်နည်းပြောရပါက တစ်သည်မှာတစ်ချက် ထွက်ပေါ်လာသည့်အသံမှာ တန်ပြန်ပဲ့တင်သံတွေသာ အဆက်မပြတ် ထွက်ပေါ်နေသည်။

'ဆရာကျော်... လက်နှိပ်ဓာတ်မီးထိုးမလား'

'ကောင်းသားပဲ'

'ရော်.. ကိုမိုးကျော်ပအေး၊ အထဲဝင်လိုက် အလင်းရတာပအေး၊ မစိုးရိမ်နဲ့ လင်းတာပ'

'ဪ... ဟုတ်သားပဲ၊ တော်တော်လင်းသားပဲဗျ'

'ကိုတင်မြင့်... ဘယ်သူတီးနေတာလဲဗျ'

'ရော်... ကျွန်တော်တို့လည်း ဘယ်သိမှာပအေး၊ ကြားသာကြားဖူးတာပ'

'ဒီအထိ ရောက်ဖူးတယ်ဆို'

'ရောက်ဖူးတာပအေး၊ ဒါပေမဲ့ တစ်ခါမှ လူမတွေ့ပ၊ ပုဂ္ဂိုလ်ထူးကြီးတွေရှိတယ်ဆိုတာပဲ ကြားဖူးတာပ'

ကျွန်တော် ဆက်မမေးတော့။ ကိုတင်မြင့် ဦးဆောင်ဝင်သည့်အတွက် ကျွန်တော် ကပ်လိုက်ခဲ့ပြီးနောက် အသံတွေကြားနေမှုအတွက် ထူးဆန်းသော်လည်း ထိုကျောက်ဂူကြီးများတွင်များ သို့မဟုတ် ဝက်ဝံကြီးတွေ အင်းငန်းမြွေကြီးတွေနေတတ်ကြောင်း တွေးမိကာ ပတ်ဝန်းကျင်အား သတိမလွတ်စေရန် စိတ်ကိုလည်း ထိန်းရသည်။

'ဆရာကျော်ပ'

'ဟုတ်ကဲ့'

'ကျောက်ဆူးပြောင်းပြန်စပြီပအေး'

'ဗျာ.. ဘာတွေ'

'ဒီမှာ ကြည့်တာပ၊ ကျောက်ဆူးပြောင်းပြန်တွေပအေး'

ကိုတင်မြင့် ကိုင်ပြ၍ ကြည့်လိုက်သောအခါ မှန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်လှိုဏ်ဂူကြီး၏ အပေါ်အမိုးနံရံမှတစ်ဆင့် အောက်ဘက် ကျွန်တော်တို့နှင်းထားသည့် ကျောက်သားမြေဘက်သို့ တွဲလွဲစိုက်ကျနေသော ကျောက်ဆူးအချွန်တွေ၊ အမိုးမှထွက်ကျနေသော ထိုကျောက်ဆူးအချွန်ကြီးမှာကား အရင်းသည် လူတစ်ဖက်မကကြီးပြီး ရေလမြော်အောက်ဘက်သို့ သွယ်တန်းကျနေပုံမှာ သစ်ပင်အမြစ်တွေသည် မြေကြီးထဲသို့ ဆင်းသက်သွားသကဲ့သို့ပင် ၊ အရင်းကတွတ်ပြီး အဖျားကချွန်နေသည်မှာ အံ့ဩစရာပင်ဖြစ်ပါ၏။

'ဟာ… ကျောက်ဆူးကြီးတွေ အများကြီးပါလားဗျ၊ ကြည့်စမ်းပါဦးဗျာ၊ လှလိုက်တာ၊ ကျွန်တော် ဒီတစ်ခါပဲတွေ့ဖူးသေးတယ်၊ ကြားတော့ကြားဖူးပါတယ်၊ လက်တွေ့ဆို ဒီတစ်ခါပဲ ကိုတင်မြင့်ရေ… ကျေးဇူးပါပဲဗျာ'

ကျွန်တော် မြင်တွေ့သမျှ ကျောက်ဆူးကြီးတွေမှာ တော်တော့်ကိုများသည် တစ်ခုထပ်မံတူးသည်မှာ အလည်တည့်တည့်မှာတော့ သိပ်မများလှပါ။ အသွယ်သွယ် အတန်းတန်းကျနေကြသည်မှာတော့ ထိုသို့ကျောက်ဆူးပြောင်းပြန်တွေ ကြည့်ရင်း ဆက်လျှောက်နေသော်လည်း အသံတွေမှာ ကြားနေရဆဲ၊ ကျွန်တော်တို့ အလယ်လောက်ရောက်ပြီဟု ထင်ရသည့်အခါ အသံတွေသည် ကျွန်တော်တို့၏ နောက်ဘက်ကလိုလို၊ ဘေးကလိုလို ကြားနေရပြန်သည်။

'ဘယ်သူတွေ တီးခတ်နေပါလိမ့်'

'ရော်… မေ့တာပအေး၊ ဆရာကျော်ပ၊ ဟောဒီ ကျောက်ဆူးပြောင်းပြန်တွေကို ထုကြည့်ပါလား'

'ဗျာ…'

'ဒီမှာကြည့်'

ဟူသော အသံကျယ်ကြီး ကြားလိုက်ရသည်။ ကျွန်တော်တို့အားလုံးဆက်လျှောက်လေ အလင်းရောင်မှာ ပိုမိုလင်းလက်လာ၍ ဖြစ်ပါသည်။ အပြင်မှာလည်း မိုးလင်းပြီ၊ အပြင်၏အလင်းရောင်တွေ ဘယ်နေရာတွေက ဝင်လာသည်မသိပါ။ ကောင်းစွာလင်းနေသဖြင့် အရာအားလုံးတွေ





ရပါသည်။ တချို့ကျောက်ဆူးကြီးတွေသည် ကျောက်စက်ရေများ တစ်စက်တစ်စက်ကျနေသဖြင့် ကျောက်စက်ရေကျသည့် ကျောက်သားမြေပြင်မှာ အခွက်ကလေးဖြစ်ကာ ရေအိုင်ကလေးတွေ့ရသည်တွင် ကိုတင်မြင့်သည် ထိုရေအိုင်အား လက်ညှိုးထိုးပြရင်း…

'ဆရာကျော်ပ၊ ဒါကျောက်စက်ရေလည်း ဟုတ်တာပ၊ ကျောက်သွေးဆိုလည်း မှန်တာပအေး၊ သောက်ကြည့်… အေးစက်ပြီး ရောဂါဘယကင်းတာပအေး၊ ကျွန်တော်တို့ ဘိုးဘွားတွေမှာကြားသွားတာပ'

'ဟုတ်လား သောက်ကြည့်ရတာပေါ့ဗျာ'

ပြောပြောဆိုဆို ကျွန်တော်သည် ခါးတွင်ချိတ်ထားသည့် မတ်ခွက်ဖြုတ်ယူပြီး ကြည်စိမ်းနေသော ကျောက်စက်ရေခပ်ယူကာ သောက်လိုက်ပါ၏။

'ဘယ်ခွေးအောင် အသံတွေ ပျောက်ကုန်ပြီနော်'

'ဟုတ်တာပအေး'

ဆက်လက်လျှောက်ရင်း လျှောက်ရင်း ကျောက်ဂူကြီးဆုံးပါပြီ။ ကျောက်ဂူကြီးဆုံးကာမှ တွေ့လိုက်ရသည်မှာ ဖြူဖွေးနေသော အကောင်ကြီးတစ်ကောင်၊ သို့သော်လည်း ကျွန်တော်တို့အား လုံးဝရန်မမူ၊ အသေအချာကြည့်နေသည်။

'ဆရာကျော်'

'တင်မြတ်'

'ဝက်ဖြူကြီး'

'အေး… ခါးပတ်လည်း မဟုတ်ဘူး၊ နောက် အစွယ်လေးလည်း မရှိဘူးကွ'

'ဟုတ်တယ်နော်၊ ရန်လည်းမမူဘူး၊ ဝက်အစစ်မှ ဟုတ်ရဲ့လား၊ အရုပ်ကြီးများလား'

တင်မြတ်ပြောကာမှ တောဝက်ဖြူကြီး ကြားသွားသည်လား မပြောတတ်ပါ၊ ခြေလှမ်းမှန်မှန် လှမ်းရင်း ကျောက်ဂူကြီးဘေး နံရံသို့ လျှောက်သွားရင်း အသာအယာပင် လှဲအိပ်လိုက်ပါသည်။ မျက်လုံးတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်တော်တို့အဖွဲ့အား ကြည့်နေသော်လည်း ဒေါသမျက်လုံးတော လုံးဝမပါ၊ အိမ်ဝက်ကဲ့သို့ လူနှင့်ယဉ်နေ၍လားဟုပင် ထင်ရပါသည်။

'ရော်... ဟိုမှာပ... ဟိုမှာ... ဟိုမှာ'

'ဟုတ်တာပအေး၊ ဆွမ်းတော်တင်ထားတာပ၊ သပိတ်ကြီး'

'ရော်... အဘသူတော်စင်ကြီးတင်တာပ'

'ဖူးထိုက်တဲ့လူတွေ ရောက်လာတာဆိုတော့ လာကြ၊ လာကြ၊ ဖူးကြ'

'ဟုတ်ကဲ့ပါ၊ အဘ'

မိုးကျော်အောင်သည် သွက်သွက်လက်လက်ပင် ပြန်ဖြေကြားပြီးသည်နှင့် ကျွန်တော်တို့အား ဖိတ်ခေါ်သည့် သူတော်စင်ကြီးထံပါး ရောက်သွားသည်တွင် သူတော်စင်ကြီးမှ

'အေး... အရဏ်ဆွမ်းကပ်ပြီးပြီ၊ ဆက်လက်ဖူးမျှော်ကြကွဲ့၊ ဒီမှာ ဗုဒ္ဓရုပ်ပွားတော်လေ'

'ဗျာ.. အဘ'

'ဒီမှာလေ... ဒီမှာကွဲ့'

ထိုသူတော်စင်ကြီး ပြသ၍ လက်ညိုးညွှန်ရာဝယ် ဉာဏ်တော် တစ်မိုက်ခန့် ရွှေအတိရုပ်ပွားတော်မြတ်အား ဖူးတွေ့ရပါသည်။ အလွန်ရှေးကျသော ရုပ်ပွားတော်မှန်း ကျွန်တော် သိလိုက်ပါသည်။ ရုပ်ပွားတော်များ၏ ပုံစံတွေအမျိုးမျိုး ဖူးတွေ့ခဲ့ဖူးသလို ပုံတော်၏လက်ရာကို ကြည့်ပြီး ရှေးကျမှုကို အတော်အသင့်တော့ သတိထားမိသဖြင့် ကျွန်တော် တရိုတသေ ဖူးမျှော်ပြီးနောက် ထိုသူတော်စင်ကြီးကိုပါ ဖူးမျှော်ကန်တော့လိုက်ပါ၏။

'သာဓု... သာဓု... သာဓု၊ ကြုံကြိုက်တုန်း ဖူးကြ၊ ဖူးကြ'

'အဘ'

'ပြော လူကလေး မောင်ကျော်မင်း'

'ဗျာ... ဩော်... ဟုတ်ကဲ့... ဟုတ်ကဲ့'

'တခြားတော့ မဟုတ်ပါဘူးကွဲ့၊ လူကလေး အလွန်သိချင်နေတဲ့





မော်ဝင်တော်လိုဏ်ဂူကြီးဆိုတဲ့ မော်ဝင်တော်အကြောင်းနော်'

'မှန်ပါတယ် အဘ'

'အေး... မော်ဆိုတာ ရတနာအမျိုးမျိုး ကိန်းအောင်းရာဆိုတာကို ခေါ်ဝေါ်သမုတ်ကြတာပေါ့ကွယ်၊ ဒီမော်ဝင်တောင်လိုဏ်ဂူမှာတော့ ဟာဒီတံခိုးကြီး ရုပ်ပွားတော်ရှိသလို၊ ကျောက်ဆူးပြောင်းပြန်တွေ လူကလေးတို့တွေ့ကြရပြီ'

'အင်း... ထူးမြတ်တဲ့ ရှေးပဝေသဏီက သူတော်စင်ကြီးတွေရဲ့ တရားမွေ့လျော်ရာ ဒေသတွေ၊ နေရာတွေမှာသာ ခုလို ကျောက်လိုဏ်ဂူကြီးတွေ ရှိတတ်ကြတာပေါ့ကွယ်'

'နောက်တစ်ခုက တခြားမဟုတ်ဘူး၊ ဒီမော်ဝင်တောင်ကြီးရဲ့ ကျောက်စည်တီးသံဆိုတာ လူတီးတာ မဟုတ်ပါဘူး'

'ဗျာ.. အဘ ဘယ်လိုပါလိမ့်'

'အေး.. လူမတီးတဲ့ ကျောက်မောင်းစည်ဆိုတာ မယုံမရှိနဲ့၊ နားထောင်ကြည့်ကြတာပေါ့'

ထိုအဘ သူတော်စင်ကြီးသည် ဘုရားသို့ဝတ်ပြုလိုက်သည်နှင့် ကျောက်စီကျောက်မောင်းဆိုသော ကျောက်လိုဏ်ဂူကြီးမှာ အလိုအလျောက် အသံတွေ ထွက်လာပါသည်။ အသံတွေမှာ ထိတ်လန့်ဖွယ်ရာ မဟုတ်ပါ။ အလွန်အမင်း သာယာနာပျော်ဖွယ်ကောင်းသော အသံတွေ အသေအချာ နားထောင်လေ ပိုမို၍ ကြည်ညိုသဒ္ဓါပွားရလေ ဖြစ်နေပါတော့သည်။

အဘသူတော်စင်ကြီး ဝတ်ပြုမှုရပ်လိုက်သည်တွင် အသံတွေ ပြန်လည်တိတ်ဆိတ်သွားပြန်ပါ၏။ အဘသူတော်စင်ကြီးသည် ကျွန်တော်တို့ဘက်သို့ ပြန်လှည့်ကာ အေးမြသော မျက်နှာ...သည် စောစောကတွေ့ရသော မျက်နှာနှင့်မတူ၊ ပိုမို နုနယ်သည့်အပြင် ဝင်းလက်တောက်ပနေပါ၏။ စောစောက တွေ့ရတော့ အသက်ရှစ်ဆယ်၊ ကိုးဆယ်အရွယ် ခုတွေ့ရသည်မှာ အလွန့်အလွန်ဆုံးရှိမှ ခြောက်ဆယ်ပင် ကျော်မည်မထင်ပါ။

တစ်ဖန် ကျောက်တုံးပေါ်ဝယ် တင်ထားသည့် ရေတစ်ခွက်ကိုယူလိုက်သည်။ ထိုရေခွက်မှာအပြည့် ခွက်သည် ကြေးဖလားဖြစ်နေ၏။ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ထနေ၏၊ ထိုကြားဖလားထဲမှာ သောက်ရေအပြည့်။

'ကဲ.. ရေသောက်ကြ၊ ဦးအောင်သိန်း သောက်'

'ဟုတ်... ဟုတ်'

ဦးအောင်သိန်းခေါ် ဘဒ္ဒေးအောင်သည် ရေသောက်လိုက်၏ တစ်ဝက်ခန့်ကျန်၍ ကျွန်တော့်အား ပေးသည်။ ကျွန်တော်တို့ ရေတစ်ဝ အားသောက်ရန် ပါးစပ်အဝရောက်တော့ ရေကအပြည့်ဖြစ်၍ ကျွန်တေ အကုန်သောက်ရန် စဉ်းစားပြီး သောက်လိုက်သည်။

'လူကလေး မကုန်နိုင်ပါဘူး၊ မောင်ကျော်မင်း၊ နောက်လူ ပေးပါကွဲ့'

'ဗျာ'

ကျွန်တော် ပြုံးလိုက်မိသည်။ ကျွန်တော်၏ စိတ်ကူးကို ထိုအ က သိနေသည်မဟုတ်ပါလား၊ ကျွန်တော်မှ ရေဖလားအား ကိုတင်မြ သို့ ပေးသည်။ ကိုတင်မြင့်မှတစ်ဆင့် ကိုအောင်လှ၊ ထို့နောက် မိုးကျေ အောင်နှင့် တင်မြင့် နောက်ဆုံး အပုသောက်လိုက်သောအခါမှ ရေသည အမှန်ပင် ကုန်သွားပါပြီ။

အပုသည် ရေခွက်ကလေးအား လက်နှစ်ဖက်ဖြင့် အဘသူတေ စင်ကြီးအား ကမ်းပေးပါသော်လည်း အဘသူတော်စင်ကြီးမှ ပြုံးပြီး

'ရေကုန်သွားပြီလား အပု'

'ရော်... ကုန်တာပ အဘ'

'မကုန်ပါဘူး ကြည့်ပါဦး'

'အင်း... အဲဒါ မခန်းသောရေ၊ မတီးသော ကျောက်မော သူတော်စင်တို့ရဲ့ မော်ဝင်တောင်ဆိုတာ ဒါပဲ၊ လူကလေးတို့'

'အဘ...'

'ပြော လူကလေး'

'ကျွန်တော့်ရဲ့အမြင်ကို တင်ပြတာ အဘ၊ ဆောဆော ပထမ တွေ့တော့ အဘရဲ့အသက်ဟာ ရှစ်ဆယ်၊ ကိုးဆယ်အရွယ်၊ ခုတေ ခြောက်ဆယ်လောက်ပဲထင်ရပြန်ပြီ အဘ'



'အင်း... ခန္ဓာနာမ်ရုပ်ဆိုတာ ပြောင်းလဲတာပေါ့၊ မောင်ကျော် မင်း'

'အဘ'

'ပြောပါ'

'ခန္ဓာနာမ်ရုပ် သတင်းသည်ဆိုတာ ကျွန်တော်လက်ခံပါတယ် အဘ၊ ကျွန်တော်ထင်တာက နုရာကရင့်၊ ရင့်ရာက ကြေပဲသိပါတယ် အဘ၊ အခုအဘမှာတော့ ရင့်ရာကနေ ပြန်နုလာလို့ပါ အဘ'

'လူကလေးက အမှတ်အသား ကောင်းသားပဲ၊ မဆန်းပါဘူး၊ လူကလေးရဲ့၊ ကဲ... အဘအသက် ဘယ်လောက်မှန်းသလဲ ပြောပါဦးကွဲ့'

'ခုနစ်ဆယ် ရှစ်ဆယ်ပေါ့အဘ'

'သာဓုဗျာ၊ သာဓု၊ အဘအသက်ဟာ အမှန်အတိုင်း အတိအကျ တော့ မပြောပါဘူးကွယ်၊ လူကလေးထင်တဲ့ ခန့်မှန်းခြေထက် လေးငါး ဆယ်လောက်တော့ပိုတာပေါ့'

'ဗျာ...'

'ကဲ... ဘာများသိချင်သေးသလဲ'

'အဘ အသက်ရှည်စွာ အနာမဲ့ကြောင်း ဘ...ပဲလိုများဆုတောင်း ရမှာလဲ အဘရဲ့'

'အင်း... ဆုတောင်းလို့ ဘယ်ရမလဲကွဲ့၊ ကိုယ်ကိုယ်တိုင် ကျင့် ကြံအားထုတ်ရမှာပဲ၊ လူကလေးတို့လည်း အချိန်ရောက်တဲ့အခါ အားထုတ် မှုတွေနဲ့ ကြုံရမှာပေါ့ကွယ်၊ အဲဒီအခါမှာတော့ နောက်မဆုတ်ကြနဲ့'

'ဟုတ်ကဲ့ပါ အဘ၊ ဩော်... အဘ ဒီနယ်မြေမှာ ယောဒီလို မော်ဝင်ကျောက်ဂူကြီးတွေ လှိုဏ်ဂူကြီးတွေနဲ့ ကျောက်ဆူးပြောင်းပြန်ကြီး တွေ ရှိသေးတယ်လို့ ကြားမိပါတယ် ဟုတ်ပါလား အဘ'

'အေးကွဲ့၊ တော်တော်များများ ရှိတာပေါ့ကွယ်၊ ကျောက်ဂူတောင် ကြီးတွေသာမက တချို့လှိုဏ်ဂူကြီးတွေဆိုရင် တစ်နေကုန်သွားလို့မဆုံးတဲ့ ရှည်လျားလှန်းတဲ့ ဂူကြီးတွေလည်း ရှိတာပေါ့၊ ကျောက်ဖျာတို့၊ ကျောက် ကလပ်တို့၊ ကျောက်စက်ရေတွင်းတို့ဆိုတာတွေ ထုပြောတာဟာ သူတော်



www.burmeseclassic.com

www.burmeseclassic.com

စင်ကြီးတွေရဲ့ တရားအားထုတ်ရာ နယ်မြေကြီးပေါ့ လူကလေးတို့'

'ကဲ… ကဲ… ကဲ… အဘလည်း အလုပ်တွေရှိသေးတယ် လူကလေးတို့ လိုရာဆန္ဒပြည့်ကြပါစေ၊ ဘုရားဝတ်ပြု၊ ဝတ်ပြုတဲ့နေရာ မှာ မျက်စိကို စုံမှိတ်ပြီး အရဏ်ပြုကြ၊ ကဲ… ကန်တော့ကြ‥ ကန်တော့ ကြ…'

ကျွန်တော်တို့အားလုံး အဘပြောသည့်အတိုင်း မျက်စိစုံမှိတ်က ပထမရုပ်ပွားတော်ရွှေစေတီအား ရည်ရွယ်၍ ကန်တော့သကဲ့သို့ အဘအား ကန်တော့ပြန်ပါသည်။

'သာဓု‥ သာဓု… သာဓု၊ တွေ့ရကြုံရ ဒုက္ခအပေါင်းမှ ကင်း လွတ်ပါစေ၊ အခက်အခဲ ဖွဲ့နှင့်ယှဉ်ပြီး အနိုင်ယူကြပါ၊ မတရားမှုမပြုကြ ပါနဲ့၊ လူကလေးတို့ ဒါဟာ ဗုဒ္ဓရဲ့မေတ္တာတရားတွေမှ စီးဆင်းလာတဲ့ အေးမြသော စင်ကြယ်သော စေတနာမေတ္တာတွေ မခမ်းခြောက်ပါစေနဲ့ အထက်ပုဂ္ဂိုလ်တွေနဲ့ နက်နဲတဲ့ဖြစ်ရပ်ဆန်းတွေဟာ လူကလေးတို့အတွက် ထူးဆန်းအံ့သြဖွယ်ရာ ဂမ္ဘီရတွေပေါ့၊ ကဲ… ကဲ… ကဲ… ပြန်ကြ တော့'

'ဟုတ်ကဲ့ပါ အဘ'

ဤမျှသာ ကြုံတွေ့ရသော အဘအား ကျွန်တော် ကြည်ညို၍ မျက်နှာတော်အား ဖူးမဝခဲ့၊ ဗုဒ္ဓ၏မေတ္တာတရားတွေ အငွေ့နှံ့ရှည်စေတဲ့အောင် ပွားများနေသော အဘ၊ သာသနာတော်ကြီး ထွန်းကားပြန့်ပွား စေသော စေတနာတွေနှင့် သူတော်စင်ကြီးအား ကြည်ညိုခဲ့ပါ၏။

အပြန်လမ်းဝယ် ဘာမျှမထူးတော့ပါ။ အလာမှာ တင်နာငြိ ကျော်ကြားမည်လားဟု ထင်ရပါသော်လည်း ယခု ကျွန်တော်တို့အား စခန်းသို့ ဆယ့်ငါးမိနစ်ခန့်တွင် ပြန်ရောက်ခဲ့ပါပြီ။ ဟုတ်မှဟုတ်ပါလေ ဟုတွေးရင်း နာရီကိုကြည့်လိုက်သည်။ ကျွန်တော်၏သံသယတွေကို ငို သော မိုးကျော်အောင်နှင့် တင်မြင့်သည်လည်း ကျွန်တော့်အားကြည့်

'ဆရာကျော်'

'အေး'





'အသွားတစ်နာရီကျော်တဲ့ခရီး အပြန်မှာဆယ့်ငါးမိနစ်ဆိုတော့ အံ့စရာပဲ'

'ငါလည်း အဲဒါတွေးနေတာကွ'

'ဆရာကျော်၊ ကျွန်တော်တို့ ဒီနေ့နားမယ်၊ ညနေစောင်း ဒါမှ မဟုတ် ညပိုင်းမှပဲ တောပစ်ထွက်မယ်ဗျာ'

'ထူးလှချည်လား တင်မြင့်'

'စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ အရက်လည်း မသောက်ချင်ဘူး'

'ကောင်းတယ်၊ ကဲ… ကိုတင်မြင့်တို့ ဆက်လုပ်ကြဗျာ၊ ကျွန် တော်တို့ နားမယ်၊ ဘဒွေးအောင်တို့ ပြန်မလား'

'ပြန်မယ် ဆရာကျော်ရေ၊ လုပ်စရာတွေရှိသေးတာပ'

ဘဒွေးတော်တို့လည်း ပြန်ကြသည်။ ကိုတင်မြင့်တို့လည်း ဝါးခုတ် ထွက်ကြပါ၏။ ကျွန်တော်တို့သုံးယောက် စခန်းတွင်နားရင်း ပတ်ဝန်းကျင် လေ့လာ၏။ ချောင်းရိုးဘေးတွင် လျှောက်ရင်း ကိုတင်မြင့်တို့ဝါးတွေစုပုံ ထားသည်ကိုလည်း တွေ့ရပါသည်။

'ဆရာကျော်'

'ဘာလဲ မိုးကျော်'

'ဒီညဘက်မှာ တစ်စုံတစ်ခု ထူးမယ်ထင်တယ်'

'ဘာဖြစ်လို့လဲ'

'မိုးကျော်ရာ၊ တွေးကြောက်မနေပါနဲ့'

'တင်မြင့်ကလည်း ကြောက်လို့ ထင်သလား၊ ငါမှာတစ်စုံတစ်ခု ကြုံရမယ်ဆိုရင် ကြိုတင်သိနေသလို ဖြစ်တတ်လို့၊ ဟိုကွာ… အန္တရာယ်လို့ တော့မဟုတ်ပါဘူး၊ အခက်အခဲတော့ ကြုံတွေ့တတ်တဲ့အဖြစ်တွေနဲ့ တိုက် ဆိုင်တာလားတော့ မသိဘူး၊ ငါ သတိထားမိတာကို ပြောတာပါ'

'ကောင်းတာပေါ့ မိုးကျော်၊ ကြိုတင်သိတော့ ကြိုတင်ပြီး တို့က သတိထားကြတာပေါ့၊ မဟုတ်ဘူးလား'

ချောင်းဘေးတွင် နမူးမတွဲရသေးသော ဝါးတွေစုပုံထားသည့် အောက်နားဝယ် လွင်ပြင်လိုလိုနှင့် ငရုတ်သီးပင်တွေ ပေါက်နေသော



www.burmeseclassic.com

www.burmeseclassic.com



မြေပြန့်လွင်ပြင်သို့ ရောက်သည်တွင်-

'အိုးဝေ… အိုးဝေ'

'အိုးဝေ'

'ဟာ… ဒေါင်းသံတွေပဲ မိုးကျော်'

'အေး'

ဒေါင်းသံကြားသည့်ဘက် လျှောက်ရင်း ချုံငယ်လေးတွေ … တွင် အကာအကွယ်ယူကာ ကြည့်လိုက်သောအခါ အင်မတန်လှပ… ဒေါင်းဖိုကြီးတစ်ကောင်နှင့် ဒေါင်းမနှစ်ကောင်၊ ဒေါင်းဖိုကြီးမှာ … ကနေ၏။ ဒေါင်းမနှစ်ကောင်မှာတော့ ဂျုတ်သီးတွေ ဆိတ်စားနေကြသ…

ဒေါင်းသုံးကောင် သုံးယောက်ပစ်ပါက သုံးကောင်စလုံး… သော်လည်း ကျွန်တော်တို့၏ ဆုံးဖြတ်ချက်ကို မထိခိုက်အောင် ထိန်း… ကြည့်နေမိသည်။ စိတ်ဖြင့်လည်း မပစ်မှားခဲ့ပါ။ ကြည့်ကောင်းကော… ဖြင့် ကြည့်နေစဉ်မှာပင် စုပုံထားသော ဝါးပုံဘက်မှ အသံတွေထွက်… သည်မှာ ဆူညံသွားသည်။

'ဝေါ… ဝေါ… ဝေါ… ဝေါ'

'ဝုန်း… ဝုန်း… ဝေါ… ဝေါ… ဝေါ'

ဝါးပုံတွေအား ကြည့်လိုက်သောအခါ ဝါးပုံကြီး … ပြိုကျသည်မသိပါ။ ဝါးတွေလိမ့်ကာ လိမ့်ကာ ပြန့်ကျဲသွားကြသ… သို့သော် အကောင်ဟူ၍ မတွေ့ရ။ အလိုအလျောက်တော့ ပြိုကျ… မထင်ပါ။

'ထားလိုက်ပါကွာ'

'ဆရာကျော်'

'ဟေ'

'ဟိုမှာ ဟိုမှာ ဒရယ်ဗျ'

မှန်ပါသည်။ ဒရယ် [illegible] မုဆိုး ကျွန်တော် တင်မြင့်၊ မိုးကျော်အောင် သုံးယောက်စလုံး လှ… သော သေနတ်အား မထိမကိုင်ကြပါ။ သားကောင်ရှာရန် ထွက်ခဲ့… …သုံးယောက်၊ တစ်ယောက်မျှ မတုန်လှုပ်မိကြ၊ မုဆိုးရှေ့လည်းစင်းခံ… …ကုမယ်၊ ဒရယ်ဖိုကြီး ဝဝဖီးဖီး သားကောင်အား ကျွန်တော်တို့မပစ်… …ဘဲ ကြည့်နေသည်ကို ဒရယ်ကြီး မြင်သွားသည်။

ဒရယ်ကြီး ကျွန်တော်တို့အား ဖြူးကြောင်ကြောင်နှင့် ဦးခေါင်း… …တင်လျက် စိုက်ကြည့်ရင်း တစ်လှမ်းချင်းပင် အောက်ဘက်လျှိုဘက် … ထွက်သွားပါပြီ။ ဥဒေါင်းသုံးကောင်၊ ဒရယ်တစ်ကောင်တို့အား ပစ်… …မှ လွှတ်ပေးလိုက်သည်။

'မိုးကျော်နဲ့ တင်မြင့်'

'ဟုတ်ကဲ့'

'လူ့မှာကတိ မင်းမှာသစ္စာဆိုတာ ဒါပဲနော်'

'ဟုတ်တယ် ဆရာကျော်၊ ကတိဆိုတာ တိတိကျကျ တည်ရ…'

'ဆရာကျော်'

'အေး'

'တင်မြင့်တစ်ယောက် အံ့သြလောက်အောင်ကို ဖြစ်နေတယ်'

'ဟား… ဟား… ဟား… ဟား…'

တင်မြင့် သဘောကျသွားသည်။ ကျွန်တော်တို့သုံးယောက် ဘာမျှ… …ထူးခြားဟု ဆုံးဖြတ်ကာ တသို့ပြန်ခဲ့စဉ် ပြိုကျနေသော ဝါးတွေ အား… …ကြည့်လိုက်သောအခါ ဝါးပုံအောက်တွင် ပိနေသော စပါးကြီးမြွေကြီး… …တစ်ကောင် တွေ့လိုက်ရသည်။ သိပ်ကြီးကြီးတော့ မဟုတ်ပါ။ ပေါင်လုံး… …နည်းနည်းတော့ ရှိသည်။

ကျွန်တော်တို့သုံးယောက် ဝါးတွေဖယ်ပြီး ထိုစပါးကြီးမြွေကြီး… …အား ကျွန်တော်မှ ဆွဲထုတ်သော်လည်း မနိုင်ဖြစ်နေ၍ မိုးကျော်အောင် … လာဆွဲ၏။ တင်မြင့်မှ ဝါးတွေအား မ,ပေးရသည်။ နှစ်ယောက်သား… …နည်းကို ဆွဲယူမှ မြွေကြီးအားတနင့်လှမ်းသည့် စောစောက ဒေါင်းတွေ… …သည့် နေရာအထိ မ,ရွှေ့ပြီးလွှတ်ပေးလိုက်သည်။

စပါးကြီးမြွေကြီးမှာ ကျွန်တော်တို့ သူ့ကို မစဉ်မှအစ သယ်ယူပြီး…

www.burmeseclassic.com

www.burmeseclassic.com



လွှတ်ပေးသည့်နေရာအထိ ငြိမ်ငြိမ်သက်သက် လုံးဝပြန်လှည့် ရှုန်းကန်
မပြု။ မြွေကြီးပေါ်ချပြီးနောက်

'ကဲ… စပါးကြီးမြွေကြီးရေ၊ သွားလိုရာသာ သွားကြပေတော့
သင့်အသက်ကို ကယ်လိုက်ပါတယ်'

'စပါးကြီးမြွေကြီး၊ မိတ်ဆွေတွေဖြစ်သွားပြီနော်၊ အပြန်အလှ
အရ ညီကြတာပေါ့၊ တို့က သစ္စာရှိပါတယ်၊ ကတိတည်ပါတယ်၊ မြွေကြီး
လည်း ကျေးဇူးမမေ့နဲ့နော့'

တင်မြင့်မှ နောက်သလိုလိုနှင့် အတည်ပင်ပြောရင်း စပါးကြီး
မြွေကြီး၏ကျောကုန်းအား ပွတ်သပ်ပေးလိုက်သည်။

'ကဲ‥ သွားတော့မြွေကြီးရေ၊ မတော်တဆ ရွာသားတွေနဲ့တွေ့
နေမှာစိုးလို့၊ လွှတ်ရာဒေသကို သွားတော့နော်'

'ဟုတ်တယ်၊ ကဲ‥ သွားတော့'

မိုးကျော်အောင် စကားအဆုံး ကျွန်တော်ကပါထပ်ဆင့်ပြီး သတိ
ပေးကာ သွားခွင့်ပြုလိုက်ပါ၏။ ထိုသို့ ကျွန်တော်တို့သုံးယောက် စကား
နားထောင်ကာ မျက်လုံးလေးပြူးရင်း ကြည့်နေပုံမှာ နားလည်နေသလို
နားထောင်နေရာမှ သူ၏ဦးခေါင်းလေးထောင်ထားရာမှ ဦးခေါင်းကစ်ချက်
ညိတ်လိုက်သည်။

'ဟာ… မြွေကြီးခေါင်းညိတ်တယ်ဗျ'

'အေးကွာ… အံ့သြစရာပဲ'

တင်မြင့်မှ မြွေကြီးခေါင်းညိတ်သည်ကို ဖွင့်ပြောသလို မိုးကျော်
အောင်မှလည်း အံ့သြကြောင်းပြောနေသည်။ ကျွန်တော်တို့သုံးယောက်
စလုံး မြွေကြီး ခေါင်းညိတ်သည်ကို ကောင်းစွာမြင်တွေ့ရသဖြင့် တအံ့
တသြဖြစ်နေစဉ် မြွေကြီးခေါင်းပြန်ထောင်ကာ သူ၏ပါးစပ်မှ လျှာကလေး
ထွက်ပေါ်လျက် ကျွန်တော်တို့အား နှုတ်ဆက်နေပုံရသည်။

'တို့ကို နှုတ်ဆက်နေတယ်ကွ'

'ဟုတ်တယ်၊ ကဲ… သွားတော့နော်'

'ဟုတ်…'





'ဟာ'

'အို…'

'ဟောဗျ'

ကျွန်တော်တို့သုံးယောက် တအံ့တသြဖြစ်နေစဉ်မှာပင် မြွေကြီး
သည် လျှိုတောင်စောင်းဘက်သို့ တရွေ့ရွေ့ထွက်သွားပါပြီ။ ကျွန်တော်တို့
စကားမပြောနိုင်ကြ၊ ငိုင်ပြီးကြည့်နေစဉ်မှာပင် မိုးကျော်အောင်ထံမှ ထွက်
ပေါ်လာသော စကားသံကြားရမှ သတိရမိပါတော့သည်။

'လူစကားပြောသော မြွေကြီးအသက်ရှည်ပါစေ'

'အေး… ဟုတ်တယ်၊ ဟုတ်တယ်၊ သူတော်ကောင်းမြွေကြီး
အသက်ရှည်ပါစေဗျာ'

'မြွေသူတော်ကောင်းကြီးရေ၊ လူသူတော်ကောင်းတွေနဲ့ တွေ့ကြ
လို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ လိုရာသွားနိုင်ပြီနော်'

မြွေကြီးထွက်သွားပါပြီ။ ကျွန်တော်တို့အား သက်ပြောင်းချုံအော
အရောက် တင်ချက်ခေါင်းထောင်ကာ ကြည့်ရင်း ဦးခေါင်းထောင်လျက်
တောဘဲ တိုးဝင်သွားပါပြီ။ မြွေကြီးတိုးဝင်နေပုံအား ကောင်းစွာတွေ့ရခြင်း
မရှိသော်လည်း သက်ငယ်ပင်တွေ လှုပ်နေသည်ကို တွေ့နေကြသည်။

'ဆရာကျော်… မြွေကြီးသက်ငယ်ချုံတိုးပုံက တစ်မျိုးကြီးပဲ'

'အေး… ဟုတ်တယ် မိုးကျော်၊ ငါပြောမလို့ပဲကွ၊ မြွေတိုးတာ
နဲ့မတူဘူး၊ ဆင်တစ်ကောင် ဒါမှမဟုတ် ကျွဲကြီးတစ်ကောင် တိုးနေသလိုပဲ'

'ဆရာကျော် မြွေကြီးမှဟုတ်ပါ့မလား'

တင်မြင့်လည်း မသင်္ကာတော့၊ မသင်္ကာစရာမှာ မြင်တွေ့နေ
သည့် ကျွန်တော်တို့သုံးယောက်စလုံး ငေးနေမိအောင် ထူးခြားနေသည်
ထိုထူးခြားသည်ထက် ကျွန်တော်တို့နားထဲတွင် အသံတစ်ခုကြားနေရသည်
ထိုအသံအား ဘယ်သူများပြောပါလိမ့်၊ သုံးယောက်စလုံး အသံမပြည်ဘဲ
အသံထွက်ပေါ်မလာဘဲ နားထဲသို့ လေသံလေးဖြင့် တိုးတိုးပြောသံ။

'တင်မြင့်နဲ့ မိုးကျော်'

'ဟုတ်ကဲ့ ဆရာကျော်'



www.burmeseclassic.com

www.burmeseclassic.com

အသံတစ်သံ ကြားတယ်၊ နားနားကို ကပ်ပြောသလိုပဲ၊ မင်းတို့ ကြားသလား၊ ငါတော့ ပီပီသသကို ကြားလိုက်ရတယ်ကွ'

'ကျွန်တော်တို့လည်းကြားတယ်'

'အေး... ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ ဒီညကိုစွနော်'

'ဟုတ်တယ်'

'အေး... တော်ပြီ စခန်းဖြစ်မယ်'

ကျွန်တော်တို့စခန်းပြန်ရောက်တော့ ကိုတင်မြင့်တို့အားလုံး ထမင်းပင် စားပြီးကြပြီ။ ကျွန်တော်တို့အတွက်လည်း ထမင်းနှင့်အရက် အသင့်ပြင်ထားသဖြင့် အရက်တော့ မသောက်ပါ၊ ထမင်းပဲစားလိုက်ပါ၏။

'ကိုတင်မြင့်နဲ့ ကိုလှအောင်'

'ဟုတ်... ဟုတ်'

'ကျွန်တော်တို့ ပစ်တော်ဖို့နေရာရှာပြီးပြီ၊ ညနေစောင်း ဒါမှမဟုတ် ညပိုင်းပစ်ကွင်းရွေးခဲ့ပြီးပြီဗျ'

'ဘယ်နားမှာလဲပ၊ အောက်ဘက်က ကတွတ်မြောင်ဘက်လားဗျ'

'ဟုတ်တယ်၊ ဆီးဖြူသီးတွေနဲ့ ဂုံမင်းတွေ၊ ခရစ်တွေပေါတယ်ဗျ'

'ရော်... ခုတ်တာပ၊ ခုစားတဲ့ဂုံမင်းသုတ်ဟာ အဲဒီမြောင်က ခုတ်ထားတာပအေး'

'ကျွန်တော်တို့သုံးယောက်ပဲ သွားမယ်'

'ရော်.. မဟုတ်တာပအေး၊ ကျွန်တော်နဲ့ အောင်လှပါလိုက်မှာပအေး'

ညနေစာ စောစောစားပြီး ငါးယောက်သား ထွက်ခဲ့ပါ၏။ တဲစခန်းနှင့် မဝေးပါ။ နေ့လယ်က မြွေကြီးလွတ်ခဲ့သည့် နေရာနှင့်ဆိုပါက ပိုမိုနီးပါ၏။ ကျွန်တော်တို့ နေရာယူသည့် အကာအကွယ်မှာ ကျွန်းငုတ်ကြီးတွေ ထိုးထိုးထောင်ထောင်နှင့် ထိုကျွန်းငုတ်ကြီးတွေအားတွင် နေရာယူလိုက်သည်။

အချိန်မှာ ငါးနာရီခွဲသာရှိသေးသည့်အတွက် တောကြက်တွေပင် ဆူညံသံမကြားရသေး။ ကိုလှအောင်မှာ တောကြက်ထောင်ရာတွင် အလွန်





ဝါသနာပါပြီး သူ့တွင် ညွှတ်ကွင်းလည်း အသင့်အမြဲလိုလို ထောင်သည်း တောကြက်သား မကြာမကြာစားရသည့်အပြင် တောကြောင်ပင်ရကြောင်း စားရကြောင်းနှင့် ယခုလည်း ရေမချိုးခင်မှာပင် ညွှတ်တွေထောင်ထားပြီးကြောင်းနှင့် မနက်မိုးလင်းလျှင်တော့ တောကြက်သားစားရမည်မှာ မလွဲကြောင်း ပြောပြပါသည်။

'ကတော်.. ကတော်.. ကတော်'

'ကတော်... ကတော်'

'အောက် အီး အီး အွတ်'

'အောက် အီး အီး အွတ်'

တောကြက်မတွေ၊ တောကြက်ဖတွေ အိပ်တန်းတက်ကြပါပြီ။ ဆူညံသော တောကြက်သံတွေမှာ ညနေဆည်းဆာတစ်ခုလုံး လွှမ်းခြုံသွားသည့်တွင် ကျွန်တော်ကို့မုဆိုး အကြိုက်တွေ့ရပါသည်။ အကြောင်းမှာ ထိုသို့သော တောကြက်တွေ၊ ချိုးငှက်တွေနှင့်အတူ အခြားသောကျေးငှက်တွေ ဆူညံသံကြားရပါက သားကောင်ကြီးတွေဆင်းမည်။ လာကြမည်သာ။

'ကိုတင်မြင့်ရေ'

'ဟုတ်'

'ဒီဘက်မှာ တောမုဆိုး ကျားသံတွေကြားသလားဗျာ'

'ရော်.. ဝါးခုတ်တဲ့ လူအုပ်ရှိမှတော့ ကျားမလာပအေး'

'ကောင်းတယ်ဗျာ၊ သိပ်ကောင်းတာပေါ့'

'ရော်... ကျားသစ်တော့ တစ်ခါတစ်ခါ လာတတ်တာပ၊ ကျားသစ်လာတာက တောကြက်လာချောင်းတာပအေး'

မိုးသည်ချုပ်မှုန်း သိသိသာသာမှောင်ကျလာပါသည်။ အကြောင်းမှာ အနောက်ဘက်တောင်တန်းကြီးမှာကား မှော်ဝင်တောင်ကြီး ကာဆီးထား၍ အနောက်နေဝင်သည်နှင့် အမှောင်ထုက အလုအယက်တိုးဝင်သည်သာ။ တစ်ဖန် ကျွန်တော်တို့နေရာယူထားသည့် ကျွန်းငုတ်တွေ၏ရှေ့ဘယ်လျှိုချောင်းရှိသည့်အတွက် ပိုမိုမှောင်နေသည်။

'တီတီတွး... တီတီတွး'



www.burmeseclassic.com

www.burmeseclassic.com



'တူး… တူး… တူး'

'တိတီတူး… တူး… တူး… တူး'

'အေး…'

'ဖျောက်… ဖျောက်… ဖျောက်… ဖျောက်'

'ခြေသံဗျ'

'နားထောင်'

ကျွန်တော့်နားထဲသို့ ခြေသံနှင့်ထပ်တူ ကြားမိသလိုလို အသံမှာ တောဝက်တစ်ကောင်၏ မေးရိုက်သံလိုလို ကြားရသဖြင့် တင်မြင့်အား နားထောင်ဟု သတိပေးလိုက်ခြင်းဖြစ်ပါ၏။

'ဖောက်… ဖောက်… ဖောက်'

'ဖောက်… ဖောက်'

'ဟုတ်တယ် ဆရာကျော် တောဝက်'

'ရှူး'

မိုးကျော်အောင်ထံမှ တိတ်ဆိတ်ပေးပါဆိုသော သတိပေးအချက်ပြသကဲ့သို့ တောဝက်၏မေးရိုက်သံ ကြားရသည့်ချောင်းဘေးလျှိုနှင့် ချောင်းကြီးဘက်မှပင် ထပ်မံကြားရသော ခြေသံနှင့်အတူ ကြားလိုက်ရသော အသံကြောင့် ဝမ်းသာသွားမိသည်။

'ဖူး… ဖူး… ဖူး'

'ဖျောက်… ဖျောက်… ဖျောက်'

'ချွတ်… ချွတ်'

ဆတ်ကြီး၏နှာမှုတ်သံ၊ လမ်းလျှောက်သံနှင့် ချေချသံတွေကြားနေရသည်။ ဆတ်အကောင်မတွေ့ရသကဲ့သို့ တောဝက်လည်း မတွေ့ရပါ။ သို့သော် အသံကြားသည်နှင့် သားကောင်မှန်သမျှ သိပြီးသား၊ မုဆိုးလုပ်သက်လည်း ပြန်တွက်ကြည့်ပါ။ တောအမျိုးမျိုး၊ တောင်အသွယ်သွယ် လျှိုနှင့်မြိုင်ဝယ် တောပစ်၏။ တောမောင်း၏၊ တောမြောင်း၏၊ အန္တရာယ်အမျိုးမျိုးလည်း ကြုံဆုံကျော်ဖြတ်ခဲ့ရသည်။

ကျွန်တော်တို့ စောင့်ကြည့်နေကြပါသည်။ အသံကြားရသည့်နေရာ





နှင့် ကျွန်တော်တို့မဝေးပါ။ စောင့်နေသူတွေအတွက် အားတက်စရာအသံတွေ၊ အဓိကပစ်လိုသည့် ဆတ်၊ ဒုတိယ တောဝက်၊ ခုတော့ ပထမနှင့်ဒုတိယနှစ်မျိုးစလုံးတွေ့ရတော့မည်၊ ပစ်ရတော့မည်ဖြစ်၍ ကျေနပ်နေကြသည်ကအမှန်။ စောင့်ရင်း စောင့်ရင်း အချိန်တွေက ကုန်ခဲ့ပါ၏။ နာရီ …က်ခန့်မှ ခုတော့ တစ်နာရီမကတော့ အသံတွေသာ ကြားရပြီးအကောင်အထည် မပေါ်လာသဖြင့် သံသယဖြစ်ရသည်နှင့် ကျွန်တော်သည် ထိုင်ရာ… ထလိုက်သည်။

ဆတ်သံနှင့် တောဝက်သံကြားရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ လတစ်ခြမ်းပဲ့ကြောင့် အလင်းမပီသ၊ ဝိုးတိုးဝါးတားသစ်ရိပ်တွေ …လည်း အတားအဆီး အကာအကွယ်တွေကြောင့် …ထင်ရှားသည့်တော …န်းဘက် စိတ်ကမှန်းပြီး ကြည့်လိုက်သည်။ ထူးတော့ မထူးဟုထင်ကာမှ

'ချွတ်… ချွတ်… ချွတ်'

'ဖျောက်… ချွတ်'

'ဂူး… ဝါး… ဂူး'

'ဖျောက်… ဖျောက်'

'ဆရာကျော်… နောက်'

'အေး… သတိထားကြ'

'ရှူး… ဟိုမှာ ဟိုမှာ'

မိုးကျော်အောင်မှ ဟိုမှာ… ဟိုမှာဆို၍ ကြည့်လိုက်တော့ ကျွန်…တော်နောက်ဘက်ဝယ် တောဆင်ကြီးတစ်ကောင် မည်းမည်းကြုတ်ကြုတ် …လှုပ်လှုပ်နှင့် ရှေ့တိုးနေသည်။ ကျွန်တော့်ပတ်ဝန်းကျင်သည် ကျွန်းငုတ်…ကြီးများ ထိုးထိုးထောင်ထောင်ရှိနေသည့်အတွက် အားကိုးအားထားဖြစ်…သလို…

'တင်မြင့် အောက်ဘက် အောက်ဘက်'

'ဟာ… တောဆင်ကြီးပဲကွ'

'မိုးကျော်၊ မင်းရဲ့ဘယ်ဘက်မှာ တောဝက်'

'ဆရာကျော်ပ'



www.burmeseclassic.com

www.burmeseclassic.com

'ပြော·· ကိုတင်မြင့်'

'ရော်·· ကျွန်တော်တို့ မီးတုတ်တွေပါတာပအေး၊ မီးညှိလိုက်မှာပအေး'

'နေဦး သတိတော့ထားကြ၊ ကျွန်းငုတ်တွေရှိတယ်၊ သိပ်အရေးမကြီးဘူး'

'ရော်·· ဒီတစ်ဝိုက် တောဆင်မရှိပအေး၊ ဘယ်က ဘယ်လိုရောက်တာပ'

'ဆင်မဟုတ်ဘူးထင်တယ်'

'ရော်·· ဆရာပ၊ ဒါဆိုဘာဖြစ်မှာလဲပ'

'တောမှောက်နေပြီဗျ'

'ရော်··· မဖြစ်နိုင်တာပအေး'

ဘယ်လိုလုပ်ပါလိမ့်၊ တောဆင်တွေဆိုပါက အန္တရာယ်ကြီး ပါသည်။ ခုတော့ လူတွေနေသည့် တဲအား အန္တရာယ်မပြု၊ ကျွန်တော် ဝိုင်းတောပစ်အဖွဲ့အား တောဆင်သုံးကောင်မှ ဝိုင်းထားသည်မှာ တအံ့တ ဖြစ်နေရသည့်အပြင် မတော်တဆ တောဆင်မဟုတ်ဘဲ သစ်ထုတ်လုပ်ရေး သစ်ဆွဲဆင်တွေဆိုပါကလည်း အခက်။

'ဂူး···'

'ဂူး···'

'ဂူး···'

'ရော်··· ဒုက္ခပအေး၊ ဆရာကျော်ပ တောဆင်ကြီးတွေပ'

'မကြောက်နဲ့ ကိုလှအောင်၊ မစိုးရိမ်ပါနဲ့'

ပြောသာ ပြောရသည်။ ကျွန်တော်လည်း စိုးရိမ်စိတ်တွေ လွှမ်း လာနေသည်က အမှန်ပင်။ အားကိုးစရာဆို၍ ကျွန်းငုတ်များသာရှိ သေနတ်ဖြင့်ပစ်ရန်လည်း မဖြစ်နိုင်။ ဆင်သုံးကောင်၏ အော်ဟစ်သံ အချက်ပေးလိုက်သည်လား၊ သို့မဟုတ် တစ်ကောင်အော်၍ နောက် ကောင်ပါ လိုက်အော်နေသည်လား မသိတော့ပါ။

'ရော်·· ကိုတင်မြင့်ပအေး'





'ပြော ကိုလှအောင်'

'ချေးပါချင်တယ်ဗျာ'

'ရှူး·· အဲဒါ ကြောက်ချေးခေါ်တယ်ဗျ'

'ဟဲ··· ဟဲ·· ဘောင်းဘီထဲထွက်ကုန်ပြီထင်တယ်၊ အနံ့ရသလိုပဲ'

'ရော်·· ကိုတင်မြင့်ကြီး နောက်တတ်ပအေး'

တင်မြင့်သည်လည်း နောက်သာနောက်နေရသည်။ စိုးရိမ်ထိတ် လန့်နေသည်က အမှန်ပင်။ ကျွန်တော်တို့သုံးယောက်ကဲ့သို့ ကိုတင်မြင့် နှင့် ကိုလှအောင်သည်လည်း ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်နေကြသည်။

'တင်မြင့်နဲ့ မိုးကျော်'

'ဟုတ်ကဲ့'

'အေး··· အခြေအနေမကောင်းဘူးကွ၊ သတိထား၊ မှုဆိုးထိုင်သာ ထိုင်ထား၊ အသင့်ပြင်ကြ'

'ပစ်မလား၊ ဆရာကျော်'

'ပစ်သင့်ရင်ပစ်မယ်'

ထိုသို့ ပြောနေစဉ်မှာပင် တောဆင်သုံးကော ၏ အဝိုင်းခံထားရ သော ကျွန်တော်တို့ဘက်သို့ စောစောက ပထဆုံး တောဝက်သံကြားရပြီး ဘက် ဆတ်သံထွက်လာသော ကျွန်တော်တို့မြွေကြီးလွှတ်လိုက်သည့်ဘက် ထူးဆန်းလွန်းသော အသံတွေမှာ···

'ဝေါ··· ဝေါ·· ဝေါ··· ဝေါ'

'ဝုန်း··· ဝုန်း··· ဝုန်း··· ဝုန်း'

'ဆရာကျော် လေဆင်နှာမောင်းသံတွေဗျ၊ ဟိုမှာကြည့်ပါဦး၊ ပင်တွေဆွဲမွှေပြီး ကျွန်တော်တို့ဘက် လာနေတယ်'

'မိုးကျော် မင်းဘက်က ဆင်ကြီး ကြည့်ပါဦးကွ'

'ရှေ့တောင်တိုးနေသလိုပါပဲ'

'အသာနေမလှုပ်နဲ့'

တောကြီးတစ်တောလုံး ဆူညံလာပါပြီ။ ကျေးငှက်တွေ ထပ်ကြ သည်လား၊ တောကောင်လေးတွေ ပြေးလွှားသံတွေ ဆူညံပါလျက် တိုတော



www.burmeseclassic.com

www.burmeseclassic.com



ဆင်သုံးကောင်မှာ မလှုပ်မယှက်၊ နားရွက်ခတ်ပြီး ရှူးရှူးစိုက်စိုက် တိုက်
ခိုက်တော့သည်။

'ဆရာကျော်'

'ပြော မိုးကျော်'

'နားထဲမှာ ကြားခဲ့တဲ့အသံမှတ်မိသလား'

'သြော်… ဟုတ်ပကွာ၊ဟုတ်တာပေါ့'

'အေး… ဟုတ်ပြီ၊ မှန်တာပေါ့'

နေ့လယ်က ကျွန်တော်တို့သုံးယောက် စပါးကြီးမြွေကြီးအ
ကယ်ဆယ်ခဲ့စဉ် မြွေကြီးမှပြောသည်လား၊ သို့မဟုတ် တောစောင့်တော
စောင့်များလား မသိပါ။ ကျွန်တော်တို့သုံးယောက်နားသို့ တိုးတိုးကလေ
ပြောခဲ့သောစကားကို ယခုမှပင် ပြန်လည်သတိရ ကြားမိလိုက်ပါသည်

'အန္တရာယ်ဆိုးတွေ့မယ်၊ မကြောက်နဲ့ခေါ်လိုက်'

ဆိုသော စကားသံမှာ ပီပီသသ သုံးယောက်စလုံး၏နားသို့ တို
တိုးကလေး တစ်ပြိုင်တည်းပြောခဲ့သည်ကို ပြန်သတိရသည်နှင့်

'ဆရာကျော်'

'အေး'

'ကျွန်တော်ခေါ်လိုက်မယ်'

'ခေါ်လေ'

'မြွေကြီးလာခဲ့ပါ ကူညီပါ'

မိုးကျော်အောင်မှ ခေါ်လိုက်သောအသံဆုံးသည်နှင့် တစ်ပြိုင်
တည်းမှာပင် ကျွန်တော့်ဘေးရှိ ကျွန်းငုတ်ကြီးပေါ်ဝယ် နေ့လယ်က စပ
ကြီးမြွေကြီးရောက်နေပါပြီ။

'ရောက်ပြီ မကြောက်နှင့်'

'ဟာ… ဟုတ်ပ မိုးကျော်'

'အယ်… တင်မြင့်ရေ၊ ဒီမှာကွ၊ မကြောက်ဘူး ပစ်ချင်ပြီ'

'ဆင်မဟုတ် သားကောင်သဘောပဲ'

နောက်ထပ် ကြားရသောအသံကြောင့် ကျွန်တော်တို့သုံးယော





အားတက်သွားပါသော်လည်း ကိုတင်မြင့်နှင့် ကိုလှအောင်သည် ကျွန်တော်
တို့အား ကြောင်တောင်တောင်ဖြင့် ကြည့်နေရာမှ ကြောက်စိတ်တွေလည်း
လွန်ကဲပြီး ဘာမျှမပြောတတ်၊ မဆိုတတ်ကြရှာဘဲ သွေးမရှိတော့သည့်
မျက်နှာများမှတစ်ဆင့်

'ရော်… မြွေကြီးပအေး'

'ကြောက်တာပ၊ မြွေကြီးဆိုညို့ထားတာဖြစ်မှာပ'

ကိုတင်မြင့်မှ မြွေကြီးဟုအော်သလို ကိုလှအောင်မှာတော့ ပိုမို
အကြောက်ကြီးသူပီပီ မြွေကြီးမှ ကျွန်တော်တို့အားညို့ထားသည်ဟုပင်
နှုတ်မှ ပြောလိုက်သည့်အတွက်

'တင်မြင့်၊ မိုးကျော်၊ ငါတိုင်ပင်ဆိုမယ်နော်'

'ဟုတ်ကဲ့ အသင့်ပဲ'

'ပစ်မယ်ဟေ့'

'ရော်… ဆရာကျော်ပ၊ ဆင်ဆိုတာ မပစ်ရတာပအေး'

'ကိစ္စမရှိဘူး၊ ကြည့်သာနေ'

'တစ်၊ နှစ်၊ သုံး'

'ဒိုင်း… ဝေါ… ဝေါ… ဝေါ'

'ဒိုင်း… ဝေါ… ဝေါ… ဝေါ'

'ဒိုင်း… ဝေါ… ဝေါ… ဝေါ'

သေနတ်သံသုံးချက်နှင့်ထပ်တူထပ်မျှ ပေါ်ထွက်လာသည့် ပဲ့တင်
သံတွေက သုံးဆဖြစ်သွားသကဲ့သို့ ကိုတင်မြင့်နှင့် ကိုလှအောင်တို့ နှစ်
ယောက်မှာ မြေပြင်တွင် ဖင်ဘူးတောင်းထောင်အောင် ဝပ်နေကြသည်ကို
တွေ့ရပြီး ကျွန်တော်တို့သုံးယောက်ကို ပစ်သည့်အကောင်ကို ကြည့်နေရင်း

'ငါ့အကောင်လဲပြီ တင်မြင့် ဆတ်ကွ'

'ကျွန်တော်က ဒရယ် ဆရာကျော်'

'ကျွန်တော်က ဓက်ကြီး တော်တော်ကြီးတယ်'

'ရော်… ဆရာတို့ပ'

'ကိုလှအောင် ထကြည့်ပါဦးဗျ၊ ဘယ်မှာလဲတောဆင်တွေ'



www.burmeseclassic.com

www.burmeseclassic.com

'ရော်… ဘယ်လိုပ'

'ထကြည့်၊ မိုးကျော်ရေ'

'ဘာလဲ တင်မြင့်'

'မင်း အီးပေါက်တယ်ထင်တယ်၊ အီးစော်နံတယ်ကွ'

'ရော်… ကိုတင်မြင့်ပ၊ နောက်တာပအေး၊ ကျွန်တော်အီးတော့ မထွက်သေးတော့ ဟဲ… ဟဲ… ဟဲ… ဟဲ၊ ထွက်သွားသလား မ… တာပအေး'

'နောက်တာပါဗျာ၊ ကြည့်ကြလေ ထပါဗျ'

'ရော်… မြွေကြီးဗျ၊ ကြောက်စရာပ'

ကျွန်တော်သည် မြွေကြီးအား အပေါ်မှဖိပြီးဖက်ထားရင်းခြေ… ၏ကျောပေါ်သို့ အသာအယာ ပွတ်ပေးနေသည်ကို မြင်တွေ့သွားသော ကိုတင်မြင့်နှင့် ကိုလှအောင်တို့သည် တအံ့တသြကြည့်ရင်းမှပင် ကျွန်တော် ဘက်သို့ တိုးလာကာ အသေအချာကြည့်နေကြသည်မှာ မြွေကိုမဟုတ်ပါ… ကျွန်တော့်အားကြည့်ပြီး…

'ရော်… ဆရာကျော်ပ၊ မြွေကြီးကို မကြောက်ဘာပ'

'အေးဗျ… ခင်ဗျားတို့ကို မှာထားရဦးမယ်၊ မြွေတွေ့ရင်မသတ်… နဲ့၊ ဟောဒီမြွေမျိုးတွေဟာ လူ့ဘဝနဲ့အနီးစပ်ဆုံးပဲ၊ သူတို့ဟာ ဘုရားရှိခိုး… လည်း မမှားဘူး၊ အခုလည်း သူနဲ့ကျွန်တော်တို့ အပြန်အလှန် ကူညီခဲ့… တာဗျ၊ တစ်ယောက်ကျေးဇူး တစ်ယောက် သိနေကြတယ်၊ ကျွန်တော်… ရဲ့ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တွေ ပျောက်သွားအောင် သူက ကူညီကာ…

'ရော်… အံ့တာပအေး၊ ဆရာကျော်တို့ စကားကြားရတာ အံ့… တာပ'

'ဟုတ်ကဲ့… အံ့ဘာပ'

'ရော်… ကိုတင်မြတ် နောက်တာပ'

ကျွန်တော်တို့ပစ်လိုက်သော သားကောင်တွေထံသို့ မိုးကျော်… အောင်နှင့် တင်မြတ်နှစ်ယောက် သွားကြည့်ကြပြီး … ပြီးမှ … လာကြသည်။ အားလုံးစုံ၍ ပြန်ကြဆုံးဖြတ်ရင်းမှ ကျွန်တော် သတ်…





'ကဲ… သူတော်ကောင်းကြီးရေ၊ ပြန်တော့နော်၊ နောက်တစ်ခု ဟောဒီဝါးခုတ်တဲ့ အဖွဲ့ကို ကူညီပေးပါ၊ အနှောင့်အယှက် ကင်းအောင် …ဆောင်ရွက်ပေးပါ၊ တောင်ပေါ်က အဘမှာကြားလိုက်တာကို ဟောဒီ သူတော်ကောင်းကြီးသိလို့ ကျွန်တော်တို့ကို လိုက်လံစောင့်ရှောက်တယ်လို့ ကျွန်တော်တို့ မှတ်ယူထားပါတယ်'

'ဖြဲ့သြဲ… ကိုတင်မြင့်နဲ့ ကိုလှအောင်ရေ'

'ဟုတ်… ဟုတ်'

'အေး… ခင်ဗျားတို့ ကတိတစ်ခုပေးကြဗျာ'

'ရော်… ပေးတာပ၊ ပြောပအေး'

'ခင်ဗျားတို့အဖွဲ့ အားလုံးနော်'

'ဟုတ်'

'မြွေသားမစားရဘူး၊ မြွေမသတ်ရဘူး၊ မြွေဥတွေနဲ့ အသိုက်တွေ တွေ့လည်း ကွင်းရှောင်ကြပါ၊ မဖျက်ဆီးကြပါနဲ့၊ ကတိပေးနိုင်မလား ပြောပါ'

'ရော်… ကတိပေးတာပအေး'

ကိုလှအောင်မှာ တက်တက်ကြွကြွ ကတိပေးပါ၏။ သူ့မျက်နှာ …လည်း စာဓောကလို ဖြူဖတ်ဖြူရော်မဟုတ်တော့ပါ။ ပြုံးလျှက်ကတိ ပေးပါသော်လည်း ကိုတင်မြင့် ဘာမျှမပြောသေး။ ထိုသို့မပြောသော ကိုတင် မြင့်အား မြွေကြီးမှ ဦးခေါင်းထောင်လျက် အသေအချာ စိုက်ကြည့်လိုက် သည်တွင်

'ရော်.. ဆရာကျော်ပ၊ ရော်.. တောင်ပေါ်က အဘနဲ့မြွေကြီး တို့ကို တောင်းပန်တာပ၊ ကျွန်တော် နောက်ဘယ်တော့မှမသတ်ပါ၊ မစားပ …ကောင်းပန်တာပ'

'ဗျာ… ခင်ဗျား သတ်စားဖူးတယ်ပေါ့'

ကျွန်တော်၏စကား မဆုံးမီမှာပင် ခေါင်းထောင်နေသော စပါး ကြီးမြွေကြီး၏ ပါးစပ်မှလျှာကလေးထွက်လာပြီးနောက်

'စားဖူးတယ်'


www.burmeseclassic.com

www.burmeseclassic.com

'ရော်.. ရော်... တောင်းပန်တာပ'

မြွေကြီးပါးစပ်မှ ထွက်ပေါ်လာသည့်စကားသံကြောင့် ကိုတင်မြင့် တစ်ယောက် အလွန်ကြောက်သွားရှာသည်။ လက်အုပ်ချီ၊ ပဆစ်တုပ်၍ တောင်းပန်နေသည်ကို ကျွန်တော် မြင်တွေ့ရသည့်အခါဝယ် စိတ်မကောင်း ဖြစ်မိကာ...

'သူတော်ကောင်းကြီးရယ်၊ ဟောဒီမှော်ဝင်တောင်လိုဏ်ဂူနဲ့ မှော်ဝင်ဘိုးဘိုးတို့ကိုပါ တောင်းပန်ပါတယ်၊ တစ်ခါမှားမိတာ ခွင့်လွှတ်ပါ၊ နောက်နောင် ဘယ်တော့မှ မသတ်ဖြတ်၊ မစားသောက်ပါလို့ ကတိပေး နေပါတယ် ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပေးပါနော်'

မြွေကြီး၏ဦးခေါင်းသည် ထောင်နေမြဲထောင်နေရာမှ မတုန်မလှုပ် တွေ့ရသည့်အတွက် ကျွန်တော် စိုးရိမ်မိပါသော်လည်း ကျွန်တော့်မျက်စိ ထဲဝယ် ခွင့်လွှတ်တတ်သော အပြုံးတွေကိုမြင်တွေ့ရပြီးနောက် နားထဲဝယ် ထပ်မံကြားရသည်မှာ 'ကျေးဇူးတင်ပါတယ်၊ ခွင့်လွှတ်ပါတယ်၊ သွားတော့ မယ်နော်' ဆိုသည့် အသံတွေနှင့်ထပ်တူထပ်မျှ ကျွန်းငုတ်တွေပေါ်မှအောက် သို့ တဖြည်းဖြည်း လျှောဆင်းရင်းမှ ကိုတင်မြင့်ပေါင်ပေါ်သို့ တက်ကာ ကျော်ဖြတ်ဆင်းသွားပါပြီ။

'မြွေကြီးရေ... သွားတော့နော်၊ နှုတ်ဆက်ပါတယ်'

တင်မြင့်မှ နှုတ်ဆက်သလို ကျွန်တော်နှင့်မိုးကျော်အောင်ပါ နှုတ် ဆက်လိုက်ပါသည်။ မြွေကြီးသည် နေလယ်ကကဲ့သို့တော့မဟုတ်၊ အမှောင် လွှမ်းသည့်တောင်တန်းသို့ ရောက်သည်နှင့်ပျောက်သွားပါပြီ။

'ရော်... ဆရာကျော်၊ မြွေကြီးခွင့်လွှတ်တာပေါ့အေး'

'ခွင့်လွှတ်ပါတယ်၊ ကျွန်တော် မှားသွားပါတယ်၊ စိတ်မပူပါနဲ့ တော့ ကိုတင်မြင့်'

'ဟူး... ခုမှပဲ အပူလုံးကျသွားတာပေအေး'

ကျွန်တော်တို့ ကိုတင်မြင့်အားကြည့်ပြီး ပြုံးလိုက်မိသည်။ ကိုတင် မြင့်မျာ ... ယ်ပင် ငိုးရိုမ်မှု၊ ပူပန်မှုတွေနှင့်ရောနှောပြီး ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်နေရှာသည်ကို မြင်ရသော ကျွန်တော်တို့ သနားမိပါ၏။





ကျွန်တော်ပြောလိုက်မှပင် သူ့ခမျာ သက်သာသွားပါပြီ။

'ကဲ.... ပြန်ကြစို့'

'ကိုမိုးကျော်ပ'

'ဟုတ်ကဲ့'

'အရက်နည်းနည်းတိုက်ဗျာ'

'ရတာပေါ့ဗျာ၊ ရော့... ရော့... နည်းနည်းမဟုတ်ဘူး၊ များများ သောက်လိုက်၊ စိတ်ပြေသွားတာပေါ့'

ကျွန်တော်တို့ စခန်းသို့ပြန်ခဲ့ပါပြီ။ ပစ်ခတ်ထားသော သားကောင် တွေအား မိုးလင်းမှကောက်တော့မည်ဖြစ်၍ အေးအေးဆေးဆေးပြန်၍ ဝ နားအရောက်ဝယ် ကြားလိုက်ရသော ကျောက်မောင်းတီးသံတွေကြောင့် ကျွန်တော်တို့ ခြေသံတွေရပ်တန့်သွားပြီး မှော်ဝင်တောင်ကြီးဘက်သို့ မျက် နှာမူရင်း လက်ဆယ်ဖြာထိပ်မှာမိုးလိုက်ပါသည်။

ထိုတောင်ပေါ်ခန့်မှန်းပြီး ကန်တော့နေချိန်မှာပင် ရောင်နီသန်း ၍ အလင်းတန်းက ထွက်စပြုလာပြီ။ ထိုသို့ အလင်းရောင် သန်းလာသည် အရုဏ်ဦးဝယ် မှော်ဝင်တောင်ကြီးပေါ်ရှိ ထူးဆန်းလှန်းသော မှော်ဝင်တော လိုဏ်ဂူရှိ ကျောက်ဆူးပြောင်းပြန်တွေထံမှပင်လျှင် ကျောက်မောင်းတီးသံ တွေ အမြဲကြားရသည်လား ကျွန်တော်မသိပါ။

ကိုလှအောင်နှင့် ကိုတင်မြင့်တို့ပြောပြသည်မှာတော့ မှော်ဝင် တောင်ကြီး ကျောက်မောင်းသံသည် လပြည့်လကွယ်လောက်သာ ကြားမှု ကြောင်း သိရပါသော်လည်း ဒီနေ့လပြည့်ကျော် တစ်ရက်အထိ ကျွန်တော် တို့ ကြားရခြင်းအတွက် မှော်ဝင်တောင်ကြီး ကျောက်မောင်းတီးသံများ နှင့် ထပ်တူထပ်မျှ သာဓုခေါ်လိုက်မိပါတော့သတည်း။ ။

(ရွှေကူနယ်မြေရှိ ထူးဆန်းလှန်းသော ကျောက်လိုဏ်ဂူကြီးများ နှင့် ထိုကျောက်ဆူးတောင်ကြီး၏ ဆူးပြောင်းပြန်စိုက်ထားသကဲ့သို့ ထူးဆန်း မှုများအား မှတ်တမ်းတင်သတိတရဖြင့်)

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# မြှားဒဏ်သင့်

ကျွန်တော်နှင့် တပ်သားမောင်ကြည်တို့နှစ်ယောက် ပြင်ဦးလွင် စစ်ဆေးရုံမှ ဆင်းခဲ့ပါသည်။ ကျွန်တော်တို့နှစ်ယောက်အတွက် ရယ်စရာ တော့အကောင်းသား၊ လူနှစ်ယောက်ပေါင်းမှ လက်သုံးချောင်း ခြေသုံးချောင်း သာအကောင်း၊ ကျွန်တော့်ဝဲဘက်လက်မှာ အရိုးဆက်ထားရာ အနာကြက် သော်လည်း အရိုးဆက်သည့် စတီးလည်းမထုတ်ရသေး၊ ကျောက်ပတ်တီး လည်း တစ်ခြမ်းစည်းထားဆဲ၊ ရေချိုးသည့်အခါ ကျောက်ပတ်တီးဖြေနိုင် သော်လည်း အထဲမှာရှိနေသည့် ကျိုးပေါင်းမတက်၊ တက်ခါစလောက်မို့ ကျောက်ပတ်တီးတစ်ခြမ်းစည်းပြီး အဝတ်သုံးထောင်ဖြင့် လည်ဆွဲဘယက် ကြီးပါနေဆဲ။

မောင်ကြည်ကို ကြည့်ပြန်တော့ ယာဘက်ခေါင်းပေါင်း အရိုး အလယ်တည့်တည့်မှ အရိုးတစ်လက်မ ဖြတ်လိုက်ရသဖြင့် အရိုးအား ကျွန်တော်ကဲ့သို့ စတီးပြား၊ ဝက်အူတို့နှင့် ဗိတ်ဆက်ထားရာမှ ပြန်မထုတ် ရသေးပါ။ သို့သော် သူ့အတွက် အခြေအနေမဆိုးတော့။ နောက်သုံးလဆို လျှင် စတီးတွေထုတ်တော့မည်။

တစ်ခုရှိပါသေးသည်။ မောင်ကြည်၏ အရိုးတစ်လက်မဖြတ်ရ သည့်အတွက် တစ်ဖက်နိမ့်နေသော ခြေထောက်အား နှစ်ဖက်ညီသွားရန် ဝဲဘက်ပေါင်မှ အရိုးအားတစ်လက်မ ဖြတ်ပေးမည်ဟု ပြောသည့်အခွင့် မောင်ကြည် တော်တော် သဘောကျသွားသည်။ သူကိုယ်တိုင်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



သဘောတူ၍ ဖြတ်ပေးပါရန် ဆန္ဒပြုကြောင်း ဆေးရုံတွင်အတူနေကြစဉ် မောင်ကြည်ပြောသကဲ့သို့ ကျွန်တော်၏ ခွဲစိတ်ဆောင်(၂) (လက်၊ ခါး၊ ခြေ) တာဝန်ဗိုလ်ကြီးဒေါ်စုစု ပြောပြပါသည်။ ကျွန်တော်တို့အဆောင်တွင် အရှေ့ဘက် ခုတင်အတန်းမှာ ခြေတွင်ဒဏ်ရာရသူတွေ၊ အလယ်ခေါင်မှာတော့ ခါးသမားများဖြစ်ပြီး ကျွန်တော်တို့အနောက်ဘက်ခုတင်အတန်းမှာ လက်တွင်ဒဏ်ရာရသူများ ဖြစ်ပါ၏။

ကျွန်တော်တို့တစ်တွေ ဆေးရုံတွင်နေရသည်မှာ တစ်ခါမျှ စိတ်မညစ်ပါ။ ပျော်စရာကောင်း၍ ကောင်းကောင်းအနားယူရသည့်နေရာဆိုပါကလည်း မမှားပါ။ အဘယ့်ကြောင့်ဆိုသော် နေ့အခါများဝယ် ပန်းကန်ပြား၊ စတီးခွက် လွတ်ကျသွားရာဝယ်။

'ဂလွမ်… လွမ်… လွမ်'

'ဟဲ့… ကြောင်မ'

တစ်ယောက်က လွတ်ကျ၏။ တစ်ယောက်က နောက်ပြောင်ကာ ဟဲ့ကြောင်မဟု အော်သည်တွင် အသံစာစာဖြင့် နောက်ဆက်တွဲအသံတွေ ထွက်ပေါ်လာသည်မှာ

'ဟဲ့… ဘယ်ကောင်လဲ၊ အကျိုးတွေ ခြေလက်က ငြိမ်ငြိမ်မနေကြဘူး၊ ပါးစပ်တွေကလည်း တော်တော်ထ၊ ပလာစတာနဲ့ပိတ်ထားတယ်'

'ဟား… ဟား… ဟား… ဟား'

'ဆရာမ ခြေကျိုးတွေဗျို့'

'အလကား ဆရာမရေ၊ အငြိမ်မနေတဲ့ လက်ကျိုးတွေဗျ'

'ဟား… ဟား… ဟား… ဟား'

'ဟဲ့… လက်သမား၊ ခြေသမားတွေကြားထဲက ခါးသမားတွေ ဒီလောက်တောင်ပဲ သဘောကျနေကြသလားတဲ့'

'ဟား… ဟား… ဟား… ဟား'

'ဝါး… ဟား… ဟား… ဟား… ဟား'

ကျွန်တော်တို့အကျိုးအပဲ့တွေအပေါ် အမြဲကြင်နာတတ်သော ဗိုလ်ဒေါ်စုစုမှာ အသံလေး စာစာစာစာဖြင့် အော်တတ်သည်မှအပ စိတ်မဆိုး





ရှာ၊ ကျွန်တော်တို့အဖွဲ့မှ ဆရာမဒေါ်စုစုအပေါ် နွဲ့ချင်တိုင်းနွဲ့ကြ၏။ ဆိုးချင်တိုင်းလည်းဆိုးကြ၏။ ဆရာမကတော့ ခွင့်လွှတ်စမြဲမို့ ဆရာမလို၊ အစ်မတစ်ယောက်၊ မိခင်တစ်ယောက်ပမာ ချစ်ကြ၊ ခင်ကြ၊ ရိုသေကြနှင့် သောကဆိုသည်မှာ မသိမရှိကြပါ။

ညနေရောက်တော့လည်း ရုပ်ရှင်ကြည့်ကြ၊ ရုပ်ရှင်ရုံဝင်ကြေးမှာ တစ်ယောက်တစ်မတ်။ မကြည့်သည်ဟူ၍မရှိ၊ ရုပ်ရှင်နှင့်ဝေးသော ကျွန်တော်တို့ ရှေ့တန်းတောင်တွေ၏ ပျော်စရာမြေဖြစ်ကြသည်။ တစ်ယောက်အပေါ် တစ်ယောက်လည်း ကြင်နာကြသည်။

တစ်နေ့ ကြက်ဥနှစ်လုံးရသည်။ ကြက်ဥအား အစိမ်းအကြက်ခွဲရာတွင် ဆေးရုံပါးဝနေသဖြင့် လွယ်လွယ်ကူကူ သိသည်။ ကြက်ဥအား မီမီးဘေးတွင်ရှိသော ဗီရိုလေးပေါ်သို့ လှည့်ကြည့်လိုက်ရာ ကြက်ဥမှာမွတ်နေအောင် ပတ်ချာလည်ပါက၊ အစိမ်းဖြစ်ကြောင်းနှင့် လှည့်၍မလည်ပါက အကြက်ဥဆိုတာသိပြီးသား။

ကြက်ဥအပြုတ်ဆိုပါက နေ့စဉ်စားနေရသည့်အတွက် ဈေးတန်းသွား၍ လက်ဖက်သုတ်ထဲလှီးထည့်ကာ စားကြ၏။ ရေနွေးပူပူလေးဖြင့် လိုက်ဖက်ပါဘိ။

ကျွန်တော်တို့အဆောင် ခြေဘက်အတန်းမှ ထွန်းလှအောင်ဆိုသော ရခိုင်မှာ အင်မတန် အစသန်၍ နောက်၏ပြောင်၏၊ သူပြန်နောက်လည်း စိတ်မဆိုး၊ သူနှင့်တွဲနေသော ဖော်လှနော်ဆိုသည့် ကချင်ကတော့ စကားသိပ်မပြော။ သို့သော်လည်း ထွန်းလှအောင်နှင့်မှတွဲ၏။

တစ်ညတွင် လက်သွက်သော ဖော်လှနော်သည် ကြွက်ဝမ်းပူလေး တစ်ကောင်အားဖမ်းမိစဉ် ထွန်းလှအောင်မှ ထိုကြွက်ဝမ်းပူကလေးကိုယူပြီး အိပ်ပျော်နေသော ခါးသမား သာမောင်၏ ခြင်ထောင်ကြိုးတန်းလန်းတွင် ကြွက်အား ချည်ထားလိုက်သည်။

ညတာဝန်ကျသည့် ဆရာဝန်ဗိုလ်ကြီးမမတစ်ဦးနှင့် ဆေးတပ်သားတစ်ဦး သူနာပြုအမျိုးသမီးတပ်ကြပ်တစ်ဦးတို့ အဆောင်တွေအား လှည့်ပတ်ကြည့်ရှုစစ်ဆေးစဉ် ရှေ့ဆုံးမှသွားသော သူနာပြုတပ်ကြပ်အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



သည့် ထိုကြိုးနှင့်ချည်ထားသော ကြွက်နှင့်ဝင်တိုးပါတော့သည်။

'ကျွိ… ကျွိ… ကျွိ'

'အောင်မယ်လေး… ဘာကြီးပါလိမ့်'

'ကျိ… ကျိ… ကျိ'

'အို… ကြွက်ကိုကြိုးနဲ့ချည်ထားတာ'

'လန့်လိုက်တာ ဟွး'

'ဟ… ထစမ်း… ထစမ်း'

'ဘာလို့မထနိုင်တာလဲ၊ ထစမ်း'

'ထူပေးလေ'

'ဘာ…'

'ကျွန်တော် ခါးနာနေတာ ထူပေးမှထနိုင်မှာပေါ့'

'ဒါ ဘယ်သူလုပ်တာလဲပြောစမ်း'

'တစ်ယောက်ယောက်လုပ်တာပ ဆရာမ'

'ဟဲ့… နင်ပြောမှလား၊ တစ်ယောက်ယောက်ဆိုတာ ငါသည်း သိတာပေါ့၊ ဘယ်သူလဲ ဒါဆိုခြေသမားတွေပဲဖြစ်မယ်'

'ဟဲ… ဆရာမောင်ဝင်း မှတ်ထား၊ မနက် ဒေါ်စုစုကို တိုင်ကြားလား'

'ဟုတ်ကဲ့ပါမမ'

ဗိုလ်ကြီးမမ ဒေါသထွက်သကဲ့သို့ သူနာပြုတပ်ကြပ် အမျိုးသမီးလည်း ဖော်တော်လန့်သွားရှာသည်။ သူတို့ပြန်ထွက်သွားသောအခါ တခွိခွိ အသံလေးတွေ ထွက်လာကြသည်။ အဆောင်ကူးသွားအခါဝယ် ခါးသမားသာမောင်ထံမှ ထွက်ပေါ်လာသော တေးသံကြောင့် အားလုံးအသံထွက် ရယ်မောလိုက်ကြပါ၏။

'ပပထူမှ ထမယ်… ထမယ်'

'ဟား… ဟား… ဟား… ဟား၊ ဟား… ဟား… ဟား… ဟား'

'ဝါး… ဟား… ဟား… ဟား… ဟား'





ဂေါ်ဝိန်ဆိပ် ဆိပ်ခံဘောတံတားပေါ်မှနေ၍ အဆန်သင်္ဘောကြီး မဆိုက်ကပ်သေးသဖြင့် စောင့်နေရင်း ကျွန်တော်ချစ်သော ပြင်ဦးလွင်စစ်ဆေးရုံကြီးအား ပြန်လည်တမ်းတနေမိသည်။ နောက်တစ်ခေါက် ပြန်သွားလျှင် တို့ရဲဘော်တွေ ရှိကြတော့မည်မထင်တော့၊ ကျွန်တော်၏လက်ပြန်ခွဲ၍ စတီးပြားနှင့် မူလီတွေပြန်ထုတ်ရဦးမည်သာ။

'ဆရာကျော်'

'အေး ပြော'

'ဟောဗျ… သင်္ဘောကြီးကပ်ပြီလေ၊ တက်ကြစို့'

'အယ်… ဟုတ်သားပဲ၊ အေး… အေး… မြန်မြန်တက်ပြီး နေရာယူတာပေါ့'

'ဆရာကျော်ကတော့ လုပ်ပါပြီ၊ ခြေကျိုးကို အရင်တက်နိုင်းနေပြီ'

'ဟာ… ဟုတ်ပကွာ၊ ငါတက်မယ် တက်မယ်'

ကျွန်တော်ပြောပြောဆိုဆို ထိုဆိုက်ကပ်လာသော ပြဒါးပျံသင်္ဘောကြီး အပေါ်ထပ်သို့ ပြေးတက်ကာ နေရာဦးရပါသည်။ ထို (၁၉၆၉)ခုနှစ်ခန့်တွင် သင်္ဘောအပေါ်ထပ်အောက်ထပ် ဦးရာလူစနစ်ဖြင့် နေရာလုရသည်မှာလည်း ပျော်စရာတော့ အကောင်းသားပင်။ ကျွန်တော်တို့နှစ်ယောက်စာ နေရာရရှိကြသကဲ့သို့ အခြားအခြားသော နေရာလုသူတွေမရ၍ ပူညံပူညံ ပြောကြဆိုကြနှင့် ဆူညံနေပါသည်။

ပြဒါးပျံသင်္ဘောကြီးမှာ နှစ်ထပ်သင်္ဘောကြီး၊ နောက်မှာတော့ ရေယက်သည့် ဒလက်ကြီးတွေဖြင့် ရေတိမ်ရေနက်သွားနိုင်သော သင်္ဘောကြီးတွေ၊ ပြဒါးပျံ၊ ပုံတောင်၊ ပုံညာ၊ ပိတောက်၊ ပဒုမ္မာစသည့် သင်္ဘောခေတ်၊ ကျွန်တော်တို့ပြန်မှာက မန္တလေးမှ ဗန်းမော်အထိ လမ်းတွင်သောင်မကပ်ပါက ပုံမှန်သုံးညအိပ် လေးရက်ကြာ၏။ သောင်တင်ပါက မလွယ်၊ ရက်တွက်၍မရ။

ကျွန်တော်တို့နှစ်ယောက် အလယ်တန်းမရ၊ ဘေးတန်းတွင်ရပါသည်။ မတတ်နိုင်ရသည့် နေရာတွင်ပင် ပါလာသော ကျောပိုးအိတ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပလတ်စတစ်မိုးကာခင်းပြီး စောင်ကြား(မှုံ့စောင်) ဖြန့်ခင်းရသည်။ စောင်တစ်ထည်ကိုတော့ လောလောဆယ် စောင်နှင့်ကျောပိုးအိတ် ရောထွေးပြီး ခေါင်းအုံးလုပ်ရသည်။ အဝတ်အစား များများမပါခဲ့ပါ။ ယူနီဖောင်းအပို တစ်ထည်၊ ဆွယ်တာတစ်ထည်၊ ရှပ်အင်္ကျီတစ်ထည်၊ ပုဆိုးနှစ်ကွင်းသာ ပါ၏။

ကျွန်တော်တို့အေးဝယ် ရှမ်းလူငယ်တစ်ယောက် သူ ကြည့်ရသည်မှာ စတိုင်တော့မကျ၊ ရှမ်းဘောင်းဘီ၊ ရှမ်းအင်္ကျီဝတ်ပြီးဖိနပ်မစီး၊ ဒီအတိုင်း လျှောက်သွားနေ၏။ သူ့တွင်အဖော်ပါပုံမရ၊ သဘော်အောက်ဆင်းလျှင်တော့ သူ့ဖိနပ်လက်က ကိုင်သွားသည်။ ဘယ်လိုလူလဲမသိပါ၊ ကျွန်တော့်အသက်ယက်ငယ်ပုံမရ၊ မောင်ကြည်ထက်တော့ ကြီးပါ၏။

'ဆရာကျော်'

'အေး'

'ဒီရှမ်းဘုတ် ဖိနပ်မစီးဘူး၊ စီးကရက်ကတော့ သောက်မှသောက်ပဲ၊ ဆရာကျော်'

'စီးကရက်ကြိုက်လို့ ဖြစ်မှာပေါ့ကွ'

'ဟော့ကောင် မောင်ကြည်'

'ဗျာ'

'မင်းအေးက ကောင်မလေးက လှသားပဲကွ'

'သူ့ကိုသိလို့နဲ့ သူဖြစ်လာတာလေ'

'ခွေးကောင်'

'ရော်... ဆရာပ'

ကျွန်တော့်အား ကျွန်တော့်အေးမှ မောင်ကြည်ပြောသော ရှမ်းဘုတ်ဆိုသူသည် ခေါ်လိုက်ရင်း ပြုံးနေသည်။ သူ့သွားတွေမှာ ရဲဘလောင်းခတ်နေ၏။ သွားတွေမှာ ကွမ်းချေးတက်ပြီး အရေလုံးဝမရှိ၊ အဝါရောင်ပင်မသန်းတော့ပါ။ ရဲရဲကောက်[illegible] သူ၏လျှာမှာလည်း အာနီလျှ[illegible] ကြီးပင်။

'ဟုတ်ကဲ့ ပြောပါ'





'ကျွန်တော့်နာမည်က ခွေးကောင်မဟုတ်ပ၊ ကောက်ခွေးပအေး'

'ဗျာ'

'ရော... စောစောက ဆရာခေါ်တာပအေး၊ ခွေးကောင်ပ၊ ခွေးကောင်မဟုတ်ကောက်ခွေးပ'

'ကျွန်တော် ခင်ဗျားကိုခေါ်တာ မဟုတ်ပါဘူး၊ ဟောဒီကောင်လေး ဝလို့သူ့ကိုနောက်ပြီး ခွေးကောင်လို့ခေါ်တာပါ၊ မိတ်ဆွေ စိတ်မဆိုးနဲ့နော်၊ ဟို ကိုကောက်ခွေးနော့'

'ဟုတ်တာပ၊ စိတ်မဆိုးပအေး၊ သိရတာဝမ်းသာတာပ၊ ဘယ်က ပြန်လာတာပအေး'

'ကျွန်တော်တို့နှစ်ယောက် ပြင်ဦးလွင်စစ်ဆေးရုံက ပြန်လာကြတာပ၊ ဘယ်ကိုပြန်မလို့'

'ရော်... ဒါဆို ဗန်းမော်ပြန်မှာပအေး'

'ဟုတ်ပါတယ်၊ ကိုကောက်ခွေးကော ဘယ်သွားမှာလဲ'

'ကျွန်တော် ဗန်းမော်မှာလည်ပြီး ဖားကန့်ပြန်မှာပ'

'ဖားကန့်မှာနေတာပေါ့'

'ရော်... မနေပ၊ အလုပ်က ဖားကန့်ပအေး'

'ကျောက်တူးတာပေါ့နော့'

'ဟုတ်'

သို့နှင့် ကိုကောက်ခွေးနှင့် ကျွန်တော်တို့ ခင်သွားပါပြီ။ ဒီလိုပါပဲ ခရီးသွားရင် ခင်မင်ကြ၊ နောက်သူ့နေရာသူဆင်း၊ သူ့ဒေသ သူ့ရပ်ရွာ သူပြန်နှင့် တွေ့ကြုံဆုံခွဲပင်၊ ယခုလည်း ကိုကောက်ခွေးနှင့် ခေတ္တခဏ တွေ့ပြီး ခင်ခဲ့ပြီး ဗန်းမော်ရောက်လျှင် ခွဲကြရမည်သာ။

ကျွန်တော်တို့နှစ်ယောက်မှာ ငွေများများမပါကြသည့်အတွက် ဆဘော်သောင်မတင်ရန် ဆုတော[illegible]။ ညနေစာ ထမင်းစားရန် [illegible]တွက် ကုန်းပေါ်သို့တက်မည် [illegible]တော့်မိတ်ဆွေ ကိုကောက်ခွေးမှ မေးလာပါသည်။

'ရော်... ဆရာတို့ ထမင်းတက်စားမှာပအေး'

www.burmeseclassic.com

'ဟုတ်တယ်၊ ကိုကောက်ခွေးကော မစားသေးဘူးလား'

'ရော်… ဘယ်သွားစားမှာပ'

'ဒီသင်္ဘောဆိပ်မှာပဲ စားမယ်လေ၊ အဝစားတစ်ကျပ်ဆိုင်တွေ ရှိတယ်'

'ကျွန်တော်လိုက်မှာပ'

'လိုက်ခဲ့လေ'

ခေါ်သာ ခေါ်ရသည် သူ့ပုံစံမှာ သိပ်မဟန်၊ ဝတ်စားထားပုံမှာ ပုံမ… ပန်းမကျ၊ စီးကရက်သာ သောက်၏။ လူကတော့ တော်တော်ကို …ကျပုံရသည်။ ကိုကောက်ခွေး ဖိနပ်အား လက်နှင့်ကိုင်ကာ လိုက်လာသည်။ သင်္ဘောကုန်းပတ်ပေါ်တက်ကာမှ ဖိနပ်စီးသည်။ တော်ပါသေးဟု တွေးလိုက်မိသည်။

ထမင်းဆိုင်ရောက်တော့ ကိုကောက်ခွေးက အရက်မှာသည်။ သူမှာသည့်အရက်မှ ရမ်အရက်တစ်ပိုင်းမှာပြီး ကျွန်တော်တို့အား တိုက်သည်။ သူလည်း သောက်၏။ ကျွန်တော်တို့အနည်းငယ်မျှသာ သောက်ကြပါသည်။ ကိုကောက်ခွေးကတော့ တစ်ခွက်ပြီးတစ်ခွက် ကြက်သားကြော်တွေလဲ မှာစား၏။

'စိတ်မရှိတာပနော်၊ အားလုံး ကျွန်တော် ကုသိုလ်ပြုကြောပအေး အားရပါးရစားတာပ၊ ကျွန်တော် တစ်လမ်းလုံးကျွေးသွားမှာနော်'

'ဟာ… မဟုတ်ဘာ၊ ကိုကောက်ခွေးရာ'

'ရော… ဟုတ်တာပ၊ ကျွန်တော့်မှာငွေတွေပါတာပ၊ လူပျိုကြီးပအေး၊ ဟား… ဟား… ဟား… ဟား၊ ရှာလို့ရသုံးတာပ'

ကျသမျှအားလုံး ရှင်းပေးလိုက်၏။ နောက်ထပ် သင်္ဘောပေါ် စားရန်ဟုဆိုကာ မန္တလေးပိုးမုန့်၊ လမုန့်နှင့်ကွမ်းယာတွေ ဝယ်ပြန်ပါသည်။ သူကြည့်ရသည်မှာ ပိုက်ဆံတော့ တော်တော်ပေါပုံရသည့်အပြင် သူပြောသည့်အတိုင်း လူပျိုတင်ဦးနှာပို့ရသမျှ သုံးဖွဲ့နေ… တွေးမိသော်လည်း ကျွန်တော်တို့ မေး…

[illegible]





လေးထိုးမုန့်တွေ ကျွေးနေပြန်ပါပြီ။ စီးကရက်လည်း ဘူးလိုက်အတောင့်လိုက် ဝယ်ထားၡချတိုက်ရင်း ပြောပြလာသည်။ အရက်ရှိန်ကလေးရှိသော်လည်း တော်တော်ထိန်းနိုင်သူ၊ သို့သော် ရိုက်စစ်စရာမလိုဟူသော စကားကဲ့သို့ အရက်မူး၍ ကျွဲခိုးပေါ်သည်တော့မဟုတ်၊ သူ့ဘဝ တဒင်္ဂကိုပြောပြပါပြီ။

'ရော်… ကျွန်တော်ပအေး၊ ဖားကန့်မှာ အစ်ကိုတစ်ယောက် ဝမ်းကွဲပ၊ သူနဲ့ကျောက်တူးတာပ၊ ဒီမှာကြည့်တာပ၊ ခြေထောက်တွေ လက်တွေပ'

'ဗျာ…'

'ရော်… စိတ်မရှိတာပ၊ အလုပ်ကြမ်းနဲ့အတူ ရေစိမ်ထားတဲ့ ခြေထောက်ဝေပအေး'

'အခု ဗန်းမော်ကိုအလယ်လာတာ၊ ကျောက်အောင်တာပ'

'ဗျာ…'

'ဟုတ်တာပ၊ ကျောက်အောင်လို့ရတဲ့ငွေ လာဖြုန်းတာပ၊ ဟား… ဟား… ဟား… ဟား'

'ဇာတိက'

'ရော်… ဇာတိက မိုးမိတ်နယ်စပ်ပ၊ အဖေနဲ့အမေရှိတာပ၊ အေး… ငွေပို့တာပ၊ အခု ဗန်းမော်နဲ့ ဟန်းတဲရွာမှ ညီဝမ်းကွဲရှိတာပ၊ မတွေ့တာကြာတာပ၊ အလယ်ပ၊ ငွေလည်းနည်းနည်းပေးမှာပ'

စားလည်းစား၊ စကားလည်းပြော၊ ဆေးလိပ်လည်းသောက်၊ တစ်ယောက်တည်း အလုပ်ရှုပ်နေ၏။ ကျွန်တော့်ကောင် မောင်ကြည်သည် စီးကရက်ဖွာလိုက်၊ မုန့်စားလိုက်နှင့် အကြိုက်တွေ့နေ၏။ ပြောသမျှနားထောင်နေသည်သာ။

'ကျောက်အောင်တာ ဘယ်လောက်ရခဲ့သလဲဗျ'

'ပထမရတာ နည်းနည်းပ၊ နောက်ရတာ များတာပအေး၊ တစ်သိန်းကျော်တာပ'

'ဟာ… အများကြီးပဲဗျ'



www.burmeseclassic.com

www.burmeseclassic.com

မောင်ကြည်မှ အံ့သြစွာ ပြောလိုက်မိသည်။ မှန်ပါသည်။ ကျွန်တော်တို့ လစာမှ ရှစ်ဆယ်မျှရသည့်အချိန်ကို ကောက်ခွေးမှာတစ်သိန်း ကျော်ရတယ်ဆိုတော့ အံ့သြစရာ၊ မကလုံးပေးနေသည်တော့ မဟုတ်ပါ။ အမှန်တကယ်ရှ၍ ရိုးရိုးစင်းစင်း ပြောပြနေခြင်းကို ကျွန်တော် ကောင်းစွာသိပါသည်။

'ကိုကောက်ခွေး'

'ဟုတ်'

'မိန်းမ မယူသေးဘူးလား'

'မယူတော့'

'ဗျာ'

'ဒီလိုပါ၊ ကျွန်တော်ချစ်တဲ့သူဟာ ကျွန်တော့်ရွာက နန်းခမ်းမူလို့ ခေါ်တာပ'

ကိုကောက်ခွေးသည် သူ၏အချစ်အကြောင်း၊ ဘဝဟောင်းကို ပြန်ပြောင်းသတိတရ ပြောပြပါပြီ။ လူရိုးလူအေး တောသားပီပီ၊ အဖြစ်၏ နောက်မှ ပါလာသော အပျက်ဇာတ်လမ်းလေးကို ဖွင့်ဟဝန်ခံရှာဝယ်...

ပန်းအော်တောင်တန်းကြီးဘေးရှိ နန်းကျိုရွာဝယ်၊ ကောက်ခွေး (ခေါ်)လောက်ဟူတို့နှင့်အတူ နန်းခမ်းမူတို့ တစ်ရွာတည်းအတူနေကြသည်။ လောက်ဟူတွင် ဖခင်ဦးလောက်ဝန်၊ မိခင်ဒေါ်နန်းငွန်တို့ဖြင့် မြေပဲစိုက်သကဲ့သို့ မနန်းခမ်းမှာမှလည်း ဖခင်ဦးခမ်းတီး၊ မိခင်ဒေါ်အဲနောင်း ညီမ နန်းခမ်းထွေးတို့သည် ...ည်း မြေပဲစိုက်ကြပျိုးကြ၊ အတူတကွ တောင်ယာ မြေပဲလုပ်ကိုင်စားကြရင်း လောက်ဟူနှင့် နန်းခမ်းတို့ ချစ်ကြိုက်ကြသည်။

လောက်ဟူမိဘတွေက သဘောမတူ၊ နန်းခမ်းမူ မိဘတွေကတော့ သဘောတူ၏။ လောက်ဟူမိဘတွေ သဘောမတူဆိုရာဝယ် နန်းခမ်းမူ၏ မိခင်ကြီးသည်သီ အောက်လမ်းပညာ တတ်သောနာမည်ရ စုန်းမကြီးဟု သတင်းကြ...ရသကဲ့သို့ ...နန်းခမ်းမူ...င်လျှင် ထိုပညာ...တတ်နေကြောင်း သတင်းက ...ကျက်နေသည်။

...င်နေ့ လောက်ဟူနှင့်အတူ နန်းခမ်းမူအား ပိုးနေသော အိုက်စံ





သည် နန်းခမ်းမူတို့အိမ်သွားလည်စဉ် နန်းခမ်းမူမှ ပညာသင်ကာစမို့ မေ့မေ့ သပ်သည့်သဘောဖြင့် နောက်လိုက်သည်ကို ခံလိုက်ရသော အိုက်စံမှတစ် ဆင့်စကား ထပ်ပွားသည်တွင် လောက်ဟူထံသို့ သတင်းက ပျံ့သွားပါ၏။

'ရော်... အိုက်စံပ'

'ဟုတ်တာပ'

'မင်း နန်းခမ်းမူအကြောင်း လျှောက်ပြောတာပ'

'ရော... ဘာပြောတာပ၊ ဟုတ်တာပ၊ ပြောတာပ၊ သူကြမ်းနဲ့ ငါဖင်ကပ်နေတာပအေး၊ ခွာမရ နောက်မှခွာရတာပအေး'

'ငါ မယုံပ'

'အေး... ငါတော့ ကြောက်သွားတာပ၊ နင်ပဲ ယူတာပအေး'

'ရော်... ယူမှာပအေး၊ ငါချစ်တာပ'

'ရော... နန်းခမ်းမူကကော နင့်ကို ချစ်တာပ'

'ချစ်တာပအေး'

'အေး... အေး... နင်ပဲချစ်တာပ၊ ငါတော့ ကြောက်တာပအေး၊ ကြောက်တာပ'

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် နန်းခမ်းမူနှင့် ပတ်သက်၍ ခပြေလည်တော့သည့်အပြင် အိုက်စံမှ သတင်းလွှင့်သည်ဟု ထပ်မံစွပ်စွဲလာသည့်အတွက် သူငယ်ချင်းတွေ ဝိုင်းဝန်းပြန်ဖြေကြပါသော် လည်း နှစ်ယောက်မတည့်ကြတော့၊ စကားလုံးဝမပြောကြတော့ပါ။

ရွာမြီးပိုင်းမှ ဒေါ်နုဝါ၏သမီးလေးမှာ အရမ်းငိုနေသည်။ ချွေး သီးချွေးပေါက်တွေကျသည့်အထိ ချော့မရ ခြောက်မရသဖြင့် အိမ်နီးနားချင်း တွေ၏အကြံပေးချက်အရ ဆေးဆရာကြီးဦးခမ်းတီးအား သွားပင့်ကြသည်။

'ရော်... ကလေးမှာအပ မှီတာပအေး၊ မကြောက်ကြနဲ့ပ၊ ရေ တစ်ခွက် အရင်ပေး သောက်ရေသန့်သန့်ပအေး'

'ဆရာကြီး သောက်ရေပ'

'အေး... အေး'

ဆရာကြီးဦးခမ်းတီးသည် ဘုရားတရားမြဲသူပီပီ ဘုရားစင်ရှေ့

www.burmeseclassic.com

တွင် ရေမန်းပါသည်။ ထိုရေမန်းအား ကလေး၏ဦးခေါင်း၊ မျက်နှာတို့တွင် အနည်းငယ် တောက်ပေးကာ ရေဇိုက်လိုက်သည်။ ပြီးနောက် သူဖော်စပ်ထားသည့် ဆေးတစ်ခွက်လည်း တိုက်ပါသည်။

ထို့နောက် သူစီရင်ထားသည့် လက်ဖွဲ့တစ်လုံးအား လည်ပင်းတွင်ဆွဲပေးရင်း၊ ကလေး၏ဦးခေါင်းကလေးကို ပွတ်သပ်လျက် ထပ်မံမန်းမှုတ်ပေးလိုက်သည်တွင် ကလေးမှာ မောမောနှင့်အငိုတိတ်၍ အိပ်ပျော်သွားပါသည်။ ကလေးအိပ်တော့မှ လူကြီးတွေ စိတ်အေးရသည့်အပြင် ဆရာကြီး ဦးခမ်းတီးအား အလွန်ကျေးဇူးတင်ကြသည့်အပြင် နောက်ဆက်တွဲထွက်ပေါ်လာသော သတင်းမှာလည်း အံ့ဩစရာပင် ဖြစ်ရပြန်သည်။

'ရော်... ဆရာကြီး ဦးခမ်းတီးက ဆေးစွမ်းတာပ'

'ဟုတ်တာပအေး၊ ဦးခမ်းတီးဟာ ဘုရား တရားမြဲတာပ၊ ဒီတော့ စွမ်းတာပအေး'

'တို့ရွာမှာ ဒီဆရာမျိုးရှိတာ တော်သေးတာပ'

'ရော်... တော်ကတော့ ဟုတ်တာပ၊ သူ့ဇနီးဒေါ်အဲနောင်းက ကန့်လန့်ပ'

'အေး...ဟုတ်တော့ဟုတ်တာပ၊ သတင်းကြားရတာမကောင်းပ'

'ဘယ်လိုကြားတာပအေး'

'ရော... အပြင်မှာ ခက်တာပ၊ ကြောက်စရာလည်း ကောင်းတာပ'

'ဘယ်လိုကြားတာပအေး'

'ရော... ပြောရမှာ ခက်တာပ၊ ကြောက်စရာလည်း ကောင်းတာပ'

'တိုးတိုးပြောတာဗ'

'အေးပ... ဒေါ်အဲနောင်းဟာ စုန်းဖြစ်တာပ'

'ကြားတာပအေး၊ သူ့သမီး နန်းခမ်းမူလည်း တတ်နေပြီဆိုတာ၊ ဒုက္ခပအေး'

ရွာထဲတွင် ထိုသတင်းမှာ ပျံ့နှံ့နေသည်။ ဤသို့သတင်းဆိုးဆိုးပါ





က မြန်မြန်ဆန်ဆန် ပျံ့နှံ့တတ်သော သတင်းမျိုး ဖြစ်ပါသည်။ ယောကျ်ားဖြစ်သူ ဦးခမ်းတီးမှာ ဆေးကုသောအထက်လမ်းဆေးဆရာ ပုဂ္ဂိုလ်တစ်ဦး သူ့ဇနီးဒေါ်အဲနောင်းမှာမူ စုန်းပညာနှင့်ပြုစား၏။ သူပြုစားသမျှ ယောကျ်ားဖြစ်သူ ဦးခမ်းတီးမှ ဆေးကုနေရသည်မို့ ဟုတ်တော့ ဟုတ်နေ၏။

ဦးခမ်းထီးမှ သူ၏ဇနီးအား ဆိုဆုံးမ၏။ ထိုအောက်လမ်းပညာကိုမပြုလုပ်ရန် တားမြစ်ပါသော်လည်း မရပါ။ ဒေါ်အဲနောင်းသည် ဦးခမ်းတီးအပေါ် သစ္စာရှိ၏။ ဦးခမ်းတီးကလည်း မေတ္တာမပျက်။ သို့အတွက် ခက်နေပါ၏။ ထိုပညာအား အပြီးအပိုင်အပ်နှံရန် အတင်းတိုက်တွန်းပို့သည့်အဆုံး ဦးခမ်းတီးမှ ဘုရားတွင်တိုင်တည်၍ သစ္စာဆိုပါသည်။ ဦးခမ်းတီး သစ္စာဆိုသည်မှာ တခြားမဟုတ်ပါ။ ဘုရားအား ဝတ်ပြုပြီးနောက် နေ့စဉ်လိုလိုပင်

'အရှင်မြတ်ကြီးဘုရား၊ ဘုရားတပည့်တော်သည် ဇနီးသည်ကို ပြုစားမှုခံရသူ ဝေဒနာရှင်မှန်သမျှအား နေ့ညမပြတ် ကုသရပါလို၏၊ ကုသသမျှ ပျောက်ကင်းကြပါစေသား၊ ဇနီးသည်၏ အမှားစရိုက်အတွက် တစ်ဦးတစ်ယောက်မျှ အသေအကြေမပျက်စီးကြပါစေနှင့်ဘုရား၊ တပည့်တော်အချိန်မီ ကုသပေးနိုင်သည့်ဘဝသို့ ရောက်ရပါလို၏'

ဟူသော သစ္စာတရားပြုပြီး မေတ္တာပွားများ ကုသပေးနေပါသည်။ တစ်ရွာလုံး သိကြပါသော်လည်း မပြောရဲကြပါ။ တချို့လူကြီးသူမတွေ၏ဆိုဆုံးမမှုဝယ် ရွာတစ်ရွာမှာ စုန်းအိမ်တစ်အိမ်ရှိတတ်တယ်။ တချို့စုန်းဟာ သူ့ကိုယ်သူ မသိဘူးတဲ့။ သို့သော်လည်း အဲဒီဝမ်းတွင်းစုန်းတတ်သူဟာ ဒေါသဖြစ်ပြီး သူမကျေနပ်သူကို စိတ်ထဲကနေပြီး ပြောဆိုလိုက်ရင် အဲဒီလူဟာ အနည်းဆုံး ခေါင်းကိုက်တတ်တယ်ဟု ဆိုကြပါသည်။

ဆေးဆရာကြီး ဦးခမ်းတီးသည် ရွာလည်၍ ဆေးကုသရသည်။ သူနှင့်အတူ ဒေါ်အဲနောင်းလည်း လိုက်ပါတတ်သည်။ ဒေါ်အဲနောင်းသည် ရောက်သည့်ဒေသ အရပ်ကျေးရွာ နေအိမ်တို့တွင် သူ၏ခင်ပွန်းသည်နှင့် ထပ်တူထပ်မျှ ကူညီပေးသယောင် ဘုရားစင်ရှေ့ဝယ် ဘုရားတရားမြဲသည့်အသွင် ဆင်ချင်တတ်သည့်အတွက် မသိသူတွေအားလုံးမှာ ဆေးဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com


ကတော်တို့အား အလွန်ရှိသေကြသည်သာ။

တစ်နေ့ ဆေးဆရာကြီးတို့ တခြားရွာသို့ ညအိပ်ဆေးကုသွားစဉ် ရွာသားများသည် ဆရာကြီးအိမ်အောက် ကြက်ခြံမှကြက်ခိုးရန် မိုးချုပ်နေဝင်စောင့်ပြီး ခြံထဲသို့ဝင်လိုက်သည်တွင်

'ရော်... ဘာကောင်ကြီးပအေး'

'ရော်... ဟုတ်ပ၊ ဟာ... အမွေးတွေနဲ့ အစိုင်း'

'ရော်... နောက်မှာတစ်ကောင်ပ၊ အိုက်စံ အိုက်စံ နောက်မှာပ'

သူတို့နှစ်ယောက်၏ နောက်ခြံစည်းရိုးကို မှီနေသော မည်းမည်းနက်အမွေးအမျှင်တွေနှင့် ခွေးနက်ကြီးတွေလိုလို ဝက်ဝံကြီးတွေလိုလို တွေ့လိုက်ရသည်။

'အစိုင်း ဘယ်လိုလုပ်ရပအေး'

'အိုက်စံပ၊ ကြောက်တာပအေး'

'အစိုင်း ပြေးကြတာပ'

'ရော်... လွှတ်ပါ့မလား'

'ရော်... လာသာလာတာပအေး၊ ပြေးကြတာပ'

သူတို့နှစ်ယောက် တွေ့နေရသော ခွေးလိုလို အကောင်ကြီးနှစ်ကောင်သည် ဘာမျှတော့ မလုပ်၊ ရပ်နေမြဲပင်။ ခြံစည်းရိုးမှီထားသော အကောင်ကြီးသည် မသိပါက ဝက်ဝံကြီးပင်။ အိမ်ဘက်ခြံထဲမှ အကောင်မှာတော့ ခွေးကဲ့သို့ လေးဘက်ထောက်လိုက် ဆောင့်ကြောင့်ထိုင်လိုက် လျှာကြီးထွက်လာလိုက်။

'ရူး... ရူး... ရူး'

'ရူး... ရူး... ရူး'

ဟူသော မပီသံမှတပါး အခြားအသံတော့ မထွက်ပါ။ နောက်ဆုံးသူတို့နှစ်ယောက်သား ကြောက်လန့်အားဖြင့် စည်းရိုးဘေး အကောင်ကြီးနှင့်ဝါးတစ်ပြန် ခြံစည်းရိုးဘက် ထွက်ပြေးသည်တွင် ထိုအကောင်ကြီးတွေဒီအတိုင်း ကြည့်နေသည်တွင် လွတ်အောင်ပြေးကြသော အစိုင်းနှင့်အိုက်စံတို့နှစ်ယောက် ခြံအားခွကျော်ပြီး လမ်းပေါ်အရောက် သူတို့ခွကျော်ခဲ့သည့်





ည်းရိုးပေါ်တွင် မျောက်ဝံကြီးပမာ မတ်တတ်ရပ်ပြီး ကြည့်နေကြသည်။

'ဟာ... အကြီးကြီးပအေး'

'ရော်... ဘုရားပ၊ သရဲ... သရဲ'

'လာကြပါအေး၊ လာကြပါ၊ သရဲ... သရဲ... သရဲပ'

'ရော်... ဘယ်သူတွေပ၊ ဘာဖြစ်တွေမှ'

'ရော်... ဘခွေးဟုန်ပ၊ ဘခွေးဟုန်၊ ဟိုမှာ ဟိုမှာ သရဲကြီးနှစ်ကောင်ပ'

ရွာသားတွေ ဝိုင်းအုံရောက်လာကြသည်။ အစိုင်းနှင့်အိုက်စံ ညွှန်ပြသည့် ဆေးဆရာကြီး ဦးခမ်းတီးခြံဘက် ကြည့်ပါသော်လည်း ဘာကောင်မှမတွေ့ရ။ သူတို့နှစ်ယောက် မျက်စိစုံမှိတ်အော်နေကြသည်။

'ရော်... အိုက်စံပ၊ အိုက်စံ'

'ရော်... အစိုင်း၊ အစိုင်းပ၊ ဘာမှမရှိတာပ'

'ရော်... ရှိ... ရှိ... ရော်... မရှိ မရှိတော့'

'အစိုင်း'

'ရော်... အိုက်စံပ၊ ဘာကောင်မှမရှိတော့ပအေး'

'ဟုတ်တာပအေး'

'ရော်... အစ်ကိုအိုက်စံတို့ ဘာဖြစ်ကြတာပအေး'

'ဟုတ်... ဟုတ်... ဘာဖြစ်ကြတာပ'

အိုက်စံနှင့် အစိုင်းတို့နှစ်ယောက်သည် နန်းခမ်းမူနှင့် သူညီမနန်းခမ်းထွေးတို့အား ကြည့်ပြီး ကြက်သေသေသလို ဖြစ်နေကြ၏။ သူတို့တွေ့သော သရဲနှစ်ကောင် ရပ်နေသည့် ခြံစည်းရိုးအား လက်ညှိုးထိုးလျက် ဘာပြောရမှန်း မသိတော့ပါ။

'ရော်... ဘာဖြစ်ကြတာပ'

'ဟို... ဟို... သရဲ'

'ရော်... မဟုတ်တာပ၊ ဘယ်ကသရဲပအေး၊ နန်းတို့အိမ်မှာ ဘာသရဲမှ မရှိတာပ၊ ဘာတွေ လာပြောကြတာပ'

'ဘခွေးဟုန်၊ ဘခွေးဟုန် ကျွန်တော်တို့ မြင်မှာပအေး'

www.burmeseclassic.com

'အေး… အေး ပြန်ကြတာပ၊ ဖြည်းဖြည်းပအေး၊ ဖြည်း
ပြန်ကြတာပ'

မနက်မိုးလင်းသောအခါ ထိုသတင်းသည် တစ်ရွာလုံးပျံ့နှံ့ ပြန်ပါသည်။ ပျံ့နှံ့သွားပုံမှာ တခြားမဟုတ်ပါ။ ဆေးဆရာကြီးဦးခမ်း အိမ်တွင် အစောင့်သရဲမွေးထားကြောင်း သတင်းဆိုးကြီးတစ်ရပ် ထွက်ပေါ်လာပြန်ပါပြီ။

ထိုသတင်းဆိုးကြီးကြောင့် တစ်ရွာလုံးလိုလိုပင် ဦးခမ်းတီး အိမ်ရိပ်သို့ မနင်းကြတော့။ ဦးခမ်းတီးလည်း ထိုသတင်းကို ကြား သို့သော် သူ မမွေးပါ။ မွေးထားသူမှာ ဓနိးဖြစ်သူ ဒေါ်အဲနောင်းသ ကြောင်းကို ဆေးဆရာကြီး ဘုရား တရားမြဲသော ဦးခမ်းတီးတစ် စိတ်မကောင်းသည့်အပြင် ရွာထဲသို့ပင် မျက်နှာမပြရဲသလောက် ဖြ ပါသည်။

'ရော်… ကိုခမ်းပ'

'အင်…'

'ခြံစောင့်မွေးထားတာ ကောင်းတာပ၊ သမီးတွေလည်း မ ယှက်ရဲဘူး၊ ပစ္စည်းလည်းမခိုးရဲတာပအေး'

'အင်း… ဟုတ်တော့ ဟုတ်တာပ၊ ဒါပေမဲ့ ရွာသား အကြည်ညိုပျက်တာပအေး၊ မကောင်းဖြစ်ရတာပ'

'ရော်… ဘယ်သူပြောတာပအေး၊ ကိုခမ်းကို ဘယ်သူ တာပ၊ ပြောစမ်းပအေး'

'တော်ပါတော့ မအဲရယ်၊ သူတစ်ပါးကို ဒုက္ခမပေးပါနဲ့မ တာ မလုပ်တာအေးတာပ'

'ကိုခမ်းပ၊ ရှင်ဆေးကုနေတာ နာမည်ရနေတာ ကျုပ် ရှင့် ကျုပ်ကြောင့်ပ'

'ရော်… တော်ပါတော့ကွာ၊ သူများကြားတာပအေး'

ကြာလာတော့ လင်မယားနှစ်ယောက်ပင် ကတောက် ဖြစ်လာကြသည့်တွင် ဦးခမ်းတီးတစ်ယောက် စိတ်မရှည်တော့သဖြ





တည်း ရွာထဲအလယ်ဟုဆိုကာ အိမ်မှထွက်သွားပါသည်။ ဦးခမ်း ချုပ်၍ အိမ်ပြန်မရောက်တော့။ ဦးခမ်းတီးသည် စိတ်ပေါက်ပေါက် ရွာမှထွက်သွားလေပြီ။

ဒေါ်အဲနောင်းနှင့် သမီးနန်းခမ်းမှု နမ်းခမ်းထွေးတို့မှာ မျက်ရည် ကျ အခက်ကြုံရပါပြီ။ ဒေါ်အဲနောင်းသည် သူ၏ပညာဖြင့် အမျိုးမျိုး သော်လည်း ရွာသူရွာသားတွေအား အခဲမကျေဖြစ်ရာမှ နောက်ဆုံး

'ရော… စမ်းမှုပ'

'ဟုတ်ကဲ့ အမေ'

'နင် ဟိုကောင်ကိုပြော မြန်မြန်လက်ထပ်လို့'

'ရော်… အမေကလည်း မပြောချင်တာပ'

'မဖြစ်ဘူး ပြောရမယ်၊ နင်မပြော ငါပြောမှာပ၊ ယူချင်ယူ ကတော့ အသေသတ်မှာပအေး'

'ရော… ဒုက္ခပ'

ကောက်ခွေး (ခေါ်)လောက်ဟူသည် ဒူးလေးတစ်လက်ဖြင့် က်၊ တောချေမှအစ ဒရယ်၊ တောကြောင်၊ အကောင်အမျိုးမျိုး သော မုဆိုးတစ်ယောက်၊ များများရပါက ရောင်းစား၏။ သူရ ည်း ချစ်သူနန်းခမ်းမှုတို့အိမ်သို့ ပို့ပေးရာသည်ကို သိနေသော နောင်းမှ အကြပ်ကိုင်ပါပြီ။ ထိုအကြပ်ကိုင်မှုကို နန်းခမ်းမှု မကြိုက် ခင်၏အေါသကိုလည်း စိုးရိမ်ရသည်။ သို့အတွက် ရေလိုက်ငါး ှင့် အလိုက်အထိုက်နေရင်း တစ်နေ့ လောက်ဟူသည် တောပစ် အိမ်မှထွက်ရာဝယ်။

'ရော်… ကောက်ခွေးသား'

'ဟုတ်ကဲ့ အမေ'

'လူကလေးကို ပြောချင်တာပ'

'ပြောတာပအေး'

မိခင်ကြီးသည် နန်းခမ်းမှုနှင့် သဘောတူသော်လည်း နန်းခမ်းမှု ၏ စုန်းပညာနှင့်အတူ နန်းခမ်းမှုပါ ပညာတတ်နေသည်ဆိုသည့်


www.burmeseclassic.com

www.burmeseclassic.com



သတင်းကြောင့် စိုးရိမ်ကြောင့်ကြ ဖြစ်ရသည့်အပြင် အိပ်မက်တွေ
မကောင်း၍ သူ့သားအား ပြောပြနေသည်။

‘အမေက နန်းခမ်းမူလေးကိုချစ်တာပဲ’

‘ရော်… အမေချစ်ရင် ပြီးတာပဲ’

‘ဒါပေမဲ့ သားရယ်၊ သူတို့ပညာတွေက ကြောက်စရာပဲ
ခမ်းမူမတတ်ပအေး’

‘ရော… တစ်ရွာလုံးသိတာပအေး’

‘ဒီတော့’

‘ဒီတော့ သား တခြားမှာအလုပ်သွားလုပ်တာဝ’

‘ရော်… မဖြစ်တာပ’

‘ကောက်ခွေးပဲ’

‘ဟုတ်’

‘ဒီနေ့ တောပစ်မထွက်ရင်ကောင်းမှာပ’

‘ရော်… ထွက်ချင်တာပအေး၊ မစိုးရိမ်ပါနဲ့ဆို’

‘အင်း… အိပ်မက် မကောင်းတာလည်း ပါတာပ
ရတာပ၊ ကဲ… သားသွားမှာပ’

ကားမရသော သားအား ကြည့်ပြီးကျန်ခဲ့သော မိခင်ကြီး
ငွန်တစ်ယောက် ဘာမျှမပြောတတ်တော့ပါ။ သားဖြစ်သူသည် အ
ရာတွင် စနစ်တကျလုပ်ကိုင်၏။ ကြိုးစားအားထုတ်၍ သား
တောပစ်ထွက်၍ ရသမျှ ရောင်းစားသည်။ ရသမျှ ငွေတစ်ပြ
သူမကိုင်၊ မိခင်လက်ထဲ အားလုံးထည့်သည်ဖြစ်၍ ဒေါ်အဲနော
သမီးအတွက် စိတ်ချရသည်ဟု တွေးတောကာ သိသောတူခဲ့ခြင်း
လည်း ဒေါ်နန်းငွန်တို့ဘက်မှာတော့ သဘောမတူနိုင်တော့ပါ
ထိုအကြောင်းတွေ သိသွားသော ဒေါ်အဲနောင်းသည်
တိုမိသားစုအပေါ် စိတ်တို၍ အန္တရာယ်ပြုရန် ဆုံးဖြတ်လိုက်သည်
ဒေါ်နန်းငွန်တို့ မိသားစုမသိရှာ၊ ထိုကိစ္စနှင့်ပတ်သက်ပြီး နန်း
သောကရောက်ရပါပြီ။





‘ရော်… အစ်ကိုပ’

‘ရော်… ခမ်းမူ ဘယ်သွားမှာပ’

‘အစ်ကို တောပစ်ထွက်မှပ’

‘ဟုတ်တာပအေး၊ ဘာသားစားမလဲပ၊ ရအောင်ရှာခဲ့မှာပအေး’

‘ဒီနေ့ မထွက်ရင်ကောင်းမှာပ’

‘အချိန်ရတုန်း ထွက်ရတာပအေး၊ အပြန်မှတွေ့ကြတာပ’

‘ရော်… မသွားပါနဲ့ဆို’

‘ခက်တာပအေး၊ ဘာမှမဖြစ်တာပ’

ကိုကောက်ခွေး (ခေါ်)လောက်ဟူသည် ဒူးလေးထမ်းပြီး ခပ်သွက်သွက် တောပစ်ထွက်ခဲ့ပါပြီ။ တောဆိုသည်မှာ ရွာနှင့်ကပ်နေသည်သာ။ တစ်မိုင်ပတ်ဝန်းကျင်တွင် တောကောင်က ပေါ၏။ မနက်ပိုင်းဆိုတော့ သားကောင်တွေ မအိပ်ခင်ရှာရမည်သာ။

တောထဲရောက်၍ ရန့်သူပစ်နေကြ မြောင်လိုလို တောအုပ်အုပ်ဖြစ်ပြီး ရေစပ်စပ်တွင် မကြာမကြာ တောဝက်နှင့်ချေရတတ်သည့် နေရာသို့ အရောက် ချုံငယ်တစ်ခုဘေးကပ်ပြီး ခါးကုန်းကာ သားကောင်ရှာရသည်တွင် ပထမဆုံး ပျားအုံဝင်တိုးမိ၍ သက်ငယ်ချုံအတွင်း အတင်းဝင်တိုးလိုက်ရသည်။

တော်ပါသေးသည်။ လျှင်လျှင်မြန်မြန်နှင့် သက်ငယ်ချုံကလည်းနီးသည့်အတွက် ချုံထဲရောက်သွားခြင်းဖြစ်သကဲ့သို့ ပျားလေးဆိုသည်မှာ မွှေးလိမ်ပျားသာသာမို့ သိပ်တော့ မထိခိုက်ပါ။ ပျားတုပ်တော့ခံရသည့်အတွက် စိတ်လည်းတိုသွားမိသည်။ ထိုသို့ စိတ်တိုသွားသော ကောက်ခွေးသည် ချုံထဲမှအောက်ဘက်ရွှေ့ပြီး တိုးအထွက် သူ့ကိုတွေ့လိုက်ရသော ကျားကြီးသည် သူ့အား ကြည့်နေပါပြီ။

သူကမတွေ့။ ကျားက တွေ့၏။ သူတွေ့လိုက်သောအခါ ကျားကြီးသည် သူ့အား ကိုက်တော့မည်။ ခုန်အုပ်တော့မည့်အသွင်ကြောင့် သူ ဘာလုပ်ရမှန်းမသိတော့။

‘ရော်… ဒုက္ခပအေး’



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ကောင်... ဟဲ့ကောင် ကောက်ချေး'

'ရော်.... အမေနှောင်းပ'

'အေး... အဲဒီကျားက နင့်ကိုက်တော့မှာပ'

'ရော်... ဒုက္ခ၊ အမေနှောင်းလည်း ပြေးတာပ'

'ကိစ္စမရှိပ၊ ငါ မောင်းမှာပအေး၊ နင် လွတ်အောင်ပြေးတာပ'

'ရော်... အမေနှောင်း ပြေးတာပ၊ ကျွန်တော် ပစ်မှာပ'

'ရှော... နင်မပစ်နဲ့၊ နင် ပြေးတာပ'

'ရှူး... ရှူး... ဂူး... ဂူး'

'ဝုန်း... ဘုန်း'

'ရော်... အမေနှောင်းပ'

ဒေါ်အဲနှောင်းသည် ကျားကြီးအား တရှူးရှူးဟုပ်၍ မောင်းနေရင်း
သူ၏ ရုပ်အသွင်မှာ ကြောက်မက်ဖွယ်ကောင်းအောင် ဖြစ်ပေါ်လာသည်

ကောက်ချေးမှာ ကျားကြောက်ရသည့်အထဲ ဒေါ်အဲနှောင်းအသွ
မြင်ရ၍ အနားတွင်ရှိနေသော ချုံတောင်ပို့နှင့်အတူ နဘူး ချုံဘေးပြေးကာ
ပြီး ချောင်းကြည့်လိုက်ပြန်သောအခါ ကျားလည်းမတွေ့တော့။ အမေနှောင်
ဆိုသည့် ဒေါ်အဲနှောင်းလည်းမမြင်။

'ရော်... အမေနှောင်း ကျားချွဲသွားပြီပ'

သေသေချာချာ ကြည့်ပါသော်လည်းမတွေ့၊ တော်တော်ဝေးဝေ
ဝယ် ကျားကြီးမှာ မိန်းမကြီးတစ်ယောက်အား ကိုယ်စားနေသည်ကို မြ
လိုက်ရသော အခါဝယ် အလှန်စိုးရိမ်သွားလေပြီ။ သူ့ယောက္ခမလောင်
ကြီး အမေနှောင်း သေရှာပြီဟု တွေးကာ ဒေါသဖြစ်ဖြစ်နှင့် သူ၏ဒူးလေ
ဝယ် မြားတင်လိုက်ပြီးနောက် မုဆိုးထိုင်ထိုင်ကာ မြားတစ်စင်းဖြင့် ပ
ခွင်းလိုက်သည်တွင် မြားသည် တန်းတန်းမတ်မတ် ကျားကြီးကိုထိမှန်
ပြီ။

'အား...'

'ဝုန်း'

'ဟေး... ဝေါင်း... ဝေါင်း... ဝေါင်း'



ဝုန်း... ဝုန်း... ဝုန်း'

'ကယ်ကြပါ'

'ရော်... ဒုက္ခပ'

'ရှော... ငါပစ်တာ ကျားပအေး၊ မှန်တာလည်းကျားပ၊ ခုတော့
လူသံပ၊ လူသံမှလူသံအစစ်ပ'

'ရော်... မဟုတ်သေးတာပ၊ ကျား လူသံနဲ့ ကျားသံရောနှော
နေတာပ၊ ငါ ဘာလုပ်ရပ'

ကောက်ချေးတစ်ယောက် လူသံ၊ ကျားသံဆူညံနေသည့်အတွက်
ဝေခွဲတတ်ပါ။ ကောက်ချေး(ခေါ်) လောက်ဟူသည် တစ်ယောက်တည်း
ဘာလည်နေကျ၊ တောပစ်ထွက်၍ အဖော်မခေါ် နောက်တစ်ခုမှာ ဤ
ဘာသည် ကောက်ချေးအတွက် အမြဲတောပစ်နေကျ၊ သဘောမှာကြက်
းနေသောတော၊ ဘယ်နေရာမှာ ဘာကောင်ရှိသည်။ ဘယ်စောင်းမှဖြတ်
် ဘယ်နေရာရောက်မည်။ ဘယ်တောင်စောင်း၊ ချုံနှင့် ချောင်းဘေးတွင်
ကောင်တွေထွက်တတ်သည်ကို သိပြီးသား။

တောပစ်ထွက်သည့်အခါ ရှူသားအချို့နှင့် တွေ့ခဲ့ဖူးသော်လည်း
ယောက္ခမလောင်းကြီးနှင့်တော့ တစ်ခါဖူးမျှ မတွေ့ဖူးပါ။ ယခုတော့
ခါမှ မကြုံဖူးသော ကျားကြီး၊ ထိုကျားကြီးနှင့် ထပ်တူထပ်မျှ တွေ့ရ
ာ ယောက္ခမလောင်းကြီးသည် သတ္တိကောင်းကောင်းဖြင့် ကျားကြီးအား
င်းနေပုံ၊ တစဖက်ကျားကော လူပါ ပျောက်သွားရာမှ ကျားကြီးသည်
ကြီးမိန်းမတစ်ဦးအား စားနေစဉ် သူ၏ယောက္ခမလောင်းထင်ကာ ပစ်ခတ်
က်စဉ် ထိမှန်သွားသည်မှာ ကျားကြီး။

ထိမှန်၍ နာကျင်မှုအတွက် ထွက်ပေါ်လာသော အသံတွေမှာ
သနှင့် ကျားသံရောနှောနေပြန်သည်။ လူဆိုရင် ဘယ်သူလဲ၊ ဘယ်လိုများ
န်သွားသနည်း၊ သူမြင်လိုက်သည်မှာ ကျားကြီး၏တင်ပါး၊ ခုတော့
းနေရသည့်အသံတွေမှာ ကြောက်မက်ဖွယ်ကောင်းလွန်းသော အသံ
နှင့် လုံးထွေးအော်ဟစ်ရင်း ချုံတွေလှုပ်နေရာမှ လူလည်းမတွေ့တော့
းလည်းမမြင်တော့ပါ။



www.burmeseclassic.com

'အီး… အင်း… အင်း'

'ဂူး… အင်း… အား'

'အား… အား… အား'

'ရော်… လူသံတွေပ'

'ဟင်… ဒီအသံက လူသံတော့ လူသံပအေး'

ကောက်ခွေး တွေးနေပါပြီ။ သူကြားနေသည်မှာ လူသံမှလူသံ အစစ်။ သို့သော် ထိုအသံရှင်နှင့် သူ ရင်းရင်းနှီးနှီးသိ၏။ ထိုအသံရှင် ဘယ်သူနည်း။ စောစောက သူတွေ့၍ သူ့အသက်ကယ်သလိုလုပ်နေသော ယောက္ခမကြီး အမေနှောင်းသည်လည်း မရှိတော့ပါ။ အမေနှောင်းအသံ လည်းမဟုတ်၊ ကျားစားနေသော မိန်းမသည်လည်း ဟုတ်မှဟုတ်ပါလေစ၊ အကယ်၍ တကယ့်ကျားက တကယ့်ကို စားသည်ဆိုပါကလည်း လူသည် သေပြီးနေပြီ။ လူသေကောင်အား ကျားစားနေပါက ထိုအသေကောင်မှ အသံထွက်ရန် အကြောင်းမရှိတော့ပါ။

'အား… အား… အင့်'

'နို… ဘာပါလိမ့်'

'အား… အစ်ကိုပ၊ အစ်ကို'

'ရော်… ဒုက္ခပအေး'

'ရော်… နာတာပ၊ အား… ကယ်ပါ'

'တောက်… နန်းခမ်းမူပ၊ ရော်… မဟုတ်၊ ဒါသက်သက်နဲ့ပ'

'နာတာပ၊ အား… အား… အင်း'

ကောက်ခွေးသည် သတိရလာပါပြီ။ သူ့အား နှောင့်ယှက်သလို ကူညီသလိုလုပ်နေသူမှာ ယောက္ခမလောင်းကြီး ဒေါ်အဲနှောင်းမှလွဲ၍ ခမ်းမူ လုံးဝမဖြစ်နိုင်၊ တကယ်လို့ ခမ်းမူအထင်ဖြင့် အနားသွားပါက သူ့အတွက် မတွေးရဲ။ ဒုက္ခလှလှကြီးနှင့် တွေ့သွားနိုင်ဟု သတိရပြီးသည်နှင့် မသိမသာ နောက်ဆုတ် နောက်ဆုတ်နှင့် တောထဲမှ ထွက်ပြေးကာ ရွာထဲသို့ရောက် သွားပါပြီ။

ရွာထဲရောက်၍ အိမ်သို့မပြန်သေးဘဲ နန်းခမ်းမူတို့ အိမ်ဘေးရှိ



www.burmeseclassic.com



သူသူငယ်ချင်း ကျောက်မောင်းအိမ်သို့ ဝင်ရောက်ပြီး ကျောက်မောင်းမတွေ့ ဘဲ သူ့၏ညီမလေး အီးဘုတ်အား လက်ကာပြပြီး အီးဘုတ်အိမ့်ပေါ်မှနေ၍ နန်းခမ်းမူတို့ အိမ်ဘက်ကြည့်လိုက်သောအခါ နန်းခမ်းမူနှင့် နန်းခမ်းတွေး တို့ ညီအစ်မနှစ်ယောက် ဆန်းထောင်းနေသည်ကို တွေ့ရပြီး ဘာမျှထူးခြားမှု မရှိပါ။ သို့အတွက် ဆက်လက်စောင့်ကြည့်နေစဉ်…

နန်းခမ်းတွေးမှ သူ၏အမေအား မြင်လိုက်၏။ ကြောက်တော် တောင်ကြည့်နေရင်း တအံ့တဩဖြစ်ကာ ကြောက်ရွံ့ထိတ်လန့်နေသော အမူအရာတွေဖြင့်…

'ရော်… မမူပ၊ မမူ… ခြံဝမှာ… ခြံဝမှာ ကျားကြီး… ကျားကြီးပ'

'ရော်… ဟုတ်တာပ၊ အို… မဟုတ်… မဟုတ်'

'မမူပ… မမူ… ကြောက်တာပအေး'

'ရော်… လာကြပါ၊ လာကြပါ။ ကျားကြီးဝင်လာတာပ၊ အိမ် ထဲ ကျားကြီးဝင်လာတာပအေး၊ လာကြပါ၊ ကယ်ကြပါ'

'ရော်… အတွေးပါ၊ ကျားမဟုတ် ကျားမဟုတ်၊ အမေပအေး အမေပ၊ ရော်… ဘယ်လိုဖြစ်တာပ'

'ရော်… မမူပ၊ ကျားမှကျားပ'

နန်းခမ်းတွေး မြင်တွေ့သည်မှာ ကျားကြီး မြားတန်းလန်းနှင့် နန်းခမ်းမူမှာတော့ သို့မဟုတ် မိခင်၏ပုညာရထား၍ သူ့မိခင်ကြီးသည် ကျားယောင်ဆောင်ထားခြင်းမှန်းသိ၏။ ပုံမှန်အတိုင်း မြင်တတ်သည် မညာနိုင်သော နောက်လမ်းစုံးအတတ်ဖြင့် လူအစစ်မှ ကျားယောင်ဆော ဆော ဒေါ်အဲနှောင်းမှာ မြားမှန်သောအခါ ကျားအသွင်ဖြင့်မှန်ထ နှ လူအဖြစ် မြန်မြန်ပြောင်းရန်သတိမရဘဲ ရွာထဲရှိအိမ်သို့ သတိရကာ ပြန် သ ခြင်းဖြစ်ပါသည်။

'ရော်… လာကြပ၊ လာကြပအေး။ ကျားတဲ့ ကျား… က ဘယ်မှာပအေး'

'ရော်… နန်းခမ်းမူတို့ အိမ်ထဲမှာပအေး'



www.burmeseclassic.com

www.burmeseclassic.com

'ရော်… ဓားတွေ၊ လှံတွေ၊ မှိန်းတွေ ယူခဲ့ကြ'

'ဒုက္ခတွေတော့ ဖြစ်ပြီပ၊ အမေ… အမေပ… အမေ… အမေ၊ ဘဝပြောင်းတာပ၊ ကျားမထောင်နဲ့ပအေး'

'ရော်… ဟုတ်တာပအေး'

'ရော်… မြန်မြန်ပ'

'ကျားကြီးပအေး၊ လာကြပါ'

'ရော်… အတွေးပ၊ မအော်နဲ့၊ မအော်နဲ့၊ မျက်စိဖွင့်ကြည့်စမ်း၊ ဘယ်မှာကျားပအေး'

'ရော်… အို… အို… ရော်… အမေ…အမေပ၊ မဟုတ်တာပအေး၊ အမေမဟုတ်၊ ကျား… ကျားမဟုတ်အမေပ၊ အမေ… အမေ၊ ဘယ်လိုဖြစ်တာပအေး'

ထိုအချိန်မှာပင် ရွာသားတွေ ဝိုင်းဝန်းရောက်လာကြပါပြီ။ တော်ပါသေးသည်။ နန်းခမ်းမှူး၏ သတိပေးမှုလေးမှာ အချိန်မီတိုအတွင်း ကျားအသွင်မှ လူအသွင်ပြောင်းလိုက်နိုင်၍ ရွာသားတွေအားလုံး မသိပါသော်လည်း ကောက်ခွေးနှင့် အီးဘုတ်တော့ သိသွားပါပြီ။

နန်းခမ်းမှူး၏ စကားနှင့်အတူ နန်းခမ်းထွေး အော်သံတွေအား ကြားနေရဘိသကဲ့သို့ အားလုံးမြင်တွေ့နေရသော ကောက်ခွေးသည် ကြောက်ရွံ့သည့်အပြင် ကျောချမ်းလာသည်။ သူဘေးမှအသားတွေပင် တုန်နေအောင် ကြောက်ရှာသည့် အီးဘုတ်ကလေးကြည့်ပြီး သနားသွားသည့်အပြင် သူလည်း ကြောက်ရွံ့သဖြင့် ဘာဆက်လုပ်ရမှန်းမသိတော့။

နောက်ဆုံး ရွာသားတွေရှိရာသို့ မသိမသာ သူရောက်သွားပြီး သွေးတွေနှင့် တင်ပါးမှစူးနစ်နေသော သူပစ်သည့် မြားတော့ဟုတ်ပါ၏။ သို့သော် ထိုမြားအား ဆွဲနုတ်လိုက်သည့်အခါတွင် တင်ပါးဝယ်ပါက်တက်ကြီး ကွဲနေသောဒဏ်ရာနှင့် ဒေါ်အဲနောင်းအဖြစ်ဆိုးကိုကြည့်ရင်း အလွန်ကြောက်စိတ်တွေ ဝင်လာနေသော်လည်း ဟန်မပျက်ကြည့်နေစဉ်မှာပင် ဒေါ်အဲနောင်း၏ ကြောက်မက်ဖွယ်ရာကောင်းသော မျက်လုံးကြီးတွေက စူးစူးစိုက်စိုက်ဖြင့် သူ့အား ကြည့်လာသည်။





ကောက်ခွေး(ခေါ်) လောက်ဟူ ကြောက်ရွံ့သည်မှာ ပြောမပြတတ်တော့။ ဘာဆက်လုပ်ရမည် မသိ၍ ထိုစူးရှလွန်းသော မျက်လုံးကြီးတွေအား ရှောင်လွှဲလိုက်ရင်း နန်းခမ်းမှူးအား ကြည့်လိုက်ပါ၏။

နန်းခမ်းမှူးမှလည်း သူ့အား ပြန်ကြည့်လာပုံမှာ ချစ်သူတစ်ယောက်၏အကြည့်နှင့် မတူတော့။ သူ့မိခင် စုန်းမကြီးဒေါ်အဲနောင်း၏စိတ်နှင့် နန်းခမ်းမှူး၏ စိတ်တို့ ရောထွေးနေသည့်အပြင် အသွင်တူသော အသိတွေ အမြင်တွေဖြင့် သူ့အား စားတော့ဝါးတော့မည့်အသွင် ကြောက်မက်ဖွယ်ပင်။ လူနှင့်မတူ။ ကျားနှင့်မခြား စားတော့ဝါးတော့မည့်အလား ဖြစ်နေသည်တွင် လူတွေအကြားမှ မသိမသာ တိုးထွက်ရင်း အိမ်သို့အမြန်ပြန်ခဲ့ပါပြီ။ အိမ်ပြန်လာပါသော်လည်း တစ်လမ်းလုံး ကြောက်စိတ်တွေက စိုးမိုးပြီးနောက် ဒေါ်အဲနောင်း၏ ကျားအသွင်မျက်နှာနှင့် ကျားမျက်လုံးတွေကိုလည်းကောင်း၊ ချစ်ရသူ နန်းခမ်းမှူး၏ မိခင်အသွင်ဆောင်လေသော ကျားတစ်ပိုင်း လူတစ်ပိုင်းမျက်နှာသွင်ပြင်နှင့် မျက်လုံးတွေက ခြောက်လှန့်နေသည့်အပြင်၊ နန်းခမ်းမှူတို့အိမ်ဝယ် ကောက်ခွေး(ခေါ်) လောက်ဟူနှင့် အီးဘုတ်တို့ တွေ့လိုက်ရသည့် လူတစ်ပိုင်း ကျားတစ်ပိုင်းတွေကို ပြန်သတိရမြင်ယောင်နေသည့်အပြင် နန်းခမ်းထွေး အော်သံတွေ သူ့နားထဲသို့ အစလိုက်အပြုံလိုက် တိုးဝင်နေပါပြီ။

အိမ်ပေါ်ရောက်သည်တွင် ကောက်ခွေး၏ဖခင်နှင့် မိခင်တို့အား အဖြစ်အပျက်တွေပြောပြသည်တွင် ဖခင်မှအိမ်ရှိဘုရားစင်မှ ဘုရားသောက်တော်ရေကို တိုက်၏။ ဖခင်အမြဲစိပ်သော ပုတီးကိုလည်ယ်မှာဆွဲပေးသော်လည်း စိတ်တွေ ဂယောင်ချောက်ချားဖြစ်နေသော ကောက်ခွေး(ခေါ်) လောက်ဟူအား မိဘတို့မှ အမြန်ဆုံးစီစဉ်ကာ နွားလှည်းဖြင့်ရွာမှ ထွက်ခဲ့ပါသည်။ နန်းကိုရွာ၏ အရှေ့တောင်ဘက်ရှိ မံဟူးရွာသို့ပို့လိုက်ပြီး ကောက်ခွေး(ခေါ်) လောက်ဟူအား ဒသာာပေါက်အောင် ပြောရသည်မှာ အလွန်လွယ်ကူသွားပါပြီ။

ဒေါ်အဲနောင်း၏ မရိုးမသားသော အောက်လမ်းအတတ်ပညာအပြင် ကောက်ခွေး(ခေါ်) လောက်ဟူ ကြိုက်နှစ်သက်နေသူ နန်းခမ်းမှူပင်



www.burmeseclassic.com

www.burmeseclassic.com

လျှင် ထိုပညာတွေရရှိနေကြောင်း သိလိုက်သော ကောက်ခွေးသည်

'အဘနဲ့ အမေပါ၊ ကျွန်တော် ဖားကန့်သွားတော့မှာပအေး'

'ကောင်းတာပအေး။ ဒါမှ သားအသက်ရှည်မှာပ'

'သားအလုပ်ကောင်းရင် အဘနဲ့အမေလည်း ဇိမ်နဲ့မောင် ဟန်းတဲ ပြောင်းတာပ'

'ဒါက နောက်မှ စဉ်းစားတာပ၊ သားအရင်ပြေးတာ အကောင်းဆုံးပ'

'ရော်… သား မနက်မိုးလင်းတာနဲ့ ဖားကန့်သွားမှာပ'

'ကောင်းတာပ'

'ရော်… သားကို အမေပြောတာပအေး။ အဲနောင်းဆိုတာပ၊ သူယောကျ်ား ခမ်းတီးပ၊ ခေါးဆရာ ခမ်းတီးပ၊ သူဒဏ်မခံနိုင်တာ အသီပ၊ ထွက်ပြေးသွားတာပ၊ သေသလားရှင်သလား မသိပ၊ ကြောက်စရာကောင်းတာပ'

ကောက်ခွေး(ခေါ်) လောက်ဟူတစ်ယောက်မှည်း ချစ်သူအတွက် စိတ်မကောင်းသလို ကြောက်ကြောက်ရွံ့ရွံ့ဖြင့် စွန့်စားခဲ့ရပါပြီ။ ကောက်ခွေး ဖားကန့်ရောက်ပြီး တစ်လခန့်တွင် ဒေါ်အဲနောင်းတစ်ယောက် သူ၏ ခါးမှဒဏ်ရာဖြင့် ကွယ်လွန်သွားကြောင်း သိရပြီးနောက် နှန်းခမ်းမှုနှင့် နန်းခမ်းထွေးတို့ ညီအစ်မနှစ်ယောက်သည်လည်း ရွာတွင်မနေတော့ဘဲ သူတို့၏အမျိုးများ နေထိုင်ရာ မြောက်ပိုင်း ရှမ်းပြည်ဘက် ပြောင်းသွားကြောင်း သိရပါ၏။

'အင်း… ကိုကောက်ခွေးရဲ့ ဇာတ်လမ်းက မှိုဆိုးမဟုတ်တဲ့ ကြောက်မက်ဖွယ် အချစ်ဇာတ်လမ်းပဲ ဆိုရမှာပေါ့နော်'

'ရော်… မဟုတ်တာပ၊ အချစ်မဟုတ်ပ၊ တောထဲမှာမြွေနဲ့ပစ်ခဲ့တဲ့ ကျားဇာတ်လမ်းပအေး'

'ဪ… ဟုတ်တော့ ဟုတ်ပါရဲ့၊ ကျားက ဘာကျားလည်း ကိုကောက်ခွေး'

'ရော်… ကျားက ဘာကျားလဲဆိုတော့ မပြောတတ်ပ'





'ဒါဆို ဘယ်ရမှာပ'

'ဗျာ… ဘာဖြစ်လို့လဲ ကိုကောက်ခွေး၊ ဟိုချစ်ရသူ မနန်းခမ်းမှု ကို သတိရနေလို့ပါနော်'

'ရော်… မဟုတ်တာပ၊ နန်းခမ်းမှုကြောင့် ကျွန်တော် ဘယ်သူမှ မချစ်ရဲတော့တာပ၊ နောက်တစ်ခု ရှိသေးတာပ'

'ဗျာ… ဇာတ်လမ်းမဆုံးသေးဘူးလား'

'မဆုံးသေးသော ဇာတ်လမ်းပအေး'

'ဗျာ'

ကျွန်တော်နှင့် မောင်ကြည်သည် မဆုံးသေးသော ဇာတ်လမ်းအား ကြားချင်ကြပါသည်။ ကိုကောက်ခွေး(ခေါ်) ကိုလောက်ဟူသည် သူ၏ အိတ်ကြီးထဲမှ ရမ်ပုလင်းဆွဲထုတ်ပြီး တစ်ရက်မက်ခွက်ကလေးထဲသို့ အရက်ငှဲ့ထည့်လိုက်သည်။

'ဆရာတို့ပ၊ အမြည်… ဘာမရှိ၊ လမုန့်နဲ့မြည်းကြတာပအေး'

'ရပါတယ်၊ ကိုကောက်ခွေး ဘယ်တုန်းက ဝယ်ထားတာလဲ'

'သဘော်ပေါ်မဆင်းခင်တည်းက ဝယ်ထားတာပအေး၊ သောက်ကြတာပ'

ကျွန်တော် တစ်ခွက်လုံး မော့လိုက်သည်။ နောက် မောင်ကြည်လည်းသောက်ပြီးနောက် လမုန့်အား ဖဲ့စားလိုက်သည်။ အမြည်းမရှိ၍ ရှိတာနှင့်သာ မြည်းလိုက်သော်လည်း ကိုကောက်ခွေးမှာ စီးကရက်နှင့် မြည်းနေသည်။

'ရော်… ဒီလိုပအေး'

'ဗျာ… ဒီလိုလုပ်တာ ဆက်ပါဦး'

'ဟုတ်တာပ'

ဒေါ်အဲနောင်း ကွယ်လွန်သွားပြီးနောက် တစ်လခန့် ဘာမျှမထူးပါ။ သူ့သမီးနှစ်ယောက် ရွာမှအပြီးအပိုင် ပြောင်းရွှေ့ပြီးသည့် နောက်နေ့မှစ၍ ရွာထဲတွင် သောင်းကျန်းပါပြီ။ စုန်းမကြီးဘဝပြောင်း၍ သေသွားရာမှ နောက်ဆုံးအဆင့် မကျွတ်မလွတ်တော့ဘဲ သရဲဘဝရောက်သွား

www.burmeseclassic.com

ပါပြီ။ သူ၏အိမ်နှင့်ခြံဝယ် လူမရှိတော့၍ တိတ်ဆိတ်နေရမည့်အစား ထိုအိမ်နှင့်ခြံဝယ် လူမပြောနှင့်။ ခွေးတွေဝင်ရောက်ပါကလည်း ခွေးတွေအား အဘယ်ကဲ့သို့ လုပ်သည်မရှိ။

တစ်နေ့ ကျောက်မောင်းတို့အိမ်မှ ခွေးသည် ခြံချင်းကပ်နေသော ခေါ်အဲနောင်းတို့ခြံထဲသို့ ဝင်သွားစဉ် ကျောက်မောင်းမှလည်း သူ၏ခွေးအား ခေါ်ပြီး အခင်းထဲသွားရန် အိမ်ပေါ်မှဆင်းကာ လှေခါးအဆုံးတစ်ဘက် ခြံထဲရောက်သွားသော ခွေးအားခေါ်၍ လှမ်းအကြည့်…

'ကိန်… ကိန်… ကိန်'

'ကိန်… ကိန်'

'ရော်‥ ခွေးကို ဘယ်သူရိုက်တာပ'

ခွေးမှာ တော်တော့်ကို နာကြင်စွာဖြင့်လဲသွားရာမှ ကုန်းကြုံ့ထပြီး ပြေးလာပါသည်။ သို့သော်လည်း ခွေးမှာသူ၏ခြံဘက်ရောက်ပြီး လုံးဝကို မထနိုင်တော့ပါ။

'ရော်… လူမရှိတဲ့ ခြံပ၊ ဘယ်သူရိုက်တာပအေး'

'ရော်‥ ကိုကိုပ'

'အေး‥ ဘာလဲပ'

'မနေ့ကပအေး၊ အိမ်ရှေ့အိမ်က ခွေးတစ်ကောင်လည်း အဲဒီခြံထဲဝင်တာ ဘယ်သူရိုက်မှန်းမသိတာပ'

'ဟုတ်တာပအေး၊ လူလည်း မတွေ့လားပအေး'

ခြံထဲရောက်သမျှခွေး၊ ကြောင်နှင့် ကြက်ပင် အဝင်မခံ၊ ဘယ်သူ ဘယ်ဝါ ရိုက်ပုတ်မောင်းထုတ်နေသည် မသိရသည့်အပြင် ညပိုင်းတွင်လည်း ခွေးဟောင်သံလိုလို၊ လူညည်းသံလိုလို အသံတွေကြားနေရသည်မှာ တစ်ရက်မဟုတ်တော့။ ညဉ့်စဉ် ညတိုင်းလိုလို ကြားရသည့်အပြင် လူသံ၊ လူရိပ်ပါ မြင်မြင်နေရလေပြီ။

ကောက်ခွေး(ခေါ်)လောက်ဟူ၏ ဖခင်ဦးလောက်ယန်သည် ညနေ ငါးနာရီခန့်တွင် အိမ်အောက်ရှိ ကုလားထိုင်တွင်ထိုင်ပြီး တရားစာအုပ် ဖတ်နေခိုက် ခြံထဲသို့ လူတစ်ယောက်ဝင်လာသည်ကို မသိလိုက်။ သို့ပါ





သော်လည်း သူ့နားထဲတွင် ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ

ဦးလောက်ယန်တစ်ယောက် ကြောက်စိတ်တွေဖြင့် ကုလားထိုင် ပေါ်မှ ထမရ၊ ပါးစပ်မှလည်း ဘာမျှထွက်ပေါ်မလာ။ အကြောက်လွန် နေသည့်အပြင် နောက်ဆုံး သူတွေ့လိုက်ရသည့်အရာအား ဘာမှန်းမသိ ဖြစ်ကာ ဘာကောင်ပါလိမ့်ဟုလည်း မတွေးတတ်တော့ပါ။ သူမျက်စိထဲ တွင် မြင်တွေ့လိုက်ရသည့်အကောင်မှာ ကျားခေါင်းနှင့်လူကိုယ်မှာ မျက်လုံး ကြီးတွေပြူးပြီး အစွယ်တဖွေးဖွေးနှင့် ပါးစပ်ကြီးဟထားသော ကျားဆိုးကြီး ဖြစ်နေသည်။

သို့သော် ခန္ဓာကိုယ်ကြီးမှာတော့ မိန်းမကြီးတစ်ယောက်၊ ထိုမိန်းမ ကြီး၏ ဝတ်စားထားပုံမှာ အင်္ကျီအနက် ထဘီအနက်နှင့် လူမှလူအစစ်ဖြစ် နေပြန်သည်။ ဦးလောက်ယန် သတိမရခင်မှာပင် အိမ်ပေါ်မှ ဆင်းလာသော ဒေါ်နန်းငွေနှင့်သည်

'ရော်… ဘယ်သူပအေး'

'ရော်… အဲနောင်းပ၊ အဲနောင်း'

'ဝူး… ဝါး… ဝေါင်း'

ဒေါ်နန်းငွေနှင့်မှ သူတွေ့ရသည့် ကျားခေါင်းနှင့် လူကိုယ်ဖြစ်နေ သော ဒေါ်အဲနောင်းအား လူအသွင်ဖြင့် မြင်ရ၍ အဲနောင်းဟုလည်း ခေါ် လိုက်သည်ဖွင့် ဝူးဝါးဟု အော်ရာမှ ကျားသံလိုလို ကစ်ချက်ကြားပြီး ပျောက်သွားပါပြီ။

လင်မယားနှစ်ယောက် တော်တော်လေး ကြောက်ရွံ့နေချိန်မှာပင် ရွာဦးကျောင်းမှ ဆရာတော်သည်လည်း ဘယ်ကဘယ်လို ကြွလာသည်မသိ ဖြစ်ရပျက်ရာတွေ ပြောပြလိုက် တင်ပြလျှောက်ထားလိုက်သည်တွင် ဆရာ တော်မှ ထိုအကြောင်းတွေ ကြားနေရကြောင်း နောက်နေ့တွင် ဒေါ်အဲနောင်း ၏ခြံနှင့် ရွာတွင်းဝယ် ပရိတ်ရွတ်မည်ဖြစ်ကြောင်း ပြောကာ ရေမန်းမန်း၍ လူတွေလည်းတိုက်၍ ခြံပတ်ပတ်လည်ကိုလည်း ပက်ဖျန်းခိုင်းလိုက်သည်။

ထိုနေ့ညပိုင်းဝယ် လမ်းပေါ်မှ အသံတွေကြားနေရ၏။ လူရိပ် လည်းတွေ့ရသည်။ ထိုအသံမှာ 'ကောက်ခွေး၊ ကောက်ခွေး ဒီ ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ နင်ဘယ်မှာလဲ’ ဆိုသောအသံတွေမှာ တစ်ညလုံးလိုလို ကြားကြသည်။

ခွေးအူသံတွေမှာလည်း တစ်ရွာလုံးဆူညံနေသည့်အပြင် ဒေါ်အဲနောင်းအိမ်ဝယ် မီးရောင်အမျိုးမျိုးလင်းလိုက်၊ မီးလုံးကြီးတွေ အိမ်ပေါ်မှနေ၍ အပေါ်သို့ တက်သွားလိုက်ပြန်ကျလိုက်၊ ရွာထဲလမ်းမပေါ်တွင် လွင့်နေသည်ကိုလည်း တွေ့ရသဖြင့် တစ်ရွာလုံးကြောက်ရွံ့ကာ ထိတ်လန့်နေကြသော်လည်း ဆရာတော်၏စကားကြောင့် အားမာန်တက်နေကြသည်။

နောက်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဒေါ်အဲနောင်းအိမ်ခြံဝင်း ရွာဦးရွာထိပ်တို့တွင် ပရိတ်တွေရွတ်ပြီးနောက် ဒေါ်အဲနောင်းအိမ်အား ဆရာတော်ဦးစီးပြီး အိမ်ကိုဖျက်၏။ အိမ်ဖျက်ပြီးလျှင် အိမ်တိုင်တွေနှင့် အချို့သစ်တွေကျောင်းသို့ သယ်ယူကာ ကျန်ပစ္စည်းတွေ မီးပုံရှို့သည့်အပြင် မြေကိုပါလှန်လိုက်သည့်အတွက် ထိုနေ့မှစ၍ အားလုံးချုပ်ငြိမ်းသွားပါပြီ။

ခါတိုင်းညဘက် လမ်းလျှောက်နေသော ဒေါ်အဲနောင်းအား ဆရာတော်မှ နှင်လိုက်ကြောင်း၊ ရွာနှင့်ဝေးရာသို့ ပြေးသွားပြီဖြစ်ကြောင်း ဆရာတော်မှ မြွက်ကြားသည့်အပြင် ခြောက်လှန့်ခြင်းမရှိတော့ပါ။ တစ်ရွာလုံးဆရာတော့်၏ စကားကြားရပြီးမှ စိတ်ချမ်းမြေ့ကြသည်ကို သိရသောကောက်ခွေးတစ်ယောက် ယခုချိန်ထိ ရွာမပြန်တော့ပါ။

ဒေါ်အဲနောင်းမှာ သူ့သမီးနှင့် ယှဉ်စေလိုသော်လည်း ကောက်ခွေးက ကြောက်၍ မယူရဲတော့သည့်အဆုံး ကောက်ခွေး၏ဝါသနာအရ မုဆိုးဘဝကို အကောင်အထည်ဖော်ခိုက် ကြောက်လန့်စေရန် အကောင်သဘောသမီးအသံ၊ သူကိုယ်တိုင်မှ ကူညီပါက သူ့သမီးအား နှစ်သက်ပေမည်ဟုထင်မြင်ယူဆကာ အကောင်းဘက်မှမရှုဘဲ မကောင်းမှုဖြင့် အနိုင်ကျင့်သည့်အဆုံး သူသာလျှင် ရှုံးခဲ့ပါပြီ။

‘ရော်… ဆရာကြီးတို့ပ၊ ကျွန်တော့်အကြောင်း ဒါပအေး’

ကျွန်တော့်ကို သရဲဘဝနဲ့တောင်ရှာနေတဲ့ အမေနောင်းကိုကြောက်တာပ၊ နောက်ပြီး နန်းခမ်းမူသတင်းလည်း မကြားတော့ပအေး၊ သူ့အမေလိုမဖြစ်ပါစေနဲ့၊ သူ့အဖေကဲ့သို့ ကျွန်တော် မခံစားနိုင်ပ၊ ဒါကြောင့်





ဟဲ… ဟဲ… ဟဲ… ဟဲ၊ လူပျိုကြီးပအေး၊ လူပျိုကြီးပ’

‘အခု ဗန်းမော်ဟန်းတဲရောက်ပြီး ခင်ဗျားအဖေတို့ အမေတို့ထံ မသွားတော့ဘူးလား’

‘မသွားပအေး၊ အဖေနဲ့အမေ မကြာမကြာ လိုက်လာတာပအေး’

‘ဒီလိုဆို ခင်ဗျားရဲ့မုဆိုးထိုင်ထိုင်ပြီး ပစ်တဲ့ မြားဒဏ်သင့်သွားတဲ့ စုန်းပေါ့နော်’

‘ဟုတ်တာပအေး၊ ဆရာပြောသလိုပနော့၊ မြားဒဏ်သင့်တဲ့ စုန်းဘဝကသူ့ရဲ့ သရဲဘဝက ဘာဖြစ်သွားတာပ၊ မသိတော့တာပအေး၊ မသိတာကြောင်းတာပ’

‘ကိုကောက်ခွေး’

‘ဟုတ်’

‘အခု ကျောက်အောင်တာ တော်တော်ရတယ်နော်’

‘ဒီလိုပအေး၊ အောင်ရင်ရတာပ’

‘ကိုကောက်ခွေး’

‘ဟုတ်’

‘မိန်းမမရပေမယ့် ကျောက်အောင်လို့ရတယ်ဆိုတော့ ဟန်ကျတာပေါ့ဗျာ၊ အခု စိတ်ကြိုက်ပျော်လို့ရတာပေါ့’

ကျွန်တော်တို့ စကားပြောရင်း နားလိုက်ပါပြီ။ အိပ်စက်လိုက်ပါပြီ။ ဘယ်လောက်အထိ အိပ်ပျော်သွားသည်မသိ။ လူသံတွေဆူညံနေမှ သိလိုက်ရတော့ သဘောကြီးပင် ထွက်တော့မည်။ အမြန်တ အိပ်ရာသိမ်းသန့်ရှင်းမှုများပြီး၍ လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်ကြစဉ်မှာပင်…

‘ရော်… ခမ်းမူနဲ့ ခမ်းထွေးပ’

‘ဗျာ… ဘာပြောတယ်’

‘ဟို သီလရှင်နှစ်ပါးပအေး၊ အဲဒါ နန်းခမ်းမူနဲ့ နန်းခမ်းထွေး တို့ညီအစ်မပအေး’

‘ဟုတ်ရဲ့လား’

‘ဟုတ်တာပ၊ ဝမ်းသာတာပအေး’



www.burmeseclassic.com

www.burmeseclassic.com



သဘော်ပေါ်မှ အလှူခံလာလေသည်လား၊ သို့မဟုတ် တစ်ဦးတစ်ယောက်အားလာရောက် နှုတ်ဆက်ပြီး ပြန်ဆင်းသွားကြသည်လားမသိတော့ပါ။ ရှမ်းသီလရှင် ညီအစ်မနှစ်ယောက်မှာတော့ ကောက်ခွေး(ခေါ်) လောက်ဟူအား မြင်သွားပုံမရ။

"ရော်··· နောက်ကျတာပ၊ ငွေတောင် မလှူရတာပအေး၊ အင်း··· သီလရှင်ဝတ်သွားကဲ့အတွက် ဝမ်းသာစရာပ၊ သူမှာအပြစ်ကင်းစင်သွားပြီပအေး"

သီလရှင်နှစ်ပါးမှ ဂေါ်ဝိန်ဆိပ်ခံသောသဘောပေါ်မှတစ်ဆင့် ကမ်းပေါ်သို့ ကူးရွေ့ရ၊ ခြေလှမ်းမှန်မှန်ဖြင့် တက်သွားနေသကဲ့သို့ ကျွန်တော်တို့၏ ပြဒါးပျံသဘော်ကြီးလည်း ကွက်ခွာခဲ့ပါပြီ။ ထိုသီလရှင်နှစ်ပါးအား မြင်တွေ့ရသော ကိုကောက်ခွေး စိတ်ထဲမှာ ကြည်လင်သွားသကဲ့သို့ မြားဒတ်သင့်ဇာတ်လမ်းလေးလည်း ပြီးဆုံးသွားပြီဟု တွေးရင်း။

❖ ❖ ❖



# ဆင်ကန်းမြောင် တောင်ခြေမှအပြန်

ပဲခူးရိုးမတောင်တန်းကြီးသည် မြန်မာနိုင်ငံ၏ ခံတပ်ရိုးမကြီးတစ်ခုအဖြစ် ရပ်တည်နေခဲ့သည်။ ထိုပဲခူးရိုးမ တောင်တန်းကြီးဝယ် သစ်အမျိုးမျိုး၊ ပါး၊ ဓနိ၊ ဓနုံး(ဓနုံး)၊ သက်ငယ်မှအစ အိမ်ထောင်ပစ္စည်းလယ်ယာသုံးတောထွက်ပစ္စည်းပေါ ကြွယ်ဝသော ရိုးမကြီးဆိုမှါကလည်း မမှားပါ။ ထိုပဲခူးရိုးမကြီးတွင် သစ်တော၊ သစ်ပင်များနှင့်အတူ ချောင်းမြောင်း၊ ချောက်ကမ်းပါးတွေလည်း ပေါကြွယ်ဝပါသဗျ။

ဤသို့သော တောနက်ကြီး၊ တောပင်အိုးပင်၊ ဥပင်တွေနှင့် ထပ်တူထပ်မျှ တောသတ္တဝါကြီးများဖြစ်သော တောဆင်အုပ်တွေ၏ ကျက်စားရာ နေရာဒေသကြီးဖြစ်သည့်အပြင် ကျား၊ ဝက်ဝံ၊ ကျားသစ်မှအစ တောတိရစ္ဆာန်တွေလည်း မိုတင်းခိုနား ပေါက်ဖွားရာဒေသကြီးနှင့် ရိုးမတောင်တန်းကြီးဖြစ်လေ၏။

ထိုပဲခူးရိုးမတစ်လျှောက် လူနေမှုထူပြောသော တောင်ခြေရွာများရှိသကဲ့သို့ တောင်စောင်းနှင့် တောင်ထိပ်တို့တွင်လည်း ကျေးရွာလေးတွေရှိကြသည်။ တောင်ခြေကျေးရွာများသည် အခင်းနှင့်လယ်ယာ လုပ်ကိုင်စားသောက်ကြသည့်အတွက် တောတိရစ္ဆာန်တွေအတွက် တစ်ဖက်တစ်လမ်းမှ စားကျက်မြေ၊ အစားအသောက်ပေါ်သော ဒေသဖြစ်သကဲ့သို့ ထိုကျေးရွာတွေမှ မုဆိုးတွေအတွက်လည်း သားကောင်ပစ်ခတ်ရမှု လွယ်ကူသော ဒေသဖြစ်ပါသည်။ အပြန်အလှန် အမှီသဟဲရှိနေကြသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာတွေ တည်မြဲခြင်းလုပ်ကိုင်စားသောက်မှု အဆင်ပြေချောမွေ့၍ တွေ ရွာသေးမှရွာကြီး ဖြစ်လာသည်လည်း ရှိနေပြန်ပါပြီ။

ဤရွာကြီးများနှင့် တောင်စောင်း တောင်ပေါ်ရွာတွေသည်လည်း တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းဖြင့် မိတ်ဆွေတွေ၊ ဆွေမျိုးတွေဖြစ်ကြ၏။ တောတက်၍ ဝါးခုတ် သစ်ခုတ်ကြသည့် တောင်ခြေရွာသားများ ရှိခဲ့၏။ တောင်ပေါ်၊ တောင်ခြေရွာများမှလည်း သူတို့၏သက်ငယ်ခင်း၊ ဓနိခင်း၊ ဝလူနှင့် ဓနိခင်းတွေမှ ကျေးရွာများ၏ နေအိမ်၊ တဲ စသည့်အမိုးအကာအတွက် ရောင်းချပေးသည့်အပြင် တောထွက်သားကောင်တွေ၏ အသားတွေရောင်း၏။ မြေပြန့်တောင်ခြေမှ ဆန်စပါးနှင့် အဝတ်အထည် လူသုံး၊ အိမ်သုံး အသုံးအဆောင်တွေပြန်ဝယ်ကြနှင့် ရှေးပဝေသဏီမှ ဆင်းသက်လာသော မိရိုးဖလာလုပ်ငန်းနှင့်ဆက်သွယ်နေသော အနွယ်အညွှန့်တွေမှာ တလူလူရှင်သန်နေဆဲပင်။

မုဆိုးကြီးစောထူးသာတို့ ရွာကလေးသည် တောင်ထိပ်ပေါ်လည်း မဟုတ်၊ တောင်ခြေရွာလည်းမမည်ပါ။ တောင်အလယ် မရောက်တရောက် ဓနိတော၊ ဓနိတော၊ ဝလူနှင့် သက်ငယ်များ အများဆုံးထွက်သည့် စိုက်ပျိုးကြသည့် ခလောက်တူးရွာကလေး တစ်ရွာ၊ ထိုခလောက်တူးရွာဝယ် အိမ်ခြေသုံးဆယ်ခန့် ရှိ၏။ တစ်ရွာလုံး ဗုဒ္ဓဘာသာ ကရင်လူမျိုးများ နေထိုင်ကြသည်။ အလွန်ရိုးသား၏။ အေးအတူ ပူအမျှထာဝရ သစ္စာရှိလှန်းသော ကရင်တိုင်းရင်းသားများဖြစ်သည့်အပြင် ရွာနီးကျောင်းဆရာတော်၏စကားကို နားထောင်ကြ၏။ ဆရာတော်ကျောင်းမှာကား မကြီးကျယ်၊ ဆရာတော်တစ်ပါး၊ ကျောင်းသားနှစ်ယောက်သာ ရှိသည်။

အလှူအတန်း၊ ဒါမှမဟုတ် ရှင်ပြုသည့်အခါလောက်သာ ကိုရင်ကိုမြင်ရသော်လည်း ခုနစ်ရက်မှ အလွန်ဆုံးဆယ်ရက်ကျော်လျှင်တော့ ပုံမှန်ပင် ဆရာတော်နှင့် ကျောင်းသားနှစ်ယောက်မှလွဲ၍ တိတ်ဆိတ်နေသော ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ဆရာတော်သည် သက်တော်ငါးဆယ်ကျော်သကဲ့သို့ ကျောင်းသားနှစ်ယောက်မှာလည်း ဆယ့်ကျော်သည့်သီအစ်ကိုနှစ်ယောက်၊ မိဘမဲ့လေးတွေဖြစ်၍ ဆရာတော်မှ ကောက်ယူမွေးစား





ထားသည်သာ။ သို့မဟုတ်ပါ ဆရာတော်တစ်ပါးသာ ရှိပေမည်။ ဆရာတော်မှာ စာတတ်ပေတတ်ကြီးတော့ မဟုတ်ပါ။ သို့သော် တရားအားထုတ်မှုတွင် ထူးကဲကြောင်းနှင့် မေတ္တာဘာဝနာပွားများရာတွင် သူမတူသောပုဂ္ဂိုလ်ဖြစ်နေကြောင်း ရွာသားလူကြီးများမှ ပြောလေ့ပြောထရှိသည်မို့ တစ်ရွာလုံးမှ ထိုကျောင်းထိုင်ဆရာတော်အား အလွန်ကြည်ညိုပြီး ဆွမ်းကွမ်းမလစ်ဟင်းအောင် လှူကြတန်းကြသည့်အပြင် အခါကြီးရက်ကြီးများဝယ် ဆရာတော်၏ကျောင်းတွင် သီလယူကြ၊ ဥပုသ်စောင့်ကြသည်။

ထိုခလောက်တူးရွာသည် ကန့်ဘလူတောင်ခြေ ဖြစ်ပါ၏။ ကန့်ဘလူတောင်တန်းကြီးသည် ပဲခူးရိုးမ၏ ရင်တွင်းဖွားတောင်တစ်တောင်၊ ထိုကန့်ဘလူတောင်နှင့် ဆက်နေသော ဆင်နှာမောင်းတောင်တန်းကြီးသည်လည်း ကန့်ဘလူတောင်ကဲ့သို့ ပဲခူးရိုးမကြီး၏ သားအရင်း၊ ရင်တွင်းဖွားပင်။ ထိုကန့်ဘလူတောင်ကြီးနှင့် ဆင်နှာမောင်းတောင်တို့မှ ဆင်းသက်လာသော ပဲခူးမြစ်၊ တစ်ဖန် ထိုပဲခူးမြစ်ထဲသို့ ချောင်းအသွယ်သွယ် မြောင်းအငယ်ငယ်တို့မှ စီးဝင်ကြသည်သာ။

စောထူးသာတို့ ခလောက်တူးရွာသားများသည် သူတို့၏ရိုးရာနတ်စားပွဲလည်း ရှိသည်။ သူတို့နတ်စားမှုသည် အင်မတန် ချစ်စရာကောင်း၏။ အကြောင်းမှာ မိသားစုများသည် နေအိမ်ရှိမွေးမြူထားသော ကြက်ဖိုကြက်မနှစ်ကောင်အား ချက်ပြီးနောက် တင်ကြမြှောက်ကြသည်။ ထိုတင်မြှောက်ပြီးသော ထမင်းဟင်းများကို တင်မြှောက်သည့်လင်ဗန်းကြီးထဲမှာပင် ဝိုင်းဖွဲ့စားကြသည်။

ပန်းကန်နှင့်ဟင်းကို မခပ်၊ ပန်းကန်ဖြင့် ထမင်းမခူးကြပါ။ ထိုလင်ဗန်းကြီးထဲတွင် ချက်ထားသော ထမင်းတစ်အိုးလုံး ခူးထည့်၏။ ကြက်နှစ်ကောင်ချက်ထားမှုကိုလည်း ထိုလင်ဗန်းထဲသို့ အားလုံးခပ်ထည့်ပြီးမှ အကုန်တည်သည်သာ။ တည်ပြီးသည်နှင့် မိသားစုသုံးယောက်ရှိရှိ၊ ငါးယောက်ရှိရှိ ရှိသမျှအားလုံး ထိုလင်ဗန်းကြီးထဲဝယ် လက်ရေတပြင်တည်း စားကြသည်။ စကားလုံးဝမပြောကြပါ။

ထိုသို့ နတ်စားနေသည်ကို ဘေးအိမ် သို့မဟုတ် တခြားသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း လုံးဝမခေါ်၊ မဖိတ်ပါ။ သို့သော် မည်သူမဆို ထမင်းဝိုင်းနတ်စားပွဲသို့ ဝင်ရောက်စားလို့ရသည်။ ထိုသို့ ဝင်စားလာ၍ မကာန်ကွက်မတားဆီးသလို စားပါဟုလည်း တစ်လုံးတစ်ပါဒမျှ မပြော။ ကြိုက်သည့်ဟင်းဖတ်ယူစားလို့ရသည်။ သို့သော် စကားတော့မပြော။ အားလုံးစားသောက်ပြီးမှသာလျှင် စကားပြောကြ၊ နောက်ကြ ပြောင်ကြနှင့်။ ထိုသို့နောက်ပြောင်ရာတွင် ဟင်းကပေါ့သည်၊ လေးသည်၊ ချိုသည်၊ ခါးသည်၊ ထမင်းကမာသည်၊ ပျော့သည်၊ တူးသည် မပြောကြ၊ တစ်ဖန် ကောင်းသည်ဟုပင် မချီးမွမ်း၊ စားပြီး၍ပြီးပြီဟူသော သဘောဆောင်ကြသည်။

'ဖော့မူ'

'အေး··· ဘာလဲ'

'စောပန်းတင် သွားခေါ်'

'အေး··· အေး'

နော်ဖော့မူမှာ စောထူးသာ၏မိန်း၊ ကလေးနှစ်ယောက် မိခင်ဖြစ်၏။ စောထူးသာ ခေါ်ခိုင်းသည်မှာ သူ၏တပည့်မှဆိုးသင်နေသော စောပန်းတင် ဖြစ်ပါသည်။ စောပန်းတင်မှာ သူတို့အိမ်နှင့် ငါးအိမ်ခန့်ကွာသည်။ သူတို့၏ခလောက်တူးရွာမှာ ကရင်ရွာပီပီ သူ့ခြံသူ့အိမ်ဟူသော်လည်း စည်းရိုးလည်း ကာမထားပါ။ လမ်းမတန်းလည်း မရှိ။ ဆောက်ချင်ရာဆောက်ထားကြပြီး လျှောက်ချင်သလို လျှောက်သွားသည့်လမ်းတွေသာရှိပေသည်။ အိမ်အောက်တွေကလည်း ဖြတ်သွားကြသည်။ အိမ်ရှေ့၊ အိမ်နောက်၊ အိမ်ဘေးစသည့် နေရာဒေသမှ ဖြတ်သန်းသွားကြသည်သာ။

တချို့ အိမ်မွေးခွေးတွေ ကြောက်၍ကွင်းသွားပါသော်လည်း ခွေးတွေမှာလည်း ရွာသားတွေနှင့် ရင်းနှီးနေသောကြောင့် တော်ရုံတန်ရုံကိုဟောင်သည် မဟုတ်တော့ပါ။ ခွေးကိုက်ပါကလည်း မြေကြီးနှင့်ကောက်သိပ်ထားသို့မဟုတ် အီးစိပ်ရှက်ခူးပြီး ပွတ်ချေကာ အုံလိုက်လျှင် ပြီးသွားပြီသာ။

နော်ဖော့နှင့်အတူ စောပန်းတင်ရောက်လာသောအခါဝယ် စောထူးသာသည် သူ့လုပ်ငန်းစရန် စီစဉ်ပါပြီ။ သူ့လုပ်ငန်းမှာ တောပစ်ထွက်ရန်ကိစ္စပင်။ စောပန်းတင်လည်း စိတ်ကူးထားမိသည်။ သူ့ဆရာအားပြောပြီး





တောပစ်ထွက်ရန်ပင် ဖြစ်ပါ၏။

'ပန်းတင်'

'အေး'

'တို့တောပစ်ထွက်ရအောင်'

'ဘယ်တော့ထွက်မလဲ'

'မနက်စောစောထွက်မယ်၊ မင်းလည်း ထမင်းစားခဲ့၊ ထမင်းထုပ်လည်းထုပ်ခဲ့'

'အေး·· အေး·· ထုပ်ခဲ့မယ်'

'ဪ··· ဘယ်တောဘက်ထွက်မလဲ'

'တို့ထွက်နေကျပေါ့ကွ'

'ဆင်ကမ်းမြောင်နဲ့ မိနိုတောဘက်လား'

'အေးလေ· သက်ငယ်ကျင်းတွေဘက်လည်း မွှေတာပေါ့'

'သီတင်းကျွတ်ဖို့ လေးရက်ပဲလိုတယ် ထူးသာ၊ မနက်ဖြန်ထွက်မှပိုအဆင်ပြေမှာ'

'အေး··· ငါသိတာပေါ့၊ ဒါကြောင့် တို့နှစ်ယောက် မနက်စောစောထွက်မယ်'

စောပန်းတင်မှာ စောထူးသာထက် လေးနှစ်ခန့်သာငယ်၏။ သို့သော် စောထူးသာမှာ တောကျွမ်း၏။ ငယ်ငယ်ကတည်းက တောပစ်လာသူမို့ ဆရာတင်ထားရသည်။ သားကောင်တစ်ကောင်ရပါက သုံးပုံပုံပြီးစောထူးသာကို နှစ်ပုံပေး၏။ သူက တစ်ပုံသာယူ၏။ စောထူးသာကတစ်ဝက်ပေးသော်လည်း ဘယ်တော့မှမယူ။ ဆရာဆိုသောအသိနှင့် အမြဲသစ္စာရှိသည့် စောပန်းတင်။

သူတို့နှစ်ယောက်မှာ နေ့ကြီးရက်ကြီးနီးပါက တောလယ်ထွက်ကြသည်။ ရရှိသောတောကောင် ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်တွေအားစားရန်၊ လှူရန်ချန်ပြီး ရောင်းစားကြ၏။ ဤအလုပ်မှာ စောထူးသာ၏စားဝတ်နေရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်း။

တောင်ခြေရွာတွေမှလည်း လာရောက်မှာကြားသည်။ အသား


www.burmeseclassic.com

www.burmeseclassic.com

လိုအပ်၍ ရသမျှအသားရောင်းချပေးပါရန်၊ ထိုသို့လာမှာပါက ဇနီးဖြစ်သူ နော်ဖော့မူသည် အသားများများရတိုင်း တောင်းနှင့်ရွက်ပြီး သွားရောင်း၏။ ရောင်းပြီးအပြန် ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်မှအစ လိုအပ်သည့်ပစ္စည်း အိမ်သုံးပစ္စည်းအပြင် လင်ယောကျ်ားနှင့် သားနှစ်ယောက်ကြိုက်သော ထန်းလျက်ခဲ မည်းမည်းကြီးတွေ အမြဲဝယ်တတ်သည်။

ညပိုင်းရောက်တော့ စောထူးသာသည် သူ၏ဒူးလေးကြီးအား အသင့်ပြင်ကာ မြားတွေလည်း စစ်ဆေး၊ မြားဘူးဝယ်စီစီရီရီပြင်ထားကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်သည်။

ဇနီးဖြစ်သူ နော်ဖော့မူသည် မနက်စောစောထ၍ ထမင်းထုပ်ထုပ်ရန် ချက်ပြုတ်ရင်း သူ့ယောကျ်ား အစားကြီးသည့်အတွက် ထမင်းထုပ်ကြီးကြီးထုပ်၏။ ထမင်းထုပ်တွင် ကြက်ဥကြော်နှစ်လုံးအပြင် ငါးပိအားမီးဖုတ်၍ ငရုတ်သီးစိမ်းနှင့် ထောင်းထားသော ငပိထောင်း သရက်သီးအား ဆားရည်စိမ် လေးငါးလုံးပေါင်းပြီး ထုပ်လိုက်သည်။

'ဟဲ့… ထူးသာ၊ ထတော့လေ၊ ထတော့'

'အေးပါဟ'

'အေးမနေနဲ့ ထထ၊ မျက်နှာသစ်ပြီး ထမင်းစားတော့'

စောထူးသာ ထလိုက်၏။ မျက်နှာသစ်ပြီးသည်နှင့် ထမင်းပူပူလေးနှင့် ငါးကင်လေးတို့ဖြင့် ထမင်းစားလိုက်ပါ၏။ ထမင်းစားပြီးသည်နှင့် စောပန်းတင်လည်း ရောက်လာပါပြီ။ စောပန်းတင်သည် စောထူးသာနှင့်မခြား ခွန်အားဗလ တောင့်တင်းခိုင်မာသည့်အပြင် အသက်သုံးဆယ်အရွယ်မို့ ပိုမိုခွန်အားပိုသကဲ့သို့ အရပ်အမောင်းလည်း တစ်မိုက်ခန့်ပိုမြင့်သည့်အတွက် အလွန်ကြည့်ကောင်း၏။

'ထူးသာရေ ငါလာပြီ'

'အေး… လာ ရေနွေးသောက်'

'သောက်ပြီးပြီ'

ကရင်အိမ်မို့ အိမ်ပေါ်သို့ လှေခါးမှတက်ရသည်။ စောပန်းတင်သည် ပါလာသောဒူးလေး မြားဘူး၊ ထမင်းထုပ်ပါသည့် လွယ်အိတ်ကြီးမားနှင့် ကြိုးခွေ၊ ရေဘူးတို့ အိမ်အောက်တွင် ထားခဲ့သည်။





အိမ်ပေါ်ရောက်တော့ စောထူးသာဘေးဝင်ထိုင်ကာ ရေနွေးပူပူတစ်ခွက် မှုတ်သောက်နေစဉ် စောထူးသာသည်လည်း ညမှစီစဉ်ထားသော သူ၏ကြီးမားပြီး နက်မှောင်နေသော ဒူးလေးကြီးနှင့်အတူ မြားဘူး၊ လွယ်အိတ်၊ ရေဘူး၊ ကြိုးခွေနှင့် ဓားတို့ကောက်ယူ လွယ်လိုက်၏။ သူ့ဇနီးပေးလာသည့်ထမင်းထုပ်ကို လွယ်အိတ်ကြီးထဲ ထည့်လိုက်ရင်း…

'ပန်းတင် ဘာဟင်းလဲကွ'

'အမိုး ချက်ပေးတာ ဘာပါလဲမသိဘူး၊ ငါးခြောက်ပဲထင်ပါတယ်၊ အိမ်မှာ ငါးမြွေထိုးခြောက်တွေ ရှိတယ်ကွ'

'ကောင်းတယ်'

'ဟော့… ဖော့မူ၊ နင် ဘာဟင်းထည့်ပေးလိုက်လဲဟ'

'အေး… ကြက်ဥကြော်နဲ့ ငါးပိထောင်း ထည့်ပေးတယ်လေ၊ ကြက်ဥနှစ်လုံး နှစ်ယောက်စားပေါ့'

'နည်းတာပေါ့ဟ'

'အိမ်မှာ ကြက်ဥက နှစ်လုံးပဲရှိတာဟ'

'ကဲ… သွားကြစို့'

စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက်သည် တောပစ်ရန်ပစ္စည်းများ စုံစုံလင်လင်ဖြင့် မိုးမလင်းမီ ရွာမှထွက်ခဲ့ပါသည်။ ရွာမှထွက်သော်လည်း ရွာသည်ပင်လျှင် တောင်စောင်း တောထဲဖြစ်နေ၍ ရွာမှထွက်တော့ တောကြီး၊ တောကြီးမှ ပြန်လာခဲ့ပါက ရွာဆက်နေပါသည်။ တောကြီးမျက်မည်းဟု အထွေအထူး ပြောစရာမလိုပါ။ သူတို့နှစ်ယောက် ဆင်ကန်းမြောင်ဘက် ထွက်ခဲ့ကြသည်။

ဆင်ကန်းမြောင်ဆိုသည်မှာ ကြားဖူးနားဝ ပြောရပါမူ၊ သူတို့တော့ အတိအကျမသိပါ။ တစ်ချိန်က ဤမြောင်သည် ငှက်လည်းကြမ်း၏။ ဖက်ပုပ်ရေများအောင်းသောတော၊ အောက်ခြေမြေသားမှာ စိမ့်စမ်းတွေနှင့်မှိုစိုစွတ်ထိုင်းမှိုင်းသော မြောင်ကြီး၊ လျှိုကြီး တောဝက်လည်းပေါ၏။ ကျားလည်းပေါသည်ဟု သိရပါသည်။ ဆင်ကန်းမြောင်ဆိုသည်မှာ ဘာ



www.burmeseclassic.com

www.burmeseclassic.com

ချိန်က ထိုမြောင်ကြီးဝယ် ဆင်ကြီးနှစ်ကောင်ရှိ၏။ တစ်ကောင်မှာ မျက်စိနှစ်ဖက်စလုံး ကန်းနေသည့်အပြင် စိတ်အလွန်ကိုကြောင်း။

မျက်စိကောင်းသည့် ဆင်မှာထိုဆင်ကြီးအား တွဲ၍စောင့်ရှောက်နေသည့်အပြင် လူသူအနံ့ရပါက အသံပေး၍ ခြောက်လှန့်တတ်သည်။ အကြောင်းမှာ မျက်မမြင်ဆင်ကြီးအတွက် ဘေးရန်ကင်းစေသော သဘောဆောင်နေစဉ် တစ်နေ့တွင် ဆင်ဖမ်းအဖွဲ့ရောက်လာပြီး ဆင်နှစ်ကောင်စလုံးအား ဆင်လိမ္မာတွေညှပ်၍ ဖမ်းမိသွားသည်။

ထိုဆင်နှစ်ကောင်သည် တောရိုင်းဆင်ကြီးတွေ မဟုတ်ပါ။ ဘုရင့်ဆင်တပ်မှ ဆင်ကြီးနှစ်ကောင်ဖြစ်သည့်အပြင် တိုက်ပွဲဝယ် ယမ်းတွေပေါက်ကွဲလျက် မျက်စိကွယ်သွားသဖြင့် ထိုဆင်ကြီးနှင့်အတူတွဲနေသည့်ဆင်ကိုပါ တောစပ်တွင် အတူလွှတ်ထားရင်း ကဖြည်းဖြည်း တောနက်ကြီးမျှတစ်ဆင့် ဤဆင်ကမ်းမြောင်ဘက်သို့ ရောက်ရှိခဲ့၍ ပထမဆင်ကန်းကြီးရှိတယ်။ ဆင်ကန်းကြီးနေတဲ့ မြောင်ကြီးဟူသော အခေါ်အဝေါ်မှ ဆင်ကန်းမြောင်ဖြစ်ခဲ့ကြောင်းလည်း သိရသည်။

ဆင်ဖမ်းအဖွဲ့၏ ဖမ်းဆီးခြင်းခံရသော ထိုဆင်ကန်းကြီးမှာ ဒေါသအလျောက် မျက်စိမမြင်ရသည့်အထဲ အချုပ်အနှောင်ခံရသည်တွင် စိတ်တိုတိုဖြင့် မမြင်မကန်းအောက်သို့ပြေးရာလိုက်ထိုးစဉ် ကျွမ်းငုတ်ကြီးအား စွယ်နှင့်ထိုးမိရင်း အစွယ်တွေအရင်းမှ ကျိုးပဲ့ပြီး သေဆုံးသွားကြောင်းလည်း ကြားဖူးပါသည်။

သို့သော် ထိုဆင်ကမ်းမြောင်ဒေသတွင် တစ်ခါကစ်ခါ ဆင်သံကြားရသည်။ တချို့က ထိုဆင်ကမ်းကြီး ပြန်ရောက်နေသလိုလို တချို့ကတော့ ဆင်သံသာ ကြားရသော်လည်း အကောင်မတွေ့ရ၍ ဆင်သေကြီး၏ဝိဉာဉ်ပြန်ရောက်နေ၍သာ ယခုကဲ့သို့ ဆင်သံကြားရကြောင်း၊ ဆင်သရဲဟုလည်း ဆိုကြပါ၏။ ဆင်သံသည် တစ်လနှစ်ကြိမ် သုံးကြိမ် ကြားရစမြဲ၊ ကြားရသည့်အသံနှင့် နေ့ရက်ကို တွက်ကြည့်ပါက များသောအားဖြင့် လပြည့်ညကွယ်ညဥ့်များတွင် ကြား၍လည်း တချို့က ဆင်သူတော်ကောင်းကြီးဟူ၍ ပြောကြပါ၏။





နှစ်ယောက်သား ဆင်ကန်းမြောင်ရောက်တော့ မိုးလင်းစအချိန်တွင် ဖြစ်ပါ၏။ ဆင်ကန်းမြောင်ကြီး အထက်မှာသာယ် ခန်းတော၊ ခန့်တောမှာ သူတို့ရွာမှ ဖထီးဦးတိုးနိုးပိုင်၏။ ကောထဲတွင် သူ့အပိုင် ကိုယ့်အပိုင်လုပ်ကွက်များ ရှိကြသည်။ စောကျူးသာမှာလည်း လှေပင်နှင့်ခန်းတောရှိသကဲ့သို့ စောပန်းတင်တို့လည်း ခန်းတောအပြင် သက်ငယ်ကောပါရှိသည်။

နှစ်ယောက်စလုံး ဖထီးဦးတိုးနိုး၏ ခန်းတောဘေးကပ်ပြီး တောဝက်ခြေရာခံသည်။ တောပက်ခြေရာတွေမှာ ဗလေပွတွေ့ရပါ၏။ တောဝက်ဒါခတ်ရတော့မည်မှာ မလွဲ။ သို့သော် တောဝက်အပြင် ချေနှင့်ဒရယ်လည်း ပစ်လိုကြသဖြင့် . . .

'ပန်းတင်တို့ အမိုးနော်ရယ်တို့ သက်ငယ်ကျင်းဘက် သွားရအောင်ကွာ'

'ဘာရှာမှာလဲ ချေလား'

'အေး . . . မြေနဲ့ ဒရယ် ရချင်တယ်ကွ၊ နောက်မှ ပက်ရှာကြတာပေါ့၊ မကောင်းဘူးလား'

'အင်း . . ဒီအောက်ဘက် တို့ဆင်းရင် ပက်ရမှာသေချာတယ်၊ ဒါပေမဲ့ မင်းပြောသလို ချေနဲ့ဒရယ်လည်း ပစ်ချင်တယ်၊ မပစ်ရတာကြာပြီ'

'အေး . . . သွားမယ်'

'သွားလေ'

ဒေါ်နော်ရယ်၏သက်ငယ်ကျင်းသည် တောင်စောင်းတစ်လျှောက် တော်တော်ရှည်ပြီး မြေကလည်း တော်တော်ပွံ့သည်။ ထိုသက်ငယ်ကျင်းဘက်မှာတော့ ချေနှင့်ဒရယ် အများဆုံးထွက်တတ်သည်။ ထိုသက်ငယ်ကျင်းပတ်ဝန်းကျင်တွင် ဆီးဖြူပင်တွေလည်း ပေါ၏။ တောင်ကင်ပလင်းပင်တွေ၏ အနုလေးတွေမှာ ချေနှင့်ဒရယ် အလွန်ကြိုက်ကြသည်သာ၊ တစ်ဖန် ကတွတ်သီးတွေလည်း ပေါသည်။ ထိုဒေသတွင် ချေနှင့်ဒရယ်ပြင် ဆတ်ဝင် ကျက်စားရာဒေသဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား တောင်စောင်းအထက် သက်ငယ်ကျင်းဘက်သို့ ဆက်တက်ခဲ့စဉ် အဝါရောင်လိုလို အရောင်တစ်ခု မသဲမကွဲတွေ့လိုက်ရသဖြင့် ချုံငယ်တစ်ခုအားကပ်ပြီး စောင့်နေစဉ်မှာပင် ရဟန်းတစ်ပါးသည် သပိတ်လွယ်ပြီး တောလမ်းခရီးကို ဖြတ်သန်းနေသဖြင့် စောထူးသာလည်း ချုံအားမှထွက်ပြီး ထိုရဟန်းအား ကန်တော့သည်။ စောထူးသာကဲ့သို့ စောပန်းတင်လည်း ကန်တော့ပါ၏။

စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက် ကန်တော့နေစဉ်ဝယ် သူတို့၏ဒူးလေးကြီးအား ချုံငယ်တွင် အသာဝှက်ထားခဲ့ပြီးမှ တရိုတသေ ကန်တော့ကြစဉ် ထိုရဟန်းသည် ခြေစုံရပ်ပြီး ဆုပေးနေသည်ကို လေးစားကြည်ညိုသည့်စောထူးသာမှ

'အရှင်ဘုရား ဘယ်ကြွမှာလဲဘုရား'

'အင်း… ဆင်နှာမောင်းတောင်ဘက် ကြွမလို့ဒကာ'

'ဒါဆို အရှင်ဘုရားမှာ ဆွမ်းပါပါ့မလား'

'မပါတော့လည်း ရေပဲဘုန်းပေးရမှာပေါ့ ဒကာရယ်'

'အို… ဒါဆို အလှူခံတော်မူပါ၊ တပည့်တော့်ရဲ့ထမင်းထုပ်ကလေး လှူပါရစေ'

'သာဓု… သာဓု… သာဓု'

ရဟန်း၏ဆွမ်းသပိတ်ဝယ် ဘာမျှမရှိ။ စောထူးသာ၏ ထမင်းထုပ်ကလေးသာ သပိတ်ထဲသို့ ရောက်ရှိသွားပြီး ထိုရဟန်းသည် သာဓုခေါ်ရင်းမှ…

'ဒကာကြီးတို့ လိုတာပြည့်ဝကြပါစေ၊ ကျုပ်ဆက်ကြွမယ်၊ ဒုက္ခဘုံမှာ ဒုက္ခကြုံတတ်ကြတာပေါ့၊ ဒကာကြီးတို့ရဲ့ဒုက္ခကို ကျုပ်ဖြည့်ဆည်းနိုင်မှာပါ၊ ကဲ… ကြွပြီ ဒကာကြီးတို့'

'မှန်ပါဘုရား'

နှစ်ယောက်သားကန်တော့ပြီး ရဟန်းကြီးကြွသွားသည်ကို ဆက်လက်မှုးမျှော်ရင်းကျန်ရစ်ခဲ့သည်။ ထိုရဟန်းကြီး တောထဲဝင်ရောက်ပျောက်ကွယ်သွားတော့မှ နှစ်ယောက်သား ချုံအားမှဝှက်ထားသည့် ဒူးလေးတွေ





ကောက်ယူလိုက်သည်။

'ထူးသာ'

'ဘာလဲ'

'တို့နှစ်ယောက် ဒူးလေးတော့ ဝှက်တယ်ကွ၊ မြားတွေတော့မဝှက်မိဘူး'

'အေး… ဟုတ်ပကွာ၊ အဲဒါပေါ့ကွ၊ ရှေ့ကဖုံးနောက်ကပေါ်ဆိုတာလေ၊ ဟား… ဟား… ဟား… ဟား'

နှစ်ယောက်သား သဘောကျစွာ ရယ်မောရင်း သက်ငယ်ကျင်းဘက်ဆက်ထွက်ရင်း ချေနှင့်ဒရယ်ရှာပါသော်လည်း တစ်ကောင်မျှမတွေ့။ သက်ငယ်ကျင်းမှ တစ်ဖန် ခနုံးခုင်းတွေ၊ ဈေလူတောရှာကြ၏။ တစ်ကောင်တစ်မြီးမှ မတွေ့သည့်အပြင် ချေဟောက်သံတစ်ချက်ပင် မကြားရပါ။ နေမွန်းတည့်သည်တွင် နှစ်ယောက်သား စောပန်းတင်၏ ထမင်းထုပ်ဖြေကာ ဝေမျှစားကြသည်။ အစားကြီးသော နှစ်ယောက်စလုံးမဝသော်လည်း လှူလိုက်ရသည့်အတွက် ထမင်းမဝဟု လုံးဝမပြော၊ မတွေး၊ သူတို့အတွေးဝယ်သားကောင်၊ ချေ သို့မဟုတ် ဒရယ်ရအောင် သွားရှာမည်ဟုသာ တွေးရင်း ကညင်ပင်ကြီးနှစ်ပင်အောက်ဝယ် ခေတ္တနားနေကြသည်။

နေမွန်းတည့်မို့ သားကောင်တွေ အိပ်တတ်သည်ကိုတွေးရင်း သူတို့နှစ်ယောက်လည်း မှေးခနဲအိပ်ပျော်သွားကြ၏။ သူတို့နှစ်ယောက် အိပ်ပျော်၍မျှ သိပ်မကြာပါ။ နားထဲသို့ အသံတစ်သံ ကြားမိသည်။ ထိုအသံမှာ သူတို့အတွက် ငရဲပြည်ပို့မည့်အသံပင်။

'ဂူး…'

'ဂူး…'

'ဂူး…'

'ဟာ… ပန်းတင်၊ ပန်းတင်'

'အေး… ဆင်အော်သံကွ'

နှစ်ယောက်စလုံး သူတို့မှီအိပ်နေသော ကညင်ပင်ကြီးအားသာ ကပ်ရင် အသံဘယ်ကလာသည်မသိ။ အကောင်ကိုမမြင်ရသဖြင့် ထိုအခင်


www.burmeseclassic.com

www.burmeseclassic.com

ဘေးကပ်ကာ ကြည့်ပါသော်လည်း မတွေ့ရသေးပါ။ ထိုသို့အိပ်မှုံစုံမွှား ထကြည့်ရင်း သူတို့၏ရင်ထဲဝယ် ဆင်မှဟုတ်ပါလေစဟု တွေးမိသလိုလို ဖြစ်ရင်း သံသယစိတ်ကွေ ရောထွေးလာသည်။

'ပန်းတင် ဆင်မှဟုတ်ပါ့မလားကွ'

'အေး... ဟို ဆင်သရဲများလား မသိဘူး'

'အေးလေ၊ အသံလည်းမကြားရတော့ဘူး၊ ဘယ်ကမှန်းလည်း မသိဘူးကွ'

'ဒီပတ်ဝန်းကျင်မှာ ဆင်ခိုအောင်းနိုင်စရာ နေရာလည်းမရှိဘူး ကွ၊ ဆင်ဆိုရင် တွေ့ရမှာပဲ'

'အေးလေ ဆင်သံမှဆင်သံ အစစ်ပဲ တောက်'

သရဲတစ္ဆေမကြောက်တတ်သကဲ့သို့ မေ့လယ်မွှန်းတည့်ပြီးချိန်ကြီး ဖြစ်နေ၍ သူတို့နှစ်ယောက်အား သရဲခြောက်မည် မထင်ပါ။ နေ့သယ်သရဲ ခြောက်သည်ဟုမကြားဖူး။ သရဲဆိုလည်း သူတို့မကြောက်တတ်၊ မကြောက်တတ်သည့်အပြင် တောပစ်မုဆိုးတွေလည်း ဖြစ်၍ ဂိုမိုသတ္တိကောင်းကြ၏။ ယခု သူတို့နှစ်ယောက်ကြားသော အသံမှာ ဆင်သံ၊ ဆင်သံဖြစ်ပြီး သူတို့ နှင့်မဝေး၊ အနီးတစ်ဝိုက်၊ ထိုအနီးတစ်ဝိုက်ဝယ် ဆင်ခိုအောင်းနိုင်သော နေရာဟူ၍မရှိပါ။

'ဘုန်း'

'ဝုန်း'

'ဂူး...'

'ဂူး...'

'ဘုန်း'

'ယော... ဟိုမှာကွ... ကိုမှာ'

'ယော... ဆင်ကြီးပါလား၊ ကွယ်...'

'ဟိုနှစ်ယောက် နောက်... ... ... ရှူးမယ်'

'... ... အမြန်ကွား'

နှစ်ယောက်သား တွေ့လိုက်ရသော ဆင်ကြီး ... ...ကောင် ... ...





နှင့်ကပ်နေသော ဆင်တစ်ရပ်မရှိတာရှိ ချုံပင် အကာအကွယ်ယူ၍ စောထူး သာနှင့် စောပန်းတင်အား ကြည့်နေမြင်နေသည်။ သူတို့မြင်သည့်အချိန်မှာ တောဆင်ကြီးသည် ချုံတွေအား သူ၏နှာမောင်းနှင့် ရိုက်ပုတ်ရင်း အော်ဟစ် ပြန်ပါပြီ။

စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက် သူတို့နောက် ဆယ် ပေမျှကွာဝေးသော ကြီးမားသည့် အင်ပင်ကြီးထံ ပြေးကပ်လိုက်သည်။ တကယ်တော့ တောဆင်နှင့်တောထဲတွေ့ပါက သစ်ပင်များများရှိမှ လွတ် နိုင်သည်။ ဆင်လိုက်လျှင် သစ်ပင်တွေအား ကွေ့ပတ်ပြေးရသည်။ ထိုသို့ ကွေ့ပတ်ပြေးလျှင် ဆင်သည် ချက်ချင်းလှည့်မလိုက်နိုင်၊ တောင်ပေါ် တောင်စောင်းတွင်ရှိ၍ လူသည်အောက်သို့ ပြေးဆင်းပါလျှင် မလွယ်။ ဆင်သည် တောင်အောက်သို့ ပြေးမလိုက်ပါ။

ရှေ့လက်နှစ်ချောင်းကို စုထောက်လျက် နောက်ခြေအား ရှေ့သို့ တန်းပြီး ဖင်ထိုင်က ... ခြေမလျှောဆိုသည့်အတိုင်း တောင်အောက်သို့ လျှောချလိုက်သည်တွင် ပြေးမမှီတော့ပါ။ လူတစ်ကိုယ်စာမျှရှိသော အပင် တွေသည် ဆင်နှင့်တိုက်ပြီး ကျိုးပဲ့ကြေမွပြီး ကျန်ခဲ့သည်သာ။

ထိုသို့ဆင်ခြေလျှောဆင်းလိုက်ပါက လူသည် တောင်အောက် သို့ ဆက်မပြေးဘဲ တောင်စောင်းအတိုင်း ရှေ့ပြေးပါက ထိုဆင်ခြေလျှော ဆင်းနေသော ဆင်ကြီး ... ... လွတ်နိုင်ပေသည်ပါ။ လုံးဝလွတ်ကင်းသွား ပါပြီ။ ထိုအခြင်းအရာတွေအား မုဆိုးတိုင်း သိထားရပါသည်။

ယခု ... နေ့မှာ တောင်စောင်းလည်းမဟုတ်၊ သစ်ပင်ကြီးတွေ ပေါသော တော... ... မဟုတ်သည့်အပြင် လူကလည်း ဆင်ကိုကောင်းစွာ တွေ့မြင်နိုင်သ... ... ကပို၍မြင်နိုင်သော သက်ငယ်တောလွင်ပြင် မြေပြန့်၊ ပြေး... ... သူတို့နေရာယူထားသည့် ဂျုံသစ်ပင်ကြီး နှစ်ပင်မှလွဲ၍ ... ... အပင်ကြီးတွေမရှိတော့။ ... ... ချေပြီ။ ပြေး၍လည်း ... တ်နိုင်။ ထိုသို့ဖြစ်နေစဉ် နောက်ဆုံးအဆင့် သူတို့အတွေးထဲသို့ ... ... ... ... ... ... နှင့် ပြေး သာရှိတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

'ထူးသာ'

'အေး'

'ပြေးလို့လည်း မရနိုင်ဘူး၊ မလွတ်ဘူး'

'သိပ်ကြောက်မနေနဲ့၊ တို့မှာ ဒူးလေးရှိတယ်'

'ငါလည်း အဲဒါပြောမလို့၊ ရှေ့ဆက်တိုးရင်တော့ ဒူးလေးနဲ့ပစ်မှ ဖြစ်မယ်'

'ပစ်တယ်ဆိုတာ နေရာလိုသေးတယ် ပန်းတင်'

'ဘယ်နေရာပစ်မလဲ'

'နှစ်ခုစဉ်းစားရတယ်၊ ဆင်သရေကထူတယ်၊ တို့မြားမစိုက်ရင် ခက်မယ်၊ ဒီတော့ ပစ်ကြစို့ဆိုရင် ဆင်ကြီးရဲ့မျက်စိကိုပစ်မှဖြစ်မယ်'

'အေး… တစ်ယောက်တစ်ဖက်ပစ်မလား'

'မဟုတ်ဘူး၊ ညာဘက်မျက်စိကို တို့နှစ်ယောက်ချိန်ပြီး နှစ်ယောက်စလုံးပစ်မှဖြစ်မယ်'

'အေး… ဟုတ်သားပဲ၊ ဒါမှတစ်ယောက်မမှန်ရင် တစ်ယောက် မှန်ပါပေါ့'

'အေး'

သူတို့နှစ်ယောက် တိုင်ပင်ပြီး တောဆင်ကြီးအား ကြည့်နေကြသည်။ တောဆင်ကြီးသည် အနီးအနားတွင်ရှိသော သက်ငယ်အပင်တွေ ဆွဲလိမ်လိုက် ပစ်ပေါက်မြှောက်တင်လိုက် နှာမောင်းဖြင့် ချုံငယ်တွေကိုလည်း ရိုက်ချ၏။ သို့သော် စောသာထူးတို့ထံသို့ အပြေးအလွှားတော့ တိုးမလာ။ တိုးတော့တိုး၏။ တစ်လှမ်းချင်းသာ လာနေ၏။

ဆင်ကြီးနှင့် သူတို့နှစ်ယောက်အကြားဝယ် ပေတစ်ရာငါးဆယ်မျှတော့ ဝေးနေသေးသည်။ ဆင်ကြီးမှာ ထီးတီးမားမားကြီး မြင်နေရသကဲ့သို့ သူတို့နှစ်ယောက်မှာတော့ အင်ပင်ကြီးအား ပုန်းခိုရင်း ဒူးလေးတွေ အသင့်ပြင်ကာ မြားပင်မြားချောင်းပေါ် ရောက်နေပါပြီ။ အရေးဆိုရင်တော့ နောက်မဆုတ် ပစ်ခတ်ကြတော့မည်။ မထူးဇာတ် ခင်းရတော့မည့်မုဆိုး နှစ်ယောက်၊ သူတို့နှစ်ယောက် တောလည်သမျှ ဆင်နှင့်မတွေ့။ တစ်ခါ





တွေ့တော့လည်း ဆင်ငါးကောင်သည် သူတို့ဘက်တက်မလာ၊ နောက်တစ်ခု ဆင်မပစ်ရဟူသော အသိကလည်း ရှိနေသေးသည်။

တစ်ဖန် ကျားလည်းမပစ်ပါ။ သူတို့သည်လည်း မုဆိုးဟူသော အသိရှိ၏။ ကျားနှင့်သူတို့ ဘဝတူဖြစ်၍ မပစ်ပါ။ ကျားနှင့်တော့ နှစ်ခါသုံးခါ ရင်ဆိုင်တွေ့ကြုံခဲ့ဖူးပါသော်လည်း ကျားကလည်း ပထမတော့ ရန်မူ၏။ နောက်တော့ ရှောင်၏၊ သူတို့ကလည်း နောက်ဆုတ်ပြီးရှောင်ခဲ့သဖြင့် အန္တရာယ်မကြုံခဲ့ဖူးပါ။ ထိုသို့ မကြုံခဲ့ဖူးကာမှ ယခုတော့ တောဆင်ကြီးနှင့် တည့်တည့်တိုးသည့်အပြင် တောဆင်ကြီးမှ ရန်မူပါပြီ။

တောဆင်ကြီးရန်မူသည့်အချိန်နှင့် နေရာသည် ထင်သာမြင်သာရှိပြီး ရှောင်စရာမရှိတော့။ သို့အတွက် သတ္တိနှင့်အတူ ပြန်လည်အန္တုရမည်ဟူသော ဆန္ဒတွေဖြင့် ပြန်လည်ခုခံရပေတော့မည်။ မဖြစ်သင့်သော်လည်း မတတ်သာ၍ ဖြစ်ရကြုံရဆုံရပါပြီ။ မပစ်ချင်သော်လည်း ပစ်ရပေတော့မည်။ အဘယ်ကြောင့်ဆိုသော် အသက်ချင်းလဲရမည်ဖြစ်၍ စွန့်စားရန်သာ ရှိပါတော့၏။

စောထူးသာနှင့် စောပန်းတင်တို့အသက် ဘယ်သို့ပင်ရှုနေကြသည် မသိ။ စောထူးသာအတွက် သတ္တိပြောင်ပြောင် စွမ်းဆောင်ရမည်ဖြစ်သော်လည်း စောပန်းတင်မှာ မဝံ့မရဲဖြစ်နေသည်က အမှန်ပင်။ ဆင်ဆိုသော သတ္တဝါကြီးအတွက် ကြောက်ရွံ့မှုသည် သူ့ဘဝအတွက် ပထမဆုံးသော ကြောက်မက်ဖွယ် အိပ်မက်မဟုတ်တော့ပါ။

'ထူးသာ'

'အေး'

'ဒီအကောင်ကြီးကို ဘယ်လိုလုပ်မလဲ'

'စောင့်ကြည့်ရမှာပေါ့ကွာ'

'ဒီအကောင်ကြီးကို ပစ်လို့ဖြစ်ပါ့မလား'

'ဩော်… မင်းတလည်း စောင့်ကြည့်မယ်လို့ ငါပြောပြီးပြီပဲကွ၊ သူ ရန်မမူရင် တို့မပစ်ဘူးလေ၊ ရန်မူရင်တော့ ပစ်ရမှာပေါ့၊ ခု သူက တို့ကိုတွေ့နေတယ်၊ ဒါပေမဲ့ ရန်မူတဲ့ဆင်ဖြစ်တော့ဖြစ်မယ်



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မတိုးဘူး'

'မင်းကလည်း တိုးနေတယ်လေ၊ တဖြည်းဖြည်း တိုးနေတာပေါ့ကွ၊ ဒီကောင်ကြီးက တော်တော်ဉာဏ်များတယ်၊ ငါတော့ နည်းနည်းစိုးရိမ်လာတယ်'

'မင်းလည်း စိုးရိမ်တယ်၊ ငါလည်း စိုးရိမ်တာပေါ့ကွ၊ အေး… တို့ကို တိုက်ခိုက်ရင်တော့ တို့ကလည်း နှစ်ယောက်ခွဲသင့်ခွဲပြီး ပစ်ရမှာပဲ ပန်းတင်'

'ဟုတ်တယ် နှစ်ယောက်ခွဲရင်တော့ ကောင်းမယ်၊ ဒါပေမဲ့ အကာအကွယ်အပင်မရှိဘူးကွ'

'ပန်းတင်တို့နှစ်ယောက် ခုနေခါခွဲလို့မရဘူး၊ နောက်တစ်ခုရှိသေးတယ်၊ ငါသတိရပြီ'

'ဘာလဲကွ'

တောဆင်ကြီးသည် ဦးခေါင်းကြီးတခါခါဖြစ်နေရာမှ အနည်းငယ်ပိုမို သောင်းကျန်းလာပါ၏။ ရှေ့မဝိုးသော်လည်း နောက်မဆုတ်ပါ။ သက်ငယ်ပင်တွေအား မွှေနှောက်ရင်း ခြေရာမှချုံငယ်တွေအား ပွေ့ဖက်ဆွဲနှုတ်ရင်း ဒေါသထွက်နေပုံရသည်။

'ဝူး… ဝူး… ဝူး…'

'ဝူး… ဝူး…'

'ဖြောင်း… ဖျောက်… ဖျောက်'

အပင်တွေ ဆွဲနှုတ်ရင်း ခြေဖြင့်နင်းချေနေပုံမှာ အသဲယားစရာကောင်းလှန်းသည်။ ကြောက်ခမန်းလိလိ မှန်ယိုနေသော အသွင်ဖြင့် လှုပ်ရှားမှုနေသည်မို့ စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက် လုံးဝမလှုပ်ရှားရဲ၊ ငြိမ်သည်ထက် ငြိမ်နေရာမှ စောစောက စကားမဆက်ရသေးသော စကားဆက်အား စောပန်းတင်မှ တိုးတိုးလေးမေးလာသည်။

'ထူးသာ… သတိရပြီဆိုတာ ဘာလဲကွ'

'အေး… ဟုတ်သားပဲ'

'ဟာ… ဟေ့ရှောင် သတိထား၊ သတိထား'





'အေး… ပြေးလာတော့မယ် ထင်တယ်ကွ'

'ပန်းတင်'

'ဘာလဲ'

'ဒီကောင်ကြီးပြေးမလာနိုင်အောင် တို့ ပထမဆုံး ဘာလုပ်မလဲဆိုတော့ သူရှေ့ပြေးမယ်ဆိုတာနဲ့ သူ့ရဲ့ခြေထောက်ခွာအထက်ကို မင်းနဲ့ငါ ပစ်မယ်'

'ဟင်… မင်းပြောတော့ မျက်လုံးဆို'

'အေး… မျက်လုံးက အနီးကပ်ဒုတိယထားလိုက်'

'အေး… အဲဒီတော့'

'သူ့ခြေထောက်ဆိုတော့ မြားစိုက်သွားရင် ဒီကောင်ကြီး လဲမသွားပေမယ့် ရှေ့တိုးဖို့ အားလျော့သွားမှာပဲကွ'

'ဒါလည်း ဟုတ်တယ်'

'အေး… ဒီတော့ တို့ပြေးလို့မဖြစ်ဘူးနော်'

'အေးလေ ပြေးရင် ဘယ်လွတ်ပါ့မလဲ၊ နင်းသတ်မှာ သေချာတယ်'

တောဆင်ကြီးသည် အခြေအနေ မကောင်းတော့ပါ။ တော်တော်ဆိုးရွားလာပါပြီ။ နောက်ဆုံးအဆင့် မြေကြီးတွေအား ခွာနှင့်ရှပ်ခြင်း၊ ခွာနှင့်ပေါက်ခြင်းအပြင် ကုန်းမူမူလေးတွေကိုပင် အစွယ်နှင့်အောင်းကာ မြေကြီးများ တဖွားဖွားဖြစ်နေအောင် ဒေါသပုန်ထနေပါ၏။

စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက်တော့ ကြောက်သည်ထက်ကြောက်လာပြီး တန်ပြန်ခုခံတိုက်ခိုက်၍ အနိုင်ယူရန်သာ ရှိပါတော့သည်။ သို့အတွက် အသက်ချင်းလဲရာတွင် လူနှင့်တိရစ္ဆာန် ဘယ်သူကဦးနောက်သာ၍ အနိုင်ယူမည်ကို နောက်ဆုံးအဆင့် စောင့်ကြည့်နေရသည့် နောက်ဆုံးအဆင့်။

'ဝူး…'

'ဝူး…'

'ဝူး…'



www.burmeseclassic.com

www.burmeseclassic.com

'ဝုန်း'

'ဟာ… ထူးသာ'

'အေး… ပန်းတင် အသင့်ပြင်ထား၊ ရှေ့ခြေထောက်ကိုပစ်မယ်။ မင်းက ဘယ်က ငါကညာဘက်နော်'

'အေး… ငါ… ငါဒူးတွေတုန်နေတယ်'

'ဟော့ကောင်… မကြောက်နဲ့၊ မကြောက်နဲ့၊ ခွာအထက်နားကိုသာ ထိအောင်ပစ်၊ တို့ရဲ့လေးနဲ့မြားဟာ ဆတ်တောင်တစ်ချက်တည်းလဲနိုင်တယ်ဆိုတာ မင်းအသိ'

'အေး… ဒါပေမဲ့ ဒါက ဆတ်မဟုတ်ဘူး'

'ဆတ်မဟုတ်လည်း မကြောက်နဲ့'

'အေး… မထူး… မထူးပါဘူး ပစ်မယ်'

'နေဦး မပစ်နဲ့၊ ချိန်ထား… ချိန်ထား'

'အေး… အသင့်ပဲ၊ ငါမကြောက်တော့ဘူး'

'ကောင်းတယ် မကြောက်နဲ့'

တောဆင်ကြီး၏ပုံသဏ္ဍာန်မှာ မဟန်တော့သည့်အဆုံးမှာတော့ အသက်လုပွဲ စရပါပြီ။ သူတို့နှစ်ယောက် တောဆင်ကြီး ရှေ့တိုးနောက်ငင်လုပ်နေရာမှ ရှေ့သို့ပြေးလာရန် ဟန်ပြင်သည်နှင့်အမျှ စောထူးသာနှင့် စောပန်းတင်တို့သည် မှိုင်းပြီ အင်ပင်ကြီး၏ ဘေးနှစ်ဖက်တွင် စနစ်တကျ ဒူးလေးအားချိန်ရွယ်ပြီး ပစ်ခတ်ရန် အချိန်ကိုစောင့်ဆိုင်းနေလိုက်ပါပြီ။

မပစ်၍မဖြစ်တော့သော နောက်ဆုံးအချိန်မို့ ပစ်ရမည့်အတွက် စောထူးသာ စိတ်မကောင်း။ မပစ်လို့ကတော့ သူတို့နှစ်ယောက် သေပြီသာမှတ်ရမည်။ ဆင်ကြီး၏နှင်းချေမှု၊ သို့မဟုတ် စွယ်စုံဖြင့် ထိုးသတ်ခြင်းကို မရှုမလှခံရပေတော့မည်။

ပြီးခဲ့သည့် ဆောင်းဦးပေါက်ဝယ် သူတို့၏ရွာဘေးရှိ ငှက်ပျောတောကြီးအား ဝင်ရောက်ဖျက်ဆီးသွားသည့် ဆင်အုပ်ကို သတိရမိသည်။ သူတို့ဆင်တွေ ဖျက်ဆီးသွားသော ငှက်ပျောတောပိုင်ရှင် အသွားနော်ဖော့တူးမှာ အခင်းတွင်မက တဲပျက်စီးခဲ့ရသည်ကို ကောင်းစွာသိထားရသဖြင့်





တောဆင်တွေ၏ အဖျက်လုပ်ရပ်သည် ယခုတော့ အဖျက်လုပ်ရပ်မဟုတ်တော့။ အသက်လုပွဲကြီး။

'ဟော… ဟော… ဟော'

'အေး… တိုးလာပြီ'

'ပန်းတင်'

'ဟင်'

'အရမ်းတော့ မတိုးဘူးကွ၊ တစ်လှမ်းချင်းပဲ'

'အေး… ပစ်ရတော့မလား'

'နေဦးလေ'

စောထူးသာ ပြောသာပြောရသည် ကြောက်စိတ်တွေက မွှန်ထူနေသည်အထိ ဖြစ်နေသည်က အမှန်ပင်။ အားမတန်သော်လည်း မာန်တော့ မချ။ မာန်ချလိုက်ပါက သူတို့နှစ်ယောက် မတွေးရဲတော့။ သို့သော်လည်း ဆင်ကြီးမှာ နှာမောင်းကြီးအပေါ်လိပ်ထောင်ရင်း တိုးတော့မည့်အသွင်ဖြင့်

'ရှူး…'

'ရှူး…'

'ရှူး…'

'ထူးသာ'

'အေး… တိုးတော့မယ်ကွ'

နှစ်ယောက်သား မျက်တောင်မခတ်နိုင်တော့။ တစိုက်မတ်မတ် စိုက်ကြည့်နေရသည်မှာ တောဆင်ကြီးသည် သူတို့ပထမနေရာယူခဲ့သော အင်ပင်ကြီးနှင့် ကိုက်ငါးဆယ်ကျော်ကျော်သို့ပင် ရွေ့မှန်းမသိ ရွေ့လျားလာခဲ့သဖြင့် နီးသည်ထက် နီးနေပါပြီ။ သူတို့နှစ်ယောက်၏ ဒူးလေးပစ်ကွင်းဆိုလည်း ကောင်းကောင်းပစ်နိုင်သော သားကောင်လဲသွားနိုင်သည့် ပစ်ကွင်းသတ်ကွင်းထဲသို့ ရောက်ခဲ့ပါပြီ။

တောဆင်ကြီးသည် နှာမောင်းကြီးလိပ်ပြီး ဦးခေါင်းပေါ်တင်ထားရာမှ အောက်သို့ ဖြည်းဖြည်းသက်သာ ချလာသည့်အပြင် သူ၏ခြေအစုံင် ခြေစုံရပ်လိုက်သည့်အပြင် အလွန်ငြိမ်သက်သွားသဖြင့် ပိုမိုကြောက်သည်


www.burmeseclassic.com

www.burmeseclassic.com

စရာဖြစ်နေပါပြီ။

ထိုသို့ ငြိမ်သက်နေရာမှပင် တောဆင်ရိုင်းကြီးသည် ခြေနှံ့ရပ်ရင်း အနည်းငယ်လှုပ်ကာ နောက်သို့တစ်လှမ်းဆုတ်လေပြီး တစ်လှမ်းဆိုမှ တစ်လှမ်းသာ ဆုတ်လိုက်သည်ကို သတိမလွှတ်စောင့်ကြည့်နေသော စောထူးသာ သိလိုက်ပါပြီ။

'ပန်းတင်'

'ဟင်'

'အေး… ထိုးမယ့်ဆင်ဟာ နောက်တစ်လှမ်းဆုတ်တယ်တဲ့'

'ဟာ… ဒါ… ဒါဆို အခုနောက်တစ်လှမ်းဆုတ်ပြီကွ၊ ဆုတ်ပြီ'

'အေး… သူလှုပ်တာနဲ့ ပစ်မယ်၊ ခြေထောက်ကိုပစ်မယ်နော်'

'အေး… ခွာအထက် ကပ်ပစ်ဖို့ ငါချိန်သားကိုက်နေပြီ'

'ဟေ့… ဆင်ကြီး၊ ဆင်ကြီး ဘာဖြစ်နေတာလဲကွ'

'အေး… မလှုပ်မယှက်ဖြစ်နေတယ်'

သူတို့ ဂရုတစိုက်ကြည့်နေစဉ် တောဆင်ကြီးသည် စောစောက မှန်ယိုနေသော ဆင်ကြီးသည် ကျောက်ရုပ်တုကြီးကဲ့သို့ အသွင်ပြောင်းသွားပြီး တိတ်ဆိတ်ငြိမ်သက်သည့်အပြင် သူတို့ဘက်သို့ ဦးခေါင်းလှည့်ထားရာမှ ဆင်ကြီး၏ယာဘက်သို့ ခေါင်းစောင်းပြီး ကြည့်နေသဖြင့် စောထူးသာလည်း ဆင်ကြီးကြည့်သည့်ဘက်သို့ လှမ်းအကြည့်…

'ဟာ…'

'ဘာလဲ'

'ဟိုမှာ ဟိုမှာကြည့်စမ်း'

'ဘယ်မှာလဲဟ'

'ဩော်… ဒီဘက်ကနေကြည့်၊ ဒီဘက်ကကြည့် ဟိုမှာလေ'

'ဘယ်မှာ'

'ဟိုမှာ မတွေ့ဘူးလား'

'အို… ဘုရားရေ'

'အေးကွ'





သူကို့နှစ်ယောက် မြင်လိုက်ရသည်မှာ သူတို့၏ဝဲဘက် တောစပ်သက်ငယ်ကျင်းထဲမှ ခပ်မှန်မှန်လျှောက်လာနေသော ရဟန်းတစ်ပါးကြောင့် တအံ့တသြဖြစ်နေရသည်သာ။ သူတို့နှစ်ယောက်ပင် အံ့သြသည်မဟုတ်၊ တောဆင်ကြီး ဒေါသခက်ထန်နေသော ဆင်ကြီးမှန်ယိုသကဲ့သို့ လူသတ်ချင်စိတ်ကွေ ပေါက်နေသော ဆင်ရိုင်းကြီးပင်လျှင် မလှုပ်မယှက် ကျောက်ရုပ်ကြီးဖြစ်နေသည်။

ထိုရဟန်းတော်သည် တောဆင်ရိုင်းကြီးနှင့် စောထူးသာတို့၏ ပထမနေရာယူထားသော အင်ပင်ကြီးဘက်သို့ လျှောက်လာနေသည်။ ထိုသို့လျှောက်လာခြင်းအတွက် တောဆင်ကြီးက ငြိမ်သက်စွာကြည့်နေဘိသကဲ့သို့ စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက်ပါ မင်သက်နေမိကြသည်။

'ရှူး…'

'ရှူး…'

'ရှူး…'

'ရှူး…'

တောဆင်ကြီး၏ နှာမောင်းသည် အောက်သို့တွဲလောင်းကျနေသော်လည်း မလှုပ်မယှက်ပါ။ ရဟန်း၏တစ်လှမ်းချင်း လျှောက်လာမှုကို လိုက်ကြည့်၍သာ မသိမသာ ဦးခေါင်းကြီး လိုက်ပါလာသည်ကိုတော့ စောပန်းတင် မသိပါ။ စောထူးသာမှာတော့ မုဆိုးတစ်ယောက် ပီပီသသ လှုပ်ရှားမှုမှန်သမျှ မသိသည်မရှိ။ သတိလည်းထားတတ်၏။

ရဟန်းတော်သည် လူနှင့်ဆင်အကြား စောထူးသာတို့ စောစောက နေရာယူခဲ့သည့် အင်ပင်ကြီးရှေ့ တောဆင်ကြီးနှင့် ပေနှစ်ဆယ်ခန့် အကွာသို့ ရောက်သည်တွင် တောဆင်ကြီးဘက်သို့ မျက်နှာမူလိုက်သော အခါ စောထူးသည် စောပန်းတင်တို့မှာ ရဟန်းတော်၏ နောက်ကျောသာ မြင်ရပါ၏။ ထိုရဟန်းကြီးသည် ခြေစုံရပ်ရင်း သူတို့ညာဘက်လက်ကို တောဆင်ကြီးဘက် ဆန့်တန်းပြီးနောက် လက်ဝါးကာထားသည်ကို ကောင်းစွာမြင်ရပါပြီ။


www.burmeseclassic.com

www.burmeseclassic.com



တောဆင်ကြီး၏ မျက်စိတွေမှာတော့ ထိုရဟန်းကြီးအား ကြည့်ရင်း ဆက်လက်ငြိမ်သက်နေ၏။ အလွန်ထူးဆန်းနေသည်မို့ စောထူးသာနှင့်စောပန်းတင်တို့လည်း မျက်တောင်မခတ်နိုင်။

'အို... အသင်တောဆင်ကြီး'

'တောဆင်ကြီး... တောဆင်ကြီး'

'ဒေါသမထားပါနှင့်၊ ဒေါသမထားပါနှင့်'

'အို... အသင်မုဆိုးကြီးတို့၊ မုဆိုးကြီးတို့'

'မှန်လှပါဘုရား'

'အသင်တို့ရဲ့ သေစေ၊ နာစေ၊ ထိနိုက်စေသော လေးမြားလက်နက်တွေကိုလည်း တောဆင်ကြီးအား မချိန်မရွယ် မပစ်ခတ်ပါနှင့်တော့'

'အမိန့်တော်မြတ်အတိုင်းပါဘုရား'

စောထူးသာနှင့် စောပန်းတင်တို့သည် သူတို့အား လှည့်မကြည့်ဘဲ မေတ္တာရေအေး တိုက်ကျွေးသကဲ့သို့ ရင်ထဲဝယ် အေးမြသွားသော ရဟန်းတော်၏စကားကို တသွေမတိမ်း လိုက်နာလျက် မြားကိုဆုပ်ကိုင်ပြီး မြှောချောင်းမှယူလိုက်ပြီးနောက် ဒူးလေးကြီးတွေ မြေမှာအသာချထားလိုက်၏။ တစ်ဖန် စောစောက မြားကိုလည်းဒူးလေးကြီးဘေးမှာပင် ချထားရင်း ရဟန်းတော်ကြီးအား လက်အုပ်ချီရင်း ဒူးနှစ်ဖက်ထောက်ထားလိုက်ပါပြီ။

'ဝူး...'

'ဝူး...'

'ဝူး...'

'အို... အသင်တောဆင်ကြီး၊ ဒေါသချုပ်ထိန်းပါတော့'

'သင်သွားလိုရာ ပြန်သွားပါ၊ နောက်ကြောင်းပြန်လှည့်သွားပါတော့'

ရဟန်းတော်သည် လူစကားနားမလည်သော တောဆင်ကြီးအား စကားဖြင့် ပြောနေသည်ကို တောဆင်ကြီးသိနိုင်မည်မထင်။ ထိုသို့စကားပြောရင်းမှပင် ရဟန်းတော်မြတ်သည် စကားသံမကြားရတော့ဘဲ အဘယ်သို့သော ပရိတ်တရားတော်များ ဂါထာတော်ပရိတ် တရားတော်တွေစုံလင်





စွာ ရွတ်ဖတ်နေသည်လားမသိ။ ထိုသို့ရွတ်ဖတ်နေစဉ်မှာပင် တောဆင်ကြီးသည် ရှေ့သို့မတိုးတော့ဘဲ နောက်သို့ဆုတ်နေပါပြီ။ ထိုဆင်ကြီးအားကြည့်ရှုမြင်တွေ့နေရသည်မှာ အင်မတန်မှပင် ထူးထူးခြားခြား ဖြစ်ပါသည်။

'ထူးသာ'

'အင်း'

'ဆင်ကြီး နောက်ဆုတ်နေတယ်'

'အေး'

'ကြည့်စမ်း၊ တော်တော်ထူးတယ်ကွ'

'ဟုတ်တယ်၊ ဒီဆင်ကြီးဟာ တောဆင်အစစ်ကွ'

'အေးလေ... ဟောဆင်ရိုင်းကြီးကွ၊ ခြေလက်တွေကြည့်လည်း သိတာပေါ့၊ ထူးခတ်ရာလည်း မပါဘူး'

'ဟုတ်တယ်နော်၊ အမွေးတွေလည်း ရှည်တယ်ကွ'

သူတို့နှစ်ယောက် ကြောက်စရာကောင်းသော ဆင်ကြီးကိုသာ အထူးအလေးထား ကြည့်နေမိသည်။ အကြောင်းမှာ ထိုဆင်ကြီးသည် သူတို့အား အသေသတ်ရန် ကြံရွယ်ပြီးတိုးတော့မည့်ဆင် နောက်တစ်လှမ်းဆုတ်ပြီး အသင့်ပြင်နေစဉ်မှာပင် ရဟန်းတော်မြတ် ရောက်လာပြီး တစ်မျိုးတစ်ဖုံ ပြောင်းသွားခြင်းသာဖြစ်၍ ထိုရန်မူနေသော ဆင်ဆိုးကြီးကိုသာ အာရုံစိုက်ရမည်ဖြစ်ပါ၏။

ရဟန်းသံဃာတော်သည် သီလရှိပြီးသား သီးခံစိတ်ရှိပြီးသားနှင့် တရားဒေသနာကိုသာလျှင် ဦးထိပ်ထားသည့် လူသားဖြစ်ပြီး သာမန်လူသားတွေ မလုပ်နိုင်သော ရဟန်းတော်၊ သူတော်စင် သူတော်မြတ်သာဖြစ်၍ စိုးရိမ်ကြောင့်ကြမှုမရှိကြပါ။ ဤသည်မှာ ဓမ္မတာပင် ဖြစ်သည်။

'ဝူး...'

'ဝူး... ဝူး... ဝူး...'

'ဝူး... ဝူး... ဝူး...'

တောဆင်ကြီးသည် ပထမတစ်ခွန်းသာ ဟစ်အော်၏။ နောင်တစ်ဖန် သုံးကြိမ်သုံးခါ ဆင့်အော်ဟစ်ရင်း နှာမောင်းကြီးလိပ်၍ သေ...



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ကာ ရဟန်းတော်မြတ်အား ကန်တော့သည်လားမသိ။ အော်ဟစ်ကန်တော့နေပုံကို မြင်ရသော စောထူးသာသည်

'ဟာကွာ ရဟန်းတော်ကို အံ့ဩစရာပဲဟေ့၊ ကြည့်စမ်း၊ ကြည့်စမ်း၊ ရဟန်းတော်ကို ကန်တော့နေတာကွ'

'အေးလေ... ခုတော့လည်း တောဆင်ရိုင်း ဆင်ဆိုးကြီးမဟုတ်တော့တဲ့အတိုင်းပဲ'

'အေးလေ... အခု ဆင်လိမ္မာကြီးဖြစ်သွားပြီကွ'

'ဟောဗျ'

'အမယ်'

'ရှူး... ရှူး... ရှူး...'

ဆင်ကြီးသည် ကြောက်ခမန်းလိလိပင် အော်ဟစ်လိုက်သည်မှာ ဝမ်းခေါင်းသံကြီးများပင် ပါလာလေသည်လားမသိတော့ပါ။ တောကြီးတစ်တောလုံး၊ သက်ငယ်နှင့် ခနုံးခင်း၊ လေ့ခင်းတွေတစ်လျှောက် တုန်ပြန့်ပဲ့တင်သံတွေ ညံသွားပါတော့သည်။

စောပန်းတင်ပင်လျှင် ကြောက်ရွံ့ထိတ်လန့်ပြီး အင်ပင်ကြီးကို ဖက်လိုက်မိသည်အထိ ယောင်ယောင်ရမ်းရမ်း ဖြစ်သွားသည်ကို စောထူးသာပင်လျှင် တွေ့လိုက်ရပါ၏။ စောပန်းတင် ကြောက်လည်းကြောက် မက်မွယ်ကောင်းလွန်းသော မျက်နှာလှလှများ ဖြစ်နေသည်။ စောထူးသာလည်း တစ်ခါမျှ မကြုံဖူး၊ မတွေ့ဖူး၊ မဆုံဖူးပါ၊ သူလည်းကြောက်ရွံ့စွာ ခံစားမိပါသော်လည်း စောပန်းတင်လောက်တော့မဖြစ်မိ။

တောဆင်ကြီးသည် ထိုသို့အော်ဟစ်သံ ဆုံးသွားသောအခါဝယ် နောက်သို့လှည့်ကာ တောထဲသို့ တစ်လှမ်းချင်း ခြေလှမ်းကျဲကျဲ နားရွက်ကြီးတွေ လှုပ်ခါယမ်းပြီးနောက် သူလာသည့်လမ်းအတိုင်း ထွက်ခွာသွားသည်လားတော့မသိ။ တောထဲဝင်ရောက် ပျောက်ကွယ်သွားသည်အထိ နောက်သို့တစ်ချက်မျှ ပြန်မကြည့်တော့ပါ။ ဟော်တော်လေးဝေးသွားရာမှ တောင်ပေါ်သို့ ထွက်သွားလေပြီကို သိလိုက်ရပါ၏။

'ရှူး...'





'ရှူး...'

'ရှူး...'

တောဆင်ကြီး၏ အော်သံကို နားယောင်ရင်းဖြင့် တော်တော်ဝေးဝေးရောက်သွားသည်ကို သိလိုက်ရသော စောထူးသာနှင့် စောပန်းတင်တို့ နှစ်ယောက် ခြေစုံရပ်ပြီး ရွှတ်ဖတ်သရဇ္ဈာယ်နေသော ရဟန်းတော်မြတ်အား ကြည်ညိုသမျှပြုံးရင်း ကြည့်နေစဉ်...

'ဒကာတို့'

'မှန်လှပါဘုရား'

'အင်း... ဒေါသ မောဟာတွေကြောင့် အသက်တွေ သေတတ်တာရှိပါတယ်၊ နှစ်ဖက်မှားတာလည်း မကောင်းပါဘူး၊ ဆင်ကြီးလည်း သူမှားကြောင်း ကျုပ်ကို ပန်ခဲ့ပါတယ်'

'တပည့်တော်တို့ နှစ်ယောက်ဟာ ရန်မမူပါဘူးဘုရား'

'သိပါတယ် ဒကာ'

'သူ ရန်မူပြီး နောက်ဆုံးအဆင့်ရောက်မှ အသက်လုရမှာပါဘုရား၊ မလုပ်ချင်သော အလုပ်ပါ၊ သူ့အသက်ကို ကိုယ့်အသက်ဖြစ်လို့ ခွင့်လွှတ်ပါဘုရား'

'ဟုတ်ပါတယ်၊ ဒါကြောင့် ကျုပ်ဝင်ရောက် ဖျန်ဖြေရတာပါ၊ ဒီဆင်ကြီးဟာ တောဆင်ကြီးအစစ်ပါ၊ ဒါပေမဲ့ သူ့ကို မသိတရားအမှားတွေ တွန်းပို့နေတဲ့ တောလည်းပါတာပေါ့ ဒကာရယ်'

'ဘုရားတပည့်တော်တို့ မရှင်းပါဘုရား'

'အင်း.. တောဆိုတဲ့ အမှောက်ပယောဂ နည်းနည်းပါးပါးပါနေတယ်လေ၊ တောဆိုတာ ဒီလိုပါပဲ၊ အနှောင့်အယှက်ဆိုတာ ရှိကြတာပေါ့'

'ထူးသာ'

'ဘာလဲကွ'

'ဒီရဟန်းကြီးဟာ မင်းဆွမ်းကပ်တဲ့ ရဟန်းကြီးမဟုတ်လား'

'ဟာ...'

စောထူးသာ ယခုမှ ထိုရဟန်းတော်မြတ်အား သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ ဖူးမျှော်ကြည်ညိုမှုပြုရင်း မှတ်မိသွားပါပြီ။ သူဆွမ်းကပ်လိုက်သော ရဟန်းတော်ကြီးမှ ထိုရဟန်းကြီးအစစ်၊ သူ မှတ်မိပါ၏။ ထိုရဟန်းကြီးသည် စောထူးသာကပ်လှူသည့် ထမင်းထုပ်အား လွယ်ထားသည့်သပိတ်ကို ဖွင့်ပြီးမှ အလှူခံခဲ့သည်။

ထိုရဟန်းတော်မြတ်၏ ပခုံးပေါ်ဝယ် သူဆွမ်းကပ်စဉ်ကပါလာသည့် နေကထိုက်ကလေးမှာလည်း ပခုံးပေါ်တင်လျက်သားပင် ဖြစ်ပြီးနောက် မပြုံးမရယ်ရပ်နေသော ရဟန်းတော်မြတ်အားပီတိဖြစ်ကာ ကြည်ညိုမဝ၊ ဖူးမျှော်မဝဖြစ်နေမိသည်။

'အရှင်ဘုရား'

'ပြောပါ ဒကာကြီး'

'မနက်ပိုင်းမှာ အရှင်ဘုရားအား တပည့်တော်ဆွမ်းကပ်မိသလား မသိပါဘုရား'

'မှန်ပါသည်၊ ဒကာ၏ဆွမ်းအား ကျုပ်နေ့ဆွမ်းအဖြစ် ဆွမ်းဘုန်းပေးခဲ့ပါတယ်၊ သာဓု… သာဓု… သာဓုပါ'

'အို… အရှင်ဘုရား၊ ဆင်နှာမောင်းတောင်ဘက်ကြွမယ်ဆိုလို့ ကြွသွားပြီထင်နေတာပါဘုရား'

'ကြွနေတာပါ ဒကာ၊ ဒါပေမဲ့ ဒကာတို့ကို မျက်စိထဲမှာအန္တရာယ်တစ်ခုနဲ့ ကြုံနေတာ စောစောတည်းက ဆွမ်းမကပ်ခင်ကတည်းက မြင်တွေ့နေရတော့ ကယ်ဆယ်ရလဦးမယ်ဆိုတဲ့အသိကြောင့် စိတ်မဖြောင့်လို့ ပြန်လာကယ်ခဲ့တာပေါ့'

'ကျေးဇူးကြီးလှပါတယ်ဘုရား'

ရဟန်းတော်မြတ်သည် စကားဆိုရာတွင် လေးလေးပင်ပင် ပြောသည်လည်းမဟုတ်ပါ။ သို့သော် နုတ်မြွက်ရန်ငြိမ်း၏၊ တိုး၍ညင်သာ၏ ပီသပြီးနားဝင်ချိုသည့်အပြင် ရင်ထဲဝယ် အေးစိမ့်သွားစေသော စကားများဖြစ်နေသည်ကို ကြားနေမြင်နေရသော စောထူးသာနှင့် စောယန်းတင်တို့ နှစ်ယောက်စလုံး ထိတွေ့ခံစားနေရသည်သာ။ ဖူးမဝသော စိတ်ဆန္ဒတွေနှင့် ကြည်ညိုနေကြသော မုဆိုးနှစ်ယောက်မှာ ဒူးလေးနှင့်မြားကိုပင်





သတိမထားမိတော့ပါ။

'ကဲ… ဒကာကြီးတို့ရဲ့ အလုပ်ရှိကြပေ၏၊ ကျုပ်လည်း နေမဝင်မီ ဆင်နှာမောင်းတောင်အရောက် ခရီးဆက်ရမယ်မို့ ကိုယ့်ခရီးကိုယ်ဆက် လှုပ်ရှားလုပ်ကိုင်ကြတာပေါ့နော်၊ ဒကာကြီးတို့ ကျုပ်ကို ခွင့်ပြုကြပါ'

'တပည့်တော်တို့ ကန်တော့ပါသည်ဘုရား'

'သာဓု… သာဓု… သာဓု'

'ကဲ… ဒကာကြီးတို့ ဘေးမသီရန်မခ လိုအင်ဆန္ဒတစ်လုံးတစ်ဝတည်း ရကြပါစေ၊ ကျုပ် ခရီးဆက်ပါပြီ'

'ကျေးဇူးကြီးမားလှပါသည် ဘုရား'

ရဟန်းတော်သည် ယခုမှပင် စိတ်အေးလက်အေး ပြန်လည်ကြွသွားကြသည်မှာ မနက်ပိုင်းကတွေ့ရသည့်အတိုင်းပင် ခြေချခြေကြွမှန်မှန်ဖြင့် ခပ်နွေးနွေး ပြန်လည်ကြွနေသည်ကို ကြည့်ရင်း စောထူးသာနှင့် စောယန်းတင်တို့ သဒ္ဓါကြည်ညိုနေကြသည်မှာ ထိုရဟန်းတော်မြတ် တောထဲဝင်ရောက် ပျောက်ကွယ်သွားသည်အထိ ဖူး၍မဝနိုင်။ တိတ်ဆိတ်စွာကြည်ညိုနေဆဲပင် ဖြစ်နေကြသည်ကို နှစ်ယောက်စလုံး မေ့မျောနေတော့သည်။

'ယန်းတင်'

'ဟင်… ဘာလဲကွ'

'ဒီရဟန်းတော်မြတ် ပြောသွားတာ ခုမှသတိရတယ်'

'ဘာလဲဟင်'

'ဘာလဲဆိုတော့ နေမဝင်မီ ဆင်နှာမောင်းတောင်အရောက် ကြွမြန်းမှာဆိုတော့ အံ့စရာပဲကွ'

'ဟင်… ဟုတ်ပါရဲ့၊ ကြားထဲမှာ ကန့်ဘလူတောင်ကြီးရှိသေးတယ်မဟုတ်လား'

'အေးလေ… ဒီကနေ ကန့်ဘလူတောင်ထိပ်ရောက်ဖို့ဆိုရင် ခြေလျင်သွားမယ်ဆိုပါတော့၊ အနည်းဆုံး သုံးညအိပ် လေးညအိပ်လောက်သွားရမယ်'



www.burmeseclassic.com

www.burmeseclassic.com

‘အေးလေ… ဒါတောင် လမ်းမှာအခက်အခဲ အန္တရာယ်ကင်း ရောက်မှာကွ’

‘ဟုတ်တယ်၊ ကန္တာရလူတောင်ကနေ ဆင်နှာမောင်းတောင်ဆို လည်း ဒီလိုပဲ၊ အနည်းဆုံး လေးညက ငါးညလောက်သွားရမှာဆိုတော့ နှစ်ခုပေါင်းရင် ရှစ်ည ကိုးညအိပ်ခရီးကို အရောက်မှားမယ်ဆိုတော့ မဟုတ်မှလွဲ ဆိုသလိုပဲကွ’

‘ဒီရဟန်းတော်မြတ်ဟာ သာမန် မဟုတ်နိုင်တော့ဘူး၊ ရဟန္တာ ဖြစ်မယ်ထင်တယ်’

‘အေး… ဟုတ်တယ်ဟေ့၊ ခုမှ သတိရတယ်၊ ဈာန်နဲ့ကြွသွား တာပဲဖြစ်မယ်ကွ’

‘သေချာပြီဟေ့၊ သေချာပြီကွ၊ တို့နှစ်ယောက် ရဟန္တာသူတော် မြတ်ကို ဖူးရတယ်၊ ဝမ်းသာလိုက်တာကွာ’

‘အင်း… ဒါကြောင့် တောဆင်ရိုင်းကြီးဟာ ဒီရဟန်းတော်မြတ် ကို ပူဇော်သွားတာပေါ့၊ ကန်တော့သွားတာပေါ့ကွာ’

‘ဟုတ်တယ်နော်’

သူတို့နှစ်ယောက် ဝမ်းသာစွာဖြင့် ကြည်နူးနေရာမှ သတိရလာ ပြီးနောက် ဒူးလေးနှင့်မြားတွေ သွားကောက်ကြကာ သူတို့လုပ်ရမည့် အလုပ်အား ဆက်လုပ်ရန်အတွက် နှစ်ယောက်သား ပေါ့ပေါ့ပါးပါး အင်ပင် ကြီးလေးမှထွက်ပြီး ပထမနေရာယူခဲ့သော အင်ပင်ကြီးအား ကြည့်လိုက် သောအခါ ငှက်ပျောသီးနှစ်လုံးတွေ့လိုက်သည်။

‘ဟာ… ယန်းတင်၊ ငှက်ပျောသီးနှစ်လုံးပါလား’

‘အေးဟ၊ ဟယ်… ဒီအခေါက်မှာ ချိတ်ဆွဲထားခဲ့တာပဲ ကြည့် စမ်း၊ ချိတ်ထားခဲ့တာကွ’

စောထူးသာသည် ပြောပြောဆိုဆို အင်ပင်အခေါက်တွင် ချိတ်ချဲ ထားသော ငှက်ပျောသီးနှစ်လုံးကို ဖြုတ်ယူပြီး စောယန်းတင်အား တစ်လုံး ပေးလိုက်သည်။

စောယန်းတင်သည် ငှက်ပျောသီးလက်ထဲရောက်သည်နှင့် အလွန်





အမင်း စားချင်နေသည်။ သူတို့နှစ်ယောက် ထမင်းထုပ်တစ်ထုပ်အား ဝေမျှစားထားရ၍ မဝတဝဖြစ်နေရာမှ ခုတော့ ငှက်ပျောသီးကိုတွေ့ရပါပြီ။ ငှက်ပျောသီးမှာ ဝင်းဝါပြီးမှည့်နေသည့်အပြင် သင်းပျံ့ပျံ့မွှေးနေ၍ ငှက်ပျော သီးအခွံကို သေသေချာချာ ခွာလိုက်သည်တွင် ထွက်ပေါ်လာသော အနံ့ သည် တစ်ခါဖူးမျှ မရှူရှိုက်ဖူးသော မခံစားရဖူးသော သင်းသင်းပျံ့ပျံ့မွှေး နေသောရနံ့၊ ထိုရနံ့တွေမှ တစ်ဖန် စားလိုသောစိတ်ကို အတွပ်အထိပ်ရောက် စေပြန်ပါ၏။ သို့အတွက် မဆိုင်းမတွ စားလိုက်သည်။ စောယန်းတင်ကဲ့သို့ ပင် စောထူးသာလည်း မနေနိုင်တော့ စားလိုက်ပါပြီ။

တစ်ယောက်နှင့်တစ်ယောက် စကားပင် မပြောဖြစ်ပါ။ ငှက်ပျော သီး၏ အံ့မခန်းဖွယ် အရသာတို့နှင့်အတူ လယ်ချောင်းထဲမှ ဝမ်းတွင်းသို့ မျိုချလိုက်စဉ် အလွန်နူးညံ့သည့်အပြင် ရင်ထဲဝမ်းထဲဝယ် အေးမြသွားစေ သည်။ ချိုသည်လည်း အသင့်အတင့် ဆိမ့်သည်လည်း အသင့်အတင့်။ သို့သော် ဘယ်အရသာနှင့်မျှ မတူသော ထူးကဲသည့်အရသာရှိသော ငှက် ပျောသီးကြောင့် အခွံကိုပင် မပစ်ရက်ပါ။ လွယ်အိတ်ကြီးထဲသို့ သေသေချာ ချာ ထည့်ထားလိုက်ကြပါ၏။

‘ထူးသာ’

‘အေး’

‘ဘယ်လိုနေလဲ’

‘မပြောတတ်ဘူးကွာ’

‘အေး… ငါလည်း ပြောမပြတတ်အောင် အရသာရှိနေတာကွ’

‘မုဆိုးဖြစ်တဲ့ တို့နှစ်ယောက်တော့ ထူးမှထူးပဲကွာ’

‘နောက်ထပ် ထပ်ဖူးချင်လိုက်တာ ထူးသာရာ’

‘စိတ်ထဲကမှန်းပြီး အမြဲဖူးကြတာပေါ့ကွာ’

‘အေးလေ… ဒါပဲ တတ်နိုင်မှာပေါ့၊ ကဲ… အလုပ်စကြစို့’

‘အေး’

နှစ်ယောက်သား နောက်ထပ် ထိုရဟန်းတော်မြတ်အား တွေ့လို တွေ့ငြား တောတောင်လျှိုမြောင်တွေ ပတ်ချာလှည့်ကြည့်မိပါသေးသော်


www.burmeseclassic.com

www.burmeseclassic.com



လည်း မတွေ့ရတော့၊ မဖူးရတော့ပါ။ စိတ်ထဲ မျက်စိထဲမှာတော့ ထိုရဟန်းတော်မြတ်အား ရွဲရွဲမြဲမြဲ မြင်နေဆဲပင်။

တောဆင်ရိုင်းကြီးကိုပင် သူတို့နှစ်ယောက် သတိမရတော့ မေ့နေသည်။ ကြောက်စိတ်၊ စိုးရိမ်စိတ်တွေလည်း လွင့်ပါးပျောက်ပျက်သွားလေပြီ။ သူတို့နှစ်ယောက် သဘောပေါက်လိုက်ပါပြီ။ တောကြီးတောင်ကြီးတွေဝယ် ရဟန်းသူတော်စင်တွေ ရှိနေကြသည်ဆိုသော လူကြီးသူမတွေ၏စကားကြားယောင်နေမိကြသည်သာ။

သူတို့နှစ်ယောက်သည် သက်ငယ်တောထဲ ဝင်ခဲ့ရင်းမှ အောက်ဘက်သို့ ဆက်ဆင်းခဲ့ကြပါသည်။ ဤသက်ငယ်တောဖြတ်လျှင် ရွှံ့နွံစပ်စပ်ဖြစ်နေသော လျှိုဘက်ရောက်မယ်။ ထိုလျှိုနှင့်ဤသက်ငယ်တောအစပ်ဝယ် ချေ သို့မဟုတ် ဒရယ်လည်း ရနိုင်သည်မို့ မုဆိုးအလုပ်စ,ရပါပြီ။ သက်ငယ်တော တိုးရသည်မှာ မလွယ်ပါ။ သက်ငယ်က ရှလည်းရှ၏။ ယားကျိကျိလည်းဖြစ်၍ ကုတ်ကောင်းပြီးအစင်းလိုက်ရှ နာရားဘုဖြစ်တတ်သည်။ ထိုအဖြစ်မျိုးကိုတော့ သူတို့နှစ်ယောက် အလေးမထား ဂရုမပြုပါ။ တောတိုးနေကျ၊ သက်ငယ်ရိတ်နေကျမို့ မကြောက်ပါ။ သူတို့စိတ်ထဲဝယ် ချေနှင့် ဒရယ်ပစ်ခတ်ရန်သာ အထူးဂရုစိုက်နေကြစဉ်မှာပင် သက်ငယ်တောဖြတ်နေမှု အဆုံးသတ်လိုက်ပါပြီ။ သက်ငယ်တောဆုံးသည်နှင့် အောက်ခြေပျော့တော့တော့နှင့် ကြုံရသည်တွင်

'ပန်းတင်၊ ဂရုစိုက်ဟေ့၊ သားကောင်တွေ့နိုင်ပြီ'

'အေး... ဟုတ်တယ်နော်'

'အရမ်းမတိုးနဲ့ကွ၊ အနံ့သိပ်မကောင်းဘူး'

'အင်း.. အသားပုပ်အနံ့မျိုးပဲထူးသာ'

'ဟုတ်တယ်၊ ကျားလည်း ဂရုစိုက်နော်၊ အနံ့ပုပ်ဟာ သားကောင်အကြွင်းအကျန်လည်းဖြစ်နိုင်တယ်ကွ'

'အေး.. အေး'

သူတို့နှစ်ယောက်စလုံး အနံ့ရနေသည်မှာ သားကောင်တစ်ကောင်ကောင်၏ အပုပ်နံ့၊ အပုပ်နံ့သည် နေ့လယ်နေပူ၍ ပိုမိုပုပ်ပွလာသည်လား





မသိတော့ပါ။ ပို၍အနံ့ရလာသဖြင့် စောထူးသာသည် စောပန်းတင်အားခေါ်ပြီး အထက်သက်ငယ်တောအစပ်သို့ ပြန်ဝင်လိုက်သောအခါ အနံ့သက်သာသွားပါပြီ။

၎င်းအတွက် သက်ငယ်တောအစပ်မှပင် မြောင်း၍ဆက်သွားနေစဉ် သူတို့အသံတွေ ကြားနေရပါပြီ။ ထိုအသံကြောင့် ခေတ္တနားစွင့်ရာမှ သိလိုက်ကြလေ၏။ ထိုအသံတွေမှာ တဝီဝီ၊ တဂုန်းဂုန်းပျံဝဲနေသော တောယင်မဲယင်ကောင်ကြီးတွေသည် အပုပ်ကောင်အား ဝိုင်းအုံစားနေကြသည်သာဖြစ်ပါသည်။ ထိုသို့အပုပ်ဆိုပါက ကျားစားထားသော အကောင်ဖြစ်နိုင်သည်။ ကျားဆိုသော သတ္တဝါကြီးသည် အစာအား တစ်ဝစားတတ်၏။ အစာကို တစ်ဝစားပြီးပါက နှစ်ရက်သုံးရက်မစားဘဲ နေတတ်၊ နေထိုင်နိုင်သော သတ္တဝါတစ်မျိုး၊ တစ်ကောင်အားဖမ်းမိပြီး စားပါကလည်း ချေပေါက်တစ်ကောင်၏ အသားသည် အရိုးအသားဆိုပါက ပေါင်ခုနှစ်ဆယ်ခန့်အနက် အသားအချိန် လေးဆယ်ငါးဆယ်ခန့်၊ ဒရယ်ဆိုပါက ပေါင်ခြောက်ဆယ်ကျော်၊ ခုနှစ်ဆယ်ရှိသော အထီးတွေ၏ အသားကို တစ်စိမ့်စိမ့်မကုန် ကုန်အောင်စားလိုက်၊ ရေသောက်လိုက် ဆက်စားလိုက်နှင့် တစ်ကောင်လုံး အသားအားလုံးကုန်အောင်လည်း စားတတ်၏။ တစ်ဖန်တစ်ဝစားခြင်းမဟုတ်ဘဲနေသကဲ့သို့ ပုပ်ပွနေမှလည်း စားတတ်ပြန်ပါပြီ။

သို့အတွက် တောစပ်သက်ငယ်ကျင်းဂူ့တွင်လည်း အိပ်စက်ပြီး အသားစားရန် စောင့်နေတတ်သည့် ကျားအကျင့်ကို ကောင်းစွာသိသည့် စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက် သိထား၍ သတိဖြင့် ရှေ့တိုးနေစဉ်မှာပင်။

'ရှူး...'

'ဟာ..'

'အို... မြွေကြီး'

'ပန်းတင် အသာနောက်ဆုတ်၊ နောက်ဆုတ် သတိထား'

'အေး'

သူတို့တွေ့လိုက်ရသည်မှာ တောကြီးငန်းမြွေတော့ မဟုတ်။ ငန်း



www.burmeseclassic.com

www.burmeseclassic.com



မြွေတော့ ငန်းမြွေဖြစ်ပါသည်။ အကောင်သိပ်မကြီးလှသော်လည်း လက်မောင်းခန့်ဖြစ်၏။ အနီးအနားတွင် ငန်းမြွေသိုက်ရှိနေပေမည်။

'ပန်းတင်ရေ အပေါ်တက်'

'ရှူး… တိုးတိုးကွ၊ ငါလာပြီ'

ငန်းမြွေကြီးမှာ ဦးခေါင်းကြီး ထောင်နေပါ၏။ သက်ငယ်ပင်တွေပင် ကျော်နေခြင်းအတွက် အကောင်မသေးလှပေ။ တစ်ကောင်သာ တွေ့သဖြင့် နောက်တစ်ကောင်နှင့် အသိုက်ရှိကို ရှိပေမည်။ သို့အတွက်ကြောင့် နှစ်ယောက်သား အပေါ်ဘက်ပြန်တက်ရလေပြီ။ အပေါ်ဘက်တက်ပါက ချေနှင့်ဒရယ်တော့ ရချင်ရမည်။ သက်ငယ်တောဝယ်မနေ၊ အောက်ခြေဘက်စွတ်စိုသည့် ဝက်လာပင်တွေနှင့်ဆက်စပ်နေသော ကိုင်းတော၊ သက်ငယ်တောတို့တွင် နေတတ်ကြသည်။ ဝက်သိုက်တွေရှိနေမည်သာ။

နှစ်ယောက်စလုံး အပေါ်ဘက်ရောက်တော့ ညနေစောင်းပါပြီ။ သုံးနာရီထိုးတော့မယ်၊ နှချိန်ထိ တစ်ကောင်မျှမပစ်ရသေးပါ။ ဘာကောင်မှလည်း မတွေ့။ နှစ်ယောက်သား မောလာသည့်အတွက် သက်ငယ်တောထဲတွင် ခေတ္တနားရင်း ရေသောက်ကြသည်။

ဒီနေ့အဖို့ ပစ်ကွင်းကြုံ သားကောင်မတွေ့၍ ပစ်ခတ်ရမည့်အနေအထား မတွေ့တော့ပါ၊ နောက်နိုင် ကျန်သည့်အချိန်ကိုအတွင်း တစ်ကောင်ကောင်တော့ ရအောင်ပစ်ကိုပစ်ရမှ ဖြစ်ပေမည်။ နောက်နေ့လည်း တောမလည်ချင်တော့ပါ။

'ပန်းတင်'

'ဗျာ'

'စိတ်ဓာတ်မကျနဲ့'

'အေးပါကွ၊ ဒီနေ့အချိန်ရှိပါသေးတယ်'

'ဗိုက်ဆာလား'

'အေး… မင်းပြောမှ သတိရတယ်၊ လုံးဝဗိုက်မဆာဘူးကွ'

'ဟုတ်တယ်နော်၊ ဝမ်းထဲမှာ အာဟာရပြည့်နေတယ်ကွ'

နှစ်ယောက်သား သူတို့ဗိုက်မဆာသောအကြောင်း သူ့အတွေး





ကိုယ့်အတွေးတွေဖြင့် တွေးနေကြသည်မှာ ထုတ်ဖော်ပြောမရသော်လည်း သိတော့ သိနေကြ၏။ စောထူးသာမှာတော့ ထိုရဟန်းတော်မြတ်ကိုသာ သတိရနေမိသလိုလို။

'အင်း… ငါတွေ့လိုက်ရတဲ့ ဖူးလိုက်ရတဲ့ ရဟန်းတော်မြတ်ဟာ ရဟန္တာမြတ်ဖြစ်မယ်၊ လှူရတဲ့အတွက် ဝမ်းသာလိုက်တာ၊ ဒီနေ့အဖို့ သားကောင်မရလည်း ငါကျေနပ်ပြီ၊ တောက်… ငါ့ဘဝက မုဆိုးဖြစ်ရတာ နာလိုက်တာဟု တွေးမိသကဲ့သို့ စောပန်းတင်မှာလည်း သူ့ရင်ထဲဝယ် ထိုရဟန်းတော်မြတ်အား ဖွဲ့ဖွဲ့မြဲမြဲ ကိန်းဝပ်နေသကဲ့သို့ ဖြစ်နေပြီးနောက်

'ဩော်… ဖူးလို့မဝဖြစ်ရတယ်၊ နောက်ထပ် ဖူးမျှော်ချင်လိုက်တာ၊ အင်း… တောဆင်ရိုင်းကြီးကို မေတ္တာလက်နက်နဲ့ အနိုင်ယူသွားတယ်၊ ဒါသကို ချုပ်ငြိမ်းစေပါကလား၊ တို့နှစ်ယောက်ရဲ့ ကြောက်ကန်ကန်မယ့် လက်နက်တွေလည်း မြေပေါ်ကျသွားအောင် ဆောင်ရွက်နိုင်တာ အံ့ဩစရာပဲ'

အတွေးကိုယ်စီ ဖြစ်နေကြသည်။ အတွေးတွေထဲတွင် တခြားသားကောင်ရရှိရေး မတွေးကြ၊ မတွေးမိတော့။ တစ်နေ့ ဝမ်းဗိုက်ထဲမှ အာဟာရ ငှက်ပျောသီးတစ်လုံးကြောင့် နောက်ထပ် လုံးဝဆာလောင်မွတ်သိပ်မှုတွေ ကင်းပျောက်နေသည်သာ။

'ကဲ… ဆက်ထွက်ကြစို့ကွာ'

'အေး… ထွက်လေ'

'အင်း… ဆုမတောင်းကောင်းပါဘူးကွာ'

'ဘာလဲ ပန်းတင်၊ ဘာဆုတောင်းမှာလဲ'

'ဩော်… သားကောင် တစ်ကောင်နှစ်ကောင်လောက် လိုချင်တယ်လို့လေ၊ ချေ ဒါမှမဟုတ် ဒရယ်တစ်ကောင်နဲ့ တောဝက်တစ်ကောင်လောက်လိုချင်တာပေါ့ကွာ၊ လိုချင်ရင် ဆုတောင်းချင်တာကို ပြောတာပေါ့'

'ဟုတ်တော့ ဟုတ်တာပေါ့ကွာ၊ တို့ဘဝက မုဆိုးဘဝဆိုတော့ သားကောင်ရမှ ဝမ်းဖြည့်ရမှာလေ၊ လိုချင်တာပေါ့၊ ဆုတောင်းချင်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com


'အင်း… သန်ဘက်ခါဆိုရင် ဥပုသ်နေ့၊ ဒီနေ့ သားကောင်ရရင် ရောင်း၊ မနက်ဖြန်ဆို ဘုန်းကြီးကျောင်းအတွက် ဆွမ်းဟင်းချက်ကြ၊ လှူကြဖို့ ရွာသူရွာသားတွေလည်း တို့ကိုမျှော်နေမှာကွ'

နှစ်ယောက်သား စိတ်မကောင်းကြပါ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက်မဟုတ်၊ စောသာထူးမှာ မိန်းနှင့် ကလေးကနှစ်ယောက်၊ စောပန်းတင်မှာလည်း မိဘနှစ်ပါးအပြင် ညီ၊ ညီမတွေကလည်း လေးယောက်ရှိသေးသည့်အတွက် အလုပ်မှန်သမျှ လုပ်ရသည်။ တစ်အိမ်လုံးအတွက် သူ့မှာ တာဝန်ကရှိနေသေး၍ မုဆိုးဘဝဝယ် သားကောင်ရှာရမည်။ သားကောင်ရမှ ငွေရမည်။ စားရမည်ဟုတွေးပြီး ရင်လေးမိသည်။

'ထူးသာ'

'ပြော ပန်းတင်'

'ငါတော့ ဘာပဲဖြစ်ဖြစ် ဆုတောင်းမယ်ကွာ'

'ဘယ်ပုဂ္ဂိုလ်ကို ရည်စူးပြီးဆုတောင်းမှာလဲ'

'အေး… ဟိုစောစောက မူးလိုက်ရတဲ့ ကျေးရွာရှင်ရဟန်းတော်မြတ်ကို ရည်စူးပြီးတော့ ဆုမတောင်းဘူးကွ'

'အဲဒီတော့'

'ဒီတော့ကွာ၊ တောပိုင် တောင်ပိုင်တွေကိုပဲ ဆုတောင်းမယ်၊ ရည်ရွယ်ပြီး သားကောင်တောင်းမယ်၊ မကောင်းဘူးလား ထူးသာ'

'အေး… ကောင်းတယ်။ မင်းလည်း သားကောင်တောင်း၊ ငါလည်း သားကောင်တောင်းမယ်'

'ဒီလိုလုပ်ကွ၊ မင်းတစ်ကောင် ငါတစ်ကောင်ပေါ့၊ များများမတောင်းပါဘူး၊ တစ်ယောက်တစ်ကောင်ဆို အကောင်းဆုံးပေါ့နော့'

'အေး… ဒါဆို မင်းက ချေ ဒါမှမဟုတ် ဒရယ်ဆုတောင်း ငါက တောဝက်ပဲဆုတောင်းမယ်'

'အေး… ကောင်းပြီ၊ ဆုတောင်းကြစို့'

စောထူးသာသည် ဆောင့်ကြောင့်ထိုင်ကာ တောပိုင်တောင်ပိုင်ကြီးတွေထံသို့ ဆုတောင်းလိုက်ကြပါပြီ။ သူပြောသည့်အတိုင်း စောထူးသာမှ-





'ဤတော ဤတောင်ကိုပိုင်ဆိုင်သော ပုဂ္ဂိုလ်ကြီးများ၊ ကျွန်တော့်အား တောဝက်တစ်ကောင် ပေးသနားပါခင်ဗျား၊ ဒီနေ့ ဒီအချိန်အထိ ဘာကောင်မျှ မတွေ့မပစ်ရသည့်အတွက် မိသားစုစားဝတ်နေရေးလည်း အလွန်ဒုက္ခရောက်ပါ၍ သနားငဲ့ညာပြီး တောဝက်တစ်ကောင် တစ်မြီးတော့ ပေးပါ။ တောင်းပန်ပါတယ် တောပိုင်တောင်ပိုင်ကြီးများ ခင်ဗျား'

စောထူးသာကဲ့သို့ပင် စောပန်းတင်မှာလည်း တောမကြီးဘက်သို့ လှည့်ပြီး ဦးတိုက်၏၊ အောက်ဘက်လျှိုကြီးဘက်သို့ ဦးတိုက်ရင်းမှ

'တောပိုင်တောင်ပိုင် ပိုင်ဆိုင်သော ပုဂ္ဂိုလ်ကြီးများ၊ ကျွန်တော်တို့နှစ်ယောက်အတွက် ချိုကျိုးနားရွက်ပဲ့ တစ်ကောင်စီလောက် ပေးသနားပါ၊ မိဘနဲ့ ညီအစ်ကိုမောင်နှမတွေ လုပ်ကျွေးသမှုပြုရန် မဆောမပန်းပါ၊ စိတ်မညစ်ပါ၊ သို့အတွက် ပြုစုရသော ကုသိုလ်တွေဆက်လက်ပွားများနိုင်ရန်အတွက် ကျွန်တော့်အား ချေ ဒါမှမဟုတ် ဒရယ်တစ်ကောင်တော့ မိုးမချုပ်မီ ပေးသနားတော်မူပါ၊ တောပိုင်တောင်ပိုင်ကြီးတို့'

ဆုတောင်းရင်း သားကောင်တောင်းလိုက်ကြသည်။ တောင်းခံပြီးနောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးလိုက်၏။ ထိုအပြုံးသည် ပီတိဖုံးသော အပြုံးတွေနှင့် တစ်ခါဖူးမျှ မပြုဘူးသော လုပ်ရပ်တွေကြောင့် ရှက်တော့ရှက်သလိုလိုလည်းရှိကြ၏။

နှစ်ယောက်စလုံး ဘာမျှမပြောတော့ဘဲ ထိုင်ရာမှ ပြိုင်တူထပြီး တောထဲဘက်လှည့်ထွက်ရင်း ခပ်လှမ်းလှမ်းရောက်၍ အနံ့အသက်လည်း ကင်းတော့မှ ခနုံးခင်းဆောဘက် ပြန်ဆင်းလိုက်ကြသည်။ ပြန်ဆင်းသည်ဆိုရာဝယ် သိပ်ပြီးအနိမ့်အမြင့်တော့ မဟုတ်ပါ။ မြေပြန့်ဖြစ်၍ အနည်းငယ်မျှသာ ဆင်းရပါသည်။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'ဟောဗျ… ကျားကြီးအသံ'

'သြော်… ပန်းတင်ကလည်း ကျားသံတော့ မှန်တာပေါ့ကွာ


www.burmeseclassic.com

www.burmeseclassic.com

နောက်ဘက် ကျန်ခဲ့ပါပြီကွ'

'တို့နောက် လိုက်မလာပါဘူးနော်'

'မလိုက်ပါဘူးကွ၊ ကြောက်မနေပါနဲ့'

စောထူးသာသည် တောမုဆိုးပီပီ အသံကြားသည်နှင့် အကွာအဝေးကိုလည်း ခန့်မှန်းတတ်သည်။ မှန်ပါသည်၊ ကျားကြီးမှာ စောစောက သူတို့အနံ့ရခဲ့သော နေရာဘက်မှ သက်ငယ်ကျင်းဘက်မှ ဖြစ်ပေမယ့် အိပ်ရာနိုး၍ ထပြီးဟိန်းဟောက် အသံပြုလေသလား၊ သို့မဟုတ် သူစား၍ လက်ကျန်ပုပ်ပွနေသော သားကောင်အား အခြားတောခွေးတွေ လာစား၍ ဟိန်းဟောက်ခြောက်လှန့် မောင်းနှင်နေသည်လားတော့ မသိတော့ပါ။

'ရှူး… ခြေသံကွ'

'အေး'

'ဖျောက်… ဖျောက်… ဖျောက်'

ခြေသံတစ်ဖျောက်ဖျောက် ကြားနေရသည့်အတွက် နှစ်ယောက်သား အသ လာသည့်ဘက် မှန်းပြီး သားကောင်ရှာကြပါပြီ။ မိုးဟိတ်ထဲဝယ် ပစ်ရတော့မည်ဆိုသော အသိကြောင့် ဝမ်းသာသည့်အပြင် အားတက်လာကြသလို ငြိမ်သက်စွာ ချောင်းမြောင်းနေကြပါ၏။

ခြေသံလည်း ပျောက်သွားပြန်ပါပြီ။ ခြေသံပျောက်အောင် သားကောင်သည်လည်း အင်မတန် လျင်ကြသည်သာ။ အကြောင်းမှာ သားကောင်သည် ညနေစောင်းနှင့် နံနက်ပိုင်းသာ အများဆုံးထွက်ကြ၏။ နေ့လယ်ဆိုပါက ရေငတ်သည့်အခါလောက် သို့မဟုတ် ပူလွန်း၍ ရေစိမ်တတ်သော ဆောက်နှင့်ဒရယ်တို့သည် ရေရှိသည့်နေရာကို သိထားသည့်အတွက် ထိုနေရာအား အိပ်စက်နားခိုရာမှ သွားတတ်ကြောင်းကိုလည်း မုဆိုးစောထူးသာ သိထား၏။

ထို့အတွက် ရေနှင့်နီးမည့် တောဘက်သို့ မသိမသာ တိုးရွှေ့ရင်း သားကောင်ကို ချောင်းမြောင်းနေသည်။ သားကောင်သည်လည်း ရန်သူကို ရှူးစမ်းရှာဖွေတတ်သည်။ သူ၏အသက်အန္တရာယ်ကင်းမှ ဆင်းတတ်ကြသည်မှာ သားကောင်တိုင်း ဖြစ်ကြပါ၏။ မုဆိုးစောထူးသာသည် သား





ကောင်အစာကို သိပြီးသားဖြစ်သည်။

စောပန်းတင်သည် စောထူးသာနောက်မှကပ်ပြီး ခြေသံမကြားရအောင် သတိထားပြီး ဆင်းခဲ့ကြသည်။ စောထူးသာ၏ သားကောင်ချောင်းမြောင်းပုံမှာ အင်မတန် ခြေလုံသည်။ ခြေချရန်လည်း သတိကြီးစွာထားပြီးမှ ခြေချ၏။ သူနင်းသမျှ အကိုင်းအခက် အခြောက်တွေကို မနင်းမိစေရန်အတွက် ဖြစ်၏။ ထိုအကိုင်းခြောက်ကို နင်းမိပါက ခြေသံမဟုတ်သော်လည်း အကိုင်းခြောက်၍ ကျိုးကြေသံကြောင့် သားကောင် လန့်ပြီးပြေးတတ်သဖြင့် မုဆိုးချောင်း ချောင်းနေသည်ကို စောပန်းတင် မှတ်သားထား၏။

စောထူးသာ၏ ခြေချသည့်နေရာကိုသာ သူကလိုက်ပြီး ဖဝါးမကွာ ချနေသည့်အတွက် ခြေသံလုံ၏။ ခြေသံလုံသော မုဆိုးနှစ်ယောက်သည် ဝတ်လာပင်ကွေ့နှင့် ဆက်စပ်နေသည့် သက်ငယ်ကျင်းအစပ်သို့ ရောက်သည့်တွင် ချုံငယ်လေးများအတွင်း တိုးဝင်လျက် စောစောက ခြေသံရှင် သားကောင်ကိုတွေ့အောင်ရှာကြပါပြီ။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

စောထူးသာနှင့် စောပန်းတင်သည် ကျားသံကြားကြ၏။ ကျားကြီး၏ ဟိန်းဟောက်သံမှာ တော်တော်လေး ဝေးပါသော်လည်း ဤကိုင်းတောနှင့် ဆက်နေသော သက်ငယ်ကျင်းမှဖြစ်မည်ဟု သုံးသပ်ရမိသည့်အပြင် တစ်ခုတော့ ဝမ်းသာသွားသည်။

စောထူးသာ ဝမ်းသာသည်မှာ ကျားကြီးအသံကြားရ၍ဖြစ်သည်။ ကျားကြီး အသံကြားရခြင်းကြောင့် သားကောင် ချေ သို့မဟုတ် ဒရယ်သည်လည်း ကျားသံကို ကြားချေမယ်၊ သူလည်း အသံနှင့်နေရာကို ခန့်မှန်းပြီး ထိုကျားကြီးရှိနေသည့်ဘက်သို့ သွားမည်မဟုတ်ပေ။ တစ်ခန်း ကျားသံကြောင့် ထိုသားကောင်သည် အသံနှင့်ထပ်တူ ရန်သူကိုရှာဖွေရင်း ရန်သူကို ရှာသည်ဆိုပါက သူ၏ဦးခေါင်းထောင်ပြီးမှ မျက်လုံးဖြူးဖြူး


www.burmeseclassic.com

www.burmeseclassic.com



အောင် ရှာမည်။ ထိုအခါ သားကောင်အားမြင်ရမည်ဆိုသော တစ်ခုနှင့် တစ်ခု ကွင်းဆက်တွေကို ဆက်စပ်တွေးတောရင်း သူ၏ဦးခေါင်းနှင့် နားမျက်စိတို့ အလုပ်ရှုပ်သွားပါပြီ။ သားကောင်ကို ရှာနေသည်။

စောပန်းတင်သည်လည်း အလိုက်သိ၍ စကားမပြော။ သူလည်း ချုံတန်းနှင့် အခက်အရွက်တွေ ကြားမှပင် သားကောင်ကို ရှာနေသည်။ ထိုသားကောင်သည် ချေ သို့မဟုတ် ဒရယ်ဖြစ်ပါက သူ၏တာဝန်၊ သူ ပစ်ရန်လည်းဖြစ်၍ ပစ်ချင်စိတ်၊ ရချင်စိတ်နှင့်အတူ သားကောင်ကိုရှာ နေပါ၏။

'ဖျောက် . . . ဖျောက်'

'ဖျောက်'

'ဖျောက်'

'ရှူး'

စောထူးသာမှ အသံမထွက်ရန် သတိပေးရင်း သားကောင်ကို မမြင်ရသော်လည်း စိတ်ထဲမှ နား၏အသိနှင့် ထပ်တူထပ်မျှ သတိထား ဆုံးဖြတ်ကာ သားကောင်ရှိနိုင်မည့် နေရာသို့ မှန်းပြီးလက်ညှိုးထိုးပြနေ ပါ၏။

စောပန်းတင်သည်လည်း လက်ဆန့်၍စောထူးသာပြသည့် လက် လှမ်းမျှော်ကြည့်၊ ကိုင်းပင်နှင့် ဆက်စပ်ပြီး ဝက်လာတောအစပ်သို့ ရောက် နေသော ဦးချိုတစ်ပေကျော်ခန့်ဖြင့် ခေါင်းထောင်ကာ မျက်လုံးအဝိုင်းသား ဟိုကြည့် ဒီကြည့်ကြည့်နေသည့် ဒရယ်အထီးကြီးတစ်ကောင်တည်း

'တို့နှစ်ယောက် ပြိုင်တူပစ်မယ်'

'အေး . . . ကောင်းတယ် ကောင်းတယ်'

'ပန်းတင် ငါ့ဘက်ကပစ်ကွင်းမကောင်းဘူး'

'ငါ့ဘက်ကကောင်းတယ်'

'ဒါဆို နေဦး'

စောထူးသာသည် စောပန်းတင်ဘက်သို့ မသိမသာ ရွှေ့လိုက်၏။ စောပန်းတင်ဘက်ရောက်တော့ ပစ်ကွင်းကောင်းကောင်း ပစ်ခတ်နိုင်သဖြင့်





နှစ်ယောက်သားလေးတင်၏။ မြှားချောင်းဝယ်မြားကို အသေအချာ စနစ် တကျတင်ပြီး ချိန်လိုက်ပါသည်။

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

'ဝေါင်း'

ကျားကြီး၏အသံမှာ ပိုမိုနီးလာသလိုလို ကြားလိုက်ရသဖြင့် ဒရယ်သည် သူ၏ဦးခေါင်းကို ပိုမိုမော့ပြီးနောက် ကျားကြီးအား ရှာနေစဉ် မှာပင် အချိန်မဆွဲလိုတော့သည့် စောထူးသာ၏ပစ်ခတ်မှုအတွက်

'ပန်းတင်'

'အေး'

'အသင့်လား'

'အေး'

'ကဲ . . တစ်၊ နှစ်၊ သုံး ပစ်'

'ဖြောက်'

'ဖြောက်'

'ဖောက်'

'ဖောက်'

'ဝုန်း'

'ဂူး'

'ဖြောက် . . . ဖြောက် . . . ဖြောက်'

'ထူးသာ . . . ထူးသာ'

ဒရယ်ကြီးအား သူတို့၏မြားနှစ်စင်း ကောင်းစွာထိမှန်သွားသကဲ့ သို့ ဒရယ်ကြီး တခုန်၏။ ခုန်သည့်မှာ အရှိန်မြင့်ပြီး သက်ငယ်ပင်နှင့် ချုံတွေကိုပင် ကျော်သွားနိုင်ပြီးမှ ပြန်အကျ ရှေ့လက်ထောက်က လဲကျသွားသည်။ ထို့နောက် ဒရယ်ကြီး ပြန်ထရင်း အသားတွေ အောင် ဆတ်တုန်ရင်ကာ ရှေ့ဘက်သို့ ဆင်းပြေးသွားသည့်အတွက် စောပန်းတင်



www.burmeseclassic.com

www.burmeseclassic.com

စိုးရိမ်စိတ်တွေဖြင့် ထူးသာ•• ထူးသာဟုခေါ်သည်။ စောထူးသာမှ မှန်သွားကြောင်းနှင့် စိတ်အေးအေးထားရန် သတိပေးလိုက်ပါ၏။

သူတို့နှစ်ယောက် ပုန်းနေသည့် ချုံမှထွက်ပြီး ဒရယ်ကြီး ဆင်းပြေးသည့် မြေပျော့ပျော့နှင့် ရွှံ့ထူပြောသော ကိုင်းတောဘက်သို့ လိုက်သွားစဉ် ပေငါးဆယ်ခန့်ရောက်တော့ ဒရယ်ကိုနွံ့ထဲ မရောက်တရောက်မှာပင် လဲနေပါပြီ။

စောထူးသာလည်း ဂတ်ဝန်းကျင်အား အခြေအနေ ကြည့်ရင်း ဒရယ်ကြီးသွားကောက်ရန် စီစဉ်ပါပြီ။ ပတ်ဝန်းကျင်တွင် ကျား၊ ကျားသစ်မှအစ ရန်ပြုနိုင်သော သားကောင်ကိုရှာကြည့်ပါသော်လည်း ဘာကောင်မျှ မတွေ့ပါ။ အေးအေးဆေးဆေး အနေအထားဖြစ်၍ ဒရယ်ကောက်ရန် လုပ်ငန်းစရပါပြီ။ ဒရယ်ကြီးကား သေနေပါပြီ။ စိတ်အေးလက်အေး ကောက်ရမည်။

'ထူးသာ'

'ဘာလဲ ပန်းတင်

'ငါ့ဆုတောင်းပြည့်ပြီကွ'

'ဩော်••• အေး••• အေး၊ ငါ့ဆုတောင်းလိုသေးတာပေါ့'

'ဟုတ်တယ် ရအောင်ဆုတောင်းကာ တောစောင့်တောင်စောင့်ကွေပေးမှာပေါ့ကွ'

'အေး••• ရရင်ကောင်းတာပေါ့'

'ရမှာပေါ့ ထူးသာရာ'

ဒီတစ်ခါတော့ စောပန်းတင် တက်ကြွစွာဖြင့် စောထူးသာကိုပင် အားပေးနေသည်။ သူ့မျက်နှာမှာလည်း အပြုံးတွေသန်းပြီး ဝမ်းသာနေသည်သာ။ နှစ်ယောက်သား ဒရယ်ကြီး၏နောက်ခြေနှစ်ချောင်းမှ ဆွဲယူပြီး သက်ငယ်ကျင်းအစပ်အထိ ဆွဲသွားလိုက်သည်။

'ပန်းတင်'

'အေး'

'မင်းဆုတောင်းပြည့်ပါတယ်ကွာ'





'ဒီမှာလေ ကြည့်ပါဦးကွ'

'ဘာလဲ ထူးသာ'

'ဒီမှာကြည့်ဆို'

စောထူးသာ လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်သည်။ စောထူးသာ လက်ညှိုးထိုးပြသည်မှာ တစ်နေရာတည်းမဟုတ်ပါ။ နှစ်နေရာဖြစ်နေသည်။ တစ်နေရာမှာ နား၊ တစ်နေရာ ဦးချိုဖြစ်၍ စောပန်းတင် ပြာက်ကြည့်ရင်းမှ ပြုံးလိုက်သည်။

'အေးကွာ မှန်လိုက်တာနော်'

'မင်းဆုတောင်းတာ နှစ်ခုမဟုတ်လား'

'ဟား••• ဟား••• ဟား••• ဟား•••၊ အေး••• နှစ်ခု နှစ်ခုစလုံးမှန်တယ်ကွ၊ ဟား••• ဟား••• ဟား••• ဟား•••'

'အေး••• အံ့စရာတွေပဲကွ'

'အေးလေ•• ဒါဆိုရင် တိုက်ဆိုင်တာလားတော့ မသိပါဘူး၊ နှစ်ခုစလုံးကတော့မှန်တာပဲ၊ ဟား••• ဟား••• ဟား••• ဟား•••'

စောပန်းတင် သဘောကျလည်း သဘောကျချင်စရာ ... ဆုတောင်းသည်မှာ ချိုကျိုးနားရွက်ပဲ့ ... ကောင်တောက် ... ဟော••• ခုတော့ ချိုတစ်ဖက်ကျိုးနေသော ဒရယ်ကြီး၏ ... လည်း ထက်ခြမ်းကွဲလျက် တွေ့ရသည့်အပြင် ချိုကျိုးနား ... ကြီးပါလာလေသော ဒရယ်ကြီး။

'ကဲ••• ထူးသာ၊ ခြေထောက်တွေ ချည်မယ်ကွာ'

'ချည်လေ'

စောပန်းတင်သည် ဒရယ်ကြီးအား ရှေ့လက်၊ နောက်ခြေထောက်တို့အား သူ့တွင်ပါသည့် ကြိုးဖြင့်ချည်နှောင်လိုက်သည်။ ချည်နှောင်ပြီးသည်နှင့် စောပန်းတင် သတိရပြန်ပါပြီ။

'ထူးသာ'

'အေး'

'မင်းဆုတောင်းတာ ဝက်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဆုတောင်းတာ မဟုတ်ပါဘူးကွ၊ တောပိုင်တောင်ပိုင်တွေကို ဝက်၊ ဩော်… တောဝက်တစ်ကောင် တောင်းထားတာပါ'

'ဒါဆို တောဝက်ပစ်ဖို့ လိုသေးတာပေါ့'

'အေး… ကဲ… ဆက်ရှာရအောင်'

'ရှာမယ်'

ဒရယ်ကြီးအား ချည်နှောင်ပြီးနောက် နှစ်ယောက်သား ဝက်လာတောစပ်ဘက်သို့ တောဝက်ရှာကြပါ၏။ တောဝက်သည် ထွက်တော့မည်သာ။ အချိန်မှာလည်း ငါးနာရီပင် ထိုးတော့မည်။ စောထူးသာနှင့် စောပန်းတင်တို့မှာတော့ ခွဲကောင်းကောင်းဖြင့် နေစောင်းသည်ကို အမီလိုက်၍ တောဝက်ပစ်ရန် စိတ်စောနေပါသည်။

ချုံတန်းတွေကျော်ဖြတ်ပြီးနောက် ဝက်လာတောထူထူးဘေားရှိ လမ်းကလေးပေါ်ဝယ် အသံကြားရပါပြီ။ ဒီအသံသည် တောဝက်၊ တောဝက်မှ တောဝက်အစစ်၊ ထိုတောဝက်အသံကို ကြားရတော့ စောပန်းတင်မှာမသိ။ တောဝက်သာဖြစ်သည်ဟု သတိထားမိသော်လည်း စောထူးသာ ပြုံးလိုက်ပါသည်။ သူ့အပြုံးမှာ ရယ်စရာကောင်းသော အပြုံး။ အကြောင်းမှာ စောပန်းတင်သတိမထားမိသော်လည်း စောထူးသာသည် အသံကိုကြားသည်နှင့် သိလိုက်သည်မှာ ထိုအသံသည် တောဝက်တော့ တောဝက်အစစ်သို့သော် တောဝက်အကောင်ကြီးသံမျိုးတော့မဟုတ်၊ ဝက်ငယ်တွေ ဆော့ကစားပြေးလွှားနေကြသော အသံမျိုးဖြစ်ပါ၏။ တောဝက်ပေါက်ငယ် ထွက်လာနေသည်မို့ ရယ်ချင်ရာမှ

'ဟာ… ဟိုမှာ… ဟိုမှာ'

'အေး… ဟဲ… ဟဲ… ဟဲ… ဟဲ'

'ထူးသာ ဘာရယ်တာလဲ'

'မင်းကလည်း ရယ်စရာပေါ့ကွ'

'ဘာဖြစ်လို့လဲဟင်'

'ဩော်… ဟိုမှာကြည့်လေ၊ ဝက်ငယ်လေးတွေကွ'

'ဩော်… ဟုတ်သားပဲ၊ ဝက်ပေါက်လေးတွေပဲ၊ နေဦးကွ'





'ဘာလဲပန်းတင်'

'သူတို့နောက်မှာ ဝက်မကြီးပါမှာပေါ့'

'အေး'

စောထူးသာ 'အေး'ဟုသာ ပြောလိုက်ရပါသော်လည်း ဝက်ပေါက်ကလေးတွေကြည့်ပြီး ထိုတောဝက်ပေါက်ကလေးတွေမှာ လသားခန့်သာရှိသေးသဖြင့် သူတို့နောက်မှာ ပါလာမည့် တောဝက်မကြီးအား ပစ်ခတ်ရန် ရည်ရွယ်ပြောလိုက်သော စောပန်းတင်၏စကားကြောင့် ငိုင်သွားသည်။

စောပန်းတင်ပြောသကဲ့သို့ တောဝက်ကလေးတွေ၏ မိခင်ကြီး မကြာမီ ထွက်လာမည်သာ။ ထွက်လာပါက ပစ်ခတ်ရန်ဖြစ်သော်လည်း တောဝက်မကြီးသာ ပစ်ခတ်လိုက်လျှင် တောဝက်ပါက်ကလေးတွေအတွက် မတွေးရဲပါ။ အားလုံး သေကုန်နိုင်မည်။ အစာကောင်းကောင်း ရှာမစားတတ်သေးသော အရွယ်တွေမို့ မိဘစိတ်ဖြင့် ခွင့်လွှတ်ရန်သာဖြစ်၏။ သို့သော် လက်ယားပြီးပစ်ခတ်လိုသော စောပန်းတင်အား ကြိုတင်သတိပေးရမည်ဟု အတွေးပေါက်သွားတော့သည်။

'ပန်းတင်'

'အေး'

'ဝက်မကြီးထွက်ရင်မပစ်နဲ့'

'ဟ… ဘာဖြစ်လို့လဲကွ၊ ပစ်ရမှာပေါ့'

'မင်းကလည်း တောဝက်မကြီးကိုပစ်ရင် ဝက်မကြီးသေမယ်၊ တို့ရမယ်လေ'

'အေးလေ… ပြီးရောပေါ့'

'ဟ… မင်းကလည်း ကိုယ်ချင်းစာပါဦးဟ၊ ဝက်ပေါက်ကလေးတွေ သေကုန်မယ်ဆိုတာ ထည့်စဉ်းစားလေ၊ ဝက်မကြီးတစ်ကောင် ဝက်ကလေးတွေက တစ်အုပ်ကြီးသေမှာကွ'

'ဟင်… အေး… ဟုတ်တယ်နော်၊ ငါမတွေးမိဘူး'

'သိသွားပြီနော်'



www.burmeseclassic.com

www.burmeseclassic.com


'အေးပါ၊ မပစ်ပါနဲ့တော့ကွာ၊ သနားပါတယ်'

သူတို့ပြောနေစဉ်မှာပင် ဝက်ပေါက်ကလေးတွေ ထွက်ရင်း ရောနှောပြီး တောဝက်မကြီးပါ ထွက်လာပါပြီ။ တောဝက်မကြီးမှာ တော်တော်အကောင်ကြီး၏။ အနည်းဆုံး လေးသားငါးသားပေါက်ပြီးသော တောဝက်မကြီးပင်ဖြစ်သည်။

တောဝက်ဆိုသော သတ္တဝါသည် အနံ့ခံအလွန်ကောင်း၏။ အနံ့ခံပြီး အန္တရာယ်ကို ရှောင်ဟိမ်းတတ်သည့်အပြင် အပြေးမြန်သော သတ္တဝါတွေထဲဝယ် တောဝက်လည်း ပါဝင်၍ တောဝက်ပေါက်ကလေးတွေမှာ တော်တော်လှ၏။ ကိုယ်လုံးပေါ်ဝယ် ရှေ့နောက်တန်းလျက် အဝါစင်းကလေးတွေ ပါဝင်ပြီး အိမ်ဝက်တွေကဲ့သို့ အကြောင်အကြားမဟုတ်။ တစ်ကောင်နှင့်တစ်ကောင် တစ်ပုံစံတည်း၊ တစ်ခုတော့ရှိသည်။ ကြီးသည့်အကောင်နှင့် ငယ်သည့်အကောင်လောက်သာ။ အကြီးအငယ် မညီမျှသော်လည်း အားလုံးတစ်ဆင်တည်း တစ်ပုံစံတည်းပင်။

တောဝက်ဆိုသော သတ္တဝါသည် ပေါင်အားဖြင့် လေးရာငါးဆယ်ခန့်အထိရှိ၍ သုံးပေလောက်အထိ ရှိ၏။ တချို့တောဝက်အထီးကြီးတွေ၏ အစွယ်သည် ကွေးကောက်ပြီး တစ်ပေမျှပင်ရှိ၏။ အပေါ်စွယ် အောက်စွယ် ရှိကြ၏။ သူတို့၏မေးရိုးသည် အလွန်မာပြီး ကိုက်မိပါက မလွှတ်တော့။ လည်ပင်းမှ၍ ကျောရိုးတစ်လျှောက်လုံး အမွေးရှည်ကြီးများရှိသကဲ့သို့ ဒေါသထွက်ပါက ထိုအမွေးရှည်ကြီးတွေသည် ထောင်နေတတ်သည်။ ထိုအမွေးရှည်ကြီးတွေ ထောင်နေသလို ပါးစပ်မှလည်း တဖောက်ဖောက် အောက်မေးရိုက်သည့်အပြင် အဖြူရောင်အမြှုပ်တွေလည်း ထွက်နေ မီးကျနေသည်အထိ ဒေါသကြီးတတ်သော သတ္တဝါတွေဖြစ်၏။

တောဝက်သည် အမျိုးချစ်သော သတ္တဝါတွေ၊ အုပ်နှင့်ကျင်းနှင့်သာနေတတ်ပြီး တစ်ကောင်တည်း ခွဲမနေတတ်ကြ။ အစားအသောက်လည်း ပက်စက်သည်။ အသီးအရွက်နှင့် မြက်နုတွေလည်းစား၏။ သစ်ဥသစ်မှုန်တွေသာမက သစ်ခေါက်အချို့လည်း ကိုက်ဖဲ့စားသည့်အပြင် ပိုးကောင်ငယ်လေးတွေ မြွေ၊ ဖားစသည့်အပြင် ကြွက်လည်းစား၏။ တောကောင်ကြီးတွေ၏





စားကြွင်းစားကျန် အပုပ်အစပ်တွေလည်း ဝင်ရောက်စားတတ် ဖျက်ဆီးတတ်သော မိသားစုအုပ်တွေကြောင့် အခင်းသမားများ တောဝက်အုပ်အားကြောက်ကြသည်။

တောဝက်မကြီးသည် သူ၏ချွန်းရှသော မျက်စိအစုံ၊ ပါးလှပ်သောနားအကြား၊ အနံ့ခံအားကောင်းသော နှုတ်သီးတွေဖြင့်ပတ်ဝန်းကျင်ကို စူးစမ်းနေ၏။ တော်ပါသေးသည်။ စောထူးသာနှင့် စောပန်းတင်တို့ နှစ်ယောက် အပေါ်ဘက်နားတွင် နေရာယူပြီး လေကလည်း တောဝက်မိသားစုဘက်မှ တိုက်နေ၍ ခံသာပါ၏။ သို့မဟုတ်ပါက တောဝက်မကြီး၏အကင်းပါးသော အနံ့ခံမှုဝယ် လူ့နံ့ကောင်းကောင်းရသွားမည်သာ။

ဤသို့ လုံခြုံမှုရှိပါသော်လည်း တောဝက်မကြီး၏ သားစိတ်ကြောင့်လားမသိ၊ သူ၏လည်ဂုတ်မှ နောက်ကျောအထိ အမွေးရှည်ကြီးများထောင်ထားပုံမှာ အန္တရာယ်အား တိုက်ခိုက်ရန် အသင့်အနေအထားဖြစ်ပေါ်နေပုံရသည်။

တောဝက်ပေါက်ကလေးတွေမှာ ပြေးကြ ဆော့ကြ၊ တစ်ကောင်နှင့်တစ်ကောင်လိုက်လံကိုက်ကြ၊ တိုးကြ၊ လဲကြ၊ သွားကြ၊ ပြန်ထနှင့် ကြည့်လို့တော့ ကောင်းနေသည်။ ထိုဝက်ပေါက်ကလေးတွေအား တောဝက်မကြီးမှ ကြည့်လိုက်၊ မြေတစ်လှမ်း လှမ်းလိုက်နှင့် ရှေ့တိုးနေခြင်းအတွက် စောထူးသာ သဘောကျနေသည်။ အဘယ်ကြောင့်ဆိုသော် ထိုတောဝက်မကြီး မိသားစုတစ်အုပ်နောက်ဝယ် တောဝက်တွေပါလာနိုင်သည်ကို ကြိုတင်တွေးပြီး စောင့်ကြည့်နေကြ၏။

စောထူးသာ ထင်ထားသည့်အတိုင်း တောဝက်မကြီးမိသားစုတစ်အုပ် သူတို့ရှေ့မှ ဖြတ်သွားနေပြီးသည့်နောက်ဝယ် ခွေးတိတ်ဆိတ်သွားရာ တစ်ဖန် ကြားလိုက်ရသောအသံကြောင့် သတိထားရန် စောပန်းတင်ကို သတိပေးလိုက်၏။

သူ၏ဒူးလေးကိုလည်း ပစ်ကွင်းအတွက် အသင့်ပြင်ရပြန်တော့သည်။ သူ၏လှုပ်ရှားမှုအတိုင်း စောပန်းတင်လည်း ရင်ဘောင်တန်း၍ ပြင်ဆင်ထားလိုက်သည်။ ပြင်ဆင်ပြီးသည်နှင့် ခွေးနားထောင်ရင်း နားစွင့်ပုံတော့သည်



www.burmeseclassic.com

www.burmeseclassic.com



အသံတွေ အသံတွေ တောဝက်ကလေးတွေ

'ဖောက်'

'ဖောက်'

'ဖောက်'

'ဂူး… ဖောက်'

'ဂူး… ရှူး… ရှူး'

'ပန်းတင်'

'အေး'

'တောဝက်တွေလာနေကြပြီ'

'ဟုတ်တယ်နော့'

'အေး… ငါနဲ့အတူပစ်မယ်'

'ဘယ်လိုပစ်မလဲကွ'

'ဒရယ်ပစ်သလို တစ်ကောင်တည်း နှစ်ယောက်ပစ်မယ်ကွ'

'အေး… ကောင်းတယ်၊ မြန်မြန်ထွက်ပါစေ'

'ဘာဖြစ်လို့လဲ'

'မိုးမချုပ်ခင် ပစ်ချင်တာပေါ့'

'အေး… ဟုက်တယ်'

သူတို့နှစ်ယောက်၏ အသံအား အဘယ်သို့မျှ မကြားနိုင်ပါ။ အကြောင်းမှာ တောဝက်တွေ မမြင်ရသေးသော်လည်း ဆူညံနေပါပြီ။ သူတို့အသံတွေ ဆူပင်ဆူငြားသော်လည်း မျက်စိလျှင်ကြ၏။ နားပါးကြ၏။ သတိလည်း အမြဲထားတတ်ကြသော တောဝက်အား ပစ်ခတ်ရန်အတွက် တစ်ပြိုင်တည်းနှင့် တစ်ကောင်တည်း အပိုင်ပစ်ခတ်ရန် အရေးကြီးလှ၏။

'ဖောက်… ဖောက်'

'ဖောက်… ဖောက်… ဖောက်'

'ရှူး…'

'ဝူး… ဖောက်… ဖောက်… ဖောက်'

'ဟော… ဟိုမှာ တောဝက်အမကြီး ထင်တယ်'





'အေးပါ ငါသိပါတယ်'

'နောက်မှာ… နောက်မှာ'

'ဟာ… အထီးကွ၊ ငယ်သေးတယ်'

'အေး'

အမကြီးတစ်ကောင်နှင့် အထီးငယ်တစ်ကောင် အရင်ထွက်လာ၏။ အထီးမှာ အတော်ငယ်သေး၏။ အစွယ်သည် လက်တစ်လုံးနှစ်လုံးခန့်သာ မြင်ရသေး၍ တော်တော်ငယ်ကြောင်း သတိပြုမိသဖြင့် မပစ်ရန် တားလိုက်သည်။

ထိုနှစ်ကောင်ထွက်ပြီး နောက်ထပ်ပေါ်မလာ။ အသံတွေ ငြိမ်သက်သွားသည်။ သို့သော် တောဝက်တွေရှိနေသေးသည်က အမှန်ပင်။ ဆက်ထွက်မှာ သေချာပါ၏။ သို့ပါသော်လည်း ဆက်မထွက်၊ ဘာကြောင့်မှန်းမသိ။ လုံးပအသံပါ တိတ်သွားသည်။ ရှေ့မှထွက်သွားသော တောဝက်မကြီးနှင့် ထိုထီးပေါက်တို့ပင်လျှင် နောက်ကလှည့်ကြည့်နေကြသည်။ အားလုံးလည်း တိတ်တိတ်ဆိတ်ဆိတ် ငြိမ်သက်နေဆဲ၊ မလှုပ်ရှားကြပါ။

'ဝေါက်'

'ဝေါက်… ဝေါက်… ဝေါက်'

'သြော်… ချေဟောက်နေတာကွ၊ ချေသံကြားလို့ ငြိမ်သွားကြတာဖြစ်မယ်'

'အေးကွ၊ အရေးထဲ ချေကတစ်မျိုး'

'ဖြောက်… ဖြောက်… ဖြောက်'

'ဝေါက်… ဝေါက် … ဝေါက်'

ချေပေါက်တစ်ကောင်သည် တောဝက်တွေဘေးမှ ပြေးထွက်လာပါသည်။ ချေသည် ရိုးရိုးပြေးလာသည်ဟု ထင်ရသည်မှာ ကြောက်လန့်ပုံမရသော အသံပါပေးပြီး ခပ်မှန်မှန်ပင် စောစောက တောဝက်မမိသားစုအုပ်ဘက် ပြေးသွားသည်ကို စောထူးသာနှင့် စောပန်းတင်တို့ ကောင်းစွာတွေ့လိုက်သည်။

'ဖောက်… ဖောက်… ဖောက်'



www.burmeseclassic.com

www.burmeseclassic.com



'ဖောက်… ဖောက်'

'ဖောက်… ဖောက်… ဝူး'

'ရှူး… ရှူး…'

ကျန်ခဲ့သော တောဝက်အုပ်ထံမှ အသံတွေ ယခုမှပြန်ကြားရပါပြီ။ တောဝက်တွေ၏ အသက်ရှူသံများနှင့်အတူ အောက်မေးရိုက်သံတွေပါ ပေါ်လာပြန်ပါပြီ။ တောဝက်အထီးများသည် အများအားဖြင့် အောက်မေးရိုက်တတ်သည်။ အောက်မေးရိုက်ရင်းလည်း လမ်းလျှောက်တတ်သည်။

စိတ်တိုရင်တော့ သူတို့ပုံစံမှာ အလွန်အမင်းကြောက်စရာပင်၊ မည်းမည်း မည်းမည်းနှင့် စောင်းမွေးခေါ် ကျောကုန်းအမွေးတွေ ထောင်ပြီး ကိုက်ရန်၊ ပက်ရန် အသင့်ပြင်ထားကြသည်။ နောက်မဆုတ်တတ်ကြ၊ တစ်ကောင်ကိုက်လျှင် ဝိုင်းကိုက်တတ်သည်သာ။

'ရှူး'

'အေး'

'အမကွ'

'နောက်မှာ'

'ဟာ… အထီးကြီး'

'အဲဒီကောင်ကြီးသေမယ်'

'ကောင်းပါပြီ'

'ချိန်ထားကွ'

နှစ်ယောက်သား တောဝက်မတစ်ကောင်၏ နောက်မှကပ်ပါလာသော အစွယ်ကွေးကွေးနှင့် တောဝက်ထီးကြီး တစ်ကောင်မှာ အမွေးအပြား ပက်တွေထက် အမွေးပိုရှည်ပြီး ပိုမည်းနေသည်။ ကြီးလည်းအလွန်ကြီးမားသော တောဝက်ကြီးဖြစ်၍ နှစ်ယောက်သား ချိန်လိုက်သည့်တွင် စောစောက တောဝက်မရပ်သွားသည့်အတွက် တောဝက်ထီးကြီးအားသို့ ကာပေးသလိုလို ဖြစ်သွားပြန်ပါ၏။

'နေဦး'

'အေး'





'ဟာ…'

'ချိန်… ချိန်တော့'

'ချိန်ထားတယ်'

တောဝက်မ ရပ်နေသည်ကို တောဝက်ထီးကြီးမှ တွန်းဖယ်ရင်း ထိုတောဝက်မ၏ဘေးမှ ကျော်တက်ရန် တိုးသွားသဖြင့် တောဝက်မမှ ကာထားသလိုလို ဖြစ်သွား၍ ပစ်ခွင့်မကြုံဘဲ ခေတ္တခဏစောင့်နေရင်း တောဝက်မရှေ့သို့ တောဝက်ထီးကြီး ဖြတ်ကျော်နေပါပြီ။ သို့အတွက် စောထွးသာမှ စောပန်းတင်အား ချိန်ထားရန် သဘောပေးလိုက်၏။ စောပန်းတင် အသင့်ဖြစ်နေပါပြီ။

တောဝက်ထီးကြီးသည် တောဝက်မဘေးမှ ကျော်တက်နေပါပြီ။ တောဝက်မနှင့် ကားချင်းယှဉ်ရာမှ နှုတ်သီးထွက်လာပြီး တောဝက်မသည် တောဝက်ထီးကြီးနှင့် အဟုတ်မလိုက်ဘဲ ခြေစုံရပ်နေသည့်အတွက် အလွန်အခင်ပြေနေသည်။ တောဝက်မမှ ယှဉ်ပြီးလိုက်မည်ဆိုပါက ပစ်ခွင့်မကြုံနိုင်တော့ပါ။

ထိုဝက်အုပ်နောက်ဝယ် တောဝက်တွေ ဆက်လိုက်လာနေသည်ကို အသံကြားရုံဖြင့် သိနေပါပြီ။ သို့သော် ထိုတောဝက်အထီးကြီးကိုသာ ပစ်ခတ်ရန် ဆုံးဖြတ်ထားသော စောထွးသာနှင့် စောပန်းတင်တို့ ဝက်ထီးကြီးကျော်အတက်ကို သီးခံစောင့်နေကြပါသည်။

'အသင့် ပန်းတင်'

'အေး'

'လက်ပြင်ပဲနော်'

'အေးပါ'

'ဟော… နှာတစ်ဖျား'

'ခေါင်းထွက်ပြီ'

'ပန်းတင် လည်ပင်းထွက်ပြီ'

တောဝက်ထီးကြီး၏ ဖြူဖွေးကောက်ကွေးနေသော အစွယ်တွေ ကောင်းကောင်းမြင်ရသည့်အပြင် ဦးခေါင်းမှတစ်ဆင့် လည်ပင်း ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

ပါပြီ။ လည်ပင်းဆုံးရင် ရှေ့လက်အဆုံး ဆက်ထွက်လိုက်သည်နှင့် လက်ပြင်၊ လက်ပတ် မုဆိုးတို့၏ပစ်ကွင်း ပစ်မှတ်ကို ကောင်းစွာပစ်ရန် ချိန်၍သား ကိုက်ဒူးလေးအား ဒူးနှစ်ဖက်ပေါ် လက်ထောက်ပြီးသား

'ပန်းတင်'

'အေး'

'ဟာ... ရပ်သွားပြန်ပြီ'

'အေးကွာ... လက်တောင်ညောင်း'

'ဟာ... ပစ်၊ ပစ်'

'ဂူး'

'ဂူး... ဝုန်း... ဝုန်း... ဂူး'

'ဖောက်... ဖောက်... ဖောက်... ဖောက်'

'အီး... အီး... ဝု'

'ဝုန်း'

'ဖောက်... ဖောက်... ဖောက်'

'ဖြောက်... ဖြောက်... ဖြောက်... ဖြောက်'

'ဝုန်း'

'ဖောက်... ဖောက်... ဖောက်'

'ဖြောက်... ဖြောက်... ခဖြောက်... ဖြောက်'

တောဝက်တွေ ဆူညံသွားပါပြီ။ ခြေဦးတည့်ရာ ပြေးသည်ထက် အုပ်ဖွဲ့ပြေးသည့် အကောင်က များ၏။ နောက်ဘက်မှာမထွက်သေးသော တောဝက်တွေ နောက်ကြောင်းလှည့်ပြေးကြပုံမှာလည်း အံ့စရာပင်။ မြင်လိုက်သည့် တောဝက်တွေ တောတစ်ခုလုံး ဝက်သံဆူညံသွားသည့်အပြင် မြားနှစ်စင်း၏ ချက်ကောင်းကောင်း စူးဝင်နစ်မြုပ်မှုကြောင့် ထမုန်လိုက်သည်မှာ ခြောက်ပေခုနစ်ပေခန့်အထိ မြောက်တက်ပြီး ခေါင်းပိုင်းစိုက်ကျသွားသော်လည်း ပြန်၍ ကုန်းထ၏။

ပြန်ထ၍ ထပ်မံခုန်ပြန်ပါပြီ။ ဒီတစ်ခါ ခုန်လိုက်သည်မှာတော့ ပထမခုန်သည်လောက် မြင့်မတက်။ သုံးပေကျော် လေးပေပင်ရှိတော့မည်





မထင်ပါ။ မြေပေါ်သို့ ဒီတစ်ခါ အကျမှန်သော်လည်း သူ၏ဆားဖွင် စိုက်နေသည့် မြားနှစ်စင်းအား ပတ်ချာလှည့်ပတ်ပြီး ကိုက်ရန်ကြိုးစားပြန်၏

ပတ်ချာသာလည်နေ၏။ မြားတွေနှင့် သူ့ပါးစပ်ဟပ်၍ မရ၊ တောဝက်ထီးကြီးသည် ထွက်ပြေးခြင်းမရှိဘဲ မြားကိုသာ မဲပြီးလှည့်လည် ကိုက်နေရင်း တဖြည်းဖြည်း အားအင်ကုန်ခမ်းလာလေပြီမို့ သိပ်သွက် သွက်လက်လက် မလှုပ်ရှားနိုင်တော့။ သို့သော်လည်း မြားတွေကို မြင်ပြီး သူကိုက်၍မရ၊ ပတ်၍မရသည့်အတွက် ဒေါသထွက်နေရာမှ ရှေ့လက်နှစ်ချောင်း မြေသို့ထောက်ကျသွားရင်း အသားတွေတဆတ်ဆတ်တုန်ရာမှ ဗုံးခနဲနေအောင် လဲကျသွားတော့သည်။

'ပန်းတင် လဲပြီကွ'

'အေး.. ဟုတ်တယ်၊ တို့ဆင်းကြမလား'

'နေဦးလေကွာ၊ ဟော... တွေ့လား'

တောဝက်ထီးကြီး လဲပြီး တရှူးရှူးနှင့် အသက်ရှူသံပြင်းပြင်း ကြားနေရာမှ ဦးခေါင်းပြန်ထောင်လာသည်။ ဦးခေါင်းသာ ထောင်ရသော်လည်း ရှေ့လက်တွေ မထောက်နိုင်တော့ပါ။ ဦးခေါင်းကြီးထောင်ပြီး ခေတ္တငြိမ်နေရာမှ တစ်ဖန် မြေပေါ်သို့ဝက်ကြီး၏မေးက ကျသွားသည်။ မေးကျသွားရာမှတစ်ဆင့် ဦးခေါင်းကြီးပါ လဲကျသွားသည်ကို မြင်လိုက်ရသည်။ တောဝက်ထီးကြီး ယခုမှပင် သေသွားပါပြီ။ စိတ်ချရပါပြီ။

'ထူးသာ သေသွားပါပြီ'

'အေး... ခုမှသေတာကွ'

'ကဲ.. ဆင်းကြမယ်'

'အေး'

နှစ်ယောက်သား ဒူးလေးကို အသင့်ပြင်ပြီး တောဝက်သေကြီးအား ချိန်ရွယ်လျက် အနားတိုးတော့ တောဝက်ကြီးထံမှ ဘာသံမျှမကြားရတော့။ စိတ်ချလက်ချ မြားကိုသိမ်းရင်း စောပန်းတင်သည် တောဝက်ကြီး၏ အမြီးကိုဆွဲမ,ကြည့်သော်လည်း လုံးဝအသက်မရှိတော့။

ရွှေပင်သီးစာပေ

www.burmeseclassic.com

'ထူးသာ'

'အေး'

'မင်း ကြိုးတွေပေး ချည်မယ်'

'အေး… ငါ ဝါးဆင်းခုတ်မယ်'

'ခုတ်လေ'

စောထူးသာသည် သူ၏ခါးမှ ကြိုးခွေအား စောပန်းတင်သို့ပေးပြီး သူ၏ဓားကိုထုတ်ကာ ဝါးတစ်လုံးခုတ်၏။ ထိုဝါးပင်အားပိုင်းပြီးနောက် ဝက်နှင့်ဒရယ်ထမ်းရန် ပြင်လိုက်သည်။

'ပန်းတင်… တို့ ဒရယ်သွားသယ်ရအောင်'

'အေး… မြန်မြန်သွားကြမယ်'

'ဟုတ်တယ်… တို့ မိုးမချုပ်ခင်ရွာအရောက်ပြန်တာပေါ့'

'အေး… အေး'

နှစ်ယောက်သား မပြေးရုံတမယ် စောစောက ချည်နှောင်ထားခဲ့သည့် ဒရယ်ပေါက်ကြီးထံရောက်အောင် အပြေးတစ်ဝက်သွားပြီးနောက် ဒရယ်ကြီးအား ဝါးနှင့်လျှိုထမ်းခဲ့သည်။ တောဝက်သေကြီးနားရောက်တော့ ထိုတောဝက်သေကြီးကိုပါ ဝါးတွင်လျှိုလိုက်ပြီး နှစ်ယောက်ထမ်းကြပါပြီ။

တော်တော်လေးသည်။ နှစ်ကောင်စလုံး အထီးတွေဖြစ်ပြီး အကောင်အကြီးဆုံးသော တောဝက်ထီးကြီးနှင့် ဒရယ်တွင်လည်း ဒီဒရယ်ကြီးသည် အကြီးဆုံးပင်။ ဒီထက်ကြီးစရာမရှိတော့ပါ။ တောဝက်နှင့် ဒရယ်ရခဲ့၍ အားအင်တွေ ပြည့်ဝနေကြပါသော်လည်း နှစ်ယောက်သား တော်တော့်ကို ထမ်းရသည်။

ရွာသို့ပြန်ရောက်တော့ နေပင်ဝင်ပါပြီ။ တော်ပါသေးသည်။ မှောင်များမှောင်ရင်တော့ မီးမပါ တောလမ်းခရီး တောင်စောင်းရွာလမ်းအစ အားလုံးသိပင် သိသော်ငြား အလေးအပင်ထမ်းရခြင်း၊ နောက်တစ်ခုသွေးသံရဲရဲသားကောင်တွေအပြင်၊ ရွာ၏သချိုင်းကိုဖြတ်ရသည့်အတွက်ကြောင့် အခက်အခဲရှိမည်သာ။ ယခုတော့ နေလည်းဝင် ရွာလည်းရောက် အံဝင်ခွင်ကျဖြစ်သွားသည်။





ဒီမျှလေးပင်သော သားကောင်ကြီးနှစ်ကောင်အား ရွာအရောက်ထမ်းပိုးရပါသော်လည်း လုံးဝမမောပါ။ စောထူးသာတို့အိမ်အောက်တွင် အောက်လင်းဓာတ်မီးကြီးထွန်းညှိပြီး သားကောင်လုပ်ကြ၏။ သူတို့နှစ်ယောက်နှင့် ရွာသားသုံးယောက် ဝိုင်းကူလုပ်ကြ၏။

'ထူးသာနဲ့ပန်းတင်တို့ ထမင်းစားကြလေ'

'မဆာပါဘူးကွာ'

'အို… ဘာမှမစားရသေးဘူး မဟုတ်လား'

'အေး'

စောထူးသာ၏ဖနီး နော်ဖော့မူမှ ထမင်းစားရန်နှင့် ဘာမှမစားရသေးမှန်းသိ၍ ပြောသော်လည်း သူတို့နှစ်ယောက် ထမင်းမဆာပါ။ ဘာတွေမှမစားရသေးသော်လည်း ဘာကြောင့်မဆာသည်ကို သူတို့သတိမထားမိကြ။

နော်ဖော့မူမှာတော့ သားကောင်ကြီးတွေရခဲ့၍ ဝမ်းသာပြီးမဆာဟု ထင်နေသော်လည်း သူတို့နှစ်ယောက် စားသောက်ရန် မဆာသည်က တစ်ကြောင်း၊ သားကောင်ဖျက်နေ၍ သတိမရသည်က တစ်ကြောင်း၊ လုံးဝစားသောက်ရန် သတိလစ်နေကြသည်။

သားကောင်တွေဖျက်ပြီးတော့ ညဉ့်ဆယ့်တစ်နာရီ ထိုးပါပြီ။ ရေမိုးချိုးကြသည်။ အဝတ်အစားလဲလှယ်၍ ဆေးလိပ်ကြီးတွေကို တအားဖွာနေ၏။ ထမင်းစားရန် မေ့နေဆဲ၊ သတိလည်းမထားမိပါတော့။ ထမင်းတင်မဟုတ်ပါ၊ ရေပါမဆာသောကြောင့် စားသောက်ရန်မေ့နေခြင်းသာဖြစ်သည်။

'အင်း… နင်တို့ ဘာမှလည်းမစား၊ ရေလည်းမသောက်၊ အာဟာရတွေပြည့်နေတာလား'

'ဘာပြောတယ်'

'နင်တို့နှစ်ယောက် အကောင်ရလို့ ဝမ်းသာနေကြတာလား၊ ထမင်းမစား ဟင်းမစားဖြစ်နေလို့ မေးနေတာ'

'ပန်းတင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟော'

'တို့မဆာဘူးနော်'

'အေး… ဟုတ်တယ်၊ ထမင်းလည်းမဆာဘူး၊ ရေလည်း မဆာဘူးကွ'

'အေးနော်… ထမင်းရတာလည်း မပင်ပန်းဘူး'

'ဟုတ်တယ်ဆရာ၊ အံ့သြစရာပဲကွ'

'နင်တို့ တောထဲမှာ ဘာစားခဲ့လဲ'

'တို့နှစ်ယောက် ဘာစားခဲ့ရမှာလဲဟ၊ တောထဲ ဘာရှိတာမှတ်လို့'

'မသိဘူးလေ'

'အယ်'

'ဟာ'

'သြော်… နင်တို့နှစ်ယောက် ဘာဖြစ်နေကြတာလဲ၊ ကဲ… အိပ်လိုက်တော့၊ ပန်းတင် နင်လည်းပြန်တော့လေ'

'အေး… အေး ပြန်တော့၊ ပြန်တော့'

စောပန်းတင် ဆေးလိပ်တဖွားဖွားဖြင့် သောက်ရင်း ပြန်သွားပါပြီ။ စောထူးသာလည်း ဘာမှမပြောတော့ဘဲ အိပ်လိုက်ပါပြီ။ အိပ်လို့ကောင်းမှကောင်း၊ မိုးလင်းလို့လင်းမှန်းပင် မသိတော့ပါ။ အိမ်အောက်ဝယ် အသံတွေ ဆူညံဆူညံကြားမှ နိုးလာပြီး အိမ်အောက်သို့ ငုံ့ကြည့်လိုက်သောအခါဝယ် တောဝက်သားနှင့် ဒရယ်သားဝယ်သူတွေကြောင့် အသံတွေစုံနေကြောင်း သိရပါ၏။

'ထူးသာ နိုးပြီလား'

'အေး… နိုးပြီကွ၊ မင်းရောက်တာ ကြာပြီလား'

'ငါလည်း ခုပဲရောက်တယ်'

စောပန်းတင်သည် ပြောပြောဆိုဆို အိမ်ပေါ်သို့ တက်လာပြီး ရေနွေးအိုးဘေး ဝင်ထိုင်လိုက်သည်။ ရေနွေးသောက်ရင်း စောထူးသာအား စောင့်နေ၏။ စောထူးသာ မျက်နှာသစ် ကိုယ်လက်သန့်စင်ကာ ရေနွေးဝိုင်းထိုင်လိုက်သည်။ ရေနွေးတစ်ခွက် မှုတ်သောက်ရင်း မနေ့ကအကြောင်း





ပြန်စဉ်းစားနေသည်ကို စောပန်းတင်လည်း သိပါ၏။

'ပန်းတင်'

'အင်း'

'မင်းဘာစားခဲ့လဲ'

'ဘာမှ မစားခဲ့ဘူး၊ ဆာလည်းမဆာဘူးကွ'

'အေးကွာ၊ ငါလည်း မဆာဘူးကွ၊ တို့ ဘယ်လိုဖြစ်နေသလဲ မသိဘူးနော်'

'ထူးသာ'

'အေး'

'ဖော့မှုကို ငါမှာထားတယ်၊ ဝမ်းတွင်းသားတွေ ပြုတ်နိုင်းထားတယ်'

'ဘာဖြစ်လို့လဲ'

'သြော်… မင်းကလည်း မနက်ဖြန် လပြည့်နေ့ ဆရာတော်ကျောင်းအတွက်လေ'

'အေး… ဟုတ်သားပဲ'

သူတို့နှစ်ယောက် စကားမပြောသေးဘဲ ဘာတွေပြန်တွေးနေသည် မသိ။ သူတို့နှစ်ယောက် ကြုံခဲ့သော အဖြစ်အပျက်တွေအား ဘယ်သူ့ကိုမှ မပြောမပြခဲ့ပါ။ ကရင်တိုင်းရင်းသားတွေကလည်းဖြစ်၊ ရိုးသားသူတွေမို့ စကားပြောဆိုရာတွင် နှုတ်လေးကြသည်သာ။ အပိုတွေလည်း မပြောကြ၊ မပြောတတ်ကြသူတွေသာ ဖြစ်ကြသည်။

'ပန်းတင်'

'အင်း'

'တို့နှစ်ယောက် ရွာဦးကျောင်းသွားရအောင်'

'ဘာဖြစ်လို့လဲကွ'

'တို့တွေ့ကြုံခဲ့ရတဲ့ ကိစ္စတွေ ဆရာတော် သွားလျှောက်ရအောင်လေ၊ မကောင်းဘူးလား'

'ကောင်းတော့ ကောင်းတယ်၊ ဒါပေမဲ့ ဘာလျှောက်ရမလဲကွ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်း အဖြစ်အပျက်တွေ လျှောက်ကြတာပေါ့'

'အေး… သွားမယ်လေ'

သူတို့နှစ်ယောက် အိမ်ပေါ်မှဆင်းပြီးနောက် စောထူးသာသည် ဇနီးဖြစ်သူအား ခဏဟုပြောပြီး ထွက်ခဲ့ကြသည်။ ရွာဦးကျောင်းရောက်တော့ ကျောင်းအပေါက်ဝတွင် ခွေးကြီးနှစ်ကောင်ကို တွေ့ရပါပြီ။ ထိုခွေးကြီးနှစ်ကောင်မှာ ဘယ်သူ့ကိုမှုမကိုက်။ တစ်ရွာလုံးကလေး လူကြီးအားလုံးနှင့် သင့်မြတ်ကြပါသော်လည်း သူတို့နှစ်ယောက်နှင့်တော့ လုံးဝမတည့်ပါ။ သူတို့ကကျောင်းခွေးတွေဖြစ်၍ ရန်မစပါ။ သို့သော်လည်း ခွေးကြီးနှစ်ကောင်မှာ သူတို့တွေ့တိုင်း အရမ်းဟောင်ကြသည်။

'ဟာ.. ခွေးကြီးတွေကွ'

'အေး.. ဘယ်လိုလုပ်မလဲ'

'ကျောင်းသားတွေခေါ်ကွာ'

စောထူးသာမှ စောယန်းတင်အား ကျောင်းသားခေါ်ရန် ပြောနေစဉ်မှာပင် ခွေးကြီးနှစ်ကောင်မှာ မဟောင်သည့်အပြင် အမြီးတနှံ့နှံ့နှင့် သူတို့အား ကြိုဆိုရင်း လျှာဖြင့်ပင် လက်တွေကို လာလျက်နေသည်ကို တွေ့ရတော့ ခွေးကြီးတွေ မကိုက်ကြောင်း ကောင်းကောင်းသိလိုက်သည်။

သူတို့နှစ်ယောက်သည် တော်ရုံတန်ရုံခွေးတွေလည်း ဂရုမစိုက်ကြတောသားတွေ၊ မုဆိုးတွေပင် ခွေးမှောက်တော့ သိပ်မကြောက်တတ်ကြ ခုတွေ့ရသော ခွေးကြီးနှစ်ကောင် မကိုက်သည့်အတွက် စောထူးသာမှ ဦးဆောင်ပြီး ကျောင်းထဲဝင်ခဲ့ပါ၏။ စောယန်းတင်လည်း နောက်ကနေရုံပင်လိုက်လာပါပြီ။ ကျောင်းထိုင်ဆရာတော်မှ သူတို့နှစ်ယောက်အား ကြည့်ပြီး အံ့ဩနေပြန်ပါပြီ။

'ဟော့… မုဆိုးကြီးတွေ ဒီတစ်ခါ ခွေးညီနောင်က မဟောင်မကိုက်နဲ့ ဘာတွေကျွေးကြသလဲဟ'

'တပည့်တော်တို့ကို သူတို့က ကြိုဆိုနေကြပါတယ်။ ဘာမှလည်းမကျွေးရသေးပါဘူး၊ ထူးနေတာ အမှန်ပါဘုရား'

'အေး… ကောင်းတာပေါ့ကွာ၊ ကဲ.. ဘာကိစ္စတွေ ရှိကြသလဲကွ



ညက တောဝက်နဲ့ဒရယ်ဆိုလား ရတယ်လို့ ကြားတယ်'

'ဟုတ်ပါတယ်ဘုရား၊ ထူးခြားတာလေးကို ဆရာတော်ကို လာလျှောက်တာပါဘုရား'

'ကဲ… ပြောကြ'

'သြော်… လာကြ လာကြ၊ အောက်ကျောင်းသွားမယ်'

အောက်ကျောင်းဆိုသည်မှာ ဝါးတဲသာသာ ဖျဉ်တော့ခင်းထားသည့် ဆရာတော်ထမင်းစားကျောင်းလေး ရှိရာသို့ ဆရာတော်ခေါ်သွား၍ သူတို့နှစ်ယောက် ဆရာတော်၏နောက်မှ လိုက်ပါသွားကြပါသည်။ ဆွမ်းစားကျောင်းပေါ်တက်ပြီးနောက် ဆရာတော်၏ရှေ့မှောက်တွင် ထိုင်ရင်းဘယ်ကစပြောရမှန်းမသိ ဖြစ်နေကြသည်။

'ကဲ… ပြောကြလေ'

'ဒီလိုပါဘုရား'

စောထူးသာမှ သူတို့နှစ်ယောက် ပထမဆုံး အိမ်မှစထွက်ပြီးနောက် ဒရယ်နှင့် တောဝက်ရ၍ အိမ်ပြန်ရောက်ခဲ့ပုံ၊ ဘာမျှမဆော၍ ယခုအချိန်အထိ အစာမစားမိသေးကြောင်း၊ သူတို့အား အမြဲဟောင်တတ်သော ဆရာတော်ခေါ်သည့် ခွေးညီနောင် ခွေးနှစ်ကောင်ပင် မဟောင်သည်။ အလွန်ထူးခြားနေ၍ ဆရာတော်အား လာရောက်လျှောက်ထားခြင်း ဖြစ်ပါကြောင်း အဖြစ်မှန်တွေကို လျှောက်ထားခဲ့ပါသည်။

ဆရာတော်သည် စာပေကျမ်းဂန်တွေ နှံ့စပ်အောင် မတတ်ပါသော်လည်း ရသမျှဆည်းပူးလေ့လာခြင်း၊ တစ်ပါးတည်း တရားအားထုတ်ခြင်းစသည့် အတွေ့အကြုံတွေဖြင့် စဉ်းစားတွေးခေါ် ဆင်ခြင်သုံးသပ်နေပါသည်။

'အင်း… ထူးသာပြောတဲ့အတိုင်းဆိုရင် မင်းတို့တွေ့ရတဲ့ ရှာန်းဟာ သာမန်မှမဟုတ်တာ၊ ထွက်ရပ်ဆောက်လို့ ပြောရမယ့် သူတော်စင်ကြီးတွေထက် ပိုမိုမြင့်မြတ်တဲ့ ပစ္စေကဗုဒ္ဓါဖြစ်မှာပဲ'

'ဘုရား ဘာကိုဆိုလိုတာလဲ ဘုရား'

'အင်း… လွယ်လွယ်ပြောရရင်တော့ ဈာန်ရနေတဲ့ ရှာန်းဒါ နဲ့…



www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာဖြစ်ရမယ် ထူးသာရဲ့'

'ဖြစ်နိုင်တယ် ဘုရား၊ ဘာဖြစ်လို့လဲဆိုတော့ အင်မတန်ဆိုးဝါးသောင်းကျန်းပြီး ဒေါသထွက်နေတဲ့ တောဆင်ရိုင်းကြီးဟာ အဲဒီရဟန်းတော်မြတ်ကို မြင်တော့ နှာမောင်းကြီးလိပ်တင်ပြီး ကန်တော့တယ်၊ နောက်ပြီး ဒေါသတွေပျောက်ပြီး အေးအေးဆေးဆေးပါဘုရား'

'အဲဒီလို အေးအေးဆေးဆေးကနေပြီး နောက်လှည့်တဲ့သဘောမဟုတ်ပါဘူး၊ နောက်ကိုဆုတ်ရင်း ဆုတ်ရင်းနဲ့ ပြန်လှည့်သွားတာကိုကြည့်ပြီး အံ့ဩပါတယ် ဘုရား'

'တပည့်တော်ရဲ့ မျက်စိထဲမှာ ခုချိန်ထိစွဲနေဆဲပါဘုရား၊ မြင်နေဆဲပါ၊ အံ့ဩလို့မဆုံးပါဘူးဘုရား'

'နေပါဦး ပန်းတင်၊ ငှက်ပျောသီးတစ်ယောက်တစ်လုံးပဲ စားပြီးအင်အားတွေပြည့်နေတာပေါ့နော်'

'အမှန်ပဲဘုရား၊ ဝက်နဲ့ဒရယ်အား နှစ်ကောင်ပေါင်းလိုက်ရင်အချိန့်ပိဿာတစ်ရာထက်မနည်းဘူး ထင်ပါတယ်ဘုရား'

'အဲဒီပိဿာတစ်ရာလောက်ကို သယ်ယူခဲ့တဲ့ တပည့်တော်တို့နှစ်ယောက် လေးတယ်လည်း မထင်ပါဘုရား၊ အိမ်ရောက်တော့လည်း လုံးဝကို မပင်ပန်းပါဘူး'

'အရှင်ဘုရား'

'ပြော ထူးသာ'

'ဟော့.. တို့နှစ်ယောက်ကွာ၊ တောထဲက ဝက်ထမ်းတဲ့နေရာမင်း မှတ်မိတယ်နော်'

စောထူးသာသည် ကျောင်းထိုင်ဆရာတော်အားတင်ရန် လျှောက်ထားရာမှ သတိဝင်လာသော အကြောင်းတစ်ခုကြောင့် သူ့ဘေးတွင်ရှိနေသော စောပန်းတင်အား လှည့်မေးလိုက်သည်။

'မှတ်မိတာပေါ့'

'ဒီလိုလေ၊ တို့နှစ်ယောက် နေဝင်လုဆဲဆဲမှာ တောဝက်နဲ့ဒရယ်ထမ်းပြီး ပြန်ခဲ့တယ်၊ အဲဒီနေရာနဲ့ ရွာနဲ့ဆို ဘယ်လောက်ဝေးမလဲ'





'ဝေးတာပေါ့ကွာ၊ အင်း... တစ်နာရီလောက်တော့ သွားရမှာပဲဘာဖြစ်လို့လဲ'

'အေး... မင်းပြန်စဉ်းစားကြည့်၊ နေဝင်လုဆဲဆဲမှာ စ,ထမ်းတယ်၊ ရွာရောက်တော့ မှောင်စပဲရှိသေးတယ်ကွ'

'အေး... ဟုတ်တယ်နော်၊ တို့တကယ်ရောက်သင့်တာက လုံးဝမိုးချုပ်နေမှ ရောက်မယ်ကွ၊ ခုတော့ အေး... ခုမှ ပြန်စဉ်းစားတော့အလွန်ဆုံးကြာမှ နာရီဝက်တောင် မရှိဘူးနော်'

'အေး... ဒါလည်း ဟုတ်တာပဲကွ'

'အရှင်ဘုရား တော်တော်ထူးတာပဲဘုရား'

'အင်း... မင်းတို့နှစ်ယောက် ပြောသလိုဆိုရင်တော့ မုဆိုးတွေဖြစ်တဲ့ မင်းတို့ဟာ ရဟန္တာနဲ့ဖူးခဲ့ရတာ အစစ်ပဲကွ၊ ထူးတယ်ပေါ့'

'တပည့်တော် တောထဲမှာလည်း တွေးမိပါတယ်ဘုရား၊ မုဆိုးဘဝနဲ့ တွေ့ကြုံရလို့ စိတ်မကောင်းဖြစ်ရပါတယ်၊ သူတော်ကောင်းဘဝနဲ့ဖူးချင်လိုက်တာ အရှင်ဘုရား'

'အေး.. မုဆိုးဘဝပဲဖြစ်ဖြစ်၊ အခုလို ကြုံဆုံရတာဟာ မင်းတို့အတွက် ထူးခြားတဲ့ ကုသိုလ်တွေပေါ့၊ မင်းတို့ရဲ့သဒ္ဓါတရားကလည်းထူးခြားသလို တန်ပြန်ရောက်လာတဲ့ ကုသိုလ်ပေါ့'

'မင်းတို့နှစ်ယောက်ဟာ မုဆိုးမှန်ပေမယ့် သူတော်ကောင်းစိတ်ရှိတယ်လေ'

'ဘုရား ဘာများပါလိမ့်'

'သော်.. လှူချင်တဲ့စိတ်၊ နောက်တစ်ခု တောဆင်ကြီးကိုရှောင်ရှားလိုစိတ်၊ မသတ်လိုတဲ့သဘော၊ ကြောက်ကန်ကန်ဖို့ကလွဲပြီး ပြန်ပြီးခုက္ခမပေးချင်ပါဘူး'

'နောက်တစ်ခု ရှိသေးတယ်လေ၊ တောဝက်တွေ တွေ့တော့ ဝက်မကြီးမပစ်ဘူး၊ ဝက်မကြီးသာ ပစ်ခဲ့ရင် ဝက်ပေါက်ကလေး သေကုန်မယ်ဆိုတဲ့ စာနာမှုတွေပေါ့၊ အင်း.. ရဟန်းသူတော်စင်တွေ့တော့ ကိုယ်စားနေ့ထမင်းကိုလှူခဲ့တဲ့ သဒ္ဓါတရားဟာ အင်မတန်မှ ရှားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ငါဖတ်ဖူးတဲ့ နီပါတ်တော်ထဲမှာ မင်းတို့လို မုဆိုးအကြောင်း ငါပြောပြမယ်'

'အင်း… တစ်ခါတုန်းကပေါ့ကွာ၊ သူများအသက်ကို သတ်ဖြတ် စားသောက်နေတဲ့ စိတ်ကလည်းကြမ်း၊ ပူကလည်းရမ်းတဲ့ မုဆိုးကြီးတစ် ယောက်ရှိသတဲ့'

မုဆိုးကြီးသည် အင်မတန်မှ ကြမ်းတမ်းခက်ထန်၍ တွေ့သမျှ သားကောင် ကြီးသည်၊ သေးသည်၊ သားသည်မိခင်၊ ပေါက်ကာစသား ငယ်လေးမှအစ ဇီးရှိတဲ့အကောင်တွေပါ မရှောင်။ နောက်ဆုံးရသမျှ တော ကြွက်အဆုံး အားလုံးပစ်ခတ်သတ်ဖြတ် စားသောက်လေ့ရှိသည်။

ထိုမုဆိုးကြီး၀ယ် အိမ်လိုက်ခွေးတစ်အုပ်လည်း ရှိလေသည်။ ထိုခွေးတွေသည် အသားစားကျူးသော သူတို့၏သခင် ဘီလူးသဘက်ကြီး အသွင် အစားအသောက်၊ အကိုက်အဖွဲ့လည်း အင်မတန်မှ ဆိုးသွမ်းကြ၏။ တစ်ခါတစ်ရံ ထိုသခင်မုဆိုးကြီးပင်လျှင် မထိမ့်မြင် ပြန်လည်ကိုက်ချင် ကြလေသည်။

မုဆိုးကြီးသည် သူ့အား ပြန်လည်ရန်မူပါက မွေးထားသော ခွေးပင်ဖြစ်လင့်ကစား သတ်ဖြတ်၏။ ထိုခွေး၏အသားကိုလည်း စား၏။ ထိုမျှ ဆိုးသွမ်းသောမုဆိုးကြီးမှာ တစ်နေ့တောလည်ထွက်ရပါသည်။ တော လည်ထွက်တိုင်း သူ၏ခွေးတွေအားလုံးခေါ်ခေါ်ကြီး တောလည်ထွက်လေ့ ရှိပါ၏။

တစ်နေ့တောထဲရောက်သောအခါ၀ယ် သားကောင်တစ်ကောင် မျှမရ၍ စိတ်တိုနေစဉ် မောမောနှင့် တောင်ထိပ်၀ယ် နားနေခိုက် ရဟန်း တစ်ပါးကို တွေ့လိုက်၏။ ထိုသို့တွေ့လိုက်ရာ၀ယ် သူ၏ခွေးတွေလည်း မဟောင်၊ ရဟန်းကြီးလည်း ဘာမျှမပြော။ သူကလည်း ဂရုမစိုက်ခဲ့ပါ။

ထိုနေ့ တစ်နေ့လုံး တောအနှံ့တောင်အနှံ့ သားကောင်ရှာပါသော် လည်း နောက်ဆုံးအဆင့် ရှဉ့်လေးတစ်ကောင်ပင် မရဘဲ ပြန်ခဲ့ရသဖြင့် ဒေါသထွက်နေတော့သည်။ အားမတန်၍ မာန်ကိုချခဲ့ရသော မုဆိုးကြီး ဒေါသတွေဖြစ်ရင်း အိပ်ပျော်သွားသည်။





နောက်တစ်နေ့တွင် တောပစ်ထွက်ခဲ့ပြန်ပါပြီ။ ဒီနေ့တော့ မရဘူး ဆိုတာ မရှိစေရဟု စိတ်တိုတိုဖြင့် သူ့ခွေးများနှင့် တောထဲ၀ယ် သားကောင် ရှာပြန်ပါသည်။ စောစောက ထွက်ခဲ့သော မုဆိုးကြီးသည် တောထဲရောက် သည်တွင်

'ဝေါက်… ဝေါက်'

'ဝေါက်… ဝေါက်'

'ဟော… ချေဟောက်နေပါကလား'

'အင်း… ဒီနေ့တော့ စားရက်ကြုံပြီဟု တွေးကာ ခွေးတွေနှင့် ရေးနှော၍ ချေဟောက်သံ ကြားရာသို့ အပြေးလိုက်ကြ၏။ သို့သော်လည်း ချေဟောက်သံကား ပျောက်သွားပြန်ပါပြီ။ မုဆိုးကြီးသည် အပင်ကြီးတစ် ပင်အား ကပ်ရပ်ပြီး အသံနားထောင်ပါသော်လည်း လုံး၀မကြားရတော့ပါ။

'ဝုန်း'

'ဝေါင်း… ဝေါင်း'

'အို… သောက်ရေးထဲ ကျားဆိုးကြီးပါလား၊ ဟေ့ကောင်… ကျားကြီး ငါ့ကို လာမခြောက်နဲ့၊ ငါက ခွေးတောင်မရှောင်ဘူးဆိုတာ မႏၵသေးဘူးထင်တယ်'

မုဆိုးကြီးသည် ကျားကြီးကိုလည်း ကြိမ်းမောင်းကာ ကျားသံ ကြားရာသို့ သူ၏ဒူးလေးနှင့်မြားတံအသင့်ပြင်ကာ ရှာပါသော်လည်း မတွေ့ ရ။ ချေသံကြားပြီး ပျောက်သွားကတည်းက ဒေါသပုန်ထနေသော မုဆိုး ကြီးမှာကား သူ့အား ရန်မူမည့် ကျားကြီးအသံကြောင့် ကျားကြီးအားကြိမ်း မောင်းရင်း သတ်ဖြတ်လိုစိတ်တွေ ပေါ်လာပြီး ရှာပါသော်လည်း ပျောက် သွားပြန်ပါပြီ။

မုဆိုးကြီး မောသွားပြန်ပါပြီ။ သို့အတွက် သစ်ငုတ်ကြီးပေါ်တွင် ထိုင်နေစဉ်မှာပင် မနေ့က တွေ့ရသော ရဟန်းကြီးအား ထပ်မံတွေ့ရပြန်ပါ ၏။ ရဟန်းကြီးမှာကား တရားအားထုတ်နေသော တစ်ပါးတည်း စကြံ့ လျှောက်နေခြင်း တွေ့ရသဖြင့် စိတ်ထဲမှာတိုလာ၏။ သားကောင်းမရ ရဟန်းသာတွေ့ရသဖြင့် စိတ်တိုကာ ပြန်ခဲ့ပြီး တခြားတောင်ဆော[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ သားကောင်ရှာသော်လည်း မတွေ့။ ဒီနေ့လည်း ဘာကောင်မှမရ ဖြစ်ရပြန်ပါ၏။

အိမ်ပြန်ရောက်၍ စိတ်တိုတိုဖြင့် ပြန်စဉ်းစားမိသည်။ တောထဲ ရောက်ပြီး ရဟန်းကြီးတွေ့တိုင်း ဘာကောင်မှုရှာမရတော့ဟု တွေးကာ တောက်ခေါက်ရင်း အိပ်ပျော်သွားသည်တွင် မိုးလင်းလို့ပင် လင်းမှန်းမသိ တော့။ မိုးလင်းသွားသည့်အတွက် စိတ်တိုတတ်သော မုဆိုးကြီး ခွေးတွေ ခေါ်၍ အမြန်ထွက်ခဲ့၏။

တောထဲရောက်တော့ တောကြက်တွန်သံပင် မကြားရသဖြင့် တောနင်းရှာဖွေစဉ် သူ၏ရှေ့တည့်တည့်ဝယ် ပထမနှစ်ရက်ကတွေ့သော ရဟန်းကြီးနှင့် ပက်ပင်းတိုးပါတော့သည်။ ဤတွင် ဒေါသတွေမချုပ်တီး နိုင်တော့ဘဲ သူ၏လေးမြားဖြင့်လည်း ပစ်ခတ်မသတ်လို၍ သူ၏ခွေးများ အား...

'ရှူး... ရှူး... ရှူး'

'ဖောင်း... ဖောင်း... ဖောင်း'

'ဝုန်း... ဝုတ်... ဝုတ်... ဝုတ်... ဝေါင်း'

'ဝုတ်... ဝုတ်... ဝုတ်'

မုဆိုးကြီး၏ခွေးများသည် မုဆိုးကြီး၏ ရှူးတိုက်သံ၊ လက်ခုပ် တီးသံတွေ ကြားသည်နှင့် ထိုရဟန်းကြီးအား ဟောင်လည်းဟောင်၊ ပြေး လည်းကိုက်ရန် ရဟန်းကြီးထံအားပြုအပြေး၊ ရဟန်းကြီးမှာလည်း ကြောက် ရွံ့ပြီး အနားတွင်ရှိသော သစ်ပင်ပေါ်ဖက်တက်ရပါတော့သည်။

ရဟန်းကြီး သစ်ပင်ပေါ်ပြေးတက်စဉ် လေကလည်း တိုက်ပါ၏။ ခွေးကလည်းဟောင်၊ ကြောက်ရွံ့ထိတ်လန့်ကာ ရဟန်းကြီး၏သင်္ကန်းတွေ လေမှာလွင့်ပါးပြီး သူ့အားရှူးတိုက်နေသော မုဆိုးကြီးပေါ်သို့ အုပ်မိသွားစဉ် ခွေးတွေမှာလည်း သင်္ကန်းကြီး လေမှာလွင့်ပါရာသို့ လိုက်ပြီး ဟောင်ကြ ရာမှ မုဆိုးကြီးအပေါ် အုပ်နေသည့်အတွက် ခွေးတွေမှာ သင်္ကန်းကြီးနှင့် လုံးထွေးနေသော မုဆိုးကြီးအား ဝိုင်းဝနီးကိုက်ရာ မုဆိုးကြီး အော်ဟစ် ရုန်းကန်ပါသော်လည်း ခွေးဟောင်သံတွေနှင့် ရောထွေးပြီး မုဆိုးကြီးခမျာ





သေရှာပါတော့သည်။

မုဆိုးကြီးစိတ်ထဲဝယ် ဒီရဟန်းကြီးတွေ့တိုင်း ငါဘာသားကောင် မှမရဘူး၊ ဒီရဟန်းကြီးကြောင့်ဟုဆိုကာ နောက်နေ့တွေလို့ကတော့ အသေပဲ ဟု ကြိမ်းဝါးပြီး တွေ့သည်နှင့် သူ၏ခွေးတွေဖြင့် ရှူးတိုက်ကိုက်သတ်ရန် ဆုံးဖြတ်လိုက်သော ပဋိဃစိတ်ပွားပြီး အပြစ်မဲ့သော ရဟန်းတော်စင်အပေါ် ပစ်မှားမှုတွေကြောင့် နောက်ဆုံးတန်ပြန် ဒဏ်ခတ်ခံရကာ သေဆုံးသွားခဲ့ ပါသည်။

'အေး... မုဆိုးချင်းမတူတဲ့ ထူးသာနဲ့ ပန်းတင်၊ မင်းတို့ဟာ မုဆိုးဆိုပေမယ့် အကြင်နာတရားရှိကြတယ်၊ ကုသိုလ်လည်းရ ဝမ်းလည်း ဝ၊ အလုပ်မဟုတ်ပေမယ့် အကုသိုလ်နဲ့ ဒွန်တွဲပြီး ကုသိုလ်ဒါနတွေပါနေ တော့ မင်းတို့အတွက် သူတော်ကောင်းကြီးက ကြုံရတဲ့အန္တရာယ် ဆင်ဆိုး ကြီးကိုလည်း မေတ္တာတရားနဲ့ ကာဆီးပေးတယ် မဟုတ်လား'

'မှန်လှပါဘုရား၊ တပည့်တော်တို့ဟာ မုဆိုးဖြစ်ပေမယ့် တွေ့တိုင်း မပစ်ပါဘူးဘုရား၊ ပစ်သင့်ပြီလို့သာဆိုသော်လည်း ပစ်ခါနီးမှ မပစ်ထိုက် ရင် မပစ်ပါဘူးဘုရား'

'သာဓုဗျာ.. သာဓု.. သာဓု'

'တပည့်တော်တို့ ပြန်ခွင့်ပြုပါဘုရား'

'အေး... အေး... ကောင်းပြီ'

စောထူးသာနှင့် စောပန်းတင်တို့သည် ရွာဦးကျောင်း ဆရာတော် ထံမှ ကြားသိခဲ့ရသော မုဆိုးကြီး၏ရက်စက်မှုတွေကြောင့် ကြားရအချိန် မှာပင် ကြက်သီးမွေးညင်းထခဲ့ပါသည်။ ဤမျှရက်စက်သော မုဆိုးကြီး သည် လူစိတ်ကင်းနေသည့်အတွက် ရဟန်းဖြစ်သော သူတော်စင်ကိုပင် ပစ်မှားခဲ့သည့်အတွက် မိမိမွေးထားသော အမဲလိုက်ခွေးတွေ အကိုက်ခံရ ပြီး သေဆုံးရမှုအား သင်ခန်းရခဲ့သည့်အပြင် သူတို့နှစ်ယောက်၏ ထမင်း ထုပ် လှူခဲ့ရသည့်အကျိုးအပြင် စေတနာတန်ပြန်မှန်ကန်သော ကုသိုလ်တွေ ရရှိခဲ့သည့်အတွက် အလွန်ဝမ်းသာနေကြသည်။

စောထူးသာတို့ အိမ်သို့နှစ်ယောက်သား ပြန်ရောက်ချိန်သည်



www.burmeseclassic.com

www.burmeseclassic.com

နေပင်မွန်းတည့်တော့မည်ဖြစ်ပြီး ထမင်းပွဲပြင်ကာ စောင့်နေသော နော်ဖော့မှသည် စောထူးသာတို့အား စောင့်မျှော်နေရသည်မှာ ကြာခဲ့၍ ဒေါသထွက်နေပါသော်လည်း စောထူးသာတို့နှစ်ယောက်မြင်လိုက်သောအခါ

'ဘယ်သွားကြတာလဲ ထူးသာရယ်၊ ငါတော့ထမင်းဆာတာနဲ့ စားလိုက်ပြီ၊ နင်တို့စားကြတော့လေ'

'အေး… ကဲ… ပန်းတင်လာ ထမင်းစားမယ်'

'ထူးသာ'

'ဘာလဲ'

'ဟိုနေ့က ငှက်ပျောသီးခွံ့ရှိသေးလား'

'အေး… ရှိမှာပေါ့၊ လွယ်အိတ်ထဲမှာ ထည့်ထားခဲ့တာပဲကွ'

စောထူးသာသည် ပြောပြောဆိုဆို သူ၏လွယ်အိတ်ချိတ်ထားသည့် တိုင်မှလွယ်အိတ်ယူပြီး နှိုက်လိုက်သည်။ လွယ်အိတ်ထဲမှာ ငှက်ပျောခွံ့ရှာကြည့်သည်တွင် တအံ့တသြဖြစ်နေသည်ကို တွေ့လိုက်ရသော စောပန်းတင်သည်

'ထူးသာ တွေ့လား'

'အေး… တွေ့တယ် ဒါပေမဲ့'

'ဟင်… ဘာ… ဘာဖြစ်သလဲကွ'

'မနေ့က မင်းသေချာစားတယ်၊ ငါလည်းစားတယ်၊ အခွံပဲထည့်ထားတာကွ၊ ခု ဒီမှာကြည့်'

'ဟာ… ဟုတ်တယ်ကွ၊ ဟုတ်တယ်၊ ငါ အိမ်ပြန်ပြီးရှာဦးမယ်'

စောပန်းတင်သည် ပြောပြောဆိုဆို စောထူးသာ၏ အိမ်ပေါ်မှ ပြေးဆင်းသွားပါတော့သည်။ ဤအဖြစ်တွေကို မသိရှာသော နော်ဖော့မှုသည် ဘာမျှမပြော ကြောင်၍ကြည့်နေပြီး သူ့ငင်မွန်းသည် စောထူးသာ၏ လက်ထဲမှာတွေ့နေရသော ငှက်ပျောသီးမှလွဲ၍ စကားတစ်ခွန်းမျှ မပြောနိုင်တော့ပါ။

ဘာတွေဖြစ်နေကြသည်ကို နော်ဖော့မှု မသိသော်လည်း စောထူးသာနှင့် စောပန်းတင်တို့မှာ ထမင်းပင်မစားနိုင်အောင် ငှက်ပျောသီးလေးကို





ကိုင်ရင်း စောပန်းတင်ပြန်အလာကို စောင့်နေသော စောထူးသာသည် အိမ်ရှေ့မှလှမ်းမျှော်နေစဉ်မှာပင် စောပန်းတင် လမ်းပေါ်မှပြေးလာပါသည်။ သူ၏လက်ထဲ၌ ငှက်ပျောသီးတစ်လုံးကိုင်ထား၏။

'ထူးသာရေ… ထူးသာ၊ ဒီမှာကွ… ဒီမှာ ဒီမှာ တွေ့လား'

'ဟာ… တို့နှစ်ယောက် ထူးတာပဲကွဟေ့၊ ဝမ်းသာလိုက်တာကွာ၊ ဝမ်းသာလိုက်တာ'

စောထူးသာနှင့် စောပန်းတင်တို့နှစ်ယောက် ငှက်ပျောသီးတစ်ယောက်တစ်လုံး ကိုင်ပြီး ဝမ်းသာအားရပျော်ရွှင်နေသည်။ ဘာမှန်းညာမှန်းမသိသော နောဖော့တူးမှာ ဘာမျှဝင်ရောက်မမေးရဲဘဲ ကြောင်တောင်တောင်ကြည့်ရင်း ငေးနေပါ၏။

'ပန်းတင်'

'အေး… ဒီငှက်ပျောသီးကို တို့ဘဝအတွက် တစ်သက်တာအာဟာရအဖြစ် သတ်မှတ်ထားမယ်၊ မစားဘူးကွ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ တို့မုဆိုးနှစ်ယောက်ရဲ့ အထွတ်အမြတ်ဆုံးပဲ၊ ရဟန်းတော်မြတ်ပေးတဲ့ အာဟာရသိဒ္ဓိပဲကွ၊ အာဟာရသိဒ္ဓိပဲ'

'အေး… ဟုတ်တယ် စောပန်းတင်ရေ၊ စောပန်းတင်နဲ့ စောထူးသာတို့ရဲ့ ထူးခြားတဲ့ မုဆိုးဘဝရဲ့ အာဟာရသိဒ္ဓိ ငှက်ပျောသီးပဲဟေ့'

'ပေးကောင်း စောထူးသာ၊ စောထူးသာ ငှက်ပျောသီးကိုင်ပြီး ရဟန်းတော်မြတ်ကို ရည်မှန်းပြီး ဟန်တော့ရအောင်'

'ဟာ… ဟုတ်တယ်၊ ဟုတ်တယ်၊ ရဟန်းတော်မြတ်ဘုရား တပည့်တော်တို့အတွက် မုဆိုးဘဝအတွက် ဤအာဟာရသိဒ္ဓိ ငှက်ပျောသီးအား ရှိရိုသေသေ သိမ်းဆည်းထားပါရစေ၊ မပုပ်မသိုးဘဲ ထာဝရသိမ်းဆည်းထားခွင့်ပြုတော်မူပါဘုရား'

သူတို့နှစ်ယောက် အလွန်ကြည်နူး ပျော်မြူးနေသည်ကို မြင်တွေ့နေရသော နော်ဖော့မှုမှာလည်း ရောယောင်ပြီးလက်အုပ်ကလေးချီထောဘာကိုကန်တော့နေသည်တော့ မသိပါ။ ကန်တော့နေသည်က အပြင်။ နော်ဖော့မှု၏ရင်ထဲဝယ် ကြည်နူးနေသည်ကို ဘယ်သူမှမသိပါ။ ဘာကြီး

www.burmeseclassic.com

ကြည့်နူးနေမှန်းလည်း မသိတော့။

'ထူးသာနဲ့ပန်းတင်'

'ထူးသာ·· ထူးသာ'

'ဟေ··· ဘာလဲ၊ ဖော့မှ နင်ကော ဘာကို ကန်တော့နေတာလဲဟ'

'မသိဘူး၊ နင်တို့ဝမ်းသာတာရယ်၊ ငှက်ပျောသီးကို ကန်တော့နေလို့ ငါလည်းဝမ်းသာပြီး ကန်တော့မိတာပေါ့'

'အေး··· ဟောဒီငှက်ပျောသီးဟာ ရွာဦးကျောင်းဆရာတော်ပြောသလိုပဲ၊ ရဟန္တာကြီးပေးလို့ တို့စားရတဲ့ အာဟာရသိဒ္ဓိငှက်ပျောသီးကွ'

'ထူးသာနဲ့ ပန်းတင်'

'အေး'

'နင်တို့ နင်တို့ ဘာတွေဖြစ်ကြတာလဲ၊ မနေ့ညကစပြီး ဘာအစားအစာမှ မစားခဲ့ဘူး၊ ခုလည်း မွန်းလွဲနေပြီလေ၊ နေကောင်းကြရဲ့လား'

'အေး··· နေကောင်းတယ်၊ စိတ်ကောင်းတယ်'

'ထူးသာ'

'အေး'

'ငါတောမပစ်တော့ဘူး၊ ဘုန်းကြီးဝတ်မယ်ကွာ'

'ကောင်းတယ်၊ ငါလည်း မုဆိုးမလုပ်တော့ဘူး'

'အေး··· သိပ်ကောင်းတယ်၊ ဝမ်းသာတယ်ကွာ'

စောထူးသာနှင့် စောပန်းတင်တို့၏ ဆင်ကန်းမြောင်တောင်[illegible]၊ ပဲခူးရိုးမကြီး၏ ကန့်ဘလူတောင်တန်းကြီးနှင့် ဆက်နေသော ဆင်နှာမောင်းတောင်တန်းကြီးတွေသည် ထာဝရတည်ရှိနေသည်မှာ အထင်အရှားပင်။ ထိုတောင်တန်းတွေပေါ်မှ ပြန်လာခဲ့သော မုဆိုးနှစ်ယောက်သည် သီတင်းကျွတ်လပြည့်နေ့အတွက် ဟင်းလျာရှာရင်းရရှိခဲ့သော အာဟာရသိဒ္ဓိငှက်ပျောသီးအကြောင်း ရွာဦးကျောင်းဝယ် ပြောပြရင်း တစ်ရွာလုံး သိရှိသွားခဲ့သည်။

စောထူးသာသည်လည်း ဆရာတော်၏စကားအတိုင်း စောပန်း





တင်နှင့်အတူ ဒုလ္လဘရဟန်းဝတ်ပြီးနောက် မုဆိုးဘဝကိုစွန့်လွှတ်လိုက်ကြသည်။ စောပန်းတင်သည် လူပျိုလည်းဖြစ်နေပြီး တောထဲမှာ ကြုံခဲ့ရသော ရဟန္တာကြီးအား ကြည်ညိုသဒ္ဓါပွားပြီးနောက် ဒုလ္လဘရဟန်းဘဝမှ မထွက်တော့ပါ။ ထာဝရ ရဟန်းဝတ်ခွင့်အား မိဘတွေ၏ခွင့်ပြုချက်ဖြင့် ရဟန်းဘဝတွင် မြဲမြဲစွာဖြင့် အာဟာရသိဒ္ဓိ ငှက်ပျောသီးအား သူ၏လွယ်အိတ်ဝယ် ထာဝရသယ်ယူနေပါ၏။

ထူးဆန်းသည်မှာ ထိုငှက်ပျောသီးသည် မပုပ်မသိုးသည့်အပြင် ကျောက်သားပမာ မာကျောနေသည်လည်းမဟုတ်၊ သာမန်ငှက်ပျောသီးပမာ တွေ့ရပါ၏။ အနံ့မှာလည်း သင်းပျံ့နေဆဲပင်။

'ကဲ··· ဒကာကြီးနဲ့ ကြုံလို့ဆုံလို့ မယုံလည်း မတတ်နိုင်ဘူး၊ တကယ်လို့ ဒကာကြီးတို့ ခလောက်တူးရွာနဲ့ ဆင်ကန်းမြောင်ဘက်ရောက်ရင် ကျုပ်ပြောတာတွေ စုံစမ်းကြည့်ပေါ့၊ အင်း··· နှစ်ကတော့ ကြာခဲ့ပါပြီ။ နှစ်ပေါင်းသုံးဆယ်ကျော်က ငှက်ပျောသီးတစ်လုံးပဲ ဒကာကြီးရဲ့'

'အရှင်ဘုရား တပည့်တော်တို့ ဆွမ်းကပ်ခွင့်ပြုပါဘုရား၊ ဒီဘုရားခြေတော်ရင်းကို ကြွတော်မူပါ'

'ကိစ္စမရှိ၊ နေမွန်းလွဲတော့မှာမို့ ဆွမ်းအလှူမခံနိုင်တာ ခွင့်လွှတ်ပါ။ ဒီငှက်ပျောသီးရဲ့ သင်းပျံ့တဲ့ အာဟာရသိဒ္ဓိကိုပဲ ဘုန်းပေးပါတော့မယ်'

'တပည့်တော်တို့လည်း ဒီငှက်ပျောသီးရဲ့ အနံ့အသက်ကြောင့် ဘာမျှဆာလောင်မှု မဖြစ်မိပါဘုရား'

'သာဓုဗျာ·· သာဓု··· သာဓု၊ ကဲ··· ကျုပ် တောင်ပေါ်ကျောင်းကို ပြန်ကြွမယ် ဒကာတို့'

ကျွန်တော်နှင့် ဦးလှအောင်တို့သည် မမျှော်လင့်ဘဲ တွေ့ကြုံဖူးမျှော်ခဲ့ရသော ကရင်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးအား ဦးချကန်တော့လိုက်ပါသည်။

ထိုဘုန်းတော်ကြီးသည် သက်တော်အားဖြင့် ခြောက်ဆယ်[illegible]သော်လည်း အသားအရေမှာ စိုပြည်နေပါသည်။ အသက်ခြောက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဟုပင် မထင်ရ၊ လေးဆယ်ခန့်လောက်သာ ရှိသေးသည်ဟု ထင်ရပါသည်။

ထိုရဟန်းတော်ကြီးသည် ပဲခူးမြို့ရွှေမော်ဓောဘုရားကြီးသို့ တစ်နှစ်တစ်ခေါက်လောက် ရောက်တတ်ကြောင်း ဘုရားဖူးကြွခဲ့သော်လည်း သိသူနည်းပါး သာမန်ဘုရားဖူးမျှဟု ထင်ကြရပါသော်လည်း ကျွန်တော်၏ မိတ်ဆွေ ဦးလှအောင် (လိပ်ပြာကန်)သည် နှစ်ခါ သုံးခါကြုံဖူးကြောင်း၊ ဆွမ်းကပ်၍လည်း မစားကြောင်းနှင့် သူ၏မုဆိုးဘဝအကြောင်းတော့ တစ်ခါမှ မပြောပြခဲ့ဘူးပါ။

ယခုတစ်ကြိမ်မှာတော့ သူ့ဘဝနှင့် သူ၏မုဆိုးဘဝ အာဟာရသိဒ္ဓိငှက်ပျောသီးလေးအား ထာဝရသိမ်းဆည်းရင်းမှာပင်လျှင် ဆာလောင်မွတ်သိပ်မှု မရှိခံစားမိသည်ကိုတွေးရင်း သူတော်စင်ရဟန်းကြီး မိန့်မှာသွားသော…

'အင်း… ဒကာကြီးလည်း မုဆိုးဝါသနာပါတဲ့ သူတော်ကောင်းမုဆိုးတစ်ယောက်မို့၊ ကျုပ်နဲ့ ဘဝတူပါကလားဆိုတာတွေ ကျုပ်စိတ်ထဲမှာ တွေ့မြင်ထင်ဟပ်လို့ ပြောပြခဲ့တာပါ ဒကာကြီး'

'နောက်တစ်ခု ကျုပ်တို့ရဲ့ ကန့်ဘလူတောင်တန်းကြီးရယ်၊ ဆင်နှာမောင်းတောင်တန်းကြီးရယ် တည်ရှိနေသေးသရွေ့ ရဟန်း၊ လူသူတော်စင်တွေ ကိန်းအောင်း တရားအားထုတ်နေလေရဲ့၊ အဲဒီတောင်ခြေ တောင်တန်းကြီးတွေမှာ ခုလည်းမုဆိုးတွေရှိကြပါတယ်။ ဒါပေမဲ့ ကျုပ်ကတော့ ရှာနိုးတဲ့ ဆင်ကန်းမြောင်တောင်ခြေက အပြန်အကြောင်းလေးကို မှတ်တမ်းတင်ထားလိုက်ပါကွယ်'

ဟူသော စကားသံအား ကြားယောင်နေမိသကဲ့သို့ ကျွန်တော်နှင့်ဦးလှအောင်တို့ နှစ်ယောက် နံနက်စာ စားရန်ပင် လုံးဝသတိမရတော့ပါ။ ထိုရဟန်းကြီးနှင့် စကားပြောနေသည်မှာ နံနက်ကိုးနာရီကျော်ကျော်မှ ယခု နာရီကိုကြည့်လိုက်သောအခါ ညနေသုံးနာရီခွဲနေပါပြီ။

'ဆရာကျော်ရေ… ဆင်းကြစို့'

'ဟော့ဗျ… ဦးလှအောင် ထမင်းဆာရောပေါ့'

'လုံးဝကို မဆာဘူး ဆရာကျော်၊ နှာခေါင်းထဲမှာ ငှက်ပျောသီးနံ့လေး စွဲနေတယ်ဗျာ'

'အင်း… ဒီရဟန်းတော်ကြီးကို နောက်ထပ် ဖူးချင်တယ်ကွာ၊ ဒီလို သီတင်းကျွတ်လပြည့်ဆို ကြုံမလားမသိဘူး'

'နောက်နှစ် ပြန်ဆုံကြတာပေါ့၊ တွေ့ချင်တွေ့မယ် ဆရာကျော် တွေ့တော့လည်း ဖူးကြရတာပေါ့ဗျာ'

'စိတ်ချ ဦးလှအောင်၊ ကျုန်းမာအောင်နေမယ်၊ ထူးခြားတဲ့ ဒီရဟန်းတော်ကြီးကို ဖူးမြင်ချင်သေးတယ်၊ နောက်တစ်ခု စိတ်ထဲစွဲကျန်ခဲ့တာရှိသေးတယ်ဗျာ'

'ဘာများလဲ ဆရာကျော်'

'ဪ… ဆရာတို့ရဲ့ ကျေးရွာ၊ ခလောက်တူးနဲ့ ကန်းမြောင်ဆိုတဲ့ဒေသကိုတောင် သွားချင်တယ်'

'ဒီတစ်ခါဖူးမြော်ပြီးရင်တော့ ဆင်ကန်းမြောင် တောင်ခြေက အပြန်ဆိုတဲ့ဒေသကို စုံစမ်းပြီးသွားကြရအောင်ဗျာ'

ကျွန်တော် စိတ်ထက်သန်စွာဖြင့် ပြောရင်း ပဲခူးမြို့ရွှေမော်ဓောဘုရားကြီးပေါ်မှ တရွေ့ရွေ့ဆင်းသွားသည့် ရဟန်းတော်ကြီးအား ဖူးမြော်ရင်းမှ မုဆိုးဘဝ အာဟာရသိဒ္ဓိပိုင်ရှင် ရဟန်းတော်မြတ်ကြီးအကြောင်း ပြန်လည်တွေးတောရင်းဖြင့် ဆင်ကန်းမြောင်တောင်ခြေမှအပြန်အကြောင်း တစိမ့်စိမ့်တွေးရင်း ရေးရင်းဖြင့်။ ဂ

(ပဲခူးရိုးမကြီးဖြစ်သော ဆင်နှာမောင်းတောင်တန်းနှင့် ကန့်ဘလူတောင်တန်းကြီး၏တောင်ခြေ ခလောက်တူးရွာမှဟုဆိုသော မုဆိုးဘဝမှရရှိခဲ့သော အာဟာရသိဒ္ဓိရှင် ဘွဲ့အမည်မသိလိုက်ရသော ရဟန်းတော်မြတ်ကြီးအား ဦးထိပ်ပန်ဆင် ကန်တော့နေစဉ်မှာပင် သင်းပျံ့အေးမြစေသော ငှက်ပျောသီးနံ့ရရှိမှုတို့ဖြင့် အမှတ်တရ ရေးသား မှတ်တမ်းတင်ခဲ့ပါသည်။)

စာရေးသူ
မင်းခိုင်ကျော်





www.burmeseclassic.com